www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

ဇော်ဝိုင်

**အတွင်းဖလင်**

ကိုဇင်ဦးနှင့်ညီများ

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး-၁၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

**ဖြန့်ချိရေး**

ဖျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၉၆

**ဖျူး**

သင်၏ချစ်လှစွာသော့

ဖျူးစာပေ၊ ၂၀၁၆။

၂၃၂-စာ၊ ၁၂ x ၁၈ စင်တီ။

(၁) သင်၏ချစ်လှစွာသော

## အခန်း (၁)

"ကျွီ"

"အား"

"ဘာလဲဟ"

လူကို ရိုဝ်ခနဲမြင်လိုက်လို့ ဘရိတ်ကို အချိန်မီအောင်အုပ်လိုက်နိုင်သော်လည်း နားထဲရှူးလောက်အောင် နာနာကျင်ကျင် အော်လိုက်သံကြားလိုက်ရတာကြောင့် စိတ်က မျက်ခနဲ ဖြစ်သွားရသည်။

သူ့ကားနှင့်ထိခိုက်လိုက်မိသည့်တော့ မထင်ပါ။ ဒါဆို ဘာကြောင့်လဲ။

"ကိုမင်း ကားပေါ်ကဆင်းကြည့်လိုက်ဦးလေ၊ တော်ကြာ လူတွေဝိုင်းလာရင် ပြဿနာရှာခံနေရဦးမယ်"

"ကိုယ့်ကားနဲ့ထိမိတာမဟုတ်ဘူး ယိမ်း၊ အကြံအဖန်လုပ်တာမျိုးဆို ပိုပြီးပြဿနာရှုပ်မယ်"

"အခုက ကိုယ့်ကားရှေ့မှာလေ၊ ကားကိုဘယ်လိုလှည့်ထွက်မောင်းပြေးလို့ရမှာလဲ၊ မြန်မြန်သာ ပြဿနာရှင်းလိုက်၊ ယိမ်း ချိန်းထားတဲ့ဂိစ္စက အရေးကြီးတယ် အချိန်မီသွားရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ဒုက္ခပါပဲကွာ၊ ဘယ်လိုပြဿနာနဲ့လာတိုးနေရတယ် မသိဘူး။ ယိမ်းကိစ္စက အရေးကြီးလို့ အိမ်မှာစကားတောင် ကောင်းကောင်းပြောခဲ့ရတာမဟုတ်ဘူး"

မင်းဖုန်းမြတ် စိတ်မရှည်စွာနှင့် ကားပေါ်က ဆင်းလိုက်ရသည်။ ယိမ်းသံစဉ်ကို မိသားစုနှင့်မိတ်ဆက်ပေးချင်တာကြောင့် အိမ်ကိုခေါ်လာခဲ့တာပါ။ မေမေနှင့်အန်တီလေးက နေ့လယ်စာထမင်းပွဲ အချိုသစ်သီးပွဲများ စီစဉ်ထားသော်လည်း ယိမ်းမှာလုပ်ငန်းကိစ္စနှင့်ချိန်းထားတာတွေရှိတာကြောင့် အချိန်ကြာကြာတောင် မနေခဲ့ရပေ။ ယိမ်းမှာ လုပ်ငန်းကိစ္စတွေအတွက် စိတ်ရောက်နေ၍ ထမင်းလည်းတို့ကနန်းဆိတ်ကနန်း၊ သစ်သီးနှင့်အချိုပွဲဆိုလည်း သစ်သီးတွေမစားဖြစ်ဘဲ ကော်ဖီကိုတစ်ငုံလောက်သာ သောက်ခဲ့နိုင်သည်။

"ခင်ဗျား ဘာရပ်ကြည့်နေတာလဲ ဒီမှာ မထနိုင်တာ မမြင်ဘူးလား"

"ငါ့ကားနဲ့ မထိမိဘူးနော်၊ နှစ်ပေကျော်လောက်တောင် ကွာနေတယ်"

"ခင်ဗျားကားကိုလန့်ပြီးတော့ ရှောင်လိုက်လို့ ဒီလိုဖြစ်တာလေ ခင်ဗျားမှာတာဝန်ရှိတာ မသိဘူးလား"

"မင်းလန့်ပြီးရှောင်လိုက်တာ မဖြစ်နိုင်ပါဘူး၊ ငါ့ကားလာတာမြင်လို့ မင်းပြေးဝင်လိုက်တယ်လို့ပဲ ငါထင်တယ်၊ ငါသာသတိလွတ်ပြီး အချိန်မီဘရိတ်မအုပ်မိလိုက်ရင် မင်းအရေးပေါ်ခန်းထဲဖြစ်ဖြစ် ရေခဲဖြစ်ဖြစ်ရောက်နေလောက်ပြီ"

"အောင်မာ ရှင်းလဲ့ကိုများ ကားအတိုက်ခံချင်ယောင်ဆောင် ငွေတောင်းငွေညှစ်စားတတ်တဲ့သူများ ထင်နေလား"

"မသိနိုင်ဘူးလေ အဲဒီပုံစံဖြစ်နေတာတော့ အမှန်ပဲ"





"ခင်ဗျား စကားပြောတင်စီးမိုက်ရိုင်းလိုက်တာ၊ ရပ်ကလေးနဲ့ ခလိုက်ဘူး။ အေး ခင်ဗျား အဲဒီလိုထင်ရင် မှားသွားလိမ့်မယ်၊ ကျွန်တော်က ငွေလိုချင်တဲ့သူမဟုတ်ဘူး၊ အခု ကျွန်တော်ခြေထောက်မထောက်နိုင်ဘူး ခင်ဗျားဆေးခန်းလိုက်ပို့ရင်ပို့ မပို့ရင် ပြဿနာရှာပြီသာမှတ်၊ ယာဉ်ထိန်းရဲတိုင်ရမလား၊ ရဲစခန်းတိုင်ရမလား ကြိုက်ရာရွေး"

"ကျွတ် မင်းကွာ"

ထိုင်ရာကမထ ကားရှေ့ကမဖယ် ပေကပ်ကပ်နှင့်မို့ မင်းဖုန်း မြတ် ဘကာယ်ကို ကျွတ်ကျဲသွားရလေသည်။ ကားပေါ်က ယိမ်းသံစဉ်က ကားမှန်ကိုချကာ ခေါင်းလေးပြူထွက်လာလျက်

"ကိုမင်း ဘာတွေဒီလောက်အရှုပ်တက်နေတာလဲ ပိုက်ဆံလေး ဘာလေးပေးပြီး ရှင်းလိုက်တော့လေ၊ ယိမ်း နောက်ကျတော့မယ်"

"ဒီမှာ ငွေမယူဘူး။ ဆေးခန်းလိုက်ပို့ခိုင်းနေလို့ကွာ ခဏလေး"

"ခဏလေးဆိုတာ ယိမ်းအတွက် အချိန်မရှိဘူး ကိုမင်း။ ကိုမင်း ပြဿနာမရှင်းနိုင်ရင် နေခဲ့လိုက်တော့၊ ယိမ်း တက္ကစီငှားပြီး သွားလိုက်တော့မယ်၊ ဒီလိုတွေဖြစ်မယ်မှန်းသိရင် ယိမ်းကားပဲ ယူခဲ့လိုက်ပါတယ်"

"ယိမ်း ယိမ်း"

ယိမ်းသံစဉ်က စိတ်ရှည်တတ်သည့်မိန်းကလေးမဟုတ်ပါ။ တစ်စက်လှုရှင်းပြတင်ပြတာမျိုးကိုလည်း နားလည်လက်ခံပေးတတ်သူမျိုး မဟုတ်ပေ။

သူမဆန္ဒကိုသာ ရှေ့တန်းတင်ဦးစားပေးတတ်သူမျိုး ဖြစ်သည်။ သို့သော်ငြားလည်း ယိမ်းသံစဉ်က ထက်မြက်သည်။ စမတ်ကျသည်။ အဝတ်အစား အနေအထိုင် အပြောအဆို စည်းစိမ်ဥစ္စာ ပညာအရာအားလုံး အထက်တန်းကျပြီး ဆွဲဆောင်မှုရှိ၏။

ဒါကြောင့် ယိမ်းသံစဉ်ကို သူချစ်ခွင့်ပန်ခဲ့မိခြင်းပင်။ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတော့ သူကိုယ်တိုင်က အထက်တန်းကျကျ စတိုင်ကျကျ နေတတ်သူ မို့ပင်။ အဝတ်အစားဝတ်တာကအစ ဖရိုဖရဲ ဖိုသီဖတ်သီ ဘယ်တော့မှ မရှိ။ အိမ်မှာနေနေ အပြင်ထွက် ဘာပွဲဘာအခမ်းအနားရှိရှိ ရှူးစမိုးဖြင့် စမတ်ကျကျနေတတ်သည်။ အစားအသောက်ဆိုလည်း ဘယ်တော့မှ ဖြစ်သလို မစားပါ။ အမြဲတမ်း သန့်ပြန့်သန့်ရှင်းကာ အဆင့်အတန်းရှိနေမှ ကြိုက်သည်။

"အား"

"ဘာ ဘာဖြစ်တာလဲ"

"ခင်ဗျား ကောင်မလေးထွက်သွားတဲ့နောက် အဲဒီလို အငမ်းမရလိုက်ကြည့်ပြီး ကြောင်နေတော့မှာလား၊ ဒီကလူက ဒီနားမှာပဲ အသေခံရတော့မှာလား ပြော"

"မင်းက ဘယ်လောက်ဒဏ်ရာကြီးကြီးမားမား ရသွားလို့ မတ်တတ်တောင် မရပ်နိုင်တော့တာလဲ"

"မဖြစ်စလောက်နဲ့ အိုက်တင်ခံတတ်တဲ့သူမဟုတ်ဘူး၊ နည်းနည်းပါးပါး ထူပွေ့ပေးပြီး ဆေးခန်းပို့ဖို့စဉ်းစားဦး"

"ကျွတ် ရှုပ်နေတာပဲကွာ"

"အား အား အမယ်လေး"

"ဟား"

ခြေထောက်က လုံးဝမထောက်နိုင်သည့်ပုံမပေါ်။ ခြေထောက်ကို မြေပြင်ပေါ်ထိရုံသာ ထိထားပြီး သူ့ပခုံးကို နှိုစီးထားတာမို့ သူ့မှာ အနေကျဉ်းကျပ် စိတ်ကျဉ်းကျပ်လှသည်။

သူစိမ်းမိန်းကလေးတစ်ယောက်နှင့် ဒီလိုထိတွေ့နီးစပ်ဖူးတာ မဟုတ်။ ပြီးတော့ ဒူးဖုံးရုံ သရီးကွာတားဘောင်းဘီတို စပို့ရှပ်ကျပ်ကျပ် ကပ်ကပ်လက်ပြတ်အကျႌနှင့်မိန်းကလေးကို ကြီးကျယ်သည်ပြောပြော ထိတွေ့ကိုင်တွယ်တာမျိုး မလုပ်ချင်ပေ။





ဒါကြောင့်မို့ ရှုံရှာသလို သူမလက်တွေ ဆွဲဖယ်လိုက်သည့်အခါမှာ ပြုတ်ကျတော့မလိုဖြစ်သွားတာကြောင့် နာကျင်စွာအော်ဟစ်ရင်း သူ့ကို တိုးဖက်လာသည်။

မတတ်နိုင်တော့တာမို့ ရှုံ့မဲ့ညည်းညူနေသော သူမကို ကားနောက်ခန်းထဲ ပွေ့တင်လိုက်ရသည်။ သူ့မှာဒုက္ခတွေနှင့်ပါ။

ကိုယ့်ကားနှင့်လည်း ထိခိုက်မိတာမရှိဘဲ ပြဿနာရှာခံရခြင်းလို့ ဒေါသဖြစ်ချိန်မရဘဲ တက္ကစီကားငှားပြီးထွက်သွားရသော ယိမ်းအတွက် စိတ်မအေးနိုင်ဖြစ်နေရသည်။ ဒီမိန်းကလေးကိုဆေးခန်းမြန်မြန်လိုက်ပို့ ပြီးလျှင် ယိမ်းနောက်လိုက်သွားမှပါ။

ယိမ်းက အနေအေးတည်ငြိမ်လွန်းပြီး ဘာပဲလုပ်လုပ် တိကျပြတ်သားကာ စည်းကမ်းကြီးသည်။ မိန်းမတို့ဣန္ဒြေရွှေပေးလို့မရဆိုသည့် ဆိုရိုးစကားအတိုင်း ဝတ်တာစားတာ ပေါ့ပျက်ခြင်းမရှိ။ ဟိုပေါ်ဒီပေါ် အတိုအပြတ်ဆိုတာမျိုးတွေလည်း မဝတ်ဘဲ လှပသောကိုယ်ခန္ဓာကောက်ကြောင်းနှင့်လိုက်ဖက်စွာပဲ ဝတ်စားဆင်ယင်သည်။

ထက်မြက်မှုများကြောင့် သူမပါးစပ်က ထွက်လာသမျှ စကားလုံးတိုင်းဟာ တင်းမာသယောင်ထင်ရပေမယ့် သူ့အနေနှင့်တော့ ဣန္ဒြေသိက္ခာရှိသည်ဟု တွေးမိသည်။

"အဟီး"

"ဟင်"

ရယ်သံလိုလို ကြားလိုက်တာကြောင့် ဘက်ခ်ကြည့်မှန်ကနေ နောက်ခန်းကို ကြည့်လိုက်သည့်အခါမှာ တကယ်ပဲ ထိုကောင်မလေး ပါးစပ်ကို ဖြဲကာ ရယ်နေခြင်းဖြစ်သည်။

"မင်းဘာဖြစ်တာလဲ မိန်းကလေး၊ ခုနကတော့ အခုပဲ အသက်ထွက်တော့မယ့်ပုံစံမျိုးနဲ့"



www.burmeseclassic.com

"ကားရပ်လို့ရပြီ"

"ဘာ"

"ကားရပ်ပါဆိုမှ ခင်ဗျား နားမပါဘူးလား"

"မင်းကိုဆေးခန်းလိုက်ပို့ရမယ်ဆို"

"ရပြီ"

မချိုမချဉ်မျက်နှာနှင့် ပြောနေတာမို့ သူ နည်းနည်းအောင့် သက်သက်ဖြစ်သွားပြီး ကားကိုလမ်းဘေးထိုးရပ်လိုက်၏။

ဒီကောင်မလေး ဘာအထာလည်းမသိပေ။ လူကြီးလူကောင်းတစ်ယောက်လို ကုတ်အကျီနက်ခ်တိုင် စတိုင်ပင် ရှူးဖိနပ်တို့နှင့်သူ့ကို ဒီလိုမလျောင်ပြောင်သင့်ပေ။

"ဟိတ်"

"ဘာလဲ"

သူမ ကားတံခါးဖွင့်ကာ ဆင်းလိုက်တာကြောင့် သူ ခံပြင်းဒေါသများဖြင့် သူ့ကားပေါ်ကဆင်းပြီး သူမလက်ကိုဖမ်းဆွဲထားလိုက်သည်။

"မင်း ဒါဘာလုပ်တာလဲ၊ ခုနကကျိုးနေတဲ့ခြေထောက်က အခု ဘယ်လိုဖြစ်ပြီး ချက်ချင်းကြီး ပြန်ကောင်းသွားတာလဲ"

"ခုနတည်းက ဘာမှမဖြစ်တာ"

"ဘာ ဒါဆို ငါ့ကိုဘာသဘောနဲ့ အခုလိုလုပ်တာလဲ"

"လုပ်ချင်လို့လုပ်တာ အမြင်ကတ်လို့"

"ဟာ၊ မင်း ငါ့ကိုဒီလိုလုပ်ရအောင် မင်းနဲ့ငါနဲ့ဘာငြိဖူးလို့လဲ"

"အဲဒါကြောင့်ကိုလုပ်တာ"

"အထာပဲ မင်း ငါ့ဆီက ဘာလိုချင်တာလဲ ငွေလား လူလား"

"ထွီ ခင်ဗျားဆီက ငွေရောလူရော ဘာမှကိုအထင်မကြီးတာ၊ ကြီးကျယ်တာကိုအမြင်ကတ်လို့"





"ကျွတ် မင်းဖုန်းမြွတ် ကိုယ့်ဘာသာနေတာတောင် ပြဿနာရှာချင်တဲ့သူက ရှိသေးတယ်၊ မလောက်လေးမလောက်စား အဖြစ်မရှိတဲ့ ပုံစံနဲ့ကွာ"

"ခင်ဗျားဘာပြောတာလဲ၊ ကျွန်တော့်လက်ကိုလွှတ်"

"ကျွန်တော်တဲ့ မင်းယောကျ်ားလျှာလား။ ယိမ်းက မင်းကြိတ်ပိုးနေတဲ့သူမို့ ငါ့ကိုပြဿနာရှာတာလား"

"သွားစမ်းပါ အဲဒီလို မာနကြီးတစ်ခွဲသားနဲ့ ကြီးကျယ်တဲ့သူကိုလည်း ကျွန်တော်တို့က အထင်မကြီးဘူး"

"ဒါဆို ဘာလို့"

"အမြင်ကတ်လို့ပါလို့ ပြောပြီးပြီပဲ၊ ကဲ လွှတ်စမ်းပါ ကျွန်တော့်လက်ကို"

"မလွှတ်ဘူး မင်းကိုပြန်ပြီး ရဲလက်အပ်ရမယ်၊ အလကား သက်သက် လမ်းမှာပြဿနာရှာတဲ့သူ၊ လာ ပြန်ပြီးကားပေါ်တက်"

"အာ လွှတ်ပါဆို ကဲ"

"ခွပ်"

"အား"

မိန်းကလေးလက်သီးဆုပ်မို့ သေးသေးလေးဟုထင်ရသော်လည်း မေးရိုးတည့်တည့်အထိုးခံလိုက်ရတာမို့ သူနာကျင်စွာ အော်လိုက်မိသည်။ မထင်မှတ်ဘဲ လန့်ဖျပ်စွာ လက်ကိုလွှတ်လိုက်မိတာကြောင့် သူမလည်း ကဆုန်ပေါက်ကာ ထွက်ပြေးသွားလေသည်။

"တောက်"

ခုနက နည်းနည်းလေးမှ မထနိုင်သလို ခြေထောက်တောင် မထောက်နိုင်ဘဲ ဟန်ဆောင်မာယာများခဲ့သူက အခု သူ့ကိုပါးစပ်ပြဲ မျက်လုံးပြူးပြကာ ပြောင်နောက်သွားတာကြောင့် သူ ဒေါသဖြစ်ရပြီဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး ဘယ်ကလဲ ဘယ်သူလဲ။

ဘာကြောင့် သူ့ကို ဒီလိုလုပ်သွားရတာလဲ။

အမြင်ကတ်ပုဒ်မအတပ်ခံရလောက်အောင် သူမနှင့်ဘာပတ်သက်မှုမှမရှိဘူးထင်မိသည်။ သူမနှင့်ပတ်သက်သူတစ်ယောက်ကြောင့် လက်စားချေတာမျိုးလား။

ဟင့်အင်း အဲဒီလိုအလုပ်ခံရလောက်အောင် သူ ဘယ်သူနှင့်မှ ဘာပြဿနာမှမဖြစ်ဘူးပါ။

အိမ်မိသားစုကလွဲပြီး တခြားသူစိမ်းတွေနှင့် တရင်းတနှီးမှ မနေဘူးတာ။ ဒါဆို ဘာကြောင့်များလဲ။

တွေးလို့လည်း မရပါ။ နာကျင်သွားသော မေးရိုးကိုပွတ်ရင်း ရင်ထဲမှာ ထိုကောင်မလေးကို တစိမ့်စိမ့်ကျိန်ဆဲလို့။

■ ■ ■



## အခန်း (၂)

"ဟား ဟား ဟား"

"ဟင်း ဟင်း ဟင်း"

ထိုအကြောင်းကို ပြန်ပြောပြဖြစ်တော့ မိသားစုတွေရယ်လို့မဆုံးကြ။ သူမကလည်း မင်းဖုန်းမြတ်ကို ဘယ်လိုလုပ်ခဲ့သည်ဆိုတာ အားရပါးရကို ပြန်ပြောပြတာ။

"ဟို ဒါဆို သားလေး လက်သီးနဲ့အထိုးခံရတာ တော်တော်လေးနာသွားမှာပေါ့နော်၊ ဖူးယောင်ညိုမည်းသွားတာလားဟင် ရှင်းလဲ့၊ လက်ဆက တော်တော်ပြင်းသွားလား"

"ယောက်ျားလေးပဲကွာ ဒီလောက်က ဘာဖြစ်မှာလဲ၊ ငါကတော့ နှစ်ယောက်လုံးကို ရှင်းလဲ့ ပညာပေးတော့ ကျေနပ်တယ်၊ အားရတယ်"

"အန်တီနွယ်လည်း ကျေနပ်တယ်၊ ဒါပေမဲ့ မသေကောင်း မပျောက်ကောင်းနော် ရှင်းလဲ့၊ ကားရှေ့တိုးဝင်တာ၊ တူလေးက သတိထားပြီး ဘရိတ်မအုပ်မိရင် ဘယ်လိုလုပ်မလဲ"

"မိုင်နာပါ အန်တီလေးရာ၊ မန္တလေးမှာဆိုင်ကယ်စီးတဲ့သူရော ကားမောင်းတဲ့သူရောက ဘယ်လိုအကွာအဝေး ဘယ်လိုဆိုတာ အသာ



www.burmeseclassic.com

www.burmeseclassic.com



ညက်ပြီးသားပါ။ ရန်ကုန်မှာ ကားကြပ်တာလောက်ကတော့ ပျင်းတောင်ပျင်းသေးတယ်"

"ဟုတ်ပါပြီ ဟိုမိန်းကလေး ကားပေါ်ကဆင်းပြေးသွားတဲ့ပုံ လေးပြန်ပြောစမ်းပါဦး"

ယိမ်းသံစဉ် အထိနာတာကိုကြားပြီးသွားတာတောင် အားရကြသေးပုံမပေါ်။ သူမက ဆိုဖာခုံပေါ် တင်ပျဉ်ခွေပြင်ထိုင်လိုက်ပြီး ပန်းကန်ထဲက ယိမ်းသံစဉ် စားမသွားသည့်သစ်သီးတွေကို ပါးစပ်နှင့်အပြည့် ကောက်ဝါးပြီးမှ

"သူ့မျက်နှာက နဂိုတည်းက သုန်မှုန်နေတာမဟုတ်လား"

"အေးလေ အေးလေ မိန်းကလေးဖြစ်ပြီး ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေမရှိဘူး"

"ယောကျ်ားလေးရှင်ဘက်လိုက်တွေ့တာကို သူ့လက်အောက်ဝန်ထမ်းတွေကို လာတွေ့တယ်များ ထင်နေလားမသိပါဘူး၊ ရှိသေမှုမရှိလေးစားမှုမရှိ ကိုယ်ကပဲ သဘောတူလွန်းလို့ အောက်ကျို့ခံ ထမင်းစားဖိတ်တယ်လို့ အောက်မေ့နေလားမှမသိတာ"

"မင့်သားက ဘယ်လိုမျက်စိနဲ့များ ရွေးလိုက်တာလဲ မသိပါဘူးကွာ၊ ငါနဲ့များ ကွာပါ့၊ မိန်းကလေးတစ်ယောက်ကို ဒီလောက်တောင် ပျာယာခတ်နေရတယ်လို့"

"ဩော် အစ်ကိုကြီးကလည်း တူလေးက ကိုယ့်အိမ်လာတဲ့ ဧည့်သည်မို့ အဲဒီလိုဧည့်ခံတာနေမှာပါ၊ ဘယ်တုန်းကများ တူလေးက ဘယ်သူ့ကိုဖြစ်ဖြစ် အဲဒီလိုဆက်ဆံဖူးလို့လဲ"

"အဲဒါကြောင့် အံ့ဩနေတာပေါ့ ညီမလေးရယ်၊ ငယ်ငယ်လေးကတည်းက မိဘဆွေမျိုးတွေနဲ့တောင်မတူဘဲ တသီးတသန့် မာနကြီးကြီးနေခဲ့တဲ့ကောင်က ဘယ်လိုဖြစ်လို့ မိန်းကလေးတစ်ယောက်ကို ပျာယာခတ်





အောင် အောက်ကျခံနေသလဲလို့ ဒီမိန်းကလေး ငါတို့ထက်ပိုချမ်းသာလို့များ ဒီကောင်"

"အိုတော် ကျွန်မသားက ငွေမက်တဲ့သူမဟုတ်ပါဘူး"

ဒေါ်ကလျာညိုက သားကိုတော့ သိပ်အထိပါးမခံချင်ပေ။ တစ်ဦးတည်းသောသားလေးမို့ အလိုလိုက်ထားခဲ့သော်လည်း ဆိုးပေမိုက်မဲတာမျိုးမရှိဘဲ ကိန်းခမ်းကြီးကြီးသာနေတတ်ခဲ့သည်။ ငယ်စဉ်တည်းက ရပ်ကွက်ထဲက ရွယ်တူကလေးငယ်တွေနှင့် ဆော့ကစားတာမျိုးလည်း မရှိခဲ့ပေ။

သူ့ဘာသာ ဂိမ်းဆော့ရင်ဆော့ စာကျက်ရင်ကျက် တီဗွီကြည့်ရင်ကြည့် ကျောင်းမှာတောင် အပေါင်းအသင်းထားရဲ့လားမသိပါ။ ဘာဖြစ်ဖြစ် မိဘတွေကတော့ သားလေးလိမ္မာလို့ စိတ်ချမ်းသာခဲ့ရတာ အမှန်ပင်။

ဒါကြောင့်လည်း သားအွဲ့ရပြီးတာနှင့် သားအဖေက လုပ်ငန်းကိုယုံယုံကြည်ကြည် လွှဲအပ်ခဲ့သည်။ တစ်ခါတစ်ရံမှသာ ကုမ္ပဏီကိုသွားကြီးကြပ်တာမျိုးနှင့်- အကြံဉာဏ်ပေးတာမျိုးသာ လုပ်တတ်၏။

ယိမ်းသံစဉ်ဆိုသည့် မိန်းကလေးကတော့ လုပ်ငန်းနှင့်ပတ်သက်ဆက်စပ်ပြီး သားတို့တွေ့ခဲ့ကြတာဖြစ်မည်။

"ရှင်းလဲ့ ရှင်းလဲ့ ဖုန်းမြည်နေတာထင်တယ်"

စကားပြောရင်း သားအကြောင်းတွေးနေဆဲမှာ ရှင်းလဲ့ဖုန်းက စူးစူးဝါးဝါး ထမြည်တာကြောင့် သတိပေးလိုက်ရသည်။ ရှင်းလဲ့ကတော့ သားအပေါ် သူမလုပ်ခဲ့တာ အားရကျေနပ်ပြီး ပီတိဖြစ်နေတာကြောင့် ဖုန်းလာတာတောင် သတိထားမိပုံမပေါ်ပါ။

သားအပေါ် ရှင်းလဲ့ မကျေနပ်ချင်လည်း မကျေနပ်ရပေ။ ရှင်းလဲ့မန္တလေးကရောက်လာသည့်နေ့က သားရေ ဧည့်သည်ရောက်နေ တယ် မိတ်ဆက်ပေးရအောင် လာပါဦးဆိုတော့ အလုပ်ကပြန်လာသော သားက ဧည့်ခန်းဘက်ကိုလှည့်တောင်မကြည့်ဘဲ ကုမ္ပဏီကအရေးကြီးတဲ့ အလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပါလာလို့ နောက်မှပဲဆိုပြီး အပေါ်ထပ်ကိုတက်သွားခဲ့သည်။ နောက်တစ်နေ့ကျတော့လည်း မနက်စာပင်မစားဘဲ အိမ်ကထွက်သွားခဲ့သည်။ ညဘက်ပြန်လာလို့ ညစာအတူစားဖို့စောင့်နေသော်လည်း အပြင်က စားလာခဲ့သည်ဆိုပြီး ထမင်းစားခန်းထဲပင် ဝင်မလာပါ။

မိသားစုအနေနှင့် သားဒီလိုလုပ်တာ နားလည်ပေးနိုင်သော်လည်း ဧည့်သည်တစ်ယောက်အနေနှင့် ရောက်လာသော ရှင်းလှဲ့ကတော့ လူရာသွင်းမခံရသလိုဖြစ်တာကြောင့် ခံပြင်းနေပေလိမ့်မည်။ ဒီလိုနှင့် သုံးရက်မြောက်နေ့အထိတောင် ရှင်းလှဲ့ကို မိတ်ဆက်ပေးခွင့်မရခဲ့ပါ။

ဒီနေ့တော့ သားက သူ့ချစ်သူနှင့်မိတ်ဆက်ပေးမည်ဆိုပြီး ထမင်းဟင်း သေချာချက်ခိုင်း သေချာစနစ်တကျပြင်ဆင်ခိုင်းခဲ့သည်။ သားဆန္ဒမို့ မိသားစုတွေက မငြင်းသလို ရှင်းလှဲ့လည်းအတူတူ ကူလုပ်ပေးခဲ့သည်။

ဒါပေမဲ့ သားရဲ့ချစ်သူက ရှုံ့ရှာသလို မသတီသလိုနှင့် ဟိုဟာတို့တို့ထိထိ ဒီဟာတို့ကနန်းဆိတ်ကနန်းမျှလုပ်ပြီး မိမိတို့ပင်ပန်းတကြီးစီစဉ်ထားသမျှ ကျေးဇူးတင်သည့်အရိပ်အရောင်မပြ အသိအမှတ်ပင် မပြုခဲ့ပါ။ မိမိတို့မှာ သားမျက်နှာကြောင့် ဘာမှပြောခွင့်မသာဘဲ သည်းခံနေရပေမယ့် ရှင်းလှဲ့ကတော့ ဘယ်ချိန်ကတည်းက ထွက်သွားမှန်းမသိလိုက်ဘဲ ပြန်လာမှ သူမ ဘာလုပ်ခဲ့သည်ဆိုတာ ရှင်းပြတော့သည်။

"ဟယ်လို ဟုတ်ကဲ့ မေမေ အားလုံးဂရုစိုက်ကြပါတယ်၊ အဆင်ပြေပါတယ်၊ ရှင်းလှဲ့ ပျော်ပါတယ်၊ ဟုတ်ကဲ့ အကောင်းဆုံးသင်တန်းကို စုံစမ်းနေတာ၊ ပိုပြီးမြင့်တာ တက်ချင်လို့လေ၊ လည်တာပတ်တာကတော့ နောက်မှ အေးအေးဆေးဆေးပေါ့ မေမေရဲ့ သမီးက အပျော်အပါး ဒီလောက်မက်တာ မဟုတ်ပါဘူး အဟီး"

ရှင်းလှဲ့ သူမဘာသာပြော သူမဘာသာ သဘောကျပြီး ရယ်နေသည်။ ပြီးမှ ဒေါ်ကလျာညိုလက်ထဲ ဖုန်းထည့်ပြီး





"မေမေက ပြောဦးမယ်တဲ့ အန်တီညို"

"အေးအေးခင်နဲ့ ပြောချင်နေတာနဲ့ အတော်ပဲ၊ ခင်ရေ ညိုပါ အင်း အဆင်ပြေပါတယ် ခင်ရဲ့၊ ရှင်းလှဲ့က လိမ္မာပါတယ်"

"အဲဒါရောက်စမို့ဖြစ်မှာပါ ညိုရယ်၊ သူက အမွှေစိန်နော်၊ သိပ်အလိုမလိုက်နဲ့၊ ဒီမှာဆို မိသားစုလည်းမခံချင်လောက်အောင် စ နောက်၊ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့လည်း အဲဒီလိုနေတာ၊ လူကြီး မှန်းမသိ ကလေးမှန်းမသိ အရမ်းဆိုးတာ"

"ခင်ရယ် ရှင်းလှဲ့လေးက ခင်ပြောသလောက် ဆိုးမယ်မထင်ပါဘူး၊ ကလေးလေးဘဝတုန်းက တွေးပိုက်ခဲ့ရဖူးလို့လားမသိဘူး ညိုတို့မိသားစုက အရမ်းကိုချစ်နေကြတာ"

"မင်းဖုန်းမြတ်လေးကရော သမီးကို မှတ်မိလားဟင်၊ သမီးကို ငယ်ငယ်ကလိုရော ခင်ရဲ့လား"

"ဟင် ခြော် ဒီလိုခင်ရဲ့ သားက အလုပ်တွေနဲ့မအားလို့ ရှင်းလှဲ့နဲ့ သေချာမဆုံရသေးဘူးလေ၊ တွေ့ရင်တော့လည်း ခင်မှာပါ၊ ငါးနှစ်သားလောက်နဲ့ ရန်ကုန်ပြောင်းလာကြတာဆိုတော့ နှစ်နှစ်သမီး အရွယ့်ရှင်းလှဲ့လေးကို မှတ်မိချင်မှမှတ်မိမှာဆိုပေမယ့် ပြောလိုက်ရင်တော့ သားသိမှာပဲလေ"

"ဟုတ်မှာပါ အဲဒီအရွယ်တည်းက တခြားကလေးတွေသာ အပေါင်းအသင်းမလုပ်ပေမယ့် သမီးကိုတော့ ညီမလေး ညီမလေးနဲ့ သူချစ်ရှာပါတယ်"

"ဟုတ်တယ် ဟုတ်တယ်၊ ရန်ကုန်ပြောင်းလာခါစတောင် ညီမလေးကို သတိရလိုက်တာဆိုပြီး ခဏခဏပြောနေသေးတာ၊ နောက်ပိုင်းကျောင်းတွေတက် အတန်းတွေကြီးလာမှ မေ့မေ့ပျောက်ပျောက်ဖြစ်သွားတာလေ၊ အခုလည်း ရှင်းလှဲ့လေးကိုတွေ့ပြီးတာနဲ့ ခင်တွယ်သွားမှာပါ"

"ခင်ရင်လည်း သတိထားခင်လို့သာ ပြောလိုက်ညိုရေ၊ မိရှင်းလှဲ့



www.burmeseclassic.com

www.burmeseclassic.com



တို့က ပြဿနာအိုးလေ၊ ကဲ ဒါပဲနော် နောက်မှဆက်မယ် ညီ၊ အစ်ကို အမင်းနဲ့ လှိုင့်ကိုလည်း သတိရတယ်ပြောပေးပါ"

"ကောင်းပါပြီ ခင် ဒါပဲနော်"

မေမေနှင့်အန်တီညို ဖုန်းပြောလိုက်တာ တော်တော်ပေရှည်သွားသည်။ ငယ်စဉ်ကလေးဘဝက မင်းဖုန်းမြတ်နှင့်ပတ်သက်မှုကိုပါ သိလိုက်ရတော့။

သူမ နှစ်နှစ်သမီးအရွယ်က ကွဲကွာသွားကြတာမို့ သူမ မမှတ်မိခြင်းပဲလား။ သူမကတော့ မင်းဖုန်းမြတ်နှင့် တစ်ခါမှပတ်သက်ခဲ့ဖူးသည်ဟု မထင်မိပေ။

အခုလို ဒီလိုကြီးကျယ်လွန်းသောသူနှင့် မပတ်သက်ချင်ပါ။ လူကို လူလိုဆက်ဆံရမှန်းမသိသော တခမ်းတနားနိုင်လွန်းသော ကိုယ့် ကိုယ်ကိုယ် အထင်ကြီးဘဝင်မြင့်နေသောသူမျိုးကို သူမ အမြင်ကတ် မုန်းမိတာအမှန်ပင်။

ဒါကြောင့်လည်း အမြင်ကတ်ကတ်နှင့် ဒီလိုမျိုး။

အပင်း ပြန်တွေးမိတာတောင် ပြုံးချင်ချင်။

■ ■ ■



## အခန်း (၃)

"အား ကျွတ် ကျွတ်"

"အရမ်းနာနေလား သား၊ ဖြစ်ခါစက အိမ်ပြန်လာခဲ့ပြီးရော သားရယ်၊ ဆေးတန်းလိမ်းလိုက်ရင် ဒီ့အချိန်ထိ ဘယ်နာပါတော့မလဲ၊ အိမ်နဲ့နီးနေတာကို ဘာလို့ ယိမ်းသံစဉ်နောက်လိုက်သွားရသေးတာလဲ"

"ဟိုကောင်မဆိုးလေးကြောင့် ယိမ်းက တစ်ခါမှမစီးဘူးတဲ့ တက္ကစီကိုစီးသွားခဲ့ရတာ၊ သားကြောင့် သားအပြစ်မကင်းလို့ ဒီလိုဖြစ်ရတာမဟုတ်ပေမယ့် လက်လွှတ်စပယ်ကြီးလွှတ်လိုက်ရတာ ဘယ်ကောင်းပါ့မလဲ မေမေ၊ သားတို့အိမ်လိုက်လာတုန်းဖြစ်ရတာ သားမှာတာဝန်ရှိလို့ပါ"

"အေးကွယ် သားခေါ်လာလို့သာ တွေ့လိုက်ရတာယ်၊ မေမေဖြင့် ယိမ်းသံစဉ်ပုံစံကို မကြိုက်ပါဘူး၊ သူ့ဘာသာ ပညာတတ်တတ် ဥစ္စာဓနပြည့် ဘယ်လောက်ချမ်းသာသာ ယောကျ်ားရှင်မိဘတွေဘက် လာတွေ့တာပဲ နည်းနည်းပါးပါး မာနလေးချိုးနှိမ်ပြီးဖြစ်ဖြစ် လူကြီးသူမတွေကို ရိုသေသမှုနဲ့ပဲဖြစ်ဖြစ် ဖော်ဖော်ရွေရွေလေးရှိသင့်တာပေါ့ အခုတော့"

ဒေါ်ကလျာညိုကို စကားဆုံးအောင် ပြောခွင့်မပေးပါ။ မင်းဖုန်း



www.burmeseclassic.com

www.burmeseclassic.com



မြတ်က နာကျင်နေသော မေးရိုးကို ပွတ်ရင်း လက်ကာပြကာ

"ဒါက ဒီလိုပါ မေမေ၊ ယိမ်းက ဒီလိုပဲနေတတ်လို့ပါ၊ အမြဲတမ်း အောက်လက်ငယ်သားဝန်ထမ်းတွေနဲ့ ဒီလိုပဲ တင်းတင်းထန်ထန်နေလာခဲ့ရတဲ့အခါကျတော့ အကျင့်ပါသွားတဲ့သဘောပါ၊ စကားပြောနည်းတယ်၊ အမြဲတမ်း အလုပ်အကြောင်းပဲ ခေါင်းထဲရောက်နေတော့ ဆက်ဆံရေးကျဲတယ်လို့ ထင်ရတဲ့သဘောပါ၊ ပြီးတော့ ယိမ်းက အထက်တန်းကျကျ အဆင့်အတန်းရှိ ဂုဏ်သိက္ခာကြီးတဲ့အသိုင်းအဝန်းကဖြစ်နေတော့ တချို့သူတွေနဲ့ သဟဇာတဖြစ်အောင် မနေတတ်တာမျိုးပါ"

"အဲဒါပဲ သားရယ် လူဆိုတာ ဘာကြီးဖြစ်နေနေ လူတွေနဲ့ သဟဇာတဖြစ်အောင်တော့ နေတတ်ရမှာပေါ့၊ အခုတော့ သူတစ်ယောက်တည်း ကြီးကျယ်ခမ်းနားနေသလိုနဲ့ မေမေတို့က ဘာဖြစ်သွားပြီလဲ သား"

"ယိမ်းကို နားလည်ပေးပါ မေမေ၊ မေမေတို့က အခုတည်းက ယိမ်းကို အပြစ်မြင်နေတယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ သားက ယိမ်းရဲ့ အဲဒီလိုတည်ကြည်ပြတ်သား ထက်မြက်တာတွေကို သဘောကျတာပါ၊ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ အလေးအနက်စိတ်ဝင်စားနေတတ်တဲ့ မိန်းကလေးမျိုးက ဘယ်လောက်တောင်အထင်ကြီးဖို့ကောင်းလဲ၊ အခု ခေတ်ပေါ့ပျက်ပျက် ပေါ့လွှာလွှာ ကပျက်ကချော် အဆင့်အတန်းမဲ့ မိန်းကလေးတွေလိုမဟုတ်ဘူး၊ အရမ်းကို လေးစားဖို့ကောင်းတဲ့သူပါ"

"ခက်တော့နေပြီ သားရယ်"

သားကို ဒေါ်ကလျာညို ဘာပြောရမှန်းပင် မသိတော့ပါ။ ဒီမိန်းကလေးကို အပြစ်တင်မခံရက်အောင် တန်ဖိုးထားနေမှတော့ ကိုယ်က အတိုက်အခံလုပ်ပြောနေလျှင် ကိုယ်ပဲအဆိုးဖြစ်ပေတော့မည်။

အခုလည်း ယိမ်းသံစဉ်ကို ဘယ်လိုတွေလိုက်ချော့နေရမှန်းမသိ ညမိုးချုပ်မှ ပြန်ရောက်လာသည်။ သားအဖေနှင့်အဒေါ်ကတော့ ညစာ





စားဖို့စောင့်မနေတော့ဘဲ ညစာစားပြီးတာနှင့် အခန်းထဲကိုယ်စီ ဝင်သွားကြသည်။ ကိုယ့်မှာသာ သားဘာဖြစ်လို့ ပြန်မလာသေးတာလဲ စိတ်ပူစွာဖြင့် အခန်းထဲမဝင်နိုင်သေးတာ။ အပြင်ရောက်နေလျှင် သားက အရေးကြီးကိစ္စမဟုတ်ပါက ဖုန်းဆက်တာမကြိုက်ပေ။

သားက ကလေးမဟုတ်တော့ဘူး စိတ်ပူစိုးရိမ်တာတွေနဲ့ ဖုန်းမဆက်ပါနဲ့၊ သားက တခြားအရေးကြီးတာတွေ လုပ်နေရလို့ပါတဲ့။

မိသားစုကိုတောင် အဲဒီလို စိမ်းစိမ်းပြတ်ပြတ်နေချင်တာ။ သူ့ခြေထောက်ပေါ်သူရပ်ပြီး အရွယ်ရောက်ပြီလို့ထင်နေမှာပေါ့။ မိဘအရိပ်က မလွတ်သေးသရွေ့ မိဘတွေက သားသမီး ဘယ်အရွယ်ရောက်ရောက် ရင်ဝယ်ပိုက်ထားချင်တာ သားမှနားမလည်ဘဲ။

"ဟာ ဒီကောင်မလေး မင်း မင်းဘယ်ကနေ ရောက်လာတာလဲ မေမေ၊ မေမေ အဲဒီကောင်မလေးပဲ သားကို ပြဿနာရှာပြီး ခေါ်သွားတာ၊ မင်း ငါနဲ့တွေ့မယ်"

"ဟဲ့ ဟဲ့ သား မလုပ်ရဘူး၊ အဲဒါ ညွှန့်သည်လေ မေမေတို့ ဆီလာတဲ့ ညွှန့်သည်"

"ဟိတ်လူ ဟိတ်လူ ခင်ဗျားနော်"

ပြောဆိုတားနေတာတောင် မရပါ။ သားက နောက်ကလိုက်ရှင်းလဲ့ချိုက ရှေ့ကပြေးနှင့် ညွှန့်ခန်းကဆိုဖာခုံတွေကို ဒိုးပတ်လောက်ပတ်နေကြသည်။ နောက်တော့ ရှင်းလဲ့ချိုက မပြေးဘဲ ရပ်တန့်လိုက်ပြီး သားကိုလက်သီးဆုပ်ထောင်ပြ၍ သားလည်း ခဏရပ်သွားလေသည်။

"ဒီမှာ လက်သီးမြင်တယ်နော်၊ ခင်ဗျားနောက်တစ်ခါ အထိုးခံချင်လို့လား၊ အန်တီညိုတို့သားဖြစ်နေတယ်ဆိုပြီး ညှာလိမ့်မယ်မထင်နဲ့နော်"

"အောင်မာ လာစမ်းပါ၊ နေ့လယ်က ငါအငိုက်မိလို့ ခံလိုက်ရတာ၊ မင်းလို မလောက်လေးမလောက်စားကို အရိုးတွေတစ်ရာချိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားကြားထိုးပစ်မယ် နားလည်လား"

"ဟား ဟား ကြောက်လိုက်တာ သေးတောင်ထွက်တော့မှာပဲ၊ ဒီမယ် မကြောက်တတ်လို့ ခင်ဗျားတို့ရန်ကုန်မြို့ကြီးကို တစ်ယောက်တည်းလာတာ့ သိရဲ့လား။ စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်ရဲတယ်၊ သတ္တိရှိရင် အိမ်ရှေ့မြက်ခင်းပြင်ထွက်လိုက်၊ ဒီနေရာမှာဆိုရင် ပစ္စည်းတွေကွဲတာ ရှုတာ ဖြစ်ရင် လူကြီးတွေ အားနာဖို့ကောင်းတယ်"

"အေးလေ ချမယ် လာ"

မိန်းကလေးလိုပင် မင်းဖုန်းမြတ် မငြိမ်နိုင်တော့ပါ။ ပြဿနာရှာကာ အထိုးခံထားရတာကြောင့် သူမကိုမြင်မြင်ချင်းမှာ သွေးတွေဆောင့်ခုန်ဆူဝေသွားသည်၊ ဒေါသဖြစ်ဖြစ်နှင့် ဒီကောင်မလေးကို အမိအရချဖို့ပဲ စဉ်းစားမြင်တော့၏။

"ဟဲ့ သား သား ရှင်းလဲ့ ရှင်းလဲ့"

"ဘာတွေဖြစ်နေကြတာလဲ ဆူညံနေတာပဲ"

"အိမ်မီးလောင်တာလား ရပ်ကွက်ထဲ ဘာဖြစ်လို့လဲ"

"ဖေဖေ အန်တီလေး"

ဦးအံ့မင်းနှင့်ဒေါ်နွယ်နီလှိုင်တို့ အခန်းထဲက ထွက်လာကြတာကြောင့် မင်းဖုန်းမြတ်နှင့်ရှင်းလဲ့ချို အရှိန်သတ်သွားကြသည်။

"အန်ကယ် အန်ကယ့်သားလေ ရှင်းလဲ့ကို ပြဿနာရှာနေ တယ်"

"ဘာ မင်းကအရင် ပြဿနာရှာတာလေ၊ ငါ့ကိုနွေလယ်က ထိုးသွားတယ်"

"အဲဒါ ထိုးချင်လို့ထိုးတာလား။ ခင်ဗျားက လက်ကိုလွှတ်မပေးဘဲ ရဲစခန်းပို့မယ်ဆိုပြီး ဆွဲထားတာကိုး"

"မင်းက ငါ့ကားရှေ့မှာ ဘာမှမဖြစ်ဘဲ ပြဿနာရှာတာလေ၊ မင်း အဲဒီလိုမလုပ်ရင် ဒီလိုတွေဖြစ်လာပါ့မလား။ မိန်းကလေးက မိန်းကလေးလိုမနေဘူး"





"ကဲ တော်ကြပါတော့ သားတို့ရယ်၊ ဘာမှလည်းမဟုတ်ဘဲနဲ့ ရှင်းလဲ့ သွားအိပ်တော့ သွား"

"ဟုတ်ကဲ့"

"ဟိတ် နေဦး မင်း ငါ့ကိုထိုးထားတာ၊ မင်းကိုပြန်မထိုးရမချင်း ငါမကျေနပ်ဘူး"

"လဲ သေလိုက် အဲဒီနေရာမှာ လဲသေလိုက် ဒုန်း ဒုန်း ဒုန်း ဘုန်း ဘုန်း ဘုန်း"

"အာ ဟဲ့ သား"

မေမေသာ ဆွဲမထားလျှင် သူ့ကိုလျှာထုတ်နောက်ပြောင်သွားသော မိန်းကလေးကို အပြေးဆွဲထိုးမိမလားမသိပေ။

အခုတော့ သူ့မှာမခံချိမခံသာ မကျေမချမ်းနှင့်ကျန်ခဲ့ရသည်။ ဘယ်လိုရေစက်ဆိုးလဲ။

ဒင်းတော့ တွေ့ဦးမယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အဲဒီကောင်မလေးကို လုံးဝ အိမ်မှာမထားနဲ့တော့ မေမေ၊ သား လုံးဝမကြိုက်ဘူး"

"ဟဲ့ သား စကားကိုဘယ်လိုကြီးပြောလိုက်တာလဲ၊ ဟိုကဝင်လာလို့ ကြားသွားပါဦးမယ်"

"ကြားကြား မေမေရာ၊ ကြားလို့ရှက်ရကောင်းမှန်းသိပြီး ထွက်သွားရင် ပိုတောင်ကောင်းသေးတယ်"

"သား တော်စမ်း၊ အေးအေးဆေးဆေးထိုင် အေးအေးဆေး ဆေး စကားပြော၊ ရှင်းလဲ့ချိုက မင်းဆူဆူပူပူလုပ်နှင်ထုတ်ရမယ့် မိန်းကလေးမျိုး မဟုတ်ဘူးကွ"

"သူလုပ်တဲ့ပြဿနာက ဒီထက်ပိုဆိုးအောင်လုပ်လို့ရတယ် မေမေ လမ်းမှာသာ ထပ်တွေ့ကြည့် သူ့ကိုအသေသတ်ပစ်ဖို့တောင် စဉ်းစားထားတာ"

"တူလေးကကွယ် စကားပြောတာ အကြီးကြီးပဲ၊ တူလေး နစ်နာအောင် ရှင်းလဲ့က ဘာတွေများလုပ်ခဲ့လို့လဲ"





ဖြစ်ခဲ့သမျှ ပြန်တွေး၍ မင်းဖုန်းမြတ်မျက်နှာ ပိုပြီးတင်းမာသွားသည်။ သူမအပြစ် သူမသိလို့ အခုချိန်ထိ မနက်စာလာမစားသေးတာပဲဖြစ်လိမ့်မည်။

"သူ အရဲစွန့်သလား စတန့်ထွင်သလားမသိပေမယ့် ကျွန်တော် သတိမရှိရင် သူလည်း ပွဲချင်းပြီးသေ၊ ကျွန်တော်လည်း ထောင်ကျနိုင်တဲ့အခြေအနေပဲ အန်တီရေ၊ ယိမ်းလည်း ပြဿနာရှင်းနေတာကို မစောင့်နိုင်တာနဲ့ တက္ကစီနဲ့သွားလိုက်ရတယ်၊ အဲဒါတင်မကဘူး ကျွန်တော့်မျက်နှာကိုပါ ဆွဲထိုးသွားသေးတာ"

"ဒါကကွယ် အခန့်မသင့်လို့ဖြစ်တာနေမှာပါကွယ်"

"အခန့်မသင့်စရာလား၊ တမင်တကာ အမြင်ကတ်လို့လုပ်တာ ဆိုပြီးတော့ စိန်ခေါ်သွားသေးတာ၊ ကျွန်တော်နဲ့သူ ဘာအငြိုးရှိလို့လဲ ပြော၊ ဘယ်လိုပတ်သက်လဲ တစ်ခါမှတောင် တွေ့ဖူးမြင်ဖူးရှိတာမဟုတ်ဘဲနဲ့"

"အဲဒါ သားက မမှတ်မိတော့လို့ ဖြစ်မှာပါ"

"ဗျာ"

မေမေ ပြောလိုက်တာကို သူနားမလည်။ တစ်ခါမှ မြင်ဖူးတွေ့ဖူးခြင်းမရှိသည့်မိန်းကလေးကို ဘာကြောင့်မမှတ်မိစရာအကြောင်းရှိဦး မှာလဲ။ မေမေက ကော်ဖီခွက်လေးဘေးကိုတွန်းပြီး

"သား ငယ်ငယ်က မန္တလေးမှာနေခဲ့ဖူးတယ်လေ သား မှတ်မိလား"

"ဟုတ် မှတ်မိသလိုလို မမှတ်မိသလို မသေချာဘူး မေမေ"

"အေး သေချာမမှတ်မိပေမယ့် ရေးရေးတော့ သိနေတယ် မဟုတ်လား။ ဒါပေမဲ့ ငါးနှစ်သားအရွယ်ဆိုတော့လည်း ဖဝေဖဝါဖြစ်ချင်ဖြစ်မှာပါ။ ဒါပေမဲ့ နှစ်နှစ်အရွယ် ရှင်းလဲ့ချိုလေးကိုချိုပိုးထိန်းကျောင်းခဲ့ ဖူးတာတော့ အမှန်ပဲ သား၊ ပြီးတော့ အဲဒီအချိန်က ရှင်းလဲ့ချိုမိဘတွေက သားကို



www.burmeseclassic.com

တွေ့ဆွေးနွေးပြုစုထောက်ပံ့ခဲ့ကြတယ်၊ အဲဒီအချိန်က သားအဖေ အစိုးရဝန်ထမ်းဖြစ်နေတဲ့အတွက် စီးပွားရေးအဆင်မပြေဘူး လခမထုတ်ခင် အကြွေးတင်၊ လခထုတ်တော့ အကြွေးဆပ်နဲ့ သားကိုအဝတ်အစား တစ်စုံတောင် ဝယ်မပေးနိုင်ခဲ့တာမဟုတ်ဘူး''

''ဟုတ်တယ် သား ဖေဖေတို့ ဒီလိုနေနိုင်တာ ရှင်းလဲ့ချိုမိဘတွေကြောင့်လို့ ပြောနိုင်တယ်၊ ဖေဖေတို့ကအဆင်မပြေတော့ သူတို့ ရက်ကန်းရုံမှာ အဝတ်အထည်ရောင်းတဲ့နေရာတွေမှာ အချိန်ပိုင်းလေးတွေခေါ်နိုင်းတယ်၊ သင်ပြပေးတယ်၊ အစိုးရဝန်ထမ်းလုပ်နေရင် တစ်သက်လုံး ကြီးမွားနိုင်မှာမဟုတ်ဘူး။ နိုင်ငံတော်အတွက်လုပ်ပေးနေတုန်းတော့ ဝန်ထမ်း အိမ်ရာဆိုပြီး အခန်းလေးတွေပေးထားပါရဲ့၊ ပင်စင်လည်းယူရော မောင်းထုတ်လို့နေစရာရှိမှာမဟုတ်တော့ဘူးလေ၊ ဝန်ထမ်းလစာ မဖြစ်စလောက်လေးနဲ့ ကုန်ဈေးနှုန်းကို အမီမလိုက်နိုင်တော့ ဘယ်လိုလုပ်စုမိဆောင်းမိရှိမှာလဲ''

''အဲဒီလို စုမိဆောင်းမိမရှိတော့ ဘယ်လိုလုပ် အိမ်ဝယ်နိုင်မှာလဲ တူလေးရယ်၊ အဲဒါကြောင့် အန်တီလေးလည်း ဝန်ထမ်းအလုပ်ကထွက်ပြီး မမခင်တို့ ထူထောင်ပေးလိုက်တာလေးနဲ့ ရန်ကုန်မှာအထည်ဆိုင် လာဖွင့်တာလေ၊ အဆင်ပြေတော့ အစ်ကိုကြီးကိုပါ အလုပ်ထွက်ခိုင်းပြီး မမခင်တို့တင်ပို့တဲ့အထည်တွေကို ရောင်းခိုင်းတာပေါ့၊ မမခင်တို့က ဆိုင်ငှားဖို့ကအစ အရင်းအနှီးထုတ်ပေးတာ၊ နောက်ပိုင်း ကိုယ့်ဘာသာ ဒီဇိုင်းထုတ်ပြီး အကျီတွေတစ်ပိုင်တစ်နိုင်ရောင်းရင်းက တဖြည်းဖြည်း အဆင်ပြေလာပြီး အထည်ချုပ်စက်ရုံလေးတောင် ဖြစ်နိုင်ရေးကုမ္ပဏီလေး လုပ်တော့လည်း သူတို့ပဲ ငွေရင်းထုတ်ပေးတာ၊ နောက်ပိုင်း ကိုယ့်ဘာသာ ဒီဇိုင်းထုတ်ပြီး အကျီတွေတစ်ပိုင်တစ်နိုင်ရောင်းရင်းက တဖြည်းဖြည်း အဆင်ပြေလာပြီး အထည်ချုပ်စက်ရုံလေးတောင် ဖြစ်နိုင်ရေးကုမ္ပဏီလေး လုပ်တော့လည်း သူတို့ပဲ ငွေရင်းထုတ်ပေးခဲ့တာ၊ နောက်မှ တဖြည်းဖြည်းပြန်ဆပ်ခဲ့ရတာ သား''





သူတို့ဘာတွေနားလည်စေချင်လို့ အရှည်ကြီးတွေ ရှင်းပြနေသည်လဲမသိပါ။ ဟိုကောင်မလေးကို နားလည်ပေးစေချင်လို့ဆိုရင်တော့ ခေါင်းရှုပ်ပြီ။

''သား ထိုင်ဦး မင်းအမေနဲ့အန်တီလေးပြောနေတဲ့စကားတွေမပြီးသေးဘူးလေ''

''ဒီနေ့ စက်ရုံမှာ အထည်လိပ်မှာထားတာတွေ ရောက်မယ်၊ နောက်ဒီဇိုင်းဈေးကွက်မှာဖြန့်ဖို့အတွက် ကုမ္ပဏီမှာအစည်းအဝေးလည်းရှိတယ်၊ အဲဒါစောစောသွားရမှာမို့ပါ ဖေဖေ''

''အဲဒါတွေ ဖေဖေတို့လုပ်လာခဲ့တဲ့အလုပ်တွေပါကွာ၊ သားကိုယုံကြည်လို့လွှဲအပ်ထားတယ်ဆိုပေမယ့် ဖေဖေတို့မျက်ခြေပြတ် ပစ်စလက်ခတ်နေတာမဟုတ်ပါဘူး။ မန်နေဂျာတွေခန့်ထားတယ်ဆိုတာ သူမရှိလည်း တာဝန်ယူ တာဝန်ခံနိုင်လို့ပါ၊ ဖေဖေတို့ ဘယ်လောက်ပဲအဆင်မပြေခဲ့ မပြေခဲ့ စီးပွားရေးကို မိသားစုအရေးလောက်တော့ ဦးစားမပေးခဲ့ဘူး''

''အဲဒါကြောင့် သားတို့ကို ယိမ်းက အားမလိုအားမရ ဖြစ်နေတာနေလိမ့်မယ်၊ ဒီအလုပ်လုပ်နေပြီး နိုင်ငံတကာထိ မထိုးဖောက်နိုင်သေးတာ စီးပွားရေးအမြင်နည်းလို့ ကြိုးစားမှုမရှိလို့တဲ့''

''ဘာ''

''ဟုတ်တယ်လေ သားတို့က ကိုယ့်မြန်မာပြည်တွင်းလောက်အောင်မြင်တာကို ဂုဏ်ယူတင်းတိမ်နေတာမဟုတ်လား။ နိုင်ငံခြားဒီဇိုင်းပညာရှင်တွေ စာချုပ်နဲ့ခေါ်ပြီး ဒီထက်အောင်မြင်အောင်လုပ်မယ်ဆိုလည်းရပါတယ်''

''အင်း သားပြောတာမှန်တယ်၊ အဲဒီလိုလုပ်ရင် ဖြစ်မယ်ဆိုတာသိတာပေါ့၊ ဒါပေမဲ့ ဖေဖေတို့ဖြန့်ချိတယ်၊ ဒါလည်း ကိုယ့်ပြည်တွင်းမှာတော့ လုပ်ငန်းကြီးပဲလေ၊ နိုင်ငံတကာ ထိုးဖောက်ဖို့ဆိုရင် တခြားအလုပ်

www.burmeseclassic.com



လုပ်သလို ဖြစ်သွားမှာပေါ့၊ ဒါကို ယိမ်းသံစဉ်က ဘာဝေဖန်ရှုံ့ချစရာလို သလဲ၊ အဝတ်အထည်လုပ်တာခြင်းတူသလို ထင်ရပေမယ့် သူ့လိုင်းနဲ့ ကိုယ့်လိုင်းက တခြားစီသား၊ ဖေဖေပြောတာ မဟုတ်ဘူးလား''

ခေါင်းညိတ်ထောက်ခံလိုက်မိသည်ထင်ပါသည်။ ဒါပေမဲ့လည်း စီးပွားရေးအမြင်ရှိပြီး ထက်မြက်တက်ကြွလွန်းသော ယိမ်းရဲ့စကားတွေကလည်း မမှားပေ။ စီးပွားရေးဆိုတာ ဒီတစ်ခုအောင်မြင်တယ်ဆိုပြီး ဒီတစ်ခုတည်းနှင့် ရပ်မနေသင့်ဘူးတဲ့။

ဒီလောက်အမြင်ပဲရှိလျှင် ကိုယ့်ထက်တော်တဲ့တတ်တဲ့သူတွေက ကိုယ့်ထက်အောင်မြင်သွားမှာပဲဆိုတာ လက်ခံသင့်တာပဲမဟုတ်လား။

''ဒါက ဒီလိုတော့ ရှိပါတယ် ဖေဖေ၊ ယိမ်းက အရမ်းကို ထက်မြက်နေတော့ စီးပွားရေးကိုလည်း သူများတွေထက်အများကြီးလုပ်ပြီး အများကြီး အောင်မြင်ချင်တာကြောင့် သားတို့ကိုလည်း လက်တွဲခေါ်ချင်စိတ်နဲ့ အားမရတာဖြစ်ပါလိမ့်မယ်''

''အေးလေ အဲဒါကတော့ ထားပါ၊ ဒါပေမဲ့ ကိုယ်အောင်မြင်တယ်ဆိုပြီး ကိုယ့်လောက်မအောင်မြင်တဲ့သူကို ရှုတ်ချတာမျိုးတော့မလုပ်စေချင်ဘူး၊ အခုလည်း ဖေဖေတို့နေနိုင်တယ်၊ စားနိုင်တယ်၊ လှူနိုင်တယ် တန်းနိုင်တယ်၊ ကိုယ့်ဝန်ထမ်းတွေကိုလည်း ပရဟိတအနေနဲ့ရော သာရေးနာရေးအားလုံး ထောက်ပံ့ပေးကမ်းနိုင်တယ်၊ ဒီလိုဖြစ်လာရတာကတော့ ခုနကပြောတဲ့ ရှင်းလှဲ့ချိုမိဘတွေရဲ့ကျေးဇူးကြောင့်ပဲ၊ ဒါကို ဖေဖေတို့ တစ်သက်လုံးမမေ့ဘူး၊ သားလည်း မမေ့သင့်ဘူး''

''အဲဒါတော့ အမှန်ပဲသား၊ လောကမှာ ကျေးဇူးရှင်ကို ဘယ်တော့မှ ကျေးဇူးမကန်းရဘူးတဲ့၊ ကျေးဇူးကန်းတတ်တဲ့သူဟာ တိရစ္ဆာန်နဲ့အတူတူပဲ''

''သားကို ဘာလို့ဒါတွေပြောနေတာလဲ၊ သားက ဘာတွေ ကျေးဇူး





ကန်းနေလို့လဲ မေမေ''

''ဩော် ကိုယ့်ကျေးဇူးရှင်ရဲ့သမီးဖြစ်တဲ့ ရှင်းလှဲ့ချိုလေးကို ကောင်းကောင်းမွန်မွန် ဆက်ဆံစေချင်တာပါ''

''အဲဒါကတော့ မဖြစ်နိုင်ဘူးလို့ တွေးပေးပါ မေမေ၊ သားဘဝမှာ ဒီလိုမိန်းကလေးမျိုးနဲ့တစ်ခါမှကို မဆုံဘူးခဲ့တာ၊ ကိုယ်နဲ့အသိအကျွမ်းတောင်မဖြစ်သေးတဲ့ယောကျ်ားလေးတစ်ယောက်ကို ဒီလိုတွေလုပ်စရာလား။ အရမ်းကိုအဆင့်အတန်းနိမ့်တယ်''

''အဲဒီလိုတော့ မပြောပါနဲ့ သားရယ်၊ သူ့စိတ်ထဲလည်း မခံမရပ်နိုင်ဖြစ်နေတဲ့စိတ်ကလေးရှိနေလို့ပါ၊ ရှင်းလှဲ့ မေမေတို့အိမ်ရောက်တာလေးရက်နီးပါးရှိနေပြီ၊ ဧည့်သည်ရောက်နေလို့ဆိုပြီး သားနဲ့မိတ်ဆက်ပေးဖို့ သားက မတူတန်သလို အဖက်မလုပ်ချင်သလိုနဲ့ ခဏလေးတောင် လာတွေ့တာမှမဟုတ်တာ၊ အဲ့ဒါ သူ့စိတ်ထဲခုနေလို့ ဒီလိုလုပ်တာနေမှာပေါ့''

သူ စိတ်ပျက်လက်ပျက်ပင် မေမေတို့ကို ဂရုမစိုက်နိုင်ဘဲ ဟားခနဲ အော်မိသွားကာ

''မေမေတို့ဧည့်သည်မို့ သွားနဲ့တွေ့ဖို့ အရေးမကြီးဘူးထင်ပြီး သားက ကိုယ့်ကိစ္စကိုယ်ပဲ ဦးစားပေးနေခဲ့တာ၊ ဒါကိုသူက ဒီလိုလုပ်တယ်ဆိုတော့ အရမ်းကိုစိတ်ပုပ်စိတ်ယုတ်ရှိတာ သိသာနေတာပဲ၊ မိန်းကလေးတန်မဲ့ ပေါ့ပျက်ပျက်နဲ့၊ မလုပ်သင့်လုပ်သင့်တာ အတွေးအသိလည်းမရှိ သူများအိမ်ဧည့်သည်လာလုပ်ပြီး လူပါးဝသလိုဖြစ်နေတယ်၊ သားကတော့ အဲဒီကောင်မလေး လုံးဝကိုကြည့်မရတာ မေမေ''

''ဟဲ့ သား ဩော်''

''တူလေးကတော့လေ''

ပြောပြောဆိုဆို ထွက်သွားသောသားကို ဘယ်သူမှ မတားနိုင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပါ။ ရှင်းလှဲ့ချို ဝင်လာလျှင် အားနာစရာအဖြစ်မှ အခန်းပေါက်ဝကို ဖြိုင်တူကြည့်မိကြပြီး မတွေ့တော့မှ သက်ပြင်းချနိုင်ကြသည်။

"တော်ပါသေးရဲ့ ရှင်းလှဲ့လေး အိပ်ရာကနိုးပုံမပေါ်သေးလို့ပေါ့၊ သားပြောတာတွေများ ကြားသွားရင် ဘယ်လောက်များ အားနာစရာကောင်းလိုက်သလဲ"

"မင့်သားက အသက်ငယ်ငယ်နဲ့ လုပ်ငန်းတစ်ခုလုံး လွှဲအပ်ထားလို့ ဘဝင်မြင့်နေတာဖြစ်မယ်၊ ဟိုက မာနခေါင်ခိုက်မာန်တက်နေတဲ့ မိန်းကလေးနဲ့တွေ့တော့ ပိုဆိုးပြီပေါ့ကွာ၊ နဂိုကမှ ဒီကောင် လူမှုဆက်ဆံရေးသိပ်ရှိတာမဟုတ်ဘူး၊ ဘဝကို သူတစ်ယောက်တည်းရပ်တည်လို့ရနေတယ်ထင်နေတဲ့ကောင်"

"သားက အဲဒီလိုကြီးရယ်လည်းမဟုတ်ပါဘူး၊ ခုနကပြောတယ်လေ ရှင်းလှဲ့ကိုမေမေတို့ညှိသည်ပဲ အရေးမကြီးဘူးထင်လို့ပါတဲ့၊ အစေက မိတ်ဆက်ပြီးသားဆိုရင် အခြေအနေ ဒီလိုထင်းမားမှာမဟုတ်ပါဘူး"

"အေး မင်းကတော့ မင့်သားဘက်က အမြဲတမ်းဖာထေးပြောဘာဖြစ်ဖြစ် မိဘက ဒီလောက်ဖျောင်းဖျပြောဆိုနေရင် ကိုယ့်ကျေးဇူးရှင်သမီး ကိုယ့်အိမ်လာတဲ့ညှိသည်ပဲ၊ စိတ်ပြေရာပြေကြောင်း ဖြစ်သွားရမှာပေါ့"

"ဒါကတော့ ဒီလိုရှိမှာပါ အစ်ကိုကြီးရဲ့၊ အရှက်လည်းကွဲ အထိုးလည်းခံရဆိုတော့ ခံပြင်းနေလို့ဖြစ်မှာပါ၊ နောက်တော့လည်း နူးလည်သွားမှာပေါ့"

"ဒီအချိုးမျိုးနဲ့ကတော့ မထင်"

ဦးအံမင်း အမြင်ကတ်ကတ်နှင့်ကို ပြောမိတာပါ။ ဒီအဖေဒီအမေက မွေးပြီး ဒီသားက ဒီလိုမဟုတ်တာ အံ့ဩစရာပင်။ မွေးကတည်းက ကြီးကျယ်ဘဝင်မြင့်သည့်ဗီဇပါလာသည်လို့တောင် ပြောလို့ရသည်။





ကလေးဆိုပြီး ဆိုးနွဲ့ဂျီကျင့်ယိုနေတာမျိုးမရှိ။

သနပ်ရှင်းသပ်ရပ်တာကိုကြိုက်ပြီး စတိုင်နှင့်မလိုင်နှင့် နေတတ်သည်။ ကလေးဘဝငယ်ရွယ်စဉ်တုန်းကတော့ ထိုအပြုအမူလေးတွေက ချစ်စရာကောင်းနေတာပေါ့။

ကလေးလေးက လိမ္မာတယ်၊ သန့်သန့်ရှင်းရှင်းလေး နေတတ်တယ်ဟု ချီးမွမ်းချီးကျူး ချစ်လို့မဝဖြစ်ကြနှင့်။

အစအရွယ်ရောက်လာတော့ ဘဝင်မြင့်နေသလိုလို ကြီးကျယ်သလို ဘာမာန်တက်နေမှန်းမသိသလိုနှင့် ရှင်းလှဲ့ချိုလို ပွင့်လင်းသူနှင့်တွေ့တော့ အမြင်ကတ်စရာလူပါဖြစ်ရော။

သားမို့ အပြစ်မပြောချင်ပေမယ့် ဒီလိုတသီးတသန့်နှင့် ကြီးကျယ်သလိုဖြစ်နေတာမျိုးတော့ မကြိုက်ပေ။ မိသားစုဆိုတာ နွေးထွေးကြင်နာမှုတွေ လိုက်လျောမှုတွေ နားလည်မှုတွေနှင့် နေရမှာမဟုတ်ပါလား။

ခက်ပဲခက်ရချည်ရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ပြဿနာက ဘယ်လိုပြီးသွားလဲ ကိုမင်း။ မနေ့က တခြားကိစ္စက အရေးကြီးနေတာနဲ့ အဲဒါကိုတောင် မမေးလိုက်ရဘူး"

"ဒီလိုပါပဲ ပြဿနာက မရှိပါဘူး"

"ဆေးခန်းလိုက်ပို့လိုက်တာလား။ လျော်ကြေးရော ပေးလိုက်ရသေးလား"

"လျော်ကြေးလား ကိုယ်မှမမှားတာ မပေးရပါဘူး။ ဆေးခန်းကတော့"

မင်းဗုန်းမြတ် ဘယ်လိုပြောပြရမှန်းမသိပေ။ ရှင်းလဲ့ရှို အမြင်ကတ်ပုဒ်မနှင့်လုပ်ကြလီဆယ်တာပါလို့ ပြောပြလိုက်လျှင် ယိမ်းသံစဉ် ဘယ်လိုထင်မြင်ယူဆသွားမလဲ။

မနေ့က အကျိုးအကြောင်း ရှင်းပြဖို့စဉ်းစားသေးသော်လည်း ညှိသည်တွေနှင့် ခွေးနွေးတိုင်ပင်နေသော ယိမ်းသံစဉ်က ရုံးခန်းအပြင်မှာစောင့်နေတာတောင် သူ့ကိုထွက်မတွေ့ခဲ့ပါ။

စိတ်ရှည်စွာအချိန်ကုန်ခံကာ စောင့်နေခဲ့သော်လည်း အရေး





ကြီးကိစ္စရှိသေးသည်ဆိုပြီး သူ့ကိုနှုတ်ဆက်ရုံသာ နှုတ်ဆက်၍ ညှိသည်တွေနှင့် အပြင်ကိုပါသွားခဲ့သည်။

ဒီနေ့မှ ထိုင်နေကျမှန်လုံအအေးခန်း ကော်ဖီဆိုင်လေးထဲမှာ ဆုံဖြစ်ကြ၏။

"ဟင် ကိုမင်း မေးရိုးနားက ဘာဖြစ်တာလဲ၊ နည်းနည်းညိုနေသလားလို့"

"ဪ ဒါ ဒါလား ကိုယ်တစ်ခုခုနဲ့ ဆောင့်မိသွားတယ်ထင်တယ်"

"ပေါ့လျော့လိုက်တာ ကိုမင်းရယ်၊ ဒီအရွယ်ကြီးကျမှ တစ်ခုခုနဲ့ ဆောင့်မိတာမျိုး ဖြစ်စရာလား။ သွားသတိလာသတိ အမြဲအလေ့အကျင့်လို ဖြစ်နေသင့်တာပေါ့၊ လူတစ်ယောက် စမတ်ကျ စတိုင်ကျနေဖို့ဆိုတာ အနာအဆာကင်းဖို့လည်း လိုသေးတယ်၊ ဒီလိုအနာတရဖြစ်ပြီဆိုရင် ဘယ်သူနဲ့ရန်ဖြစ်တာလဲ ဘယ်သူက ထိုးလွှတ်လိုက်တာလဲလို့ အပေအတေဆန်သွားတာပဲလေ မဟုတ်ဘူးလား"

"ဪ အင်း"

ကိုယ့်ဘက်က အမှားလိုဖြစ်နေ၍ ယိမ်းပြောသမျှ နာခံနေရ သည်။ မေးရိုးကို လက်နှင့်စမ်းကြည့်ရင် ရှင်းလဲ့ချိုကို ပို၍ဒေါသဖြစ်မိ သွား၏။

သူမသာ သူ့ကိုမထိုးခဲ့လျှင် ယိမ်းပြောတာကို သူခံရမှာမဟုတ်ပေ။ အခုတော့ မေးရိုးတစ်ဝိုက် ညိုမည်းနေသော ဒဏ်ရာကြောင့် ယိမ်းက အပေအတေတစ်ယောက်အဖြစ်တောင် မြင်သွားခဲ့သည်။

"တောက်"

"ဘာဖြစ်တာလဲ ကိုမင်း"

"ဟင် ဘာ ဘာမှမဖြစ်ပါဘူး။ ဒဏ်ရာရအောင်လုပ်တဲ့သူကို ဒေါသဖြစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဒဏ်ရာရအောင်လုပ်တဲ့သူ"

"ဟို ဒီလိုပါ ဇီရှိတံခါး၊ ဟုတ်တယ် ဇီရှိတံခါးနဲ့ဆောင့်မိတာ အဲဒါကို ဒေါသဖြစ်သွားလို့ပါ"

"နောက်ဆို နမော်နမဲ့မနိုင်နဲ့ပေါ့၊ လူတစ်ယောက်ကို အပြင်ပန်း အပေါ်ယံကြည့်ရုံနဲ့ အဆင့်အတန်းကိုခွဲခြားလို့ရတယ် ကိုမင်း၊ မျက်နှာမှာ အနာရွတ်နဲ့ ဒဏ်ရာနဲ့လူကို ဘယ်သူမှ လူကောင်းတစ်ယောက်လို့ မထင်ဘူး"

"ကဲ တော်ပါတော့ ယိမ်းရယ်၊ ကိုယ်လူဆိုးလား လူကောင်းလား၊ ဘယ်လိုလူမျိုးလည်းဆိုတာ ယိမ်းအသိဆုံးပါ"

"ယိမ်းတစ်ယောက်တည်း သိရုံနဲ့မဖြစ်ဘူး ကိုမင်း၊ ယိမ်းမှာ အသိုက်အဝန်းရှိတယ်၊ ပတ်ဝန်းကျင်ရှိတယ်၊ အားလုံးက သာမန်လူတန်းစားတွေမဟုတ်ဘူး၊ အားလုံး ပညာတတ် လူကုံထံတွေချည်းပဲ၊ အဲဒီအထဲမှာ ယိမ်းတွဲလိုက်တဲ့သူက ဘယ်လိုလူမျိုးဆိုတာကလည်း အရေးကြီးတယ်"

ယိမ်းသံစဉ် စကားတွေနားထောင်ပြီး သူ စိတ်ပျက်လက်ပျက်ပင် ဖြစ်သွားမိပါသည်။ နိမ့်ချနေတာလား၊ ရှင်းပြနေတာလား တွဲခေါ်နေတာလား ဘာမှန်းပင် မသိတော့ပါ။

သူမက အရမ်းကို ကြီးကျယ်မြင့်မြတ်နေသည်ဆိုလျှင် သူ လည်း အညံ့စားယောက်ျားတစ်ယောက်မှမဟုတ်တာ။ ဒါပေမဲ့လည်း ဒီလို တန်ဖိုးတွေကြောင့် ယိမ်းသံစဉ်ဆိုသည့်မိန်းကလေးအချစ်ကို ရအောင်ယူခဲ့မိခြင်းပင်။

"ယိမ်း"

"ဟင်"

"ယိမ်း ကိုယ့်ကိုဘယ်လိုမြင်လဲ"

"ဘာကိုလဲ"

"ယိမ်း ကိုယ့်အချစ်ကို လက်ခံခဲ့တာ ကိုယ့်ကိုယိမ်းအတွက်





တန်ဖိုးရှိတဲ့လူတစ်ယောက်လို့ ထင်လို့မဟုတ်လား"

"လက်ခံသင့်တဲ့လူတစ်ယောက်မို့ လက်ခံခဲ့တာတော့ အမှန်ပါ၊ လုပ်ငန်းရှိတယ်၊ စမတ်ကျတယ်၊ အနေအထိုင်တည်ကြည်တယ်၊ လူရိုသေ ရှင်ရိုသေရှိတဲ့စတိုင်ရှိတယ်၊ လူငယ်တစ်ယောက်ဖြစ်ပေမယ့် ကာလက်တက် တက် ပေါ့ပျက်ပျက်မဟုတ်ဘူး၊ ဂုဏ်းတဲမန်းဆန်တယ်ပေါ့၊ ပြောရရင် မိန်း ကလေးအများစုအကြိုက်ပေါ့"

"ဒီထက်ပိုတဲ့ခံစားမှုမရှိဘူးလို့ ဆိုလိုတာလား"

"အဲဒီလောက် ခံစားမှုနဲ့တော့ မင်းအချစ်ကို လက်ခံစရာအကြောင်း ဘယ်ရှိမှာလဲ၊ ကိုမင်းထက် အဆပေါင်းများစွာသာတဲ့သူတွေ ယိမ်းအနားမှာ ဝိုင်းဝိုင်းလည်နေတာပဲ၊ အချစ်ကြောင့်ရွေးချယ်လိုက်တာပါ"

"တော်သေးတာပေါ့"

ခပ်ငေါ့ငေါ့ပြောလိုက်မိသလား ကိုယ့်ကိုယ်ကိုယ်တောင် မခွဲခြား မိလိုက်ပေ။ ယိမ်းသံစဉ်နှင့်ချစ်ရတာ တစ်ခါတလေတော့လည်း ကိုယ့်ကိုယ် ကိုယ် ဘာကောင်မှန်းမသိ ဖြစ်ရတာတော့အမှန်ပင်။

ဒါပေမဲ့လည်း သူမနှင့်ဘယ်နေရာတွဲသွားသွား လိုက်ဖက်မှုရှိ သည်ဟု ချီးမွမ်းခံရပြီး ဂုဏ်ယူရတာအတွက်တော့ စိတ်ချမ်းသာရသည်။ အမြဲတက်ကြွ စမတ်ကျနေတာကြောင့် မြင်သူတိုင်းက ငေးမောကြည့်ခံ ရသော ယိမ်းအနားကို ချည်းကပ်ချင်သည့်သူတွေလည်း အများသားပါ။

"ယိမ်းကို သေချာကြည့်ပြီး ပြောလိုက်တဲ့စကားက ဘယ်လို အဓိပ္ပာယ်နဲ့လဲ ကိုမင်း"

"ဩော် ယိမ်း ကိုယ့်ကိုချစ်တယ်ဆိုလို့ပါ၊ ဒါပေမဲ့ အချိန်ကြာ သာတာနဲ့အမျှ ပိုပြီးမနီးစပ်သလို ခံစားရတယ်"

"ကိုမင်းက သူငယ်နှပ်စားလေးတွေလို လူရှေ့သူရှေ့မရှောင် ဥဿုံသိက္ခာမရှိ အမြဲတမ်း ပရောပရီနေချင်လို့လား၊ ကိုမင်း သိထားဖို့က



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းက အဲဒီလိုအတန်းအစားထဲက မဟုတ်ဘူးနော်"

"ဟာ ယိမ်းရာပြောလိုက်ရင် လက်လွှတ်စပယ်ကွာ၊ ယိမ်းက မဟုတ်ဘူးဆိုတော့ ကိုယ်ကရော ဟုတ်နေလို့လား။ အခွင့်အရေးယူပြီး ယိမ်းကို တစ်ခါတောင် နမ်းဖူးသလား ယိမ်း၊ လူကြားထဲမှာ လက်ကိုင်တာတောင်မကြိုက်လို့ ကိုယ်ဆင်ခြင်ခဲ့ပါတယ်၊ အဲဒါတွေက မိန်းကလေးတစ်ယောက်တန်ဖိုးပဲမို့ ကိုယ်က ယိမ်းကို တန်ဖိုးထားလေးစားနေခဲ့တာပါ"

"အဟင်း အဲဒီလိုပဲဖြစ်ရမှာပေါ့လေ၊ ဒါမှလည်း ယိမ်းတို့တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားရင်း ရေရှည်လက်တွဲသွားလို့ရမှာပေါ့၊ ကလေးဆန်ပြီး ဉာဏ်ရည်မမီသလိုနေတဲ့သူတွေကို ယိမ်းအရမ်းမုန်းတာပဲ၊ ယိမ်းလူရွေးမှန်သွားပြီ ထင်တယ်"

သူ့မျက်နှာမဲ့ခနဲတော့ ဖြစ်သွားမိလေသည်။ ထင်တယ်ဆိုသည့်စကားက အပြည့်အဝတော့ မဟုတ်သေးဘူးဆိုသော အဓိပ္ပာယ်မျိုးမဟုတ်လား။

ယိမ်းနှင့်ယှဉ်လျှင် ကိုယ်က အသေးအမွှားဖြစ်ဖြစ်သွားသလိုခံစားရသော်လည်း ယိမ်းရဲ့တန်ဖိုးတွေတော့ ပို၍သိမြင်လာခဲ့ရသည်။ ဟိုရှင်းလှဲ့ချိုဆိုသော ကောင်မလေး နှင့်ဆိုလျှင် ယိမ်းကိုယှဉ်တောင် မယှဉ်ရက်ပေ။

ဘာတန်ဖိုးမှမရှိသည့် ပေတလူပဲမဟုတ်ပါလား။

ထိုကောင်မလေးကြောင့်သာ သူ ဒီနေ့တော်တော်လေး အထိနာအောင် ပြောခံနေရတာ။

ဒင်းဖေတော့ ဘယ်တော့မှမကျေ။

■ ■ ■



## အခန်း (၆)

"အံမယ်လေး မန္တလေးနန်းကြီးသုပ် မစားရတာကြာပေါ့ကွယ်၊ အခု ရှင်းလှဲ့လေး လုပ်ကျွေးမှ စားရတော့မှာပဲ၊ အနံ့လေးကလည်းမွှေးသို့ မန္တလေးကို လွမ်းလာပြီ၊ မန္တလေးမှာနေတုန်းက ခင်က အမြဲတမ်းသုပ်ကျွေးနေကျလေ၊ ခင့်လက်ရာက ဆိုင်မှာရောင်းတာတွေထက်သာတယ်"

"အေးကွ ရှင်းလှဲ့က သူ့အမေလက်ရာမှ မီပါ့မလား၊ သူ့အမေအမီးက ဒါတွေလုပ်တတ်တယ်ဆိုတော့ စားမကောင်းတောင် အံ့ညြချီးကျူးစရာပါ၊ ဘယ်လိုလဲဟေ့ ရှင်းလှဲ့ စားလို့ရပြီလား"

"အိုကေ ထိုင်ပြီးဆွဲတော့ ဟင်းချိုချပေးမယ်၊ ငွတ်တယ်ဆိုသက်မလေးထောင်ပြနော်"

ကလေးဆန်ဆန် သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်နေတတ်သော ရှင်းလှဲ့ချိုက လုပ်တာကိုင်တာတော့ သေသေသပ်သပ်ပါ။ ဒီနေ့မနက်စာ သူမက နန်းကြီးသုပ်လုပ်ကျွေးမည်ဆို၍ အားလုံး အရုဏ်ဆက်ကတည်းက တက်ကြွပျော်ရွှင်နေကြသည်။

ဟိုဟာ ဒီဟာ အနည်းအကျဉ်းသာ ကူညီနိုင်းသော်လည်း ကျန်



www.burmeseclassic.com

www.burmeseclassic.com



တာတွေ သွက်လက်စွာလုပ်သွားလိုက်တာတော့ တကယ်စားဖိုဆောင်ကို နိုင်နင်းသော ကျွမ်းကျင်ပညာရှင်ကြီးတစ်ယောက်လိုပင်။

"ဟာ ကောင်းသဟ ခင့်လက်ရာအတိုင်းပဲ ညို့ရေ"

"ဟယ် ဟုတ်တယ်ဟုတ်တယ်၊ ခင့်လက်ရာစားရသလို အလွမ်းတောင်ပြေသွားတယ်"

"ရှင်းလဲ့ အဲဒါ မေမေ့သင်ပေးထားတာလား"

"ဟုတ်ကဲ့ အန်တီလေး မေမေက ကျောင်းပိတ်ရက်ဆို အပြင်မနေရဘူး၊ မိန်းကလေးဆိုတာ ဘယ်လောက်ပဲပြည့်စုံချမ်းသာပါစေ အိမ်မှုကိစ္စနိုင်နင်းရမယ်ဆိုပြီး ထမင်းဟင်းချက်တာပြုတ်တာကအစ သင်ပေးထားတာ၊ အိပ်ရာခင်းတွေ ခန်းဆီးတွေဆိုလည်း ကိုယ့်အခန်းကိုယ့်ဘာသာလဲ၊ ကိုယ့်ဘာသာလျှော်ပဲ၊ လုံးဝအိမ်အကူကို မခိုင်းရဘူး၊ လူ့ဘဝဆိုတာ အတက်အကျမြန်တယ်၊ လူမသေသေးသရွေ့ အချိန်အခါမရွေးပြောင်းလဲနိုင်တယ်၊ ဘာမှမဟုတ်တော့ဘူးဆိုမှ ဘာမှမလုပ်တတ်ဘူး မဖြစ်ရအောင်တဲ့"

"ကောင်းလိုက်တဲ့ဆုံးမသွန်သင်စကား။ ခင့်ကိုတော့ အရင်တည်းက လေးစားခဲ့ရတာပါ၊ ခင်က ဘိုးဘွားစဉ်ဆက်ချမ်းသာလာတာ ဆိုပေမယ့် ဘယ်တော့မှ မာနမကြီးဘူး၊ မမောက်မာဘူး၊ ကူညီသင့်တဲ့သူ ကူညီပေးမသင့်တဲ့သူ ဖေးမပြီး အရမ်းစိတ်ရင်းစေတနာကောင်းခဲ့တာ"

"ဒါကြောင့်လည်း သွေးမတော်သားမစပ်ဘဲ ကိုယ်တို့ကို ရွှေကြေးတွေ လုပ်ငန်းတွေကူညီခဲ့တာပေါ့၊ စေတနာမှန်တော့လည်း သူ့အပေါ်ယုတ်မာတဲ့သူဆိုတာလည်း မရှိပါဘူး"

"အဲဒီလက်ဆင့်ကမ်းအမွေကို ရှင်းလဲ့လေးကိုပေးနေတာထင်တယ်၊ ဟုတ်တယ်မဟုတ်လား ရှင်းလဲ့လေး"

-ရှင်းလဲ့ရှိုးမျက်နှာ သံပုရာသီးညှစ်ရင်း အနည်းငယ်ရှုံ့မဲ့သွား လျှော်





"အဲဒီအမွေအကုန်လုံးယူတော့ယူချင်ပါတယ်၊ ဒါပေမဲ့ ရှင်းလဲ့က လူငယ်လေ၊ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် နေချင်သေးတာပေါ့၊ သူငယ်ချင်းတွေနဲ့ ခဏခဏလျှောက်လည်ရင်လည်း မကြိုက်၊ စနောက်လွန်းရင်လည်းဆူ၊ မေမေရယ် အိမ်ရဲ့ဆည်းလည်းလေးလို သဘောထားပါလို့ပြောလိုက်ရင်တော့ သဘောကျသွားတယ်"

"အေးပေါ့ကွယ် သမီးလေးတစ်ယောက်တည်းကို အလိုလိုက်ပြီး ချစ်ချင်ရှာမှာပါ၊ ဒါပေမဲ့ ခင်က စည်းကမ်းနဲ့နေလာခဲ့တဲ့အခါကျတော့ ရှင်းလဲ့ကိုလည်း သူ့လိုပဲ ဖြစ်စေချင်လို့နေမှာပေါ့"

"ဒါကတော့ ဒါပေါ့လေ၊ ဒါပေမဲ့ လူကြီးတစ်ယောက်လိုတော့ ရှင်းလဲ့ မနေနိုင်သေးပါဘူး။ အိမ်ထောင်မကျခင်ထိတော့ မေမေတို့ သည်းခံပေးလို့ပြောထားတယ်"

"ရှင်းလဲ့က ချစ်သူရည်းစားရှိနေပြီလား"

"ဝေးပါသေး။ ရှင်းလဲ့က အဲဒါတွေ စိတ်ကိုမဝင်စားတာ၊ ကိုယ့်ဘာသာပျော်ပျော်ပဲနေချင်တယ်၊ ဖွန်ကြောင်တဲ့သူတွေတော့ ရှိတာပေါ့လေ၊ အရည်မရ အဖတ်မရ ဟိုမရောက် ဒီမရောက်တွေ"

"အဲဒါ ဘာပြောတာလဲ"

"မိန်းကလေးချင်းတွဲတဲ့အချစ်တော်ပြောတာ၊ ကျောင်းနေဘက်သူငယ်ချင်းလေ"

"ဪ"

အားလုံး ပြုံးစိစိဖြစ်သွားကြပြီး နန်းကြီးသုပ်ကို အားရပါးရ ဆွဲကြသည်။ လက်ဖက်ခြောက်ကျကျလေးနှင့် ရေနွေးလေးပါတည်ထား တာမို့ မုန့်လည်းစား ရေနွေးလည်းသောက် ဟင်းချိုလည်းသောက်၊ တကယ့်ဇွန်လေးအထာကျနေကြသည်။

"စားကောင်းလိုက်တာကွယ်၊ သားလည်း အရမ်းကြိုက်မှာ အရှင်



www.burmeseclassic.com

www.burmeseclassic.com



က ခဏခဏ နန်းကြီးသုပ်တို့ ဆီချက်တို့လုပ်ကျွေးခိုင်းတယ်လေ၊ ရန်ကုန်နန်းကြီးသုပ် ငရုတ်ဆီတွေ မန်ကျည်းချဉ်ရည်တွေပါလို့တဲ့၊ မန္တလေးမှာတော့ မန်ကျည်းချဉ်ရည်စားတဲ့သူတောင်နည်းတယ်၊ အချဉ်စားချင်ရင် သံပုရာရည် ရှောက်ရည်ညှစ်ထည့်လိုက်ကြတာမဟုတ်လား၊ အဲဒါမှ အသုပ်တို့ မုန့်ဟင်းခါး ခေါက်ဆွဲတို့ဆိုရင် နံနံပင်နံ့လေးနဲ့ပါ လိုက်ဖက်ပြီး မွှေးသွားတာ၊ ကြက်သား ဆီချက် ဘဲဥ ငုံးဥပြုတ်နဲ့ လိုက်မှလိုက်''

''မမညို သားကို သွားခေါ်လိုက်ပါလား၊ ကုမ္ပဏီမသွားခင်ကျွေးလိုက်ပေါ့''

''ရှင်းလဲ့လုပ်တာဆို စားချင်မှစားမှာ၊ ဟိုနေ့ကကိစ္စကို အစာကြေသေးတာမဟုတ်ဘူးလေ၊ အထိုးခံရတာ အရောင်တွေဘာတွေထွက်သွားတာကိုး''

ပြောရင်း ဒေါ်ကလျာညို ရယ်လိုက်တော့ အားလုံးလိုက်ရယ်ကြသည်။ ရှင်းလဲ့ချီက မျက်နှာပူအားနာနေလျက်

''ဟို ရှင်းလဲ့ အဲဒီလောက်လက်ဆပြင်းသွားမယ်မထင်ဘူး၊ သူက ရဲတိုင်မယ်ဆိုပြီး လက်ကိုဖွတ်ဆွဲထားလို့ပါ၊ ရဲစခန်းရောက်ပြီး ဟိုးလေးတကျော်ဖြစ်သွားရင် မေမေတို့နဲ့ကိုင်မှာမဟုတ်လား၊ ချက်ချင်းကို မန္တလေးပြန်ခေါ်မှာလေ၊ အဲဒါကြောင့် ကြောက်ကြောက်နဲ့ရုန်းပြီး ထိုးလိုက်မိတာပါ၊ အန်တီညိုတို့ကို အရမ်းအားနာပါတယ်''

''ဘာအားနာရမှာလဲကွယ်၊ လူငယ်ချင်းဖြစ်တဲ့ကိစ္စပဲ ရှင်းလဲ့ဘက်ကတုံ့ပြန်အောင်လည်း သားဘက်က လူမှုဆက်ဆံရေးအားနည်းခဲ့တာကိုး''

''သူ့ကြောင့်ချည်းလည်းမဟုတ်ပါဘူး၊ သူ့ချစ်သူက အန်တီညိုတို့အပေါ် ဆက်ဆံတာလည်းမကြိုက်လို့ပါ၊ ခင်ကြီးကျယ်နဲ့ကိုကြီးကျယ်ကို ပါးပါးလေး ပညာပေးလိုက်တာ''

''ပေးတော့ပေးပါ၊ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ဖြစ်အောင်တော့





မလုပ်နဲ့နော်၊ ကားရှေ့တွေ ဘာတွေဆိုတာ အသက်အန္တရာယ်တောင် စိုးရိမ်ရတယ်၊ တခြားနည်းနဲ့လုပ်ပေါ့''

''အားပေးကြတယ်ပေါ့လေ ဟဲ ဟဲ ရှင်းလဲ့ကတော့ အန်တီညိုတို့နဲ့နေရတာ ပျော်သွားပြီ၊ ရှင်းလဲ့ကို အဲဒီလိုအလိုမလိုက်ရင် ရှင်းလဲ့ ပျင်းပြီး မန္တလေးပြန်ပြေးဖြစ်မှာ''

''ဟင် သင်တန်းတွေမတက်တော့ဘူးလား''

''ဖြည်းဖြည်းပေါ့ ရှင်းလဲ့တက်မယ့်သင်တန်းတွေက မန္တလေးမှာလည်းတက်လို့ရပါတယ်၊ ဒါပေမဲ့ ရှင်းလဲ့က ရန်ကုန်ကိုလာချင်လို့ကို လာတာ''

''ဟုတ်ပါပြီ ရှင်းလဲ့ ပျော်အောင်နေပါ၊ နေချင်သလောက်သာနေ၊ ဘယ်သူ့ကိုမှ ကြောက်နေ ရှိန်နေစရာမလိုဘူး၊ ကိုယ့်မိသားစုလိုပဲ သဘောထား၊ သားနဲ့ပတ်သက်ရင်သာ အန်တီတို့က အားနာနေတာ''

''အဲဒါတော့ အားမနာပါနဲ့၊ ရှင်းလဲ့နေတတ်ပါတယ်၊ မန္တလေးမှာဆို ရှင်းလဲ့ကို လူမှုဆက်ဆံရေးကျွမ်းကျင်တဲ့သူလို့တောင် ခေါ်ကြတာ၊ အချိုကြိုက်တဲ့သူအချိုနဲ့ပေါင်း၊ အချဉ်ကြိုက်တဲ့သူ အချဉ်လိုပေါင်းပစ်လိုက်တာပဲလေ''

''ဟုတ်ပါပြီ ကြိုက်သလိုသာနေ၊ လှိုင်''

''ရှင် မမညို''

''သားကို လှိုင်သွားခေါ်လိုက်ပါကွယ်၊ နန်းကြီးသုပ်ကို ရှင်းလဲ့လုပ်ကျွေးတာလို့မပြောနဲ့၊ အိမ်မှာလုပ်စားတာလို့ပြော၊ သားဟန်မဆောင်ဘဲ လိုက်လာလိမ့်မယ်''

''ဟုတ်ကဲ့ မမညို''

ဒေါ်နွယ်နီလှိုင် ထွက်သွားပြီး သိပ်မကြာပါ။ ထမင်းစားခန်းထဲ မင်းဖုန်းမြတ် လိုက်လာလေသည်။ ဒါပေမဲ့ အခန်းထဲရှိနေသော ရှင်းလဲ့ချီကို လုံးဝလှည့်မကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အသင့်ပြင်ထားသော နန်းကြီးသုပ်ကို ခုံခွဲ၍ ဝင်ထိုင်စား သည်။ ရှင်းလဲ့ချိုကလည်း နောက်ကျောပေး၍ ဘေစင်မှာ ပန်းကန်တွေဆေးနေ လိုက်၏။

"ဟာ ဒီတစ်ခါလက်ရာက မိုက်လှချည်လား၊ မေမေသုပ်တာ လား အန်တီလေးလား"

"ဪ အင်း ဒီတစ်ခါ လက်ဆမှန်သွားလို့ထင်တယ်၊ စား ကောင်းတယ်မဟုတ်လား သား"

"အင်း အရမ်းဂွတ်တယ်၊ ရန်ကုန်မှာ ဒီလိုလက်ရာ ဆိုင်မရှိ ဘူး။ မနက်စာဆို သားက အသုပ်တို့ မုန့်ဟင်းခါး ခေါက်ဆွဲတို့စားချင်လို့ ကောင်းတဲ့ဆိုင်တွေ့မလား ပတ်ရှာစားတာ အဆင်မပြေပါဘူး"

"ကြိုက်တယ်ဆိုပေမယ့် အိမ်မှာတောင် ဒါကိုမပူဆာတာ တော် တော်ကြာနေပြီနော်"

"ယိမ်းက ဒါမျိုးတွေ မစားဘူးလေ၊ သားစားရင်လည်း မကြိုက် ဘူး။ သူက မနက်စာဆို လက်ဖက်ရည် ကော်ဖီ နွားနို့နဲ့ ကိတ်တွေ လောက်ပဲစားတာ၊ သားလည်း နည်းနည်းအကျင့်ပါသလို ဖြစ်နေပြီလေ"

"သားရယ် ကိုယ်ကြိုက်တာတော့ ကိုယ်လုပ်ပါကွယ်၊ မဟုတ် တာမကောင်းတာလည်းမဟုတ်ဘဲနဲ့ ကိုယ်ကြိုက်တဲ့အစားအသောက်တော့ မပိတ်ခိုင်းနဲ့ပေါ့၊ အဲဒီလောက် သူ့အကြိုက်လိုက်လျောနေရင်တော့ နောက် ဆို ဒီထက်ပိုပြီး သားအပေါ်အနိုင်ယူလာလိမ့်မယ်"

ဒေါ်ကလျာညို ပြောတာကို မင်းဖုန်းမြတ် လက်မခံချင်သလိုပါး မုန့်စားနေသည့်ဖွန်းခက်ရင်းတို့ ခဏအသာချလျက်

"ယိမ်းက အဲဒီလိုမိန်းကလေးမျိုးမဟုတ်ပါဘူး မေမေ၊ အရမ်း ကို အဆင့်အတန်းရှိပြီး နူးညံ့သိမ်မွေ့ပါတယ်၊ ပညာတတ်ပြီး ငွေကြေး ပွဲ့ပြည့်စုံစွာ ချမ်းသာကြွယ်ဝတဲ့အသိုက်အဝန်းကလာတဲ့သူဆိုတော့ နည်း





နည်းမာနကြီးသယောင် ထင်ရပေမယ့် တန်ဖိုးရှိတဲ့မိန်းကလေးပါ၊ ဂုဏ် သိက္ခာကိုယ်ကျင့်တရား ဘာမှကိုပြောစရာမလိုတာ၊ သူနဲ့တွဲသွားရင် သား တောင်ပိုပြီးဂုဏ်ရှိသွားတယ် မေမေ"

"အေးလေ သားလိုလူတစ်ယောက် ဒီလောက်အထင်ကြီးနေရ တဲ့သူဆိုရင် ဘယ်လိုမိန်းကလေးဖြစ်မလဲဆိုတာ မေမေတို့လည်း ခန့်မှန်း မိပါတယ်၊ မေမေတို့အတွက်တော့ သားက အရမ်းကိုတန်ဖိုးရှိပြီးသားပဲ သား။ သူများက အထင်မြင်သေးသလို နှိမ်ချတာမျိုးမခံနိုင်သလို၊ စည်းရုံး သိမ်းသွင်းအနိုင်ကျင့်တာမျိုးလည်း မခံနိုင်ဘူး"

"သားက အဲဒီလို ခံမယ့်သူမျိုးမှမဟုတ်တာ မေမေရယ်၊ မစိုး ရိမ်ပါနဲ့၊ ကိုယ်ကျေနပ်လက်ခံရင်တော့ တစ်မျိုးပေါ့လေ"

"ကဲ ဟုတ်ပါပြီကွယ် စား စား သား။ စကားပြောနေလို့ သား အစားပျက်နေဦးမယ်၊ မေမေတို့တော့ စားကောင်းလွန်းလို့ ရှင်းလဲ့ ကိုခဏခဏ လုပ်ကျွေးခိုင်းရမယ်"

"ဘာ"

"ချလွှမ်"

ဒေါ်ကလျာညို မေ့လျော့ပြီး အမှတ်တမဲ့ လွှတ်ခနဲထွက်သွား သည့်စကားအတွက် မင်းဖုန်းမြတ် သဘောပေါက်သွားကာ အနည်းငယ် ကျန်နေသေးသော မုန့်တွေကို ဆက်မစားတော့ဘဲ ဖွန်းခက်ရင်းတွေ အသံ မြည်အောင် လွှတ်ချကာ ထမင်းစားခန်းထဲက ဆောင့်ခနဲထွက်သွားလေ၏။

အားလုံး မျက်စိမျက်နှာပျက်သွားလျက် ရှင်းလဲ့ချိုကိုကြည့်ကာ အားနာနေကြ၏။ ရှင်းလဲ့ချိုက ဘာမှမဖြစ်သလို အပြုံးမပျက် လက်မ လေးထောင်ပြသည်။

ဒီသားနဲ့တော့ ခက်တော့တာပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဒုန်း ဒုန်း"

"ဟိတ် ဘယ်သူလဲ တံခါးကိုခေါက်နေတာ"

"ရှင်းလဲ့ အိမ်သာတက်မလို့"

"ဒီမှာ ရေချိုးနေတာ တဗွမ်းဗွမ်းနဲ့ မကြားဘူးလား၊ အိမ်သာတက် အောက်ထပ်မှာပဲတက်ပါလား"

"အောက်ထပ်အခန်းက အန်တီညိုနဲ့အန်တီလေး ဈေးသွားဖို့အတွက် ရေချိုးနေကြတယ် မအားလို့ပေါ့"

"မအားလည်း စောင့်လေ၊ မင်း အိမ်သာတက်ချင်တာနဲ့ ငါက ဖယ်ပေးရမှာလား"

"ခင်ဗျား ရေချိုးနေတာ ကြာလှပြီ၊ ယောကျ်ားလေးတစ် ယောက် ရေချိုးတာ ဒီလောက်ပဲ ကြာရသလား၊ အပုန်းကြီးကျနေတာပဲ"

"ဘာကွ"

တံခါးကိုဆွဲဖွင့်ပြီး မျက်နှာကိုပြေးဆွဲထိုးလိုက်ချင်တာပါ။ ဒါပေမဲ့ ကိုယ့်အဖြစ်က ဒီအတိုင်းကြီး အပြင်ထွက်လို့မဖြစ်သေးပေ။ သူ့ ထွန့်ထွန့်လူး အိမ်သာတက်ချင်ပြီး ဗိုက်တွေနာသေအောင် ရေကို အချိန်ဆွဲ၍





တဗွမ်းဗွမ်းဖြင့် ချိုးပစ်လိုက်သည်။

"ဟိတ်လူ ဟိတ်လူ ဒီမှာ ဗိုက်နာလို့ သေတော့မယ်ဗျ၊ မြန်မြန်လုပ်ပါ၊ ခင်ဗျားမညစ်ပတ်နဲ့နော် ဒီမှာစောင့်နေတာ"

"အသက်ရှင်ရဲ့မကလို့ သေပြီးစောင့်ကွာ"

"ဗွမ်း ဗွမ်း"

ရေချိုးသံကြားလေ အပြင်ကနေ ငုတ်တုတ်ထိုင်ပြီး ရှင်းလဲ့ချို အူနှိပ်ပြီး ရယ်မိလေပါ။ သူ့မ ခံစားရအောင်ဆိုပြီး ဒီလူတော်တော်နှင့် ထွက်လာမှာမဟုတ်။

ဒီလိုဖြစ်အောင် သူ့မ တမင်ညစ်ပတ်ပြီး ဒီလိုလုပ်နေသည်ဆိုတာ ဒီလူသိမှာမဟုတ်ပေ။ သူ့မက ဗိုက်နာပြီး သေမှာမဟုတ်။ သူ့ပဲ အအေးပတ်ပြီးသေမှာ မြင်ယောင်သေး။

ရှင်းလဲ့ချိုကို ဒီလိုပေါ့သေးသေး အောက်မေ့လို့မရဘူးဆိုတာ ဒီလူ နောင်တကောင်းကောင်းရမှဖြစ်မည်မဟုတ်ပါလား။

"ဟိတ်လူ ခင်ဗျားကြီးဗျာ ဒီမှာတကယ်ဗိုက်နာနေတာနော်၊ အမယ်လေး နာလိုက်တာနော် အား နာလိုက်တာ နာလိုက်တာ"

"ဟား ဟား နာရင်သေ သေလိုက်လေ"

"ဗွမ်း ဗွမ်း"

တမင်ကိုညစ်ပတ်ပြီး ရေကိုဖိမ်ခံချိုးနေမိတာပါ။ ဒီကောင်မလေးကို ဒီလိုပညာပြန်မပေးလို့မဖြစ်ပေ။ သူများအိမ်မှာ ဧည့်သည်လာလုပ် ပြီး ဒီလိုဗိုလ်ကျခြယ်လှယ်ချင်လို့ဖြစ်မလား။

ကလက်လွန်း ပေါ့ပျက်လွန်း ရဲတင်းလွန်းပြီး ဣန္ဒြေသိက္ခာ ဒီလောက်တောင် မရှိတာ ဘယ်လိုလုပ်မိန်းကလေးပီသပါတော့မလဲ။

"ဒုန်း ဒုန်း"

"ဟိတ်လူ မပြီးသေးဘူးလား၊ ခင်ဗျားတော်တော်ညစ်ပတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ကိုယ်ချင်းစာစိတ်ကိုမရှိဘူး၊ ခွင်ဖျားအိမ်ပဲဆိုပြီး ခင်ဗျား အဲဒီလိုလုပ်တာပေါ့လေ''

''ဟုတ်တယ်လေ ဘာဖြစ်လဲ၊ ကိုယ့်အိမ်ကိုယ် ကိုယ်လုပ်ချင်သလိုလုပ်၊ ကိုယ်နေချင်သလိုနေမှာပေါ့၊ မင်းသာဧည့်သည်ဖြစ်ပြီးနေတတ်အောင်နေ၊ လူတွင်ကျယ်မလုပ်နဲ့၊ မေမေတို့ပ,စားပေးတယ်ဆိုပြီး ခေါင်းရင်းခန်းချေးတက်မပါနဲ့''

''အမယ်လေး ယောက်ျားကြီးဖြစ်ပြီး မိန်းမလိုမိန်းမရ ရန်တွေ့ကောင်းလိုက်တာဟယ်၊ ကဲပါ မြန်မြန်လုပ်ပါ ဒီမှာ ဗိုက်ကလိမ့်နာပြီး ချေးထွက်တော့မယ်''

''မထွက်ဘူးကွာ၊ ရေက အခုမှချိုးကောင်းတုန်းရှိသေးတယ်၊ မင်းဘာသာ အဲဒီနားမှာလဲသေနေ''

''ဟာ ခင်ဗျားတော်တော်ယုတ်မာတဲ့သူ၊ ဒီနားမှာပဲထိုင်ပါလိုက်မှာနော်''

''မင်းအရှက်မရှိပုံပါပေ့၊ ပြီးရင် မင်းပဲကျုံးရမှာ၊ ငါကတော့ ရေချိုးလို့ကောင်းလို့ ချိုးလိုက်ဦးမယ်''

''ဗွမ်း ဗွမ်း ဗွမ်း''

တဗွမ်းဗွမ်း ရေချိုးသံကြားလေ ရှင်းလဲ့ချို့ အော်ရယ်ချင်လေပါ။ ဒီလောက်ဆို ဘယ်လောက်တောင် အအေးပတ်နေပြီမသိပေ။ သူများမကောင်းကြံချင်လျှင် ကိုယ်ပဲပြန်ခံရတတ်တာ မင်းဖုန်းမြတ် လူကြီးကျယ်ကြီး မသိလို့ပဲလား။

နည်းနည်းလေးမက များများကြီးကို နှောင်တရသွားစေချင်တာ။

■ ■ ■



## အခန်း (၈)

''အား အား အီး အီး အဟင်း ဟင်း''

''သားရယ် ဒီလောက်ကြီးဖြစ်မှပဲ အိမ်ပြန်လာခဲ့ရသလားကွယ်၊ မနက်ကတည်းက နေမကောင်းဖြစ်ချင်နေရင် ကုမ္ပဏီမသွားဘဲ နေလိုက်ပါတော့လား''

''ကြည့်ပါဦး ဘယ်လောက်တောင် အအေးမိတ်သွားလဲ၊ တဆတ်ဆတ်ကို တုန်လို့''

''ကဲပါ လှိုင်ရယ်၊ ဆရာဝန်ဆီ အမြန်ဖုန်းဆက်ပါ၊ ဘာအကြောင်းရှိရှိ အမြန်ဆုံးလေးလာပေးပါလို့ ပြောနော်''

''ဟုတ်ကဲ့ မမညို''

အားလုံး ပျာယာခတ်နေတာကို ရှင်းလဲ့ချို ဒီအတိုင်းသာသာလေးကြည့်နေလိုက်သည်။ မနက်က သူမ တကယ်အိမ်သာတက်ချင်သည်ထင်ပြီး မင်းဖုန်းမြတ် ရေချိုးခန်းထဲက တော်တော်နှင့်ထွက်မလာခဲ့ပေ။ နောက်ကုမ္ပဏီအသွား ကားမောင်းတော့လည်း အဲကွန်းနှင့်။ ကုမ္ပဏီရုံးခန်းရောက်တော့လည်း အဲကွန်းနှင့်ပဲမို့ အအေးပတ်သည့်ဒဏ် ဘယ်လိုမှမတတ်နိုင်တော့ဘဲ အဖျားတွေတက်ကာ အိမ်ပြန်ရောက်လာတာပဲ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမအမြင်ကတ်စွာ ဒီလိုလုပ်လိုက်သည်ဆိုတာတော့ လူကြီးတွေကို ပြောမပြဖြစ်သေးပေ။ နန်းကြီးသုပ်ကိစ္စ သူမသုပ်သည်ဆိုတာသိပြီးစေတနာကို နားမလည်ဘဲ ဆောင့်အောင့်ကာ စော်ကားပြီး ထွက်သွားတာ။

ဒါကို လတ်တုံ့ပြန်လိုက်ရမှ ကျေနပ်မှာမို့ ဒီလိုလုပ်လိုက်တာပါ။

"အဖျားက တစ်ရှာသုံးတောင်ကျော်တယ်၊ နဖူးမှာရေခဲဖတ်လေးအုံပေးပါ၊ ဆေးလည်းတိုက်၊ ထမင်းစားလို့မရဘူး၊ အဖတ်လည်းစားလို့မရဘူး၊ အရည်ပဲသောက်ရမယ်နော်၊ အဖျားရည်ရှည်မှာစိုးလို့နည်းနည်းဂရုစိုက်ပေးပါ"

"ဟုတ်ကဲ့ ဂရုစိုက်ပါမယ် ဆရာ"

ဆရာဝန်ကြီးစမ်းသပ်စစ်ဆေးကုသပြီး ပြန်သွားချိန်မှာ မင်းဖုန်းမြတ်မျက်လုံး အနည်းငယ်ပွင့်လာခဲ့သည်။ ဝင်းဝါသောမျက်နှာမှာ ညိုးနွမ်းနီမြန်းနေတော့ စိတ်မကောင်းတော့ဖြစ်မိသည်။

"မင်းက ဘာလို့ ငါ့အခန်းထဲရှိနေတာလဲ၊ ထွက်သွား အခုထွက်သွား"

"ဟဲ့သား ဘာလို့ အဲဒီလို အော်ထုတ်ရတာလဲ၊ သားဖျားနေလို့ စိုးရိမ်ပြီး လာကြည့်တဲ့ဟာကို"

"မလိုပါဘူး၊ သူ့ကြောင့်သား ဒီလိုဖြစ်ရတာ"

"ဟင် ရှင်းလဲ့လေးက သားကိုဘာလုပ်လို့လဲ"

"သားရေချိုးတဲ့အခန်းရှေ့မှာ အိမ်သာတက်ချင်လို့ဆိုပြီး လာအော်နေတာလေ အဲဒါ"

"ဩော် အိမ်သာရေချိုးခန်းက အပေါ်ထပ်နဲ့အောက်ထပ်နှစ်ခန်းတောင်ရှိတာပဲ"





"အောက်ထပ်မှာမေမေနဲ့ အန်တီလေးက ဈေးသွားဖို့အတွက်ရေချိုးနေကြတယ်ဆိုပြီး မရမကကို ထိုင်အော်နေတာပဲ"

ဒီနေ့ ဈေးလည်းမသွား အပြင်လည်းမသွား၊ ရေလည်းနေ့လယ်မှချိုးဖြစ်ကြတာမို့ ရှင်းလဲ့ချိုဘက် ဒေါ်ကလျာညိုနှင့်ဒေါ်နွယ်နီလှိုင် ပြိုင်တူလှည့်ကြည့်ဖြစ်ကြတော့ ရှင်းလဲ့ချိုက ပခုံးတွန့်ကာ မျက်လုံးမှိတ်ပြသည်။ ရှင်းလဲ့ချို တမင်လုပ်လိုက်တာ သဘောပေါက်သွားကြသော်လည်း ဒါကဒီလိုဖြစ်လောက်သည့်ကိစ္စမှမဟုတ်တာ။

"နေပါဦး သားရယ်၊ သူက အိမ်သာတက်ချင်တယ်ပြောတာသားက ရေချိုးပြီးရင် ထွက်ပေးလိုက်ပေါ့"

"သူအော်နေလို့ သား တမင်ထွက်မပေးဘဲ ရေချိုးနေလို့ ဒီလိုဖြစ်ရတာ"

"တွေ့လား အန်တီညို သူ အိမ်ရှင်ပဲဆိုပြီး ဘယ်လောက်ညစ်ပတ်လဲဆိုတာ၊ ကိုယ့်အိမ်လာတဲ့ဧည့်သည်အပေါ် ညှာတာမယ်၊ စာနာမယ်ဆိုတာမရှိဘူး၊ အဲဒီအပြင်ဘက်မှာ ဗိုက်နာလည်း သေသေ မထွက်ဘူးဆိုပြီး ရေတွေတဗွမ်းဗွမ်းနဲ့ ချိုးနေတာလေ၊ သူများမကောင်းကြံလို့ ဒူးနားဒဏ်ထိသွားတာပေါ့"

"ဘာကွ"

"ကဲပါ သားရယ်၊ နေလည်းကောင်းတာမဟုတ်ဘဲနဲ့ ရန်လုပ်မနေပါနဲ့တော့၊ နောက်ဆိုရင်တော့ အဲဒီလို မလုပ်နဲ့ပေါ့ကွယ်၊ တစ်ခါမှမဖျားဘူးတဲ့သားက အခုတော်တော်လေးခံလိုက်ရပြီ၊ ရှင်းလဲ့ပြောသလိုသားက ရေကိုညစ်ပတ်ပြီး ပေချိုးနေတော့ ဖျားတော့တာပေါ့"

"မေမေတို့ကလည်း သားကို အပြစ်ပြောနေတော့တာပဲ၊ အဲဒီကောင်မလေးလည်း နည်းနည်းပါးပါး ဆုံးမထား၊ သားကိုဟိုဟာဒီဟာနှိပ်စက်ယုက်ယက်တွေ မပတ်သက်စေနဲ့၊ သားမကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ဒီတစ်အိမ်တည်းမှာ အတူနေကြတာတော့ ဘယ်လိုလုပ် ကင်းကင်းကွာကွာနေလို့ရမှာလဲကွယ်၊ လူမှုရေးနဲ့အကျိုးအကြောင်းနဲ့ ပတ်သက်စပ်ယှက်မှုဆိုတာတော့ ရှိဦးမှာပေါ့"

"သူက တခြားသူလည်းမဟုတ်ဘူးလေ သားရဲ့၊ မိသားစုလို နေရမယ် မိတ်ဆွေတွေ"

"ကျွန်တော်ကတော့ သူနဲ့မိတ်ဆွေမဖြစ်ချင်ဘူး အနိုတီလေး အလကားကလေးကလားနဲ့ ရင့်ကျက်မှုမရှိ တည်ငြိမ်မှုမရှိ မိန်းကလေး ပီပီသသမဟုတ် အထင်ကြီးစရာတစ်ကွက်မရှိဘူး"

"ဟူး သားရယ် ပြောလေကဲလေနဲ့ ရှင်းလဲ့လေးကို အားနာစရာ"

ရှင်းလဲ့ချိုက လက်ကို ပိုက်ပြီး မင်းဖုန်းမြတ်ကို နှာခေါင်းရှုံ့ကြည့်လျက်

"ဒီလောက်ခံထားရတာတောင် အမှတ်သည်းခြေမရှိ နောင်တလည်းမရနဲ့ ခက်ပါတယ်နော်၊ ကိုယ့်ကိုယ်ကိုယ် ဖျားနာနေမကောင်းဖြစ်နေတာလည်း သတိရဦး၊ သူများကို မကောင်းပြောနေရင် ဒီထက်ပိုဖြစ်နေဦးမယ်"

"ဟိတ် မင်းပါးစပ်ပိတ်လိုက်တော့၊ သွား ငါ့အခန်းထဲက ထွက်သွား"

"သွားမှာပါ ဒီအခန်းထဲက လူမမာစော်နံလို့ မနေနိုင်ပါဘူး ပိုးတွေရှိပြီး မသန့်ရင် အဖျားကူးမှာလည်း ကြောက်ရသေးတယ်"

"တောက်"

နှာခေါင်းတရှုံ့ရှုံ့နှင့် စနောက်ပြီးထွက်သွားသော ရှင်းလဲ့ချိုကို ဒေါသတကြီး ဖြစ်သွားသည်။ သားကြောင့် ဘယ်သူ့အပြစ်တင်ရမှန်းမသိကြဘဲ ရယ်ချင်စိတ်လည်း ဖြစ်သွားကြသည်။





ရှင်းလဲ့ချိုက အစအနောက် သန်သည်ဆိုသော်လည်း ကလေးဆန်ကာ ချစ်စရာကောင်းသည်။ ရင့်ကျက်တည်ငြိမ်မှုမရှိသေးဘူးဆိုတာ အသက်အရွယ်ငယ်သေးတာကြောင့်မို့ အပြစ်ယူစရာအကြောင်းလည်း မရှိပေ။

သားကတော့ အချိန်တိုင်း ဒေါသတကြီးဖြစ်နေတာမို့ ရှင်းလဲ့ချိုလေးကို အားနာစရာကောင်းလှသည်။ သားသာ အဆင်ပြေပြေလေး ဆက်ဆံပေးလျှင် ဘယ်လောက်များကောင်းမည်လဲ။

အိမ်ရှင်ဆိုတာ ညှော်သည်အပေါ် ညှော်ဝတ်ကျေမှုလေးဆိုတာ သည်း ရှိဦးမှပေါ့။

ဒါပေမဲ့လည်း အခုချိန်မှာတော့ အဖျားသွေးဝင်နေသော သားချက်နှာလေးက ချောင်ကျွန်ဆိမ်းနယ်နေတာမို့ သနားစရာတော့ ကောင်းလှသည်။

အင်း ဒီလိုဖြစ်အောင်လုပ်တာ ရှင်းလဲ့ချိုဆိုတော့လည်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟိတ် မင်း ငါ့အခန်းထဲ ဘာလို့လာတာလဲ ထွက်စမ်း၊ အခု ထွက်စမ်း ထွက်"

စူးရှတုန်ခါနေအောင် အော်လိုက်တာမို့ လင်ပန်းလေးကိုင်ဝင်လာသော သူမမှာ အမှတ်တမဲ့ လန့်ဖျပ်တုန်တက်သွားလေသည်။ စားပွဲခုံရှည်လေးပေါ် လင်ပန်းကို ဆောင့်ခနဲ တင်လိုက်ပြီးမှ မင်းဖုန်းမြတ်ကို မျက်စောင်းပစ်ထိုးလိုက်ပြီး

"အံမယ် သူ့အခန်းထဲလာချင်လို့ လာတယ်များထင်နေလား အန်တီတို့က မနက်တည်းက အလှူသွားစရာရှိတယ်လို့ ပြောသွားတယ် အဲဒါ နေ့လယ်စာ စွပ်ပြုတ်နဲ့ဆေးတိုက်ဖို့ မှာခဲ့လို့ လာတိုက်တာ"

"မလိုပါဘူး မင်း ငါ့ကို ဘာမှလုပ်ပေးစရာမလိုဘူး"

"ဝုန်းချက်ကတော့ လန်ထွက်နေတာပဲ၊ စေတနာပျက်အောင်ကို ကြွင်းတယ်၊ ဘာမာန်တွေတက်နေတာလဲ ပြော"

"ငါဘာသာ ဘာမာန်တက်တက် မင်းနဲ့မဆိုင်ပါဘူး၊ မင်းသာ ငါနဲ့မပတ်သက်အောင်နေ"





"ပတ်သက်ချင်လွန်းလို့တော့ မထင်နဲ့ အန်တီညို မျက်နှာ ကြောင့်ပိုလို့လူလို ဆက်ဆံပေးနေတာ၊ မဟုတ်လို့ကတော့ ဝေးသေး၊ လူ့ဝတ်စာ အချောင်သက်သက် ဘဝင်မြင့်နေတဲ့လူ"

"ဘာကွ"

ဒီကောင်မလေး သူ့ကိုပြောလိုက်လျှင် သက်သောင့်သက်သာ ရှိပါ၏။ ဒီလိုပိုးစိုးပက်စက် စကားတွေ သူမပါးစပ်ကပဲ ထွက်တတ်သည်။ ဒါပေမဲ့ သူလည်း သူမနှင့်စတွေ့ကတည်းက မယဉ်ကျေးတော့သလို ဖြစ်နေရသည်။

အပြန်အလှန် ရန်တွေ့နေရသည်ကိုက သိက္ခာကျစရာကိစ္စလို့ ထင်မိ၏။

"သွားစမ်းပါကွာ၊ မင်းနဲ့ဘာမှပြောမနေချင်တော့ဘူး ငါ့အခန်းထဲကသာ မြန်မြန်ထွက်သွားစမ်းပါ"

"သွားတော့သွားမယ်၊ အခုမဟုတ်သေးဘူး၊ အန်တီညိုတို့က သေချာမှာခဲ့တာ၊ ဆေးလည်းဝင်အောင်တိုက်၊ စွပ်ပြုတ်လည်းဝင်အောင် တိုက်ပေးပါတဲ့၊ သေချာကိုမှာသွားတဲ့အတွက် ကျွန်တော့်မှာ တာဝန်အပြည့်ရှိတယ်၊ အဲဒီတော့ ခင်ဗျားဆေးရော စွပ်ပြုတ်ရောသောက်ပြီးမှ အခန်းထဲက ထွက်နိုင်မယ် ရှင်းပြီနော်"

"ကျွတ် မေမေတို့ကကွာ၊ ပြဿနာအိုးနဲ့ ဘယ်လိုဖုံ့ဖွဲတွေပေးခဲ့ရသည်မသိဘူး"

"ဟာ ခင်ဗျားမိဘမေတ္တာကို မစော်ကားနဲ့လေ၊ မိဘတွေက သားလေးအတွက် စိုးရိမ်လို့ နောက်ဆံတင်းပြီး အပ်ခဲ့တာလေ၊ မိဘ မေတ္တာ စော်ကားရင် အပါယ်ငရဲလားတတ်တယ်၊ မြေမြိုတတ်တယ်"

"ဟိတ် နိမိတ်မရှိ နမာမရှိ ဘာတွေလျှောက်ပြောနေတာလဲ၊ မင်းက ဘယ်တော့မဆို စည်းလွတ်ဝါးလွတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးတော့ ကြောက်တတ်လိုက်တာ၊ ဖင်တောင်တုန်လို့ပါ လား"

"အာ ဒီကောင်မလေးတော့ မိန်းကလေးပြောရမယ့်စကားမှန်း မသိ ဘာမှန်းမသိနဲ့၊ ပေးကွာ စွပ်ပြုတ်နဲ့ဆေး မြန်မြန်သောက်မယ် ပြီးရင် မင်းမြန်မြန်ထွက်"

"ပြီးရော"

သူမ ဗန်းလေးအတိုင်း ယူပေးလိုက်သည်။ အနည်းငယ် အရူး သွေးရှိသေးတာကြောင့် မင်းဖုန်းမြတ်မျက်နှာ နီမြန်းမြန်းဖြစ်နေဆဲပါ။ ဒါပေမဲ့ အိပ်ရာထဲကနေ ထူထူထောင်ထောင်မဖြစ်သေးတာတော့ ယောက်ျားကြီး တန်မဲ့ အသည်းနုကာ ချွဲနွဲ့လွန်းသည်ဟု ထင်မိသည်။

သူမဖျားနာတုန်းကဆိုလျှင် မေမေတို့က စိုးရိမ်ပြီး စွပ်ပြုတ် တွေ ဆန်ပြုတ်တွေ ဂရုတစိုက်တိုက်တာတောင် လူမမာစာကြီးမစားချင် ဘူးဆိုကာ ထမင်းတွေ မုန့်တွေကြိုက်သလောက် ထစားပစ်လိုက်သည်။

အိပ်ရာထဲလှဲနေရမှာလည်း ပျင်းရိလွန်းတာကြောင့် ဘယ်တော့ မှ အခန်းအောင်းမနေခဲ့သူပါ။

"အဟွတ် ဟွတ် အဟွတ်"

"ဟင် အပူကြီးကို ဖွတ်သောက်လိုက်လို့ သီးသွားပြီ ပူသွားပြီ မဟုတ်လား ရော့ ရော့ ရေသောက်လိုက်"

မင်းဖုန်းမြတ် တဟွတ်ဟွတ်နှင့် မျက်ရည်လည်လောက်အောင် တကယ်သီးသွားတော့ စိတ်ပူသွားလျက် ဖန်ချိုင့်ထဲက ရေကိုရှင်းလိုက် အမြန်ထည့်လျက် စိုးရိမ်တကြီး ပေးတိုက်လိုက်မိသည်။

မင်းဖုန်းမြတ်လည်း ခံစားနေရသည်ဆိုတော့ အာပေါင်အာရင်း သန်သန် ငြင်းမနေနိုင်တော့ပါ။ ရှင်းလှဲ့ချို့ လက်ထဲက ရေဖန်ခွက်ကို အမြန် ပင်ယူသောက်သည်။

"ဟား တော်ပါသေးရဲ့"





ကျေးဇူးတင်စကားပြောရမှာတော့ နားကိုမလည်တာဖြစ်မည်။ ရေဖန်ခွက်ကို သူမလက်ထဲထည့်ပြီး စွပ်ပြုတ်ပြန်သောက်နေ၏။

"ကလင် ကလင်"

"ဘဲလ်တီးသံကြားတယ်၊ ယိမ်းရောက်လာပြီထင်တယ်၊ တံခါး သွားဖွင့်ပေးပါဦး"

"လာမယ်ပြောထားလို့လား"

"ဖုန်းဆက်ထားတယ် လာမယ်လို့"

"ချစ်သူနေမကောင်းလို့ လာပြုစုမှာထင်တယ်"

"အဲဒါ မင်းနဲ့မဆိုင်ပါဘူး"

"သွားမဖွင့်ပေးဘူးဆိုရင်ရော"

"မင်းမကပ်နဲ့နော်၊ မေမေတို့ အန်တီလေးတို့မရှိလို့ မင်းကိုခိုင်း နေတာ"

"ခင်ဗျားချစ်သူ ခင်ဗျားဘာသာ တံခါးသွားဖွင့်ပေးပါလား"

"ငါမထနိုင်လို့ပေါ့ကွ၊ မင်းက ဒီအိမ်မှာခြေသည်လုပ်ပြီး အလကား လည်းတက်စားနေသေးတယ်၊ ဒါလေးတောင် လုပ်မပေးချင်ဘူးလား"

"ခင်ဗျားကြီးကို အဲဒီလိုအပြောတွေကြောင့် စေတနာပျက်ပြီး အမြင်ကတ်တာ"

"ကလင် ကလင်"

"ကဲ သွားပါကွာ ယိမ်းစိတ်မရှည်တော့ဘူး ဖြစ်နေပြီ"

"ဒါလုပ်ပေးတဲ့အတွက် ခင်ဗျား ကျုပ်ကိုတစ်ခုခုပြန်လုပ်ပေး ရမယ်"

"ဟား"

"မပေးဘူးလား"

"ပေးမယ်ကွာ တံခါးသာသွားဖွင့်"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလဲ့ချို ကျော့ပေးထွက်လာရင်း မင်းဖုန်းမြတ်ရဲ့မခံချိမခံသာ လိုက်လျော့မှုကို ပြုံးလိုက်မိသည်။ ယိမ်းသံစဉ်က အိမ်ထဲကနေ သူမ ထွက်လာတော့ အံ့သြနေဟန်ပါ။ သူမ တံခါးဖွင့်ပေးလိုက်တော့ သူမ ကားလေးခြံဝင်းထဲထိ မောင်းဝင်လာပြီး ပေါ်တီကိုအောက်ကနေ သူမကို စောင့်နေလျက်

"မင်းက ဘယ်သူလဲ"

"ဒီအိမ်မှာမြင်ရင် ဒီအိမ်ကလူပေါ့"

မေးတာ တင်စီးတာမို့ သူမ မချေမငံ ပြန်ပြောလိုက်သည့် အခါမှာ ယိမ်းသံစဉ် မျက်ခုံးတွန့်ကြည့်လျက်

"ကိုမင်းမှာ ညီမဝမ်းကွဲတွေအမျိုးတွေရှိတယ် မကြားဖူးပါဘူး"

"ဩော် မိတ်ဆွေအပေါင်းအသင်းမရှိဘူးလို့တော့ ပြောမထား ဘူး မဟုတ်လား"

"ဒါဆို မင်းက ကိုမင်းမိတ်ဆွေလား"

"အဲဒါတော့ သူ့သာမေးကြည့်တော့"

အမေးအမြန်းထူတာကို စိတ်မရှည်တော့တာကြောင့် ကြုံသလို ပြောခဲ့ပြီး သူမရှေ့က ထွက်လာခဲ့သည်။ အခန်းထဲပြန်ရောက်တော့ မင်းဖုန်းမြတ်က ဆေးပါသောက်ပြီးဟန်ဖြင့် ဗန်းလေးကို စားပွဲပေါ်တင်ထား၏။ ယိမ်းသံစဉ်လည်း နောက်ကပါလာတာကြောင့် ဗန်းကိုယူပြီး သူမ အပြင် ပြန်ထွက်ဖို့ ပြင်လိုက်သည်။

"ရှင်းလဲ့ချို ခဏ"

"ဘာလဲ"

"ဟို ယိမ်းအတွက် ကော်ဖီတစ်ခွက်လောက် ဖျော်ပေးပါလား။ လူမမာလာမေးတာ ညှော်ခံချင်လို့"

လူမမာလာမေးသည်ဆိုပြီး ဘာမှပါမလာသော ယိမ်းသံစဉ်ကို





တစ်ချက်စောင်းငဲ့ကြည့်လျက်

"ကျွန်တော်က ဒီအိမ်ကို ဧည့်သည်အဖြစ်နဲ့လာတာဆိုတော့ ဒီအိမ်ကပစ္စည်းတွေ ဘယ်နေရာ ဘာထားမှန်းမသိဘူး။ ပြီးတော့ ကော်ဖီကို လူတစ်ယောက်ကြိုက်လောက်အောင် မဖျော်တတ်ဘူး"

"ဩော် မီးဖိုခန်းထဲမှာ ပစ္စည်းအစုံရှိပါတယ်၊ သေချာရှာကြည့် ပြီး ဖျော်တတ်သလို ဖျော်ခဲ့စမ်းပါ"

"နေပါစေ ကိုမင်းရယ်၊ ဟိုတစ်ခေါက်လာကတည်းက ဒီက ဖျော်တိုက်တဲ့ကော်ဖီကို ယိမ်းမကြိုက်ဘူး၊ ယိမ်းတို့က ပြင်သစ်က တကူး တကမှာသောက်တဲ့ကော်ဖီပဲ သောက်တတ်တယ်၊ အဲဒါကြောင့် ကိုမင်းနဲ့ သောက်ရင်တောင် ဆိုင်ကောင်းကောင်းရွေးတာပေါ့"

"ခင်ဗျား အရမ်းတိုက်ချင်ရင် ခင်ဗျားတို့ထိုင်နေကျဆိုင်က ကော်ဖီ သွားဝယ်တိုက်လိုက်ပါလား"

"အာ ဒီကောင်မလေး"

ကျွတ်ဆတ်ဆတ် မချေမငံ ခနဲ့ခနဲ့ပြောပြီး ထွက်သွားသော ရှင်းလဲ့ချိုကို သူ ဘယ်လိုဒေါသဖြစ်မိမှန်းပင် မသိတော့ပါ။ ယိမ်းသံစဉ် ရှေ့မှာ ဒါမျိုးလုပ်တော့ မကောင်းဘူးမဟုတ်လား။

ယိမ်းသံစဉ်က ရှင်းလဲ့ချိုထွက်သွားသည့်နောက် အလိုမကျစွာ မျက်ခုံးလေးတွန့်ကာ လိုက်ကြည့်နေပြီးမှ

"အဲဒီကောင်မလေးက ဘယ်ကလဲ ဘယ်သူလဲ ကိုမင်း"

"မေမေတို့မိတ်ဆွေရဲ့သမီးပါ၊ မန္တလေးကလာတာ"

"စကားပြောတာ အဆင့်အတန်းမရှိဘူး။ အသိုက်အဝန်းရော ကောင်းရဲ့လား"

"အသိုက်အဝန်းတော့ ကောင်းပါတယ်၊ အဆင့်အတန်းလည်း ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ စကားလုံးတွေက ပညာမဲ့လွန်းတယ်၊ အပေအတေ ဆန်တယ်လို့ ပြောတာ၊ လုံးဝရိုက်ပဲ၊ အဲဒီလို မိန်းကလေးနဲ့များ အိမ်ပေါ် တင်ပြီးပတ်သက်နေရလား"

"ဩော် သူ့မိဘတွေက ကိုယ့်မိဘတွေအပေါ် ကျေးဇူးရှိခဲ့တယ် ပြောတာပဲ၊ အခု ရန်ကုန်မှာသင်တန်းဘာညာ လာတက်တယ်ဆိုတော့ မေမေတို့လည်း လက်မခံလို့မကောင်းဘူးလေ"

"ကိုမင်းကရော ရောရောနှောနှော ပတ်သက်နေတာပဲလား"

"ခုနက ဆက်ဆံရေးကို တွေ့လိုက်တယ်မဟုတ်လား။ အဆင် ပြေနေတဲ့ပုံပေါက်လို့လား ယိမ်း"

"အခုက ဒီလိုဆိုပေမယ့် နောက်ဆိုတာ ပြောလို့မရဘူးလေ"

"နောက်ဆိုတဲ့စကားမပြောပါနဲ့ ယိမ်းရယ်၊ ဘယ်တော့မှ ဆက်ဆံ ရေးအဆင်ပြေလာမယ့်မိန်းကလေးမျိုး မဟုတ်ပါဘူး။ တွေ့တဲ့နေ့ကတည်းက ယိမ်းပြောသလို စရိုက်ဆန်တယ်လို့ ထင်မိတယ်"

"နေဦး၊ သူ့ရုပ်ကို အမှတ်တမဲ့တွေ့ဖူးသလို မြင်ဖူးသလိုပဲ"

"ယိမ်းထင်လို့နေမှာပါ၊ လူတူမရှား နာမည်တူမရှားတွေမှ အများ ကြီးလေ"

ကားနှင့်ပြဿနာတက်တာ ရှင်းလဲ့ချိုပဲလို့ ယိမ်းကို ရှင်းမပြချင်။ အခုမှရှင်းပြလည်း၊ သူတို့အိမ်ကို ရှင်းလဲ့ချိုရောက်နေတာ ပြဿနာရှာ တတ်တာ အစက ဘာလို့ပြောမပြတာလဲဆိုတာတွေနှင့် အရစ်တက်နေ ဦးမည်။ မျက်နှာလေးကျုံ့ကာ စဉ်းစားနေဟန်ရှိသော ယိမ်းလက်ကလေးကို လှမ်းဆုပ်ကိုင်ရန်

"လူမမာသတင်းလာမေးတဲ့သူကလည်း၊ ကိုယ့်ကိုဘယ်လိုနေ သေးလဲ သက်သာပြီလား မမေးသေးပါလား"

"မေးဖို့မှအချိန်မရသေးတာ၊ ဟိုကောင်မလေးကိစ္စ တော်တော်





ခေါင်းစားသွားတယ်၊ ဒီလိုလူမျိုးတွေနဲ့မတွေ့ချင်ပါဘူးဆိုမှ ကိုမင်းအိမ်မှာ လာဆုံရတယ်လို့"

"စာဖွဲ့မနေပါနဲ့ ယိမ်းရယ်၊ ခေါင်းထဲလည်းထည့်စရာမလိုပါဘူး။ မေမေတို့နဲ့ပတ်သက်ပေမယ့် ကိုယ်နဲ့ပတ်သက်စရာအကြောင်းမရှိပါဘူး။ အခု သူ့ကိုနိုင်းတယ်ဆိုတာလည်း မေမေတို့မရှိလို့ပါ၊ မေမေတို့သာရှိရင် ယိမ်းအပေါ် ဘယ်လိုဝတ္တရားကျေတယ်ဆိုတာ ယိမ်းသိနေတာပဲ၊ ယိမ်းက သာ ကိုယ့်ကို ယိမ်းမိဘတွေနဲ့တွေ့မပေးသေးတာ"

"အချိန်အတိုင်းအတာတစ်ခုကတော့ လိုပါသေးတယ်"

"ကိုယ်တို့လက်ထပ်ဖို့ မစဉ်းစားကြသေးဘူးလား ယိမ်း။ ကိုယ် တို့အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်နေပါပြီ"

"တစ်ယောက်အကြောင်းတစ်ယောက်သိဖို့ ဒီထက်အချိန်ပိုယူ သင့်သေးတယ်လို့ထင်တယ်"

"ကိုယ်တို့က ယိမ်းတို့လောက် မချမ်းသာလို့လား"

"ချမ်းသာခြင်းဆိုတာထက် နှစ်ဖက်အသိုက်အဝန်း အဆင့် အတန်း တွေမတူရင် ပေါင်းသင်းရခက်တယ်၊ ဒါကြောင့် ကိုမင်းကို ယိမ်း ချွဲတင် နေတာ၊ ရိုးသားဖို့ဖြောင့်မတ်ဖို့ သစ္စာရှိဖို့လည်း လိုသလို အဆင့်အတန်းရှိဖို့ တည်ကြည်လေးနက်ဖို့ လူကြီးလူကောင်းဆန်ဖို့လည်းလိုတယ်၊ အခုချိန်ထိ တော့ ကိုမင်းကို ယိမ်းရွေးချယ်ထားတာ မမှားသေးဘူးလို့ထင်တာပဲ"

"ဟူး ကိုယ်ပျော်ရမှာလား၊ မယုံမရဲဖြစ်နေသေးတဲ့အတွက် ဝမ်း နည်းရမှာလား ယိမ်း"

"အခုတော့ အဲဒီလက်ကို အရင်လွှတ်"

"ဘာဖြစ်လို့လဲ ယိမ်းရယ်၊ ဘယ်သူမှမရှိပါဘူး"

"ဘယ်သူမှမရှိတဲ့ ဆိတ်ကွယ်ရာမှာ ပိုပြီးထိန်းသိမ်းနိုင်မှ ယုံကြည် ကျင့်တရားကောင်းတယ်လို့ ခေါ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူချင်း လက်ကိုင်တာ နမ်းတာ ကိုယ်ကျင့်တရားပျက်ပြားတာမှမဟုတ်တာ ယိမ်းရယ်"

"အဲဒီခံစားမှုကနေ တစ်ဆင့်တက်လာမယ့်သာယာမှုမျိုးကို ယိမ်း မလိုချင်ဘူး ကိုမင်း။ လက်ထပ်ဖို့မဆုံးဖြတ်ရသေးဘဲ ဘယ်လို မှားယွင်းမှုမျိုးကိုမှ ယိမ်း လက်မခံနိုင်ဘူး။ အဲဒီလိုသာယာမှုမျိုး မက်မောတောင့်တရင်းက မှားယွင်းသွားတတ်တဲ့အခြေအနေကြောင့် လက်မထပ်ချင်ဘဲ လက်ထပ်လိုက်ရတာ မဖြစ်ချင်ဘူး"

ယိမ်း ခံယူချက် ယိမ်းအပြောတွေကြောင့် ယိမ်းကိုပို၍ လေးစားသွားကာ ယိမ်းလက်ကလေးကို လွှတ်ပေးလိုက်မိသည်။ မိန်းကလေးတိုင်း ဒီလိုထိန်းသိမ်းဆင်ခြင်မှုမျိုး မရှိကြဘူးမဟုတ်လား။

အခုခေတ်မိန်းကလေး တော်တော်များများ ချစ်သူရည်းစားထားဆိတ်ကွယ်ရာတွေမှာ ချိန်းတွေ့ မှားယွင်း။ လက်မထပ်ချင်ဘဲ လက်ထပ်တာဝန်မယူချင်ဘဲယူ၊ ပြီးရင် ကွဲကြကွာကြ ပြတ်ဆဲကြလမ်းခွဲကြ။

တကယ်တမ်း နစ်နာရသူတွေက မိန်းကလေးတွေသာ။ ဒါကြောင့် ယိမ်းက ထိန်းသိမ်းဆင်ခြင်ချင်တာ ဖြစ်မည်။ ယိမ်းကို သူ မြတ်နိုးစွာပင် ပြုံးပြလိုက်မိ၏။ ဒီလိုမိန်းကလေးမျိုးနှင့် ပတ်သက်ဆုံဆည်း ရတာ သူ့အတွက် ကံကောင်းတာပဲမဟုတ်လား။

"ကိုယ် ယိမ်းကို အရင်ကထက်ပိုလေးစားသွားပြီ ယိမ်းလို တန်ဖိုးရှိတဲ့မိန်းကလေးနဲ့ချစ်သူဖြစ်ခွင့်ရတာ ကိုယ့်ကိုယ်ကိုယ်လည်း အရမ်းဂုဏ်ယူမိတယ်၊ အခုခေတ်ထဲမှာ ယိမ်းလိုထိန်းသိမ်းဆင်ခြင်တတ်တဲ့ အဆင့်အတန်းရှိပြီး ကိုယ့်ကျင့်တရား မပျက်ပြားတဲ့ မိန်းကလေးမျိုးက ရှားသွားပြီမဟုတ်လား။ ပိုက်ဆံရှိတဲ့သူကလည်း ရှိသလို မရှိတဲ့သူကလည်း မရှိသလို အရမ်းကို ပျက်စီးနေကြတာ၊ ကိုယ်တော့ ယိမ်းကို"

"ကဲပါ ယိမ်း ပြန်မှဖြစ်မယ်၊ အလုပ်တောင်မတက်နိုင်ဘဲ အိပ်ရာ





ထဲလဲနေတယ်ဆိုတော့ လာမေးသင့်ထင်လို့ လာမေးတာ၊ ယိမ်း အလုပ်ကအားတာမဟုတ်ဘူး"

"ကျေးဇူးပါ ယိမ်းရယ်၊ ယိမ်းလာမေးလို့ ကိုယ်အားရှိသွားပါပြီ"

"တစ်ခုတော့ ပြောထားမယ်နော်၊ အခုလို ရေချိုးမှားတယ် အအေးပတ်ပြီးဖျားတယ်ဆိုတဲ့မျိုးက ကိုယ့်ရဲ့ပေါ့ဆမှုပဲ၊ ပူတဲ့အချိန်မှာ ဘယ်လိုနေရမယ် အေးတဲ့အချိန်မှာ ဘယ်လိုနေရထိုင်ရမယ်ဆိုတာ ပညာရှိတဲ့သူတိုင်း စဉ်းစားဉာဏ်ရှိတဲ့သူတိုင်းသိတယ်၊ နောက်တစ်ခါဆိုရင် တော့ ကိုမင်းကို ယိမ်း ခွင့်လွှတ်မှာမဟုတ်ဘူး။ ဉာဏ်နည်းတဲ့သူတွေဟာ ကျန်တဲ့နေရာတွေမှာပါ ပေါ့ဆလွယ်ကြတယ်"

"ဟုတ် ဟုတ်ပါပြီ ယိမ်းရယ်၊ ဟုတ်ပါပြီ နောက် ခုလိုမျိုး ဘယ်တော့မှ မဖြစ်စေရပါဘူး ကိုယ်ကတိပေးပါတယ်"

ဒီတစ်ခါလည်း ယိမ်းရဲ့ပြောဆိုပြစ်တင်ခံရတာ ဟိုကောင်မလေးကြောင့်ပါပဲလား။ ဒီကောင်မလေး ရောက်လာကတည်းက သူ့အတွက် ဂြိုလ်ဆိုးဝင်သလို ဖြစ်နေတာ ဒေါသတွေအလိပ်လိုက်ထွက်နေရသည်။

ခုနလည်းကြည့်ပါဦး။ မချေမင် ရင့်ကျောကျောနှင့်။

သူမအိပ်သွားပြီး သူမလုပ်စာ စားနေသူဆိုလျှင် ဘယ်လိုဆက်ဆံမည်မသိပေ။

ဘယ်လိုဂြိုလ်မလေးလဲ။ ဒီကောင်မလေးကို နစ်နစ်နာနာ တစ်ခုခု အပြစ်ပေးမှဖြစ်မှာပါ။ နောက်သူ့ကို မလေးမစား မချေမင် မဆက်ဆံရဲအောင် မှတ်လောက်သားလောက် မလုပ်လို့မဖြစ်ပေ။

"ကိုမင်း"

"ဟင်"

"ပြန်ပါမယ်ဆိုမှ လိုက်ပို့ဦးလေ၊ ဟိုကောင်မလေးကို တခါးဖွင့်ခိုင်းဝိတ်ခိုင်းရတာမျိုး မလုပ်ချင်ဘူး။ ဘယ်လိုမှကို မဆက်ဆံချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် အင်း ကိုယ်လိုက်ပို့ပါ့မယ်၊ အား ကျွတ် ကျွတ်"

နာကျင်ကိုက်ခဲ မလှုပ်ချင်မကိုက်ချင် ဖြစ်နေခဲ့ပို့ အားတင်းကာ ထရသည်။ လူမမာလာမေးသည့်သူကို ပြန်လိုက်ပို့နေရသည့်အဖြစ်။ ဒါလည်း ဟိုကောင်မလေးကြောင့်ပါ။

သူမသာ ကောင်းကောင်းမွန်မွန် ဆက်ဆံလျှင် ယခုလို ဒါမျိုး ဖြစ်နေပါ့မလား။

ဟင်း ဒင်းကတော့လေ။

■ ■ ■



## အခန်း (၁၀)

"ဘာ သားက နေမကောင်းနေတဲ့ကြားက အဲဒီလို လိုက်လုပ်ပေးရတယ်"

"ရှင်းလဲ့က နိုးပြီးနားထောင်နေတဲ့သဘောမျိုးတော့ မဟုတ်ပါဘူး ဘဝင်မြင့်အောက်ခြေလွတ်ပြီး မတန်မရာ ဆက်ဆံတဲ့ပုံစံကို အမြင်ကတ်လို့သာ တုံ့ပြန်လိုက်တာပါ၊ ဒါပေမဲ့ ဟိုလူက နေမကောင်းနေတော့ ဘာမိုင်းစရာ ရှိဦးမလဲဆိုပြီး အခန်းဝမှာအဆင်သင့်လေး နေပေးရင်းနဲ့ ကြားနေရတာက တကယ်လွတ်တာပဲ"

"သားက ဒါကိုများ ဘာတွေသဘောကျနေလဲ မသိပါဘူး စိတ်များညစ်ပါရဲ့နော်"

"လက်မကိုင်ရ ပါးမနမ်းရ လက်မထပ်သေးဘူးပြောတာတွေ ထန်းစိုးထားနေတာ နေမှာပေါ့၊ အခုခေတ်က အဲဒီလိုပြောမယ့်မိန်းကလေးကလည်း ရှားသွားပြီလေ"

"အို ဒါက ဒါဆိုပေမယ့် အနိတ္တိသားကရော ဘယ်လောက် ထန်းစိုးမဲ့နေလို့လဲ၊ အသိုက်အဝန်း အဆင့်အတန်းကရော ညံ့နေလို့လား



www.burmeseclassic.com

www.burmeseclassic.com



လှူကရော အပေအတေ စရိုက်ဆန်နေလို့လား။ ပြောရရင် အန်တီ့သားကို အန်တီတို့ကလည်း တန်ဖိုးထားတာပဲ၊ သားက တခြားယောကျ်ားလေးနဲ့ကိုမတူတာ၊ အနေအထိုင်တည်ကြည်တယ်၊ ခန့်ညားတယ်၊ အဆင့်အတန်းနဲ့ကိုက်ညီတဲ့ ကိုယ်ပိုင်လုပ်ငန်းရှင်လို့ ထင်ရအောင် လုပ်ငန်းတောင် သားနာမည်နဲ့ လုပ်ပိုင်ခွင့်ပေးထားတာ၊ သားကို ဒီထက်မက တန်ဖိုးရှိစေချင်လို့လေ''

''အဲဒီလောက်က သူ့လိုကြီးကျယ်မြင့်မြတ်နေတဲ့ မိန်းမအတွက် ဘာမှမဖြစ်လောက်သေးလို့နေမှာပေါ့ အန်တီညို့ရယ်၊ ရှင်းလဲ့လည်း မပြောတတ်တော့ပါဘူး''

ဒေါ်ကလျာညို သားအတွက် ရင်မောစွာ သက်ပြင်းချမိသည်။ ဒီလိုမိန်းကလေးမျိုးနှင့် လက်ထပ်ပြီးလျှင်တောင် သား အနိုင်ကျင့်ခံရမည့်ပုံစံမျိုးပါ။

ဘာကြောင့်များ ဒီလောက်တောင် ကြီးကျယ်နေရတာလဲ။ သား့ကရော ဘာကြောင့် သည်းခံလိုက်လျောနားလည်ပေးနေရတာလဲ။ ကိုယ်က ကလေကချေ အဆင့်အတန်းမဲ့လည်း မဟုတ်။

ဖြစ်နိုင်လျှင် ဒီလိုမိန်းကလေးနှင့် သားကိုလက်မထပ်စေချင်ပါ။

''မမညို့ ဘာတွေစဉ်းစားနေတာလဲ''

''ဩော် လှိုင်ရယ် သားအတွက်ပါ၊ သား ယိမ်းသံစဉ်နဲ့လက်ထပ်လို့ဖြစ်ပါ့မလားလို့၊ သူ့ဘာသာ ဘယ်လောက်ကြီးကျယ်မြင့်မြတ်ပြီး ပညာတတ်ချမ်းသာနေပါစေ သားကိုလွှမ်းမိုးသွားမယ့်အဖြစ်မျိုးတော့ အဖြစ်မခံနိုင်ဘူး လှိုင်၊ သူလည်း သူ့ကိုယ်သူ အရမ်းကိုတန်ဖိုးရှိတဲ့ မိန်းမတစ်ယောက်လို့ ထင်နေသလို၊ သားကလည်း မမညို့တို့အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့သားပဲလေ၊ သားက မိသားစုနဲ့နွေးထွေးစွာ မနေတတ်ပေမယ့် လိမ္မာရေးခြားရှိလို့ သားအတွက် ပူပန်စိတ်ဆင်းရဲရတာမျိုးမှ မရှိခဲ့





ဘာ''

''အဲဒါတော့ ဟုတ်တယ်၊ တူလေးက လူရည်သန့် လူကုံထံလေးပါတယ်၊ မိန်းကလေးရှင်တွေအကြိုက်ပါ၊ မိန်းကလေးကြိုက် ဘာမှကိုစရာမလိုဘူး။ သူ့ကျမှပဲ တူလေးမှာလိုအပ်ချက်တွေ အများကြီးလိုမဲ့၊ သူက ဘာတွေဘယ်လိုများ မျှော်လင့်ထားနေသလဲ မသိဘူး၊ ဘက်ကိုတော့ လာတွေ့ကြည့်တယ်၊ သူ့ဘက်ကိုတော့ အသိမပေးသေးဆိုတော့ အဲဒါကရော ဘာသဘောလဲ၊ အစ်ကိုကြီး စိတ်တိုမယ်ဆိုည်း တိုစရာပဲ၊ မိန်းကလေးတွေပေါပါတယ်၊ ကိုယ့်အပေါ်လွှမ်းမိုးမယ့်ကို ဘာတွေသဘောကျစရာရှိနေလည်း မသိပါဘူး''

''မိန်းကလေးပေါပေမယ့် မိန်းမကောင်းက ရှားသေးတယ်လေ၊ ဘာ အဲဒါကြောင့်ပဲ မက်မက်မောမော ဖြစ်နေတာနေမှာ''

''အင်း နားလည်ရခက်သား မမညို့ရယ်၊ လှိုင်ကတော့ မိန်းလေးချင်းဖြစ်ပေမယ့် ယိမ်းသံစဉ်ကို ဘယ်လိုမှ လက်ခံစဉ်းစားပေးလို့ဘူး။ လှိုင်တို့ကပဲ အတွေးအခေါ် တိမ်လွန်းတာလား၊ ရှေးရိုးကျလွန်းသားတော့ မသိတော့ပါဘူး၊ ဘယ်လောက်ပဲ ပညာတတ်တတ် ငွေချမ်းသာသာ မာန်မတက်ဘဲ ဆက်ဆံရေးကောင်းမွန်မှ လူမှုရေးနယ်မှာ အောင်မြင်မှာလေ၊ စီးပွားရေးမှာ အောင်မြင်နေရုံနဲ့ လူ့ဘဝမှာဖြစ်တာမှ မဟုတ်တာ၊ သူ့လိုသားနေမယ်ဆိုရင်တော့ တူလေးလည်းလူသားဖြစ်သွားမှာ အသေအချာပဲ မမလှိုင်ရေ''

သမီးယောက်မနှစ်ယောက် ဒီလောက်အစိုးရိမ်ပိုနေကြတာ မင်းဖုန်းကို အချစ်ပိုနေကြတာကြောင့်ပဲ ဖြစ်မည်။ ဒါပေမဲ့ မင်းဖုန်းမြတ်ကတော့ စုအပေါ် အနေအေးပြီး နွေးထွေးမှုမရှိသလိုပါ။

မနက်စာ နေ့လယ်စာ ညစာဆိုတာ သူစားချင်သည့်အခါမှ စုံညီ စားသောက်တာကို တွေ့ရသည်။ သူဆန္ဒမရှိလျှင်တော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် တကူးတက ဘယ်လိုလုပ်ထားထား လှည့်၍တောင်မကြည့်

ယိမ်းသံစဉ်နှင့် အပြင်မှာစားလာလို့နှင့် အားနာပါးနာဆို မျိုးပင်မရှိပါ။ ပြီးတော့ သူ့ပန်းကန် သူ့ဖွန်း တသီးတသန့်ထားပေးမှ ကြ သလို ထမင်းစားချိန်မှာ မိသားစုနှင့် ရောရောယှက်ယှက် စကားပြောဆို လည်းမရှိပါ။

သူ့အနေနှင့်တော့ ဘယ်လိုအထာမှန်းမသိပေမယ့် သူမအ နှင့် မြင်ရတာတော့ မင်းဖုန်းမြတ်ကြည့်ရတာ အထီးကျန်နေသည် ခံစားရသည်။

သူမကတော့ အဲဒီလို လုံးဝမနေတတ်ပေ။

"ဟိုလေ အန်တီညိုနဲ့အန်တီလေး ဒီနေ့ ရှင်းလှဲ့တို့ ဈေး ပြီး ဟင်းချက်စရာ ဝယ်ရအောင်၊ ရှင်းလှဲ့ ချက်ကျွေးပါ့မယ်"

"ကောင်းသားပဲကွယ်၊ ရှင်းလှဲ့ချက်မယ်ဆိုရင်တော့ ခင့်လက် စားရသလိုနေမှာပဲ၊ ရှင်းလှဲ့ ဘာများချက်ကျွေးဖို့ စီစဉ်ထားလို့လဲ"

"မန္တလေးသူ အညာသူဆိုမှတော့ အညာချက်ပေါ့ အန်တီ ရယ်၊ အမဲသားနှပ်မယ်၊ ချဉ်ပေါင်ရွက်နဲ့မျှစ်နဲ့ နယ်စားဖတ်စား အ လည်းသောက်လို့ရအောင်ချက်မယ်၊ ရေတ်သီးအတောင့်လှော်ရယ် ငရ သီးဆားထောင်းရယ် လုပ်မယ်၊ ကြိုက်တာစားလို့ရအောင်"

"ကောင်းလိုက်တာကွယ် အညာလက်ရာ မစားရတာ ကြာ အမဲသားနှပ်လေး စားမယ်ဆိုတော့လည်း ချက်လိုက်တိုင်း ခင့်လက် လို့ ခံစားစားလို့မရဘူး။ ဘာလိုမှန်းကိုမသိတာလေ"

"ရှင်းလှဲ့ ရှိတုန်းကတော့ ချက်ကျွေးသွားပါ့မယ်၊ ရှင်းလှဲ့လည်း အိမ်မှာနေနေတော့ ပျင်းပြီး ဘာလုပ်ရမှန်းမသိဘူးလေ၊ မန္တလေးမှာ မေမေ့စလိုက် ဖေဖေ့စလိုက် အလုပ်သမားဝန်ထမ်းတွေစလိုက် နေ လိုက်နဲ့လည်း မလုပ်ရဘူးဆိုတော့ လွမ်းသလို ပျင်းသလိုကြီးဖြစ်နေ





"အေးပါကွယ် လွမ်းတာလည်းလွမ်း သတိရတာလည်းရပေါ့၊ အန်တီလေးတို့နဲ့လည်း ပျော်ပျော်နေလို့ရပါတယ်၊ အန်တီတို့မှာလည်း ရှင်းလှဲ့လေးရောက်လာလို့ ပြောလိုက်ဆိုလိုက် အပျင်းပြေနေကြတာ၊ အဲဒါ ရှင်းလှဲ့လေး ဘယ်နေ့လောက် သင်တန်းစတက်ဖြစ်မလဲ စုံရော စုံစမ်းထား ရဲ့လား ရှင်းလှဲ့"

"စုံတော့ စုံစမ်းနေတာပါပဲ၊ ဒါပေမဲ့ သင်တန်းတွေက ကြော်ငြာ အားပဲကောင်းနေတာလား၊ တကယ်ကောင်းတာလားဆိုတာမသိလို့ ဒီ အတိုင်းနေနေတာ၊ အဲဒီဘက်မှာ ကျွမ်းကျင်နားလည်တဲ့သူရှိလို့ မေးကြည့် လို့ရရင်တော့ ကောင်းတာပေါ့လေ၊ တချို့သင်တန်းတွေက အလိမ်အညာ တွေရှိသလို သူတို့ထုတ်ပေးတဲ့ အောင်လက်မှတ်က ဘယ်နိုင်ငံမှာမှ သုံးစားလို့မရ၊ အသိအမှတ်ပြုမခံရ၊ တရားမဝင်တာတွေက ရှိသေးတယ်"

"အေး အဲဒါလည်း ဟုတ်တာပဲ၊ ဒါဆိုရင်တော့ သေချာမေး ကြည့်ရမယ်၊ သားလည်း ဘာသာစကားတွေ သင်ခဲ့ဖူးတယ်၊ ကွန်ပျူတာ ကျွမ်းကျင်အဆင့် ဒီပလိုမာတွေလည်း ယူထားတာ၊ သားတက်တဲ့ သင်တန်း တွေကတော့ တော်တော်ကောင်းတာနော်"

"ဟုတ်တယ် ဟုတ်တယ် နောက်နေ့မှ တူလေးကိုမေးကြည့်ပြီး အကူအညီတောင်းရမယ်၊ ရှင်းလှဲ့ ဘာမှစိတ်မပူနဲ့တော့ သိလား အဆင် ပြေသွားမှာပါ"

"အဲဒီလူကြီးက စေတနာပါပါ ကူညီချင်စိတ်ရှိပြီးမှကိုး"

"ဩော် ဒီလောက်တော့ လုပ်ပေးရမှာပေါ့ကွယ်၊ ဒါလေးမှ မကူညီချင်ရင် အန်တီလေးတို့ ပြတ်ပြတ်သားသား ပြောမယ် စိတ်ချ တဲ့ပါ အခု ဈေးသွားမယ်ဆို"

"ဟုတ်"

"ဒါဆို အန်တီလေး အဝတ်အစားသွားလဲလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လဲမနေပါနဲ့တော့ အန်တီလေးရယ်၊ အန်တီလေးရော အန်တီညိုရော အိမ်နေရင်းအဝတ်အစားနဲ့တောင် တော်တော်လေး လှနေပါပြီ"

"ဟုတ်လား တကယ်လားကွဲ့"

"ဟုတ်ပါ့မလားကွယ်"

အန်တီညိုနှင့် အန်တီလေးတို့ သူတို့ကိုယ်သူတို့ ဟိုလှည့်ဒီလှည့်ကြည့်ကာ မေးကြသည်။ ဟန်ဆောင်ပြောပြော အပိုပြောပြော ချောတယ်လှတယ်ပြောလျှင် အသက်ကြီးကြီးငယ်ငယ် သဘောကျကြတာပဲ မဟုတ်လား။

"ဟုတ်ပါတယ် အန်တီတို့ရဲ့အသက်အရွယ် ငါးဆယ်ကျော်တွေလို့ ဘယ်လိုမှ မထင်ရဘူး၊ စိတ်ပျိုတော့ ကိုယ်နု စိတ်ကောင်းတော့ ကိုယ်လှတယ်တဲ့၊ သူတစ်ပါးအပေါ် စိတ်ကောင်းထားရင် အိုစာတာ နောက်ကျတယ်တဲ့လေ၊ သူ့အရွယ်နဲ့သူ အိုနာသေဘေးဆိုတာရှိပြီး ပုထုဇဉ်မှန်သမျှ ဒါတွေကို ဘယ်သူမှ မကျော်လွှန်နိုင်ဘူးဆိုပေမယ့် အမှားကင်း အပြစ်အနာအဆာကင်းတဲ့သူတွေက အလိုလို ကျက်သရေရှိနေကြတာပဲ"

"အံမယ် ရှင်းလဲ့လေးက ဒါတွေလည်း သိတာပဲလား မထင်ရဘူး ကြည့်စမ်း"

"ရှင်းလဲ့ကို ပေါ့လွှာလွှာနေ မရင့်ကျက်သေးဘူးဆိုပြီး အထင်တော့ မသေးလိုက်ပါနဲ့နော်၊ မေမေက ဥပုသ်ကျောင်းကို အမြဲတမ်း ခေါ်သွားတယ်၊ အဲဒီနေ့ဆို တစ်နေ့လုံး တရားစာအုပ်တွေပဲ ဖတ်နိုင်းတာ၊ တခြားနေ့တွေ ဘာလုပ်လုပ်ခွင့်ပြုပေမယ့် နည်းနည်းဆိုတာပြောတာလေးကလွဲရင်ပေါ့လေ၊ အဟဲ ဥပုသ်နေ့ကတော့ လုံးဝလုံးဝ အလစ်မပေးဘူး၊ တရားနာ တရားထိုင် တရားစာအုပ်ဖတ် မေမေနဲ့အကုန်အတူတူလုပ်ရတာပဲ"

"ကောင်းပါလေ့ကွယ်၊ ခင်တို့ကတော့ သားသမီးဆုံးမတာ





တကယ့်ချီးကျူးစရာပါပဲ၊ လူငယ်သဘာဝက လူငယ်သဘာဝပဲ၊ ဒါမျိုးလေးတွေနဲ့ ကြပ်မတ်ထားတော့ အမှားကြီးကြီးမလုပ်မိဖြစ်တော့ဘူးပေါ့၊ ဒါကြောင့် ရှင်းလဲ့လေးက လိမ္မာသိတတ်ပြီး လူမှုဆက်ဆံရေးကောင်းတာဖြစ်ရမယ်"

"အဲဒီလိုလည်း အချီးကျူးမစောနဲ့ဦး၊ ရှင်းလဲ့က ကိုယ့်အပေါ်ကောင်းတဲ့သူကိုသာ ပြန်ကောင်းတတ်တာ၊ မကောင်းတဲ့သူကတော့ ပြန်ဆော်လိုက်တာပဲ၊ ထစ်ခနဲဆို စိတ်ကထိန်းလို့မရဘူးလေ၊ နောက်တော့ မှားမှန်းတော့သိပါတယ်၊ ဆင်ခြင်ဖို့လည်း စိတ်ကူးမိတယ်၊ ဒါပေမဲ့ အဲဒီလူ ကိုယ့်အပေါ်မကောင်းသေးသရွေ့တော့ ကိုယ့်စိတ်ကလည်း ပြင်ဖို့ခက် တယ်"

"လူငယ်ဆိုတော့လည်း ဒီလိုပဲပေါ့ကွယ်၊ အန်တီတို့ငယ်ငယ်တလည်း အဲဒီလိုမခံချင်စိတ်ကလေးတွေ ရှိခဲ့ကြတာပါ၊ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်လေးတွေ တုံ့ပြန်ချင်တာလေးတွေ ကျော်သွားတယ်ထင်လို့ ပြန်ကျော်လိုက်ရမှ ကျေနပ်တတ်တာမျိုးလေးတွေပေါ့"

"အသက်ကြီးလာတော့လည်း ကြီးလာသလို ရင့်ကျက်သွားရတာချည်းပါပဲ၊ အင်း သားကတော့ ငယ်ငယ်တည်းက ရင့်ကျက်တယ်ပြောရမလား၊ အရွယ်ရောက်မလာခင်လေးတည်းက မိသားစုက အဆင်ပြေပြေလေးဖြစ်လာပြီဆိုတော့ အဲဒီအပေါ်မှာ ဘဝင်မြင့်ကြီးကျယ်သွားသလားတော့ မပြောတတ်တော့ပါဘူး၊ ပတ်ဝန်းကျင်နဲ့တောင်မဟုတ်ဘူး၊ မိသားစုအပေါ်မှာပါ နွေးထွေးမှုနည်းတယ်လေ၊ တွေ့တယ်မဟုတ်လား သူနေမကောင်းနေတာတောင် မိသားစုက ဂရုစိုက်တာကို ပိုတယ်လို့ ထင်ချင်သေးတာ"

"တစ်ယောက်တည်းနေတတ်တဲ့အကျင့်ပါတဲ့သူတွေက အဲဒီလိုတွေဖြစ်တတ်ကြတာများတယ်၊ သူတို့ကိုယ်သူတို့ ပျော်ရွှင်ချိန်ပြီး အထီးကျန်နေတယ်ဆိုတာကို သိပ်နားမလည်ကြဘူး၊ ဒါပေမဲ့ အဲဒီလိုလူမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



က တခြားသူတွေထက်ပိုပြီး သိမ်ငယ်တတ် အားငယ်တတ်ကြတယ်၊ အဲဒီအချိန်မျိုးမှပဲ မိသားစုမေတ္တာနွေးထွေးမှုဆိုတာ ဘယ်လိုအရေးပါတယ်ဆိုတာ နားလည်သွားတတ်ကြတာလေ၊ အဲဒီအချိန်မတန်ခင်တော့ မာန်တက်လို့ကောင်းတုန်းပေါ့''

''အဲ ငါတို့လည်း တူလေးအကြောင်းပဲ အတင်းပြောစရာရှိသလိုဖြစ်နေတယ်၊ သွားမယ် သွားမယ် ဈေးသွားကြမယ်၊ အစ်ကိုကြီးလည်း အဲဒီဟင်းဆို တော်တော်ကြိုက်မှာ၊ တူလေးမရှိလို့ ကုမ္ပဏီသွားနေရတာဆိုတော့ အပြန်ကျရင်တော့ အပြတ်ဆွဲလိမ့်မယ်''

''ကဲ သွားကြမယ်လေ၊ ကားကို လှိုင်ပဲမောင်း၊ ရှင်းလဲ့က လမ်းမကျွမ်းသေးတော့ မောင်းခိုင်းလို့မဖြစ်သေးဘူး''

''အင်း အဲဒါလည်း အလေ့အကျင့်လုပ်မှရမှာ၊ ရှင်းလဲ့ သွားချင်တဲ့နေရာရှိရင် အိမ်ကကားတွေ ကြိုက်တဲ့ကား ယူမောင်းနော်၊ လမ်းမှားတောင် မေးပြီး မောင်းပြန်လို့ရတာပဲ၊ ဘာမှတွေးကြောက်မနေနဲ့''

''ဟုတ်ကဲ့ပါ အန်တီ''

အားလုံးက သဲဘောကောင်းကြသည့်အတွက် သူမ နေရထိုင်ရတာ အဆင်ပြေပါသည်။ ဟိုလူတစ်ယောက်ပဲ မှန်းဖို့ကောင်းနေတာ။ ဘာတွေမာန်တက်ပြီး ဒီလိုများနေနေတာလဲ။

မိသားစုတွေက နွေးထွေးပျူငှာသလောက် သူကတော့ သူစိမ်းဆန်လှသည်။ သူမကို ငယ်ငယ်ကချိုးပိုးထိန်းကျောင်းခဲ့ဖူးသည်ဆိုတာ ဟုတ်ရဲ့လား။ ဒီလိုလူမျိုးကို သူမက နှစ်နှစ်ကျော် သူက ငါးနှစ်ကျော်အသက်သုံးနှစ်လောက်ကွာဟသည်ဆိုပေမယ့် ရှိရှိသေသေ လေးလေးစားစား ဆက်ဆံမနေနိုင်။

သူကတောင် သူစိမ်းဆန်သေးတာ သူမက ဘာလို့ ဖော်ရွေလိုက်လျောနေရမှာလဲ။ သူမအကြောင်း ဒီလူမသိသေးလို့ပါ။





နည်းနည်းလေးမှ သေးသေးတင်မခံတတ်တာ၊ အကျော့နှင့်တော့ အဆက်ဆံနှင့်။ နှစ်ဆလောက်ပြန်ကျော့လိုက်ရမှ စားဝင်အိပ်ပျော်တတ်သည့် ရှင်းလဲ့ချိုပါ။

စောင့်ကြည့်သွားလိုက် မင်းဖုန်းမြတ်။

■ ■ ■



www.burmeseclassic.com

# အခန်း (၁၁)

"အမဲသားနှပ်လေး ကောင်းလိုက်တာ သားရယ်၊ သာ
နလံထစဆိုတော့ ခံတွင်းလိုက်မှာ ချဉ်ပေါင်ဟင်းလေးက ချဉ်ချဉ်လေ
သားအိပ်ပျော်နေတာနဲ့ မနိုးတာ သားရဲ့၊ မေမေတို့တောင် စားပြီးသွာ
စား သား"

"ဟုတ်ကဲ့ မေမေ"

ထမင်းဝိုင်းထိုင်လိုက်တာကိုက အားမရှိသေးသည့်ပုံပါ။

ယောက်ျားလေးဖြစ်ပြီး ဒီလောက်နွဲ့တာတော့ တွေ့တောင်မတွေ
ဖူးပေ။ တကယ်ကို အနေအထားပတ်ပြီးဖျားတာ ပြင်းထန်သွားလို့လည်း ဖြစ်
သည်။

"စားလို့ကောင်းလား သား"

"ကောင်းတယ် ဘယ်သူချက်တာလဲ"

"ဩော် မေမေတို့ချက်တာပေါ့ သားရယ်"

မင်းဖုန်းမြတ် မျက်လုံးတစ်ချက်လှန်ကြည့်သည်။ ဒေါ်က
ညိုကဲ ရှင်းလဲ့ချို ချက်တာလို့ပြောလိုက်လျှင် မစားဘဲထသွားမှာ
လိမ်ညာလိုက်တာကို ယုံချင်ပုံမရပေ။





"အရင်က မေမေတို့ချက်တာနဲ့ မတူသလိုပဲ၊ အခုဟာက အချို
အငန့်လည်းထိတယ်၊ အမဲသားက နှပ်ပေမယ့် ပျော့ပြဲသွားတာလည်း မဟုတ်၊
ဆီရေအနှစ်ကအစ အရသာရှိတယ်၊ အရင်ကပျော့ပြဲပြဲနဲ့ အသားတွေက
ကျေနေတာ စားရတာတစ်မျိုးကြီး"

"ဩော် ဒီလိုပဲ တစ်ခါအဆင်မပြေတော့လည်း နောက်တစ်ခါ
အဆင်ပြေအောင် ချက်ရတာပေါ့ကွယ်၊ သားစားကောင်းတယ်ဆိုတော့
မေမေတို့ဝမ်းသာပါတယ် ဩော် ဒါနဲ့ သား"

"ဟုတ်ကဲ့ ပြောပါ မေမေ"

ထမင်းနှင့်ဟင်းကို သေသပ်စွာစားရင်း ဒေါ်ကလျာညို ဘာ
ပြောမလဲ နားစွင့်နေသည်။ ရှင်းလဲ့ချိုကတော့ ပန်းကန်တွေကူဆေးပေး
ရင်းနှင့် အာရုံမထားပါ။

"ပြောလေ မေမေ"

"ဩော် ဒီလိုပါ၊ သားနေမကောင်းလို့ အလုပ်နားလက်စနဲ့လေ
ရှင်းလဲ့ချိုအတွက် သင်တန်းကောင်းတာ ရှာပေးရင်း အပ်ပေးပါလားလို့
ပြောမလို့ပါ၊ သားလည်း တက်ဖူးတာဆိုတော့ ကောင်းတာ မကောင်းတာ
သားသိပြီးသား မဟုတ်လား"

"သိတော့ သိပါတယ်၊ ဒါပေမဲ့ ရှုပ်ရှုပ်ယှက်ယှက် မေမေရား
သူ့ဘာသာစုံစမ်း သူ့ဘာသာတက်ပါလိမ့်မယ်၊ အဲဒီကောင်မလေးနဲ့
မပတ်သက်ချင်ပါဘူး"

"ဩော် သားရယ် မပတ်သက်ချင်တိုင်း စိမ်းစိမ်းကားကားနေ
ရမယ့်သူမျိုးမဟုတ်ဘူး၊ သူ့မိဘတွေက မေမေတို့ကို အကူအညီတွေ
အများကြီးပေးခဲ့ဖူးတယ်၊ ကျေးဇူးတွေလည်း အများကြီးရှိတယ် သား၊ မေမေ
တို့ဘက်က ဒီလောက်လေးမှ ပြန်ကူညီမပေးနိုင်ရင် ရိုင်းရာစော်ကားရာ
ကျမှာပေါ့ သားရယ်"

www.burmeseclassic.com



"ဒီကောင်မလေး မလွယ်ကြောနော် မေမေ၊ အဆင်ခပြေပြေ ဆက်ဆံတတ်တဲ့သူမျိုးမဟုတ်ဘူး။ အရမ်းရိုင်းတာ"

"မေမေတို့အပေါ်တော့ အဲဒီလို တစ်ခါမှမလုပ်ဖူးပါဘူးကွယ်၊ လူငယ်ဆိုတော့ သူ့အပေါ်ရိုင်းရင် ပြန်ရိုင်းတတ်တာမျိုးတော့ ရှိချင်ရှိ မှာပေါ့"

မင်းဖုန်းမြတ် ထမင်းပင်စားချင်စိတ်မရှိသလို စိတ်ပျက်လက် ပျက်ဖြစ်သွားသည်။ ဒါပေမဲ့ မစားဘဲလည်း မနေနိုင်ပါ။

အမဲသားနှပ်က အရသာရှိလှသလို ချဉ်ပေါင်နှင့်မျှစ်ချက်တာ ကလည်း ငရုတ်သီးထောင့်လှော်လေးဖြင့် စားရတာ နလန်ထမှာ ခံတွင်း မြိန်စေလှသည်။

ဒီလိုဟင်းချက်လက်ရာ ငယ်ငယ်ကစားဖူးသလို ခံစားရ၏။ သူ စားချင်သည်ဆိုပြီး မေမေတို့ချက်ကျွေးသော်လည်း သူ တောင့်တသည့် အရသာတော့ မဟုတ်ခဲ့ပေ။

အခုမှသာ ဆန္ဒတွေပြည့်သလိုဖြစ်နေတာ။ သူက ထမင်းဟင်း ကို အရသာရှိရှိ စားချင်သူမဟုတ်လား။ ယိမ်းသံစဉ်နှင့်ဟိုတယ်တွေမှာ စားရတာကို သူ သိပ်စိတ်မပါ။

ဈေးကြီးပေးရပြီး ခံတွင်းမတွေ့တာ ဘယ်လိုလုပ်မလဲ။ ဒါပေမဲ့ ယိမ်းသံစဉ် နိုင်ငံခြားအစားအစာတွေကို ဟိုတယ်တကာလှည့်စားရတာ သဘောကျပုံရသည်။

"သား မေမေပြောတာ သဘောပေါက်ရဲ့လား။ နားရော ထောင် နေရဲ့လား သား"

"ဟုတ်ကဲ့ ဒါပေမဲ့"

"မေမေတို့မျက်နှာ ထောက်ထားပြီး ဒါလေးတစ်ခုတော့ ကူညီ ပါသား။ ရှင်းလွဲ့ချိုရောက်လာကတည်းက သူကသာ မေမေတို့အိမ်မှုကိစ္စ မီးဖိုချောင်ကိစ္စ ကူညီပေးနေတာ၊ မေမေတို့က ဘာမှမလုပ်ပေးရသေးဘူး





ဒီသင်တန်းကိစ္စတွေဆိုတာလည်း မေမေတို့က ဘာမှနားမလည် မသိလို့ သားကိုအကူအညီတောင်းတာပါ"

"သား စုံစမ်းကြည့်ပေးပါမယ်"

"စုံစမ်းကြည့်ပေးရုံလောက်နဲ့ မဖြစ်သေးဘူး သား၊ ရှင်းလွဲ့က ရန်ကုန်ကို တစ်ခေါက်မှရောက်ဖူးတာမဟုတ်တော့ သွားတာလာတာ လမ်း ကြောင်းလေးပါသိအောင် သင်တန်းကို တစ်ခါတည်းအပ်ပေးပါ၊ ပို့တာကြို တာလေးလည်း အလျဉ်းသင့်သလို လုပ်ပေးပါ သား"

"ဟာ အဲဒါတော့ လုံးဝမဖြစ်ဘူး မေမေ၊ သားစက်ရုံ ကုမ္ပဏီနဲ့ သူ့သင်တန်းတက်ရမယ့်နေရာဆိုတာက တခြားစီ၊ သူ့အတွက် တကူး တကလုပ်ပေးနေရအောင် သား အားယားနေတဲ့သူမဟုတ်ဘူး"

သားရဲ့ခါးခါးသီးသီး ငြင်းဆိုမှုကြောင့် ရှင်းလွဲ့ချိုကို နောက် လှည့်ကြည့်ကာ ဒေါ်ကလျာညို အားနာသွားရသည်။ ဒါပေမဲ့ ရှင်းလွဲ့ချို က လုပ်စရာရှိတာလုပ်နေပြီး အာရုံမထားသလိုဖြစ်နေတာမို့ တော်ပါ သေးသည်။ သားကို တိုးတိုးတိတ်တိတ်နှင့်ပင်

"သားရယ် သူရှိနေတဲ့မှာကို တိုးတိုးတိတ်တိတ် ပြောပါကွယ်၊ ဘယ်လောက်တောင် အားနာစရာကောင်းလဲ"

"သူကတောင် သူများအိမ်လာနေပြီး အားနာတတ်တာမှ မဟုတ်တာ၊ သားက ဘာအားနာနေရမှာလဲ၊ သား ရှင်းရှင်းပဲပြောထား မယ်၊ သင်တန်းစုံစမ်းပြီး အပ်ပေးမယ်၊ ကျန်တာ သား ဘာတာဝန်မှ မယူနိုင်ဘူး"

"သားသဘောပဲကွယ်၊ သားလုပ်ပေးနိုင်သလောက်သာ လုပ် ပေးပါတော့၊ မေမေလည်း ဒီထက်မပြောချင်တော့ဘူး"

ဒေါ်ကလျာညို စိတ်ပျက်စွာပြောပြီး ထသွားတော့ မင်းဖုန်းမြတ် ထမင်းကို မြိန်ရေယှက်ရေ ဆက်စားနေသည်။ ရှင်းလွဲ့ချို အားကိုးစေး



www.burmeseclassic.com

www.burmeseclassic.com



ကြော့ပြီးသည်နှင့် လက်သုတ်ပဝါနှင့် လက်သုတ်ရင်း မင်းဖုန်းမြတ်အနား လျှောက်သွားလိုက်၏။ ပြီးမှ ခပ်ထေ့ထေ့ပြုံးကြည့်ပြီး

"အဲဒီ အမဲသားနှပ် အရမ်းအရသာရှိတာပဲလား၊ အဲဒါ နှပ်ချေးထွက်တာကို လက်နဲ့ညှစ်ပြီး လက်မဆေးမိဘဲ နယ်ချက်ထားတာ"

"ဘာ"

"သြော် လက်ရာစားကြည့်ရင် ခင်ဗျားကြီးမေမေတို့ချက်ကျွေးတာနဲ့မတူတာ ခန့်မှန်းမိမှာပေါ့၊ ဒါဆို ကျွန်တော်ချက်တာပဲဖြစ်ရမယ်လေ ဟုတ်တယ်မဟုတ်လား၊ အဲဒါ အင်း ခုနပြောသလို ချက်ထားတာပါဆို"

"အော့ ထွီ"

"အဟင်း"

"မင်း မင်းတော်တော်ယုတ်ညံ့တဲ့မိန်းကလေး အော့"

"အဲဒါ ရှင်းလွဲချိုပဲ မှတ်ထား"

"အေး မင်း တွေ့မယ်"

မင်းဖုန်းမြတ် အံကြိတ်ကာ ကြိမ်းဝါးလည်း ရှင်းလွဲချို မမှုပါ။ သူများကို မှိုချိုးမျှစ်ချိုး မစာမနာပြောတတ်သည့်သူ ဒီလောက်တော့ တုံ့ပြန်ပေးရမှာပေါ့။

အရမ်းကို သန့်ပြန့်မြင့်မြတ်သည့်လူကြီး ဘေစင်မှာအော့အန်နေတာမြင်ရတော့ ကျေနပ်လိုက်သည့်ဖြစ်ခြင်း။

နောက်ဒီထက်ပိုဆိုးမယ် မင်းဖုန်းမြတ် မှတ်ထား။

■ ■ ■



## အခန်း (၁၂)

"ဒီနေရာကနေ ကားငှားပြန်လိုက်တော့၊ ငါ ကုမ္ပဏီမှာ အရေးကြီးကိစ္စပေါ်လာလို့"

"ဘာ"

မင်းဖုန်းမြတ် ပညာပေးဖို့ ဆုံးဖြတ်လိုက်မှန်းသိပေမယ့် သူမ မျှော်ခနဲတော့ တုန်ခါသွားသည်။ သင်တန်းကို သေချာလိုက်ပေးလို့ ကျေးဇူးတင်ဖို့စဉ်းစားနေမိသည့်စိတ်ကလေးတောင် ဘယ်ရောက်သွားမှန်းမသိပါ။

မင်းဖုန်းမြတ်က ကားကိုလမ်းဘေးချရပ်ထားသော်လည်း စက်မရပ်သေးဘဲ သူမကို ကားပေါ်က ဆင်းသွားစေချင်သည့်ဆန္ဒရှိပုံပင်၊ သူမက သွားဖူးလာဖူးမရှိ၊ ဘယ်နေရာရောက်နေမှန်းလည်း မသိတာမို့ ကားပေါ်က ဆင်းဖို့ တွေဝေစိုးရွံ့မှုရှိနေတာကို မင်းဖုန်းမြတ် စိတ်မရှည်စွာဖြင့်

"ဘာလုပ်နေတာလဲ ဆင်းလေ၊ ငါ့မှာအချိန်မရှိဘူး"

"ခင်ဗျား အချိန်မရှိတာက အရေးမကြီးဘူး။ ကျွန်တော်က အိမ်ရောက်အောင် ဘယ်လိုပြန်ရမှာလဲ"

"ဘယ်လိုပြန်ရမှာလဲ လိပ်စာပြောပြီး တက္ကစီငှားပြန်ပေါ့၊ ဘာခက်တာမှတ်လို့"

"ခင်ဗျားတို့ရန်ကုန်က တက္ကစီသမားတွေ ကျွန်တော်က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုယုံရမှာလဲ၊ လိပ်စာပေးလည်း မအူမလည်ဖြစ်နေရင် ရှိက်စားလုပ်သွားတော့ ဒုက္ခ''

"မင်းပုံစံ အဲဒီလိုကြောက်တတ်မယ် မထင်ရပါဘူးကွာ၊ မင်းလိုလူမျိုးကို ဘယ်သူကမှလည်း ဘာမှမလုပ်ဘူး။ ငါ့ကားပေါ်ကသာ ဆင်း"

"ခင်ဗျား ညစ်ပတ်နေတာ ကျွန်တော်သိတယ်၊ ကျွန်တော့်ကို ကျိုးသွားအောင် ချိုးချင်နေတာမဟုတ်လား။ အဲဒီလောက် စိတ်မာတဲ့ အောက်တန်းမကျစမ်းပါနဲ့ဗျာ၊ ကျွန်တော့်ကို အိမ်ရောက်အောင် လိုက်ပို့ပြီးမှ ခင်ဗျားသွားချင်ရာ သွားပါ''

"ဟ မင်းကိုလိုက်ပို့ဖို့ အချိန်မရတော့လို့ ဒီလောက်လေကုန်ခံပြောနေတာပေါ့ကွ၊ မနက်ကတည်းက မင်းအတွက် အချိန်ကုန်ခံလိုက်လုပ်ပေးနေတဲ့ ကျေးဇူးကိုလည်း သိတတ်စမ်းပါဦး''

"ခင်ဗျား အဲဒါ ခက်တာ၊ အိမ်ကနေ ဘယ်အချိန်ထွက်လာတာလဲ အခု ဘယ်အချိန်ရှိနေပြီလဲ၊ ဗိုက်ရောဆာလောက်ပြီလား။ လမ်းမှာကြာမှာနဲ့ အိမ်ပြန်ရောက်မယ့်အချိန်နဲ့ ခင်ဗျား စဉ်းစားကြည့်စမ်းပါဦး''

"ဘာစဉ်းစားစရာလိုသလဲ၊ ငါမှ ဗိုက်မဆာတာ''

"ခင်ဗျားမဆာတိုင်း ကျွန်တော့်ဗိုက်က မဆာရတော့ဘူးလား"

"အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ''

"ဟာ ခင်ဗျားကလည်း ဝေးလိုက်တာ၊ မုန့်လေးဘာလေး လိုက်ဝယ်ကျွေးပေါ့ဗျ''

"မင်းကမှ ပိုဝေးတာ၊ မင်းနဲ့ငါ ဘယ်လောက်တောင် ရင်းနှီးပတ်သက်ကြလို့ ငါက အဲဒီလိုတွေလိုက်လုပ်ပေးရမှာလဲ၊ အခု မင်းကို သင်တန်းလိုက်အပ်ပေးတာတောင် မေမေတို့ကြောင့်မဟုတ်ရင် မင်းကို ငါ့ကားပေါ်တင်ခေါ်စရာအကြောင်းကိုမရှိတာ''

"သိပါတယ် ခင်ဗျား တစ်ကိုယ်လုံးမှာ စိတ်ပုတ်စိတ်ယုတ်တွေပဲ





ပြည့်နှံ့နေတယ်ဆိုတာ ရုပ်ရည်နဲ့မလိုက် ချီးထုပ်ပဲ''

"ဟိတ် မင်း စကားပြောရင် အောက်လုံးက မလွတ်ဘူး။ လူကြီးလူကြီးမှန်းမသိ အရမ်းမိုက်ရိုင်းတာ၊ အဲဒါတွေကြောင့် မင်းလိုမိန်းမမျိုးနဲ့ မပတ်သက်ချင်တာပဲ၊ အဆင့်အတန်းကိုမရှိဘူး''

"ခင်ဗျားကရော ဘယ်လောက်တောင် အဆင့်အတန်းရှိနေလို့လဲ၊ သူများအဖိုးတန်သမီးက ပြောလိုက်ရင် အားမနာပါးမနာ ပိုးစိုးပက်စက်''

"မင်းနဲ့တန်တဲ့စကားပြောတာ''

"ကျွန်တော်ကလည်း ခင်ဗျားနဲ့တန်တဲ့စကား ပြောတာပဲ''

"သွားကွာ ရှုပ်တယ် ကားပေါ်ကဆင်းတော့''

"ဟာ ပေ့လူ ခင်ဗျားကြီး''

ကားပေါ်က ဖွတ်တွန်းတွန်းချခံရတာမို့ သူမ ဘာမှမတတ်နိုင်တော့။ သူမ ကားအောက်ရောက်သွားသည်နှင့် ကားတံခါးကို ဆောင့်ပိတ်ကာ မင်းဖုန်းမြတ် ကားကို ဂူးခနဲ မောင်းထွက်သွားသည်။

ဖရိုဖရဲပါလာသော စလင်းဘတ်အိတ်လေးကို စလွယ်သိုင်းလွယ်ပြီး သူမ မခံချင်စိတ်ဖြင့်, တက်ခေါက်အံကြိတ်မိလိုက်၏။

ဒီလူ တမင်လုပ်ချသွားတာ။ သူ့အလှည့်ဆိုတော့လည်း လုပ်ထားဦးပေါ့လေ။

"ဟား ဗိုက်ကလည်း ဆာလိုက်တာ''

ဝက်သားတုတ်ထိုးဆိုင်ကို ခပ်လှမ်းလှမ်းမှာ လှမ်းမြင်လိုက်တော့ အဆင်ပြေသွားမိသည်။ မနက်စာ မုန့်ဟင်းခါးတစ်ပွဲပဲ စားရသေးတာမို့ အခု နေ့လယ်တစ်နာရီကျော်အချိန်မှာ ဘယ်လိုလုပ် ဗိုက်ကခံနိုင်ရည်ရှိတော့မှာလဲ။

"ကြာဇံကြော်တစ်ပွဲ ခေါက်ဆွဲကြော်တစ်ပွဲ ဟင်းရည်လည်း [illegible]၊ တုတ်ထိုးလည်း စားမှာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အသုပ်သုပ်တုန်း တုတ်ထိုးစားထားလေ"

သူမ အငမ်းမရဖြစ်နေပုံကို ဆိုင်ရှင်က သဘောပေါက်ပုံရ သည်။ သူမလည်း ဟန်ဆောင်မနေတော့ဘဲ အမျိုးအမည်ပေါင်းများစွာသော တုတ်ထိုးတွေကို တစ်ခုချင်း အချဉ်ရည်နှင့်တို့ကာ စားပစ်လိုက်၏။ ကြာဇံကြော်သုပ်ပြီးသွားတော့ ကြာဇံကြော်နှင့်တုတ်ထိုးတွေ စားလိုက်၊ ခေါက်ဆွဲသုပ်ပြီးသွားပြန်တော့ ခေါက်ဆွဲသုပ်စားလိုက် ဟင်းရည်တွေ သောက်လိုက်ဖြင့် တော်တော်များများစားပြီးခါမှ ဗိုက်က နေသာထိုင်သာ တင်းတိမ်သွားသည်။

"စားလို့အဆင်ပြေလား ညီမလေး"

"ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ စားလို့ကောင်းတယ် ဗိုက်ဆာနေလို့လားမသိဘူး"

"စားသုံးသူအပေါ် စေတနာထားပြီး ကောင်းကောင်းလေးလည်း လုပ်ပေးထားလို့ပါကွယ်၊ မကောင်းရင်တော့ ဗိုက်ဘယ်လောက်ဆာဆာ ဘယ်လိုလုပ် အရသာရှိမှာလဲ"

"အဲဒါလည်း ဟုတ်တာပဲ၊ ဒါနဲ့ စပ်စုလို့ရလားဟင်"

"ရပါတယ်ကွယ် ဘာစပ်စုချင်လို့လဲ"

"ဒါရောင်းတာ ဘယ်လောက်မြတ်လဲဟင်"

"ရှစ်ထောင်တစ်သောင်းပေါ့ကွယ်၊ တစ်ခါတလေ ရောင်းကောင်းတဲ့အခါကျတော့လည်း တစ်သောင်းခွဲလောက်မြတ်တာပေါ့"

"ဦးလေးကြီးမှာ မိသားစုရှိလား၊ ပိုလျှံမှာပေါ့နော်"

"ဘယ်ပိုလျှံရမလဲ ညီမရယ်၊ ကလေးနှစ်ယောက်ကျောင်းစရိတ် အိမ်မိသားစုစရိတ်၊ ရပ်ရေးရွာရေး သာရေးနာရေးက ရှိသေးတယ်၊ တကယ့်တကယ် ကျန်းမာရေးမကောင်းဘူးဆိုရင် ဆေးကုစရာမရှိလို့ ပိုက်ဆံချေးရပြန်ပြီ၊ အိမ်လစာ စပေါ်ပေးရမယ်ဆိုရင်လည်း ချေးရပြန်ပြီ၊ အဲဒါတွေ





ဖြန့်ဆပ်နေရတာနဲ့ လုံးလည်ချာလည်လိုက်နေတော့တာပါပဲ၊ ကုန်ဈေးနှုန်းက ကျသွားတယ်မရှိ၊ အိမ်လစာက ကျသွားတယ်မရှိနဲ့ ငွေရှာရတာ အရမ်းခက်ပန်းပါတယ်"

"သားသမီးတွေကို ပညာတတ်အောင်သင်ပေးထားပေါ့၊ နောင်တစ်ချိန် အားကိုးလို့ရအောင်"

"အဲဒီလို ရည်ရွယ်ချက်နဲ့တော့ ကြိုးစားနေတာပါပဲကွယ်၊ ဒါပေမဲ့လည်း သားသမီးဆိုတာ မိဘဥပင်ပန်းတာ သိဦးမှကိုး၊ အခုခေတ် သားသမီးတွေကတော့ မျှော်လင့်လို့ရတာ နည်းကြပါတယ်၊ မိဘကတော့ ပေးဆပ်နိုင်သလောက် ပေးဆပ်ရမှာပေါ့လေ"

"အဲဒီလို စိတ်ကိုလျှော့ထားတော့လည်း စိတ်သက်သာတာပေါ့ ဦးလေးရယ်၊ မျှော်လင့်ပြီး မျှော်လင့်သလို ဖြစ်မလာမှ စိတ်ဆင်းရဲရမှာ၊ ဒါနဲ့ ဦးလေး ဒါက ဘယ်နေရာလဲဟင်၊ တက္ကစီတွေသွားတာလာတာ သိပ်မတွေ့သလိုပဲ"

"ဒါသာကေတလေ၊ စက်မှုဇုံတော့ စက်မှုဇုံတက်ပဲ၊ ဒါပေမဲ့ ဒီဘက်ဆက လူသွားလူလာ ရှင်းတော့ တက္ကစီတွေ လိုင်းကားတွေ သိပ်မလာဘူး၊ စက်မှုဇုံဘက်ခရီးသည်ပို့ရတဲ့တက္ကစီတွေလောက်ပဲ လာတာ"

"ရှင်"

"မိန်းကလေးက ဘယ်သွားမှာမို့လဲ"

"ဗဟန်းဘက်ကိုပါ"

"ဩော် ဒီဘက်ကိစ္စရှိလို့ ဒီဘက်ရောက်လာတာလား"

"မဟုတ်ဘူး လှည်းတန်းဘက်ကို သင်တန်းသွားအပ်တာ"

"ဘယ့်နှယ် လှည်းတန်းနဲ့ ဗဟန်းက နီးတဲ့ဉစ္စာ၊ ဒီဘက်လမ်းမှားပြီး ရောက်လာတာလား အတော်ကို မနီးစပ်တာပဲ"

"ကျွတ် ဟိုလူ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ မိန်းကလေး"

"ဩော် ဟိုဟာပါ ဟိုဒင်း ကျွန်တော့်ကို တစ်ခုလောက်ကူညီပါလား ဦးလေး၊ ဒီဘက်ကိုလာတဲ့ တက္ကစီရှိရင် ဗဟန်းဘက်ကိုသွားချင်လို့ တားပေးစမ်းပါ"

"အေး အေး ရပါတယ်ကွယ် ကူညီရမှာပေါ့"

"ကျေးဇူးပါပဲ ကျွန်တော်စားတာ ဘယ်လောက်ကျလဲ ဦးလေး"

"အေး ခဏနော်"

တုတ်ထိုးသည့် ဦးလေးကြီးက သူမစားထားသမျှ တုတ်တွေကို ရေတွက်ပြီးမှ

"အသုပ်ရောဆိုရင် သုံးထောင့်ရှစ်ရာကျတယ် မိန်းကလေး၊ မနည်းစားထားတာပဲ"

"ဗိုက်ဆာဆာနဲ့ တွယ်လိုက်တာလေ ရော့ ပြန်မအမ်းနဲ့တော့နော်"

ငါးထောင်တန်ပေးပြီး ပြန်မအမ်းခိုင်းတော့ ဦးလေးကြီးက အားနာသွားပုံရကာ

"ထပ်စားဦးလေ မိန်းကလေး ကြိုက်တာစား"

"တော်ပါပြီ ဗိုက်ပြည့်သွားပြီ၊ ကားရဖို့ပဲ အရေးကြီးနေတာ"

"ရှာတော့ ရှာပေးမယ့် လာမှာပါ မိန်းကလေးရဲ့၊ ဒီဘက်မလာလည်း ဟိုဘက်မှာ လမ်းမကြီးရှိတယ်လေ၊ လိုင်းကားတွေရော တက္ကစီကားတွေရော ပေါ်မှပေါ၊ ဒီဘက်လမ်းတစ်ခုပဲ ရှားတာ"

မင်းဖုန်းမြတ် တမင်သက်သက် ညစ်ပတ်ယုတ်မာသွားတာ သေချာသွားပြီပေါ့။ သူမကတော့ အိမ်ကထွက်လာတုန်းက နီးသလိုရှိပြီး အပြန်မှာ လမ်းကြိပ်လှူကြပ်မို့ လမ်းရှင်းသည့်ဘက်က မီးပွိုင့်တွေလွတ်သည့်ဘက်က ရွေးမောင်းလို့ အချိန်တွေကြာနေခဲ့သည်ထင်နေခဲ့တာ။ သူမကို ပညာပေးချင်လို့





ဒီနေရာအထိတောင် မောင်းလာခဲ့တာလား။ ဒင်းတော့ တွေ့ဦးမယ်။

"မိန်းကလေး ကားလာပြီကွဲ့"

"ဟုတ်ကဲ့"

တုတ်ထိုးသည့် ဦးလေးကြီး လက်ပြတားပေးတော့ ကားလေးက သူမတို့အနား ထိုးရပ်လာသည်။

"ဘယ်သွားမှာလဲ"

"ဗဟန်းဘက်ပါ ဘယ်လောက်ပေးရမလဲ"

"တစ်သောင်းနှစ်ထောင်"

"ဟယ် များလိုက်တာ"

"များလိုက်တာ လုပ်မနေနဲ့၊ ဒီဘက်ကို ကားတွေက လာတာမဟုတ်ဘူး"

"ဟုတ်တယ် မိန်းကလေး နည်းတယ် များတယ်လုပ်မနေနဲ့၊ ကိုယ်သွားချင်တဲ့နေရာ မြန်မြန်ရောက်ဖို့ အရေးကြီးတယ်"

"ဟုတ်ပါပြီ လိုင်စာအတိုင်းတော့ ရောက်အောင်လိုက်ပို့ရမယ်နော်"

"စိတ်ချပါ ငါးခုံမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်နေတဲ့အထဲတော့ အပါမခံဘူး၊ တက္ကစီသမားတွေက ခရီးသည်တွေဆီက ငါးဆာက်လုတယ်၊ ငါးပြတိုက်တယ်သာပြောနေကြတာ၊ တက္ကစီမောင်းသမားတွေခံရတာလည်း နည်းတာမဟုတ်ဘူး"

တက္ကစီသမား စကားများတာ နားထောင်မနေနိုင်။ စိတ်ထဲမှာ အုန်နှံ ခံပြင်းနေသော ဒေါသများဖြင့် အိမ်ကိုသာ အမြန်ပြန်ရောက်ချင်နေခဲ့သည်။ သူ့ဘက်က သူမနှင့်ပတ်သက်ပြီး ဘယ်လိုခံပြင်းမှုတွေနှင့် ပြန်ချင်နေနေ နေရာဒေသကျွမ်းကျင်မှုမရှိ အစိမ်းသက်သက် ဖြစ်နေသော မိန်းကလေးတစ်ယောက်ကို ဒီလိုတော့ မလုပ်သင့်ဘူးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



နေရပ်လိပ်စာမသိလို့ အန်တီညိုတို့ကို ဖုန်းဆက်မေးလို့ရတာက တစ်မျိုးပေါ့။ အခုက တမင်သက်သက်ကို သူမကို ဒုက္ခရောက်စေချင်တာ သေချာနေသည်။

နှမသားချင်းမှမရှိတာ ဘယ်လိုလုပ် ဒီလူ နှမသားချင်း စာနာတတ်ပါ့မလဲ။

စိတ်ယုတ်စိတ်ပုပ် မကောင်းကျင့်ကောင်းကြံရှိသည့် ဒီလူကြီး ရုပ်ဆိုးဆိုး အသားမည်းမည်း ထော်လော်ကန့်လန့် မိန်းမမျိုးနဲ့ ရပါစေ။ နှာစေးနှာပိတ်ချောင်းဆိုးရင်ကြပ် ဖြစ်ပါစေ။

ခေါင်းမွေးဖြူပြီး မြန်မြန်အိုပါစေ။

မိန်းမရလည်း ကလေးမရဘဲ ပြိတ္တာကြီးဖြစ်ပါစေ။

အင်း ဘာကျန်သေးလဲ။ မကောင်းတာအကုန်လုံး ဖြစ်ပါစေ။

■ ■ ■



## အခန်း (၁၃)

"ဘာ သားက အဲဒီလိုလုပ်ခဲ့တယ်၊ အမယ်လေး မသေကောင်း ပျောက်ကောင်းကွယ်၊ အိမ်မရောက်ဘဲ တစ်ခုခုဖြစ်လာလို့ကတော့ ခင့်နဲ့ မျက်နှာပျက်ရချည်ရဲ့၊ တစ်သက်လုံးခင့်မျက်နှာ ဘယ်လိုကြည့်ရမှာလဲ ကွယ်၊ ဆိုးလိုက်တဲ့သားပါလား"

"အဲဒါတော့ တူလေးအရမ်းလွန်သွားပြီ၊ သူ့စက်ရုံက သာကေတမှာရှိတယ်ဆိုလည်း ကုမ္ပဏီက ရွှေတိဂုံဘုရားနားမှာပဲ၊ သင်တန်းနဲ့ အိမ်ကလည်း တကယ်တမ်းဝေးတာမဟုတ်ဘူး။ အခုတော့ အဲဒီဘက်ထိ ခေါ်သွားပြီး အဲဒီလိုလုပ်စရာလား။ သူ ဘယ်လောက်ပဲရှင်းလှဲ့အပေါ် စေကျနပ်စရာရှိရှိပေါ့၊ မိန်းကလေးတစ်ယောက်ကို အဲဒီလောက် လူသူ ကင်းရှင်းတဲ့နေရာမှာ စွန့်ပစ်ခဲ့စရာလား။ မတော်တရော်သူတွေနဲ့တွေ့ရင် ဘယ်လိုလုပ်ပါ့မလဲ၊ အခု ရှင်းလှဲ့ကိုမြင်နေရတာတောင် ရင်တွေပူလိုက်တာနော်"

ရှင်းလှဲ့ပါးလေးကိုင်လိုက် နားလေးကိုင်လိုက် ဆံပင်လေးတွေ ဖွသပ်ပေးနေလိုက်ဖြင့် အန်တီညိုရော အန်တီလေးရော စိတ်ပူလို့မဆုံးဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူမကလည်း အိုဗာတွေနှင့်မျက်ရည်ဝဲစွာ ကြောက်ကြောက်လန့်လန့် ပိုပိုသာသာ ပြောပြလိုက်တာမဟုတ်ပါလား။

အန်ကယ်အံမင်းက မျက်နှာကြီးနီမြန်းစွာဖြင့်

"မင့်သားကတော့ကွာ လူကြီးတွေ ဒီလောက်ပြောနေတာတောင် လူကြီးတွေကိုပါ ဂရုမစိုက်၊ ပမာမခန့်လုပ်နေသလိုပဲ၊ ဒီကောင်ကို ဒီလိုစိတ်ဓာတ်မျိုးရှိမယ်မထင်ထားဘူး။ ငါ့သားလေး အရွယ်နဲ့မလိုက် တည်ကြည်လိုက်တာ ရင့်ကျက်လိုက်တာ၊ လူကြီးဖြစ်တာမြန်တယ်၊ လူကြီးလူကောင်းဆန်တယ်လို့ ချီးကျူးနေမိတာ အလကားပဲ"

"အရင်ကတော့ အဲဒီလိုမဟုတ်သလိုပါပဲ၊ ရှင်းလဲ့လေးနဲ့မှ ဘယ်လိုဖြစ်ရတယ်မသိပါဘူးရှင် ရေစက်ပဲမကောင်းတာများလား"

"မဆိုင်ပါဘူးကွာ၊ ရေစက်ဆိုတာ အကြောင်းကံ၊ အကြောင်းကံရှိလို့လူတွေဆုံကြတွေ့ကြတာ၊ ကောင်းအောင်နေရင် ဘာမကောင်းစရာရှိလဲ အခုက ဒီကောင်စိတ်ပုပ်တာ စိတ်ယုတ်တာခေါ်တယ်"

"ရှင်းလဲ့ သူ့အပေါ် အရမ်းလွန်တာတွေရှိလို့ သူဒီလို အငြိုးကြီးသွားတာလား မသိဘူးနော်"

"အို စတာနောက်တာ အငြိုးထားစရာလား။ ရှင်းလဲ့မမှားဘူး ရှင်းလဲ့ စတယ်နောက်တယ်ဆိုတာ သူ့ကိုမုန်းလို့ အငြိုးနဲ့လုပ်တာမဟုတ်ဘူးဆိုတာ အန်ကယ်တို့သိတယ်၊ အချင်းချင်းတွေ ဒီလောက်တော့ ရှိမှာပေါ့"

"ဟုတ်ပါတယ်ကွယ်၊ သားကို အန်တီတို့ပြောပါ့မယ်၊ ဒီထက်ပိုဆိုးလာရင် ရိုက်ပြီးကို ဆုံးမပေးမယ်၊ ရှင်းလဲ့ကတော့ ခင့်ကိုဒီအကြောင်းတွေပြန်ပြောမပြပါနဲ့နော်၊ ခင့်ကို အန်တီညို အားလည်းနာ မျက်နှာလည်းပူလို့ပါ"

"စိတ်ချပါ အန်တီညိုရယ် အဲဒီအတွက်ကတော့ လုံးဝမပြောဘူး စိတ်ချ၊ အန်တီညိုလည်း ရှင်းလဲ့ဆိုးတာတွေ လုံးဝပြန်မပြောရဘူးနော် ပြောလိုက်လို့ကတော့ အန်တီညိုတို့ စိတ်ဆင်းရဲရမယ်ဆိုပြီး ချက်ချင်းကို





ပြန်ခေါ်မှာ"

"မပြောပါဘူး၊ ရှင်းလဲ့မှာ ဆိုးတယ်လို့ အမည်တပ်စရာ ဘာမှမရှိပါဘူး၊ အခုဆို အန်တီညိုတို့နဲ့ အိမ်မှုကိစ္စတွေ လုပ်ဖော်ကိုင်ဖက်ရတယ်၊ စကားပြောဖော်ရတယ်၊ ရှင်းလဲ့လေးရောက်လာကတည်းက အန်တီညိုတို့ အပျင်းပြေပြီး ပျော်နေကြတာပါကွယ်"

"ဟုတ်တယ် ရှင်းလဲ့လေးရဲ့ အန်တီလေးတို့အတွက် အဖော်ရလို့ မြန်မာတောင် စိုးရိမ်နေကြတာ၊ ဟင်းအညာချက်လေးတွေ ချက်စားရတာ၊ အသုပ်သုပ်စား မုန့်တွေလုပ်စားနဲ့ ဘယ်လောက်တောင် စိတ်ချမ်းသာစရာကောင်းနေလဲ၊ တူလေးနဲ့ကိစ္စကတော့ ထားပါကွယ်၊ လူငယ်ချင်းမို့ အကြောင်းအခန့်မသင့်သေးရင် ဒီလိုပါပဲ၊ နောက်တော့ အဆင်ပြေသွားမှာပါ၊ တူလေးကို အန်တီလေးတို့ဆူဦးမှာ သိလား၊ အခုကိစ္စလည်း ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်၊ အန်တီလေးတို့ကြားထဲက တောင်းပန်ပါတယ်ကွယ် နော်"

"ရပါတယ် အန်တီလေးရယ်၊ ဒါက အန်တီလေးတို့ တောင်းပန်ရမယ့်ကိစ္စမဟုတ်ပါဘူး၊ ဒါဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ သူ့မှာ အကြောင်းအရင်းတော့ရှိမှာပဲ၊ ရှင်းလဲ့မှာလည်း အကြောင်းတွေရှိတယ်"

"အဲ"

ဦးအံမင်းက သဘောပေါက်သလို ပြုံးသည်။ ရှင်းလဲ့ ငြိမ်ခံမနေတတ်ဘူးဆိုတာ သိနေသည်မဟုတ်လား။ စွာစွာလန် ကက်ကက်လန်နေတာ မဟုတ်ပေမယ့် ရှင်းလဲ့က ဘယ်လိုတုံ့ပြန်ရမည်ဆိုတာ ဉာဏ်ပြေးသည့် မိန်းကလေးတစ်ယောက်ပင်။

လူငယ်ဆိုတာလည်း အဲဒီလို သွက်လက်ထက်မြက်နေမှ မဟုတ်ပါလား။

"ကဲ ရှင်းလဲ့လေး ပင်ပန်းလာတာမဟုတ်လား ရေမိုးချိုး အားယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၊ ဒီနေ့ အိမ်အလုပ်တွေဘာတွေ ကူမလုပ်နဲ့၊ စားချင်တာပြော အန်ကယ်ဟိုတယ်ကနေ ဝယ်ကျွေးမယ်''

''ဟိုတယ်က အစားအသောက်တွေ အာသီသမရှိပါဘူး အန်ကယ်ရယ်၊ ကိုယ့်အိမ်မှာရှိတာ စားလိုက်ဝဘာကမှ အရသာရှိပါဦးမယ်၊ ရှင်းလဲ့ ဗိုက်လည်းမဆာပါဘူး၊ ကြာဇံသုပ်ခေါက်ဆွဲသုပ်တွေ တုတ်ထိုးတွေ တစ်ဝ ကြီးကို ဆာဆာနဲ့စားလာခဲ့တာ၊ သူ့ကိုဆိုင်မှာဝယ်ကျွေးခိုင်းတာ မဝယ် ကျွေးလို့လေ''

''အေးကွယ် သားနဲ့တော့ ရှင်းလဲ့လေးကို အားနာစရာပါ၊ အန်တီ ညီျတို့ကပဲ တောင်းပန်ပါတယ်''

''အန်တီညီျတို့ မတောင်းပန်ပါနဲ့၊ အဲဒါဆိုရင် ရှင်းလဲ့က ပြန်ပြီး အားနာနေရလိမ့်မယ်၊ တစ်ယောက်နဲ့တစ်ယောက် အဲဒီလိုတွေ ဖြစ်မနေ ကြေးလေ၊ မိသားစုလိုပဲပေါ့''

''အေးပါ အန်တီညီျတို့က သမီးလေးတစ်ယောက်လို ချစ်နေကြ တာပါ၊ ရှင်းလဲ့လေးမှာ အဲဒီလို စိတ်လေးရှိနေတယ်ဆိုရင်ပဲ အန်တီညီျတို့ ကျေနပ်ပါပြီ၊ ဝမ်းသာပါပြီ''

မိသားစုတွေနှင့်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် အဆင်ပြေနေသည်။ ဘယ့်လိုမှ ဘယ်တော့မှ အဆင်မပြေနိုင်တာက ဟိုတစ်ယောက်တည်းပါ။ ဘယ့်နှယ် မိသားစုတွေနှင့်မတူ ကွဲထွက်နေရတာလဲ။

တစ်မိပေါက်တစ်ယောက်ထွန်းဆိုတာမျိုး ကြားဖူးပေမယ့် တစ် ယောက်တည်းမွေးပြီး တစ်ယောက်တည်းထွန်းထွက်နေတာတော့ အံ့ဩစရာ ကောင်းသည်။

အေးလေ ကြီးကျယ်မြင့်မြတ်လွန်းသည့် မိန်းမတစ်ယောက်ကို ချစ်သူတော်ထားရမှတော့ သူလည်း အောက်ခြေလွတ် ဘဝင်မြင့်ချင်မြင့်နိုင် တာပဲ။ ဒါပေမဲ့ ရှင်းလဲ့ချီတို့က ဒါမျိုးလက်မခံ။

■ ■ ■



## အခန်း (၁၄)

''လက်မခံလို့မရဘူး သား၊ ဒီကိစ္စက သားလွန်တယ်၊ ဒီလိုနေရာ မျိုးမှာ မိန်းကလေးတစ်ယောက်တည်း ထားပစ်ခဲ့ပြီး တစ်ခုခုဖြစ်သွားတော့ ဘယ်လိုလုပ်မလဲ၊ ရှင်းလဲ့ချီအမေကို မေမေတို့ ဘယ်လိုမျက်နှာပြကြမလဲ သား''

''သူ့အိမ်ကိုပြန်ရောက်လို့ အစောကြီး အိပ်ရာဝင်ပြီးတော့တောင် နှစ်နေပြီမဟုတ်လား၊ ဒီလောက်အပူအပင်ကင်းနေတာ ဘာဒုက္ခမှမရောက်ပါ ဘူး၊ မေမေတို့က အရမ်းအိုဗာဆိုဒ်နဲ့ တွေးပူလွန်းတယ်''

''သားကပြောတော့မယ်၊ မေမေတို့က အိုဗာတွေများနေတာ မဟုတ်ဘူး သား၊ သူက သူ့စိမ်းတစ်ရံစာ မိန်းကလေးလေ၊ ဆွေမျိုးသားချင်း တော်တာမဟုတ်ဘူး၊ သူ့မိဘကမေမေတို့အတွက် တစ်သက်လုံးဆပ်မကုန်တဲ့ ကျေးဇူးလည်းရှိတဲ့သူ၊ အခု မေမေတို့ဆီလာနေတဲ့အချိန်မှာ မေမေတို့မှာ တာဝန်အပြည့်အဝရှိတယ် သား၊ ကျန်းမာရေး လူမှုရေး တခြားဘာကိစ္စမှ မဖြစ်အောင် မေမေတို့တာဝန်ယူရမှာ''

''အဲဒါ မေမေတို့ကိစ္စပါ၊ သားကတော့ သူနဲ့ပတ်သက်တာ ဘာမှ ကို စိတ်မဝင်စားတာ၊ မြင်လိုက်ရတာနဲ့ အဆင်မပြေဘူး၊ ဆက်ဆံရတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အချိုးမပြေဘူး။ သူ့ဘက်က သူများအိမ်လာနေလို့ အိမ်ရှင်ကို ဘယ်လိုဆက်ဆံရမယ်ဆိုတာမှ နားမလည်တာ၊ သူနဲ့ပတ်သက်တာဆိုရင်တော့ သားကိုဘာမှပြောမနေနဲ့တော့ မေမေ"

ဒေါ်ကလျာညို သားကို ဘယ်လိုထပ်ရှင်းပြရမှန်းမသိ၍ သက်ပြင်းတွေချလိုက်မိသည်။ အရင်က စကားပြောရတာ သားဒီလောက်ထိ လက်ပေါက်ကက်သည့်လူစားမဟုတ်ပါ။ အခြေအတင် ဘာမှပြောစရာမလိုဘဲ အလိုက်တသိ အဆင်ပြေပြေပဲနေတတ်ခဲ့တာ။ ပြဿနာ အရှုပ်အထွေးဆိုတာမျိုးကြီးလည်း မရှိခဲ့ပါ။ အခု ရှင်းလဲ့ချိုလေးနှင့်ပတ်သက်မှပဲ နားချမရအောင် ဖြစ်နေရသည်။

သားအဖေကတော့ မင့်သားလာလည်း စကားမပြောချင်တော့ဘူးဆိုပြီး မိုးအေးအေးနှင့် အစောကြီးတည်းက အခန်းထဲဝင်သွားခဲ့သည်။ သားအဒေါ်နှင့်ကိုယ့်မှာသာ ညစာစားဖို့စောင့်ရင်း စကားပြောကြည့်နေရတာပါ။ သားအဒေါ်က ထမင်းပွဲပြင်ပြီးသည်နှင့်

"ဒါက ဒီလိုရှိတယ် တူလေးရဲ့"

"ရှင်းလဲ့ချိုအကြောင်းလား အဲဒါဆို ကျွန်တော့်ကို ဘာမှလာမပြောနဲ့တော့ အန်တီလေး၊ ကျွန်တော် နားမထောင်ချင်ဘူး"

"တူလေးကလည်းကွယ် ရန်သူတွေမဟုတ်တာကို ဘာလို့ ခါးခါးသီးသီး ဖြစ်နေရတာလဲ၊ ရှင်းလဲ့ချိုလေးက အလိုက်တသိနဲ့ ချစ်စရာကောင်းမှကောင်း"

"ချစ်စရာကောင်းလည်း အန်တီလေးတို့ပဲချစ်ကြ၊ ကျွန်တော်ကတော့ ကျွန်တော့်ကို လုပ်ထားတာတွေ မေ့လို့မရဘူး။ ဘယ့်နှယ် မိန်းကလေးဖြစ်ပြီး သူများကိုထိခိုက်နစ်နာအောင်လုပ်ဖို့ ဝန်မလေးဘူး။ အကြောက်အလန့် အရှက်တရားမရှိ တုံ့ပြန်ရဲတယ်၊ အရှက်တရား သိက္ခာတရားမှမရှိရင် အဲဒီမိန်းကလေး ဘာသုံးစားရမှာလဲမေမေ"





"ကိုယ်ကျင့်သိက္ခာပျက်တယ်ဆိုတဲ့စကားအထိတော့ မပြောပါနဲ့သား။ ရှင်းလဲ့လေးက အသက်အရွယ် ငယ်သေးလို့မရင့်ကျက်သေးတာပါ၊ သူ့တစ်ပါး ထိခိုက်နစ်နာအောင် သူ ဘာမှမလုပ်သေးပါဘူး"

"မေမေတို့မထိခိုက်ပေမယ့် သားကိုတော့ ထိခိုက်တယ် မေမေ၊ ဘယ်နှခါရှိနေပြီလဲ၊ လုပ်ပြီးတော့ရော တောင်းပန်တတ်သလား။ အားနာရမှန်းရော သိသလား။ သား ပုံကြီးချဲ့နေတာမဟုတ်ဘူး၊ ဒီလိုမိန်းကလေးမျိုး စိတ်ကိုမဝင်စားတာ၊ အထိခိုက်မခံနိုင်ရင် ဝေးဝေးမှာနေလိုက် ရှင်းတယ်"

"သားကတော့ကွယ် ဟဲ့ ဘယ်သွားမှာတုန်း၊ ထမင်းစားဖို့ သားအန်တီပြင်ထားတယ်"

"သား အပြင်ပြန်သွားမလို့ မေမေ၊ မစားတော့ဘူး"

"ဩော် မိုးတောင်ချုပ်တော့မယ်၊ မိုးဖွဲလည်းရွာနေတာ သားရယ်၊ ညဆိုပိုရွာမလားမသိဘူး၊ မိုးမိရင် ဖြန်အအေးပတ်နေပါဦးမယ်"

"ကားနဲ့သွားမှာ မိုးမိစရာအကြောင်းမရှိပါဘူး။ ညလည်း သားကိုစောင့်မနေနဲ့၊ သားမှာသော့ရှိနေတာပဲ၊ သားသော့နဲ့ပဲ ဝင်လာမယ်"

"အရမ်းကြီးတော့ နောက်ကျမနေနဲ့နော်"

ဘာမှပြန်မပြောဘဲ မင်းဖုန်းမြတ် ထွက်သွားသည်၊ ဒေါ်နွယ်နီလှိုင်က ထိုင်ခုံဆွဲကာ ဝင်ထိုင်ပြီး

"ရှင်းလဲ့အကြောင်းပြောနေလို့ စိတ်ဆိုးပြီး ထွက်သွားတာနေမှာ၊ ဒီကလေး ဆတ်ဆတ်ထိကိုမခံတော့ဘူး။ ဟိုကလေးကတော့ အမုန်းအငြိုးရှိပုံမပေါ်ပါဘူး၊ သူ့အကျင့်လေးက စချင်နောက်ချင်တာပဲ ရှိတာ"

"အမှုအကျင့်လေးတွေက ကလေးဆန်ပေမယ့် ချစ်စရာလေးပါ၊ လူကြီးသူမလည်း ဒီလောက်အရိုအသေမတန်ပါဘူး၊ သားက ဘယ့်နှယ် အမြင်ကတ်ပြီး အပြစ်ပြောနေရတယ်မသိပါဘူး"

"မညိုကလည်း အဲဒါတော့ မပြောနဲ့၊ ကားနဲ့ကိစ္စပြီးတုန်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း လက်သီးနဲ့တောင် အထိုးခံရတာ တော်တော်လေးပြင်းတယ်လေ၊ တူလေး အအေးပတ်ပြီး အပြင်းဖျားတာလည်း ရှင်းလဲ့ကြောင့်ပဲမဟုတ်လား။ ပြီးတော့ အမဲနှပ်နဲ့ စားတဲ့နေ့ကလေ"

"အင်း"

"ရှင်းလဲ့ ပြောတာကြားလိုက်တာပါ၊ ယုတ်ပတ်ညစ်ပတ်တဲ့သဘောတော့မဟုတ်လောက်ပါဘူး။ တူလေးက နင်ပဲငဆပြောနေလို့ မခံချင်ဖြစ်ပြီး ပြောလိုက်တာပဲနေမှာ"

"ဘာပြောလိုက်တာလဲ"

"နှပ်ချေးညှစ်ပြီး လက်မဆေးဘဲ ချက်ကျွေးတာဆိုလို့ တူလေးများ အန်လိုက်တာ မပြောနဲ့"

"အဲတော်"

ဒေါ်ကလျာညို ရယ်မဆုံးနိုင်ဖြစ်သွားခဲ့ရသည်။ ဒေါ်နွယ်နီလှိုင်လည်း ဟက်ဟက်ပက်ပက် ရယ်ချပြီးမှ

"အဲဒီနေ့က ကြားပြီး လှိုင်လည်း မရယ်ဘဲကိုမနေနိုင်ဘူး၊ ကလေးတွေများနော် ရင်ထဲစိတ်ထဲကမပါဘဲ မခံချင်အောင်ပြောလည်း ပြောတတ်ကြတယ်"

"အေးဟယ် ငါတို့ငယ်ငယ်ကလိုပဲ ရှိမှာပေါ့၊ ငါတို့ငယ်ငယ်ကလည်း အစအနောက်သန်ကြတာပဲ၊ မခံချင်အောင်စနောက်ရင်း ထိပ်ပေါက်ခေါင်းကွဲဖြစ်၊ မိဘတွေပါလာ ရန်ဖြစ်စကားများ အရွယ်လေးရောက်လာတော့ အငြိုးအတေးတွေနဲ့ မခေါ်နိုင်မပြောနိုင် ရန်စောင် အင်း အခုချိန် ပြန်တွေးကြည့်တော့ ခုနလိုပဲ ရယ်စရာတွေဖြစ်ကြရပြီ ကောင်းပါတယ်လေ"

"ဘာကောင်းတာလဲ မမညိုရဲ့"

"ခြော် သားနဲ့ရှင်းလဲ့လည်း လူကြီးတွေဖြစ်လာတဲ့အခါ ဒါလေးတွေက အမှတ်တရဖြစ်ချင် ဖြစ်လာမှာပေါ့"





"အမှတ်တရ မဖြစ်ခင် အနာတရကြီးကြီးမားမား မဖြစ်ဖို့ အရေးကြီးတယ် မမညိုရေ၊ တူလေးကလည်း အငြိုးတွေနဲ့ ရှင်းလဲ့လက်ထဲမှာလည်း ဘယ်အချိန်ပြန်ထုရမလဲ လက်ပစ်ဗုံးတွေရှိနေသလိုပဲ"

"မမြင်ချင် မသိချင်ယောင်သာဆောင်နေ လှိုင်ရေ၊ ဒါနဲ့ ရှင်းလဲ့လေး ထမင်းစားပြီးမှ အိပ်တာဟုတ်ရဲ့လား။ တော်ကြာ ညဘက်ကြီး ဗိုက်ဆာနေပါဦးမယ်"

"စားတော့ မစားရသေးဘူးလေ၊ လမ်းက ကြာဇံသုပ်တွေ ဇာတ်ထိုးတွေ တဝကြီးစားလာတယ်ပြောတယ်မဟုတ်လား။ ပင်ပန်းလာလို့ ရေမိုးချိုး အနားယူရင်းက တစ်ချိုးတည်း အိပ်လိုက်တော့တာဖြစ်မယ် ပြန်ကိုဆင်းမလာတော့ဘူး"

"စိတ်ရောလူရော ပင်ပန်းလာတာဆိုတော့ အိပ်ပါစေ၊ ညဘက်ဆာရင်စားလို့ရအောင်သာ အုပ်ဆောင်းထဲမှာ ဟင်းတွေထည့်ပေးထားလိုက်၊ ပေါင်မုန့်တွေ ကိတ်မုန့်တွေတော့ စားတတ်ပုံမရဘူး။ အဲဒါကြောင့် သူ့အခန်းထဲထည့်ပေးမထားတာ၊ မိုးကအေးအေးနဲ့ နိုးချင်မှလည်းနိုးတော့မှာပါ"

"လှိုင်တို့လည်း မြန်မြန်စားပြီး စောစောနှပ်မယ် မမညိုရေ၊ မိုးအေးအေးနဲ့ အိပ်လိုက်ရရင် ဇိမ်ရှိလိုက်မယ့်အမျိုး"

"အေးကွယ် အခုလို မိုးအေးရင် မန္တလေးမှာနေခဲ့တုန်းက အချိန်တွေကို အရမ်းသတိရတာပဲ၊ မိုးများများရွာပြီး အေးလာရင် စောင်ပုံထဲက မထွက်ဘဲ စောင်ခြုံထဲက ထမင်းစားကြ၊ ရေနွေးပူပူလေးသောက် ဟင်းချိုလေးနဲ့ အတို့အမြှုပ်စုံနဲ့ ခရမ်းချဉ်သီးငပိချက်လေးနဲ့ တွဲလို့ကောင်းမှကောင်း"

"ငါးခြောက်လေးထည့် နံနံပင်လေးအုပ်တော့ ပိုမကောင်းဘူးလား ဟင် မမညို"

"အေးဟုတ် အခုတောင် စားချင်နေပြီ မိုးသံကြားတော့ ပိုဆိုးတယ်"

"စားချင်လည်း နောက်မှ ရှင်းလဲ့လေးကို ချက်ခိုင်း၊ ရှင်းလဲ့လေးက



www.burmeseclassic.com

www.burmeseclassic.com



အဲဒါလည်း ချက်တတ်မယ့်ပုံပါ''

''ဟုတ်တယ် ဟုတ်တယ်၊ ရှင်းလဲ့ကိုချက်ကျွေးနိုင်ရမယ်၊ ခင့်ထက်တောင် လက်ရာကောင်းသလိုပဲ၊ ခင်တို့များ သားသမီးရက်ကောင်းယို့၊ အခုခေတ် အိမ်မှုကိစ္စသင်လို့ပြလို့ရတဲ့သမီးမိန်းကလေး ရှားသွားပြီလေ''

''ဘာလဲ မမညိုက ချွေးမတော်ချင်နေပြီလား''

''အမယ်လေး မစဉ်းစားရဲပေါင်ကွယ်၊ သားက ဒီလောက်ခါးခါးသီးသီးဖြစ်နေတာ၊ သားမှာက ချစ်သူကလည်းရှိပြီးသား၊ ပြီးတော့ ဒီကိစ္စမျိုးကို သားက နာခံမယ့်သူလား၊ သူ့သဘောသူ့စရိုက်နဲ့ သူ့ဘာသာ ဆရာကြီးလိုနေတာ ရှင်းလဲ့ကလည်း သားကိုစိတ်ကူးထဲတောင် ထည့်မယ့်ပုံ မပေါ်ဘူး''

''အဟင်း ဟင်း အဲဒါဆိုလည်း ထားလိုက်တော့''

နှစ်ယောက်သား စကားတံပြောပြောနှင့် ထမင်းစားလို့ပြီးသွားသည့် အခါမှာ စော်စီးစွာပင် အိပ်ရာဝင်လိုက်ကြသည်။ အချိန်အခါမဟုတ် မိုးကြီး ရွာနေတာကလည်း သည်းကြီးမည်းကြီးပါ။

မိုးမရွာပါလို့ ဘယ်သူ့တားဆီးလို့ရမှာလဲ။ သူ့ရဲ့သဘာဝကိုလွှန် ဆန်လို့မှ မရတာ။ မိုး ရွာချင်သလိုရွာပါ မိုး။

■ ■ ■



## အခန်း (၁၅)

''ယိမ်းရယ် တွေ့ချင်တာကို အချိန်အခါရွေးနေရဦးမှာလား၊ ကိုယ် အခုအိမ်ကပြန်ထွက်လာတာ''

''ဘာလို့ အိမ်ရောက်ပြီးမှ ပြန်ထွက်လာရတာလဲ''

''ဪ အိမ်မှာညစ်စရာကိစ္စလေးတွေ ရှိနေလို့ပေါ့ ယိမ်းရယ်၊ ယိမ်းနဲ့စကားပြောလိုက်ရရင် ကိုယ့်စိတ်တွေ ပြေပျောက်သွားမယ်ထင်လို့ ခဏလောက်တွေ့ပါရစေနော် ယိမ်း''

''ကျစ် ဟား အဲဒီလို ကလေးကလားဆန်တာမျိုးတွေ ယိမ်း မကြိုက်တာ ကိုမင်း၊ ကိုမင်းကိုကြည့်လိုက်ရင် တည်ငြိမ်သလို ရင့်ကျက်သလိုနဲ့ တစ်ခါတလေ လူကြီးလူကောင်းမဆန်တဲ့လုပ်ရပ်တွေ သိပ်လုပ်တာပဲ''

''ယိမ်းရယ် ယိမ်းကိုတွေ့ချင်တာနဲ့ ကိုယ်က လူကြီးလူကောင်း မဆန်ဘူး ဖြစ်သွားပြီလား''

''လူကြီးလူကောင်းတစ်ယောက် တည်ငြိမ်ရင့်ကျက်ပြီး အလေး အနက်နေတတ်တဲ့သူတစ်ယောက်က အိမ်နဲ့စိတ်ညစ်ပြီး အိမ်ပြင်ပြန်ထွက် တာမျိုး၊ အပြင်မှာ အပျော်ရှာတာမျိုး ဘယ်တော့မှမလုပ်ဘူး ကိုမင်း၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းက ယိမ်းလာမတွေ့ရင် စားသောက်ဆိုင်တွေ ကာရာအိုကေ နိုက်ကလပ်လိုနေရာမျိုးတွေမှာ အချိန်ဖြုန်း အဲပျော်ရှာမှာပဲမဟုတ်လား''

''ကျစ်''

ဖုန်းကိုသာ ပစ်ပေါက်ခွဲပစ်လိုက်ချင်သည်။ သူ့စိတ်ကူးထဲပင်မရှိသောကိစ္စကို ယိမ်းက အတိအကျပင် စွပ်စွဲနေသည်။ သူတကယ်ပင် ယိမ်းနှင့် အပြင်မှာ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် ချိန်းတွေ့ဖူးတာမျိုး မရှိ၍ ယခုချိန်းလိုက်ခြင်းပါ။

ညည်ခံပွဲတို့ အစည်းဝေးပွဲတို့ ဒါမှမဟုတ် လူသူရှိသော စားသောက်ဆိုင် ကော်ဖီဆိုင်လိုနေရာမျိုးမှလွဲ၍ သူနှင့်ယိမ်း ဘယ်နေရာမှာမှ ချိန်းမတွေ့ဖူးကြပေ။

ရုပ်ရှင်သွားကြည့်ဖို့ သူတစ်ခါပြောဖူးတော့ ကလေးကလားအလုပ်တွေလုပ်ရမယ့်အရွယ် မဟုတ်တော့ဘူးဟု ငြင်းပယ်ခဲ့သည်။ ချစ်သူဘဝရဲ့သာယာကြည်နူးမှုဆိုတာတွေ ဘယ်နေရာသွားရှာရမလဲ။

''ကိုမင်း''

''ဟင် ဟင် ယိမ်း''

''ဘာတွေတွေးနေလို့ အသံတိတ်ကျသွားတာလဲ၊ အခု ကိုမင်းအိမ်ပြန်ပါ၊ ကိုမင်းကို ယိမ်းတို့ လုပ်ငန်းလုပ်နေတဲ့သူတွေက အိမ်နဲ့ပြသသနာတက်စရာအကြောင်းမရှိဘူးလေ၊ စိတ်ပြေလက်ပျောက် အပြင်မှာအချိန်ဖြုန်းတာမျိုးလည်း မဖြစ်သင့်ဘူး''

''မဟုတ်ဘူး ကိုယ်က ယိမ်းနဲ့တွေ့ချင်တာပါ၊ ယိမ်းနဲ့စကားတွေပြောချင်တာ၊ ချစ်သူတွေဆိုတာ''

''အချစ်အကြောင်း ငိုကာချဲ့နေရမယ့်အရွယ်တွေလား ကိုမင်း ရင့်ကျက်တဲ့အတွေးနဲ့ လူကြီးဆန်စမ်းပါ၊ ပွတ်သီးပွတ်သပ်နေ အီစီကလီတွေလုပ်၊ ပြီးတော့ သွေးသားရဲ့တောင့်တမှုတွေနဲ့ မှားယွင်းကြ အဲဒါမျိုး





ယိမ်း လုံးဝအဖြစ်မခံနိုင်ဘူး''

''ယိမ်းရယ် တကယ်လို့ မှားယွင်းခဲ့ရင်တောင် ကိုယ်တို့နှစ်ယောက်အတွက် ဘာတွေနစ်နာဆုံးရှုံးသွားစရာရှိလို့လဲ၊ ကိုယ့်အနေနဲ့ ချစ်သူနဲ့တွေ့ချင်တာရော ဘာတွေမှားယွင်းနေလို့လဲ၊ ကိုယ်တို့လက်ထပ်လိုက်ရင်''

''ကိုမင်း အဲဒီလို မရင့်ကျက်မှုမျိုးနဲ့ဆိုရင် ယိမ်းတို့လက်ထပ်ဖို့နောက်ထပ်နောက်ဆုတ်ရလိမ့်ဦးမယ်ထင်တယ်''

''ဘာ ဘာပြောတယ် ယိမ်း''

ယောက်ျားမာနကြောင့် အသံတွေပါ တုန်ခါသွားခဲ့ရသည်။ ယိမ်းဘာကြောင့် သူ့ကိုဒီလောက်တောင် အထင်သေးရတာပါလဲ။

လက်ကိုင်ခွင့်မပေးပါ၊ နမ်းခွင့်မပေး၊ သူမမိဘတွေနှင့် တွေ့ခွင့်မပေးသေးတာ၊ သူ့ကိုလက်ထပ်လောက်တဲ့အထိ ယုံကြည်မှုမရှိသေးလို့ပဲလား။

''တောက်''

ဖုန်းကိုပိတ်ပြီးမှ တက်ခေါက်မိတာလား၊ မပိတ်ခင်တက်ခေါက်မိတာလား။ သူ့ကိုယ်သူတောင် သတိမထားမိလိုက်ပေ။ ယိမ်းကတော့ သူ တက်ဆိုးသွားသည်ဆိုတာ သိလောက်မှာပါ။

သူမ စကားအမှားအတွက် ပြန်ချော့သင့်သည်ဟုတွေးမိလျှင် သူမ ပြန်ဆက်ပေလိမ့်မည်။

''ကျွို''

''ဆရာ''

''ဟာ ကိုကျော်ကြီး''

စက်ရုံမန်နေဂျာ ကိုကျော်ကြီး ကားလေးက သူ့ကားလေးနားရပ်တာမို့ ကားမှန်ကိုချ၍ နှုတ်ဆက်လိုက်ရသည်။

''ကျွန်တော်နောက်ကနေ ကြည့်နေတာ ဆရာကားရပ်ထားလို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားမလို့လဲ ဆရာ၊ အိမ်မပြန်ရသေးဘူးလား၊ မိုးထဲမှာ''

''အိမ်ရောက်ပြီးပါပြီ ပြန်ထွက်လာတာ၊ ဒါနဲ့ ကိုကျော်ကြီး ဘယ်သွားမလို့လဲ၊ ခင်ဗျားလည်း မိုးရွာကြီးထဲ အိမ်ကပြန်ထွက်လာတာလား''

''ဟို အပဲ ဘီယာဆိုင်ဆရာရဲ့၊ ညဘက်လေး အနားယူချင်တာနဲ့ နည်းနည်းပါးပါးတော့ လုပ်ဖြစ်တယ်၊ မိုးကလည်းအေးနေတော့လေ''

''ကျွန်တော် လိုက်ခဲ့လို့ရမလား''

''ဗျာ ဆ ဆရာက လုပ်တတ်လို့လား၊ ညှိခံပွဲတွေမှာတောင် သိပ်လုပ်တာမတွေ့လို့''

''ယောကျ်ားပဲဗျာ မလုပ်တတ်ပဲရှိမလား၊ သေးမှာ ယိမ်းရှိရင်သာ ဣန္ဒြေဆယ်နေရတာပေါ့၊ ယိမ်းက အဲဒါမျိုးတွေမကြိုက်တာ ခင်ဗျားလည်း သိသားပဲ''

''ဟုတ်ကဲ့ပါ ကျွန်တော်ကောင်းတဲ့ဆိုင်ရွေးလိုက်မယ်နော်''

''အိုကေ''

ကိုကျော်ကြီးကားနောက်ကနေ ဖြည်းဖြည်းချင်းမောင်း၍ လိုက်လာခဲ့လိုက်သည်။ ဒီနေ့ သူ့စိတ်ထဲ မကြည်လင်ပါ။

အိမ်နှင့်လည်း အဆင်မပြေ၊ ယိမ်းနှင့်လည်းအဆင်မပြေ။

အဲဒါ ဟိုကောင်မလေးရောက်လာမှ ဒီလိုတွေဖြစ်ရသည်လို့ ထင်မိသည်။ အရင်က ဒီလိုကိစ္စတွေမှ မရှိခဲ့တာ။

''ဆရာ ဘာအမြည်းမှာပေးရမလဲ''

''ခင်ဗျားကြိုက်တာသာမှာဗျာ၊ ကျွန်တော်က ညှိခံပွဲတွေကရဲ့ပြီး အပြင်မှာတစ်ခါမှ မသောက်ဘူးပဲ''

ကိုကျော်ကြီး ဆိုင်ကောင်းကောင်းရွေးချယ်တတ်တာတော့ အမြင်နှင့်ပင် သိသာလေသည်။ တခမ်းတနားနှင့် စားသောက်သူတွေလည်း များပြားလှ၏။ ကိုကျော်ကြီးကတော့ သူ့အကြောင်းသိနေသူဖြစ်၍ သီးသန့်ခန်း





ခက်ကို ခေါ်လာခြင်းဖြစ်သည်။

''အပြင်းလား အပျော့လား ဆရာ၊ ကျွန်တော်ကတော့ နှစ်မျိုးရော ယ်''

''ကိုကျော်ကြီးလိုပဲ လုပ်ပေးပါ၊ ယောကျ်ားဖြစ်ပြီး အပျော့ဆိုရင် ည်း ရယ်စရာကောင်းနေလိမ့်မယ်''

''အလေ့အကျင့်မရှိဘဲ ဖြစ်ပါ့မလား၊ အပြန်လည်း ကားမောင်းရ မှာ''

''ဒီလောက်မှမဖြစ်ရင် ဂေးပဲလုပ်ရတော့မယ်၊ ချပါ ရတယ်''

ဘာကိုမှန်းမသိဘဲ ရင်ထဲမှာ မခံချင်စိတ်တွေ ပြင်းပြနေသလိုဖြစ် ကြောင့် သူ အရဲကိုးလိုက်ခြင်းဖြစ်သည်။

ဟိုကောင်မလေးနှင့်လည်း မခံချင်ဖြစ်ရသည်။ ဓမမေတို့ကြောင့် ည်း မခံချင်ဖြစ်ရသည်။ ယိမ်း ပြောဆိုမှုတွေကလည်း သူ့မာနကို ထိခိုက်

''ဆရာ ချီးယားစ်''

''ချီးယားစ် ကိုကျော်ကြီး''

ဘာအထိမ်းအမှတ်မှမဟုတ်တာမို့ ဘာဆုတောင်းစကားမှလည်း ဖြစ်ကြပါ။

''ဟား''

ရင်ထဲ မခံမရပ်နိုင်အောင် ပူဆင်းသွားတာမို့ မျက်နှာကိုရှုံ့မဲ့ကာ အော်လိုက်မိသည်။ ကိုကျော်ကြီးက သူ့ရှေ့ကို အမြည်းပန်းကန်ထိုး ပျက်

''ဗိုက်ထဲမှာ အဆာခံလေး နည်းနည်းတော့ရှိမှ ဆရာရဲ့၊ သောက် သောက်ထမရှိရင် အရှိန်တက်တာမြန်တယ်''

''မြန်တော့ နည်းနည်းပဲသောက်ဖြစ်တာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က မူးချင်တာမဟုတ်ဘူး၊ ဖိမ်ခံချင်တာဆိုတော့ ဖြည်းဖြည်းပဲသောက်ဖြစ်တယ်"

"ခင်ဗျားမှာ မိသားစုရှိတယ်မဟုတ်လား၊ အိမ်မှာဖိမ်ခံလို့ရရဲ့သားနဲ့"

"သားသမီးတွေနဲ့ ဘယ်လိုလုပ် ဖိမ်ခံလို့ရမှာလဲ ဆရာရယ်၊ တိုက်ခန်းကျဉ်းလေးထဲမှာ တီဗွီဖွင့်တဲ့သူကဖွင့်၊ ဂိမ်းဆော့တဲ့သူကဆော့၊ မိန်းမက အဲဒီကလေးနှစ်ယောက်ကို အော်ဟစ်နေတာနဲ့ သူတို့မအိပ်မချင်း အိမ်မှာဆူညံပွက်လောရိုက်နေတာပဲ၊ ကိုယ်ကကျတော့လည်း အလုပ်ထဲမှာ တစ်နေကုန်ပင်ပန်းရတဲ့အခါကျတော့ နားအေးပါးအေးနေချင် နားချင်တာပေါ့"

"မိသားစုရှိလာရင် အဲဒီလိုဖြစ်မှာပေါ့ဗျ၊ အင်း ပြောသာပြောရတာပါလေ၊ ကျွန်တော်လည်း ကျွန်တော့်မိဘတွေ အဒေါ်တွေနဲ့ အဲဒီလိုမနေဖြစ်ဘူးဗျ၊ သူတို့ဟိုအကြောင်း ဒီအကြောင်း ဟိုကိစ္စဒီကိစ္စတွေ ပြောတာ နားမထောင်ချင်ဘူး၊ စားစရာရှိရင် စားတယ်၊ ပြီးရင် ကိုယ့်အခန်းထဲမှာပဲနေဖြစ်တယ်"

"အဲဒါလည်း အမြဲတမ်းတော့ မကောင်းဘူး၊ ကျွန်တော်ဆိုရင် တစ်ယောက်တည်း အခုလိုမျိုး အရက်ကလေးသောက်လိုက် အမြည်းလေးစားလိုက်၊ အေးအေးသက်သာ ဖိမ်ခံပေမယ့် တစ်ပတ်မှာလေးရက်လောက်ကတော့ သူတို့အတွက် စားစရာတွေဝယ်သွားပြီး မိသားစုနဲ့ပျော်ပျော်ရွှင်ရွှင်နေဖြစ်ပါတယ်၊ သုံးရက်လောက်ကတော့ သူတို့အိပ်လောက်တဲ့အချိန်မှပဲ ပြန်ဖြစ်တယ်၊ မိသားစုဆိုတာ ကင်းဝေးနေရင် ပိုလွမ်းရတဲ့အမျိုးလေ"

"ကျွန်တော်ကတော့ တစ်ယောက်တည်းနေရတာ အကျင့်ပါနေသလိုပဲ"

"ယိမ်းသံစဉ်နဲ့ရော လက်မထပ်ဖြစ်သေးဘူးလား ဆရာ၊ ဆရာတို့အရမ်းလိုက်ဖက်လွန်းလို့ လက်ထပ်ဖြစ်ကြတော့မယ်ထင်နေတာ"





သူ သက်ပြင်းတစ်ချက်ရှိုက်ရင်း အရက်တစ်ကျိုက်မော့သောက်လိုက်သည်။ အမြည်းကိုတော့ ကြာကြာမဝါးဖြစ်။ နောက်ထပ် အရက်တစ်ကျိုက်နှင့်မျောချလိုက်ရင်းမှ

"မိန်းမတစ်ယောက် လက်ထပ်ချင်လာအောင် ယောကျ်ားတစ်ယောက်မှာ ဘာတွေလိုအပ်ချက်ရှိနိုင်လဲ ကိုကျော်ကြီး"

ကိုကျော်ကြီး အံ့ဩသလို မျက်ခုံးပင့်သွားလျက်

"ဘာဖြစ်လို့ အဲဒါမေးတာလဲ၊ ယိမ်းသံစဉ်က လက်မထပ်ချင်သေးဘူးပြောလို့လား"

"ကျွန်တော်မေးတာ ဖြေကြည့်ပါဦး"

"ဆရာ့အနေအထားနဲ့ ပြောရမယ်ဆိုရင် ဆရာက ပျိုတိုင်းကြိုက်တဲ့မင်းသမီးနိုင် ယောက္ခမကြိုက် မယားကြိုက်ပဲဆရာရဲ့၊ အရာရာပြည့်စုံတယ်၊ ညာတတ်တယ်၊ အသိုက်အဝန်းကောင်းတယ်၊ လုပ်ငန်းရှိတယ်၊ ရုပ်ရည်ချောသွားတယ်၊ အနေအထိုင်တည်ကြည်တယ်၊ ဝန်ထမ်းတွေအပေါ်မှာ အုပ်ချုပ်မှုကောင်းတယ်"

"ဟိုး အဲဒါတွေ တော်တော့လေ၊ မြှောက်ပင့်ပြောသလိုဖြစ်နေပြီ"

"ချီးမွမ်းတာပါ ဆရာကလည်း၊ အသက်အရွယ်အရရော အရာအားလုံးသင့်တော်နေတာဆိုတော့ ယိမ်းသံစဉ် လက်မထပ်ချင်သေးတာတော့ ဟိုမဟုတ်သေးဘူး ထင်တယ်"

"သူ့အတွက်တော့ ကျွန်တော်ကလိုအပ်နေသေးလို့ရှိမှာပေါ့ဗျာ၊ ကိုယ့်ကိုယ်ကိုယ်တောင် ဘာကောင်မှန်းမသိတော့ဘူး"

"ဆရာ အဲဒါကြောင့် လာပေါက်တာလား၊ ကျွန်တော်သဘောပေါက်သွားပြီ ဆရာ ကဲ ချလိုက်ပါဦး"

နောက်ထပ်ခွက်ပြောင်း၍ တိုက်လိုက်ကြပြန်၏။ သူ ဒီလိုမျိုးဘယ်သူ့ကိုမှ ရင်မဖွင့်ဘူးပါ။ စက်ရုံသွားသည့်အခါမှာ တာဝန်ကုန်လွှဲအပ်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် အားကိုးရသော ကိုကျော်ကြီးနှင့်ရင်းနှီးပွင့်လင်းစွာပြော ဆက်ဆံဖြစ်သည်။

စက်ရုံမှာ ကိုကျော်ကြီးရှိနေလို့ ကုမ္ပဏီရုံးခန်းမှာ သူအေးအေး ဆေးဆေး အလုပ်လုပ်လို့ရနေသည်မဟုတ်လား။

"စိတ်ပြေလက်ပျောက် ကလပ်သွားကြမလား ဆရာ"

"ဟင် အဲဒါတွေတော့ ကျွန်တော် ဝါသနာမပါဘူး"

"ဩော် ကလပ်သွားတာ ကရုံပဲပေါ့ ဆရာရဲ့၊ ဟိုကိစ္စ ဒီကိစ္စ ကိုယ်ဖန်တီးချင်မှဖြစ်တာပါ"

"အာ ဟင့်အင်း အဲဒါမျိုးတော့ မလုပ်ချင်မသွားချင်ဘူးဗျာ ယောကျ်ားတော့ ယောကျ်ားဆိုပေမယ့် ကိုယ့်ချစ်သူကလွဲရင် ကျန်တာတွေ စိတ်မစင်စားဘူး။ ချစ်သူအပေါ်မှာ သစ္စာရှိရမယ်"

"စိတ်ပြေလက်ပျောက် ခဏတဖြုတ် အပျော်ရှာတာ သစ္စာမဲ့တာ မှမဟုတ်ဘဲ ဆရာ၊ ကျွန်တော်ဆိုရင် မိန်းမရှိရဲ့သန့်တာလေးတစ်ယောက် ထားတယ်၊ သေချာအောင် ရောဂါမဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ကာကွယ် ရတာပေါ့ ဆရာ"

"ဟာ ခင်ဗျားဘာလို့ အဲဒီလိုလုပ်တာလဲဗျာ၊ အဲဒါ အိမ်ထောင် ရေးဖောက်ပြန်တာ သစ္စာမဲ့တာပဲလေ ကိုကျော်ကြီးရ"

"ကျွန်တော်အိမ်ထောင်ရေးဖောက်ပြန်ချင်ရင် မိသားစုကို ထား ပြီး နောက်အိမ်ထောင်ထူထောင်လိုက်မှာပေါ့ ဆရာရဲ့၊ အခုက ကျွန်တော် မိသားစုကို ချစ်လို့ မခွဲချင်လို့ ဒီလိုနေတာပဲ"

"ကျွန်တော်တော့ နားကိုမလည်တော့ဘူး"

"အဲဒါဆရာအတွေ့အကြုံမရှိသေးလို့ပါ၊ အဲဒါကြောင့်ပဲ ဆရာ ပိုလေးစားမိတယ်ပြောရမလား မသိဘူး၊ ယောကျ်ားလေးတချို့ အများ ပေါ့လေ အိမ်ထောင်မကျခင်တည်းက ဒီလိုကိစ္စမှာတော့ အတွေ့အကြုံ





သင်ဖူးကြတယ်ပြောရမလားပဲ၊ တချို့ကျတော့လည်း သေပြီးအရိုးသာခွေး သွားတယ် မိန်းမကိစ္စအတွေ့အကြုံမရှိကြဘူး"

"ထားပါ အဲဒါတွေ ခင်ဗျားက ဘာလို့ သစ္စာမဲ့တာ အိမ်ထောင်ရေး ဖောက်ပြန်တာ မဟုတ်ဘူးဆိုပြီး အသစ်ထားရတာလဲ"

ကိုကျော်ကြီးက အရက်ကိုတစ်ဝက်ခန့်မော့ပြီး ခပ်ပြုံးပြုံးဖြင့်

"မိန်းမက ကလေးတစ်ယောက်ပြီးတစ်ယောက်မွေးပြီး ကလေး ဝေယျာဝစ္စ အိမ်မှုကိစ္စတွေနဲ့ပဲ အချိန်ကုန်နေတာလေ၊ အချိန်တန်ရင် လုံ လောက်တဲ့လစာငွေမျှော်တာကလွဲပြီး ကျွန်တော့်ကိုစိတ်မဝင်စားတော့သလို ဖြစ်နေတယ်"

"အဲဒီလိုကြောင့်လား"

"အင်း မိန်းမအားလပ်တာ အိမ်မှုကိစ္စ သားသမီးကိစ္စတွေနဲ့ ပင်ပန်းတာကို နားလည်ပေမယ့် ယောကျ်ားဆိုတာ အဲဒီဘက်မှာနည်းနည်း အတ္တကြီးတတ်ကြတယ်လေ ဆရာရဲ့၊ အဲဒါကိုမိန်းမကိုနားလည်အောင် စည်း ရုံးချင်ပေမယ့် ကိုယ့်အတ္တကြောင့်နဲ့တော့ သူ့ကိုပိုမပင်ပန်းစေချင်ပါဘူး။ ဒါ ကြောင့် အသစ်ထားပြီး စိတ်ဖြေဖျောက်တယ်၊ မိသားစုအပေါ်လည်း တာဝန် ဝတ္တရားမပျက်ဘူး၊ မိန်းမလည်းကိုယ့်ကြောင့် မပင်ပန်းရတော့ဘူး"

ပြောပြီး ကိုကျော်ကြီး အားရပါးရ ရယ်သည်။ သူကတော့ သိပ် ပြီး နားမလည်သေးပုံနှင့် အရက်ကိုသာမော့သောက်ပြီး ခပ်ပြုံးပြုံးသာနေဖြစ် ပါ။

ကိုကျော်ကြီးက သူ့ကိုအံ့ဩသလိုကြည့်လျက်

"ဆရာသောက်တာ များနေပြီထင်တယ်နော်၊ မျက်လုံးတွေနီပြီး တော်တော်လေး ရီဝေဝေဖြစ်နေပြီ၊ ပြီးရင်အရှိန်တက်ဦးမှာနဲ့ ကားမောင်းလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဗျာ၊ ဘာလို့မဖြစ်ရမှာလဲ၊ ကျွန်တော်ယောကျ်ားပါဗျ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်လေးသောက်ရုံနဲ့ မူးလဲမသွားပါဘူး''

''ကျွန်တော်က သတိပေးတာပါ ဆရာရယ်၊ ဆရာက အမြဲတမ်း သောက်နေကျမဟုတ်ဘူးလေ၊ ညေ့ခံပွဲတွေမှာတောင် ကုလ္လေသိက္ခာကြီးနဲ့ ဟန်ဆောင်ပန်ဆောင်လောက်ပဲဆိုတော့''

''အဲဒါက ရှင်းလဲ့ကြောင့်''

''ရှင်းလဲ့ ဘယ်ကရှင်းလဲ့လည်းဆရာ''

''ခြေ်ာ မဟုတ်ဘူး မဟုတ်ဘူး ယိမ်းကြောင့်လို့ပြောတာ၊ ယိမ်းက အမြဲတမ်း ကုလ္လေသိက္ခာနဲ့တည်ငြိမ်ပြီး ဂုန်းတဲမန်းဖြစ်နေမှကြိုက်တာဗျ သူကလည်း အဲဒီလိုပဲနေတတ်တဲ့မိန်းမလေ၊ အဲဒါကြောင့် ကျွန်တော်ကလည်း ကြိုက်တာပေါ့၊ အခုခေတ်မှာ စတိုင်ကျပြီး ကိုယ်ကျင့်တရားနဲ့ဂုဏ်သိက္ခာ ပြည့်စုံကြီးမားတဲ့မိန်းမကို ဘယ်မှာသွားရှာလို့တွေ့မှာလဲ''

''အဲဒါနဲ့တင် ပြည့်စုံတယ်လို့ ပြောလို့မရဘူး ဆရာရဲ့''

''အင်''

ကိုကျော်ကြီးပြောတာကို သူ အံ့ဩသယောင်ဖြစ်သွားရသည်၊ အိမ်ထောင်တစ်ခု လူတစ်ယောက်နှင့် ပတ်သက်ဖို့အတွက် ဒါက အရေးကြီး ဆုံးမဟုတ်လျှင် ဘာများလဲ။ သောက်လက်စအရက်ခွက်ကို ပြန်ချလိုက်ရင် မှ ရီဝေနေသောခေါင်းကို ဆတ်ခနဲခါကာ

''မိန်းမက မိန်းမပီသတယ်၊ ကုလ္လေသိက္ခာရှိတယ်၊ အသိုက်အဝန်း နဲ့ကိုယ်ကျင့်တရားကောင်းတယ်၊ ယောကျ်ားတွေနဲ့ ပတ်သက်ပြီး နာမည်ပျက် မရှိအောင် ထိန်းသိမ်းနိုင်စွမ်းရှိတယ်၊ အမြဲတမ်း သန့်ရှင်းလတ်ဆတ် တက်ကြွ ပြီး ဖျတ်လတ်နေတယ်၊ ပညာတတ်မိန်းမပီသစွာ ဝင့်ထည်မြင့်မားနေတယ်

''အဲဒါနဲ့ပဲ ကိုယ့်အတွက် ဇနီးမယားကောင်းပီသနေမယ်လို့ ထင် နေသလား ဆရာ''

''ခင်ဗျားရော အဲဒီလိုမိန်းမမျိုးရရင် တစ်သက်လုံးတန်ဖိုးထားသွား





မှာမဟုတ်ဘူးလား ကိုကျော်ကြီး''

''အတ္တကြီးတဲ့ယောကျ်ားတစ်ယောက်မဟုတ်ခဲ့ဘူးဆိုရင်တော့ အဲဒီ လိုဖြစ်ချင်ဖြစ်နိုင်ပါတယ်''

ကိုကျော်ကြီးက စကားကိုမဆက်သေးဘဲ ခွက်ကိုကိုင်ကာ မော့ သောက်၏။ သူကတော့ သောက်တာများနေပြီဖြစ်၍ မူးရစ်ရီဝေနေပြီဖြစ်သော် လည်း အထင်သေးမခံချင်တာကြောင့် မျက်လုံးကိုပြူးကျယ်ကာ အားတင်း ထားလိုက်သည်။ ယောကျ်ားဖြစ်မှတော့ ဒီလောက်ကို မှုစရာလား။ သူက မျက်ခုံးကိုပင့်ပြလျက်

''ကိုကျော်ကြီး စကားက အဆုံးမသတ်သေးဘူးထင်တယ်နော်၊ ဆက်ပြောဦးလေ ယောကျ်ားတွေက ဘယ်လိုအတ္တကြီးတာလဲ''

''မြင့်မြတ်လွန်းတဲ့မိန်းမ၊ သူတို့ကိုယ်သူတို့ အထင်ကြီးလွန်းတဲ့ မိန်းမတွေဟာ ယောကျ်ားတွေကို မရိုကျိုးတတ်ဘူး။ အောက်မကျို့တတ်ဘူး။ နားလည်မှုမပေးတတ်ဘူး။ ပြောရရင် ကြင်နာယုယမှုနဲ့ယောကျ်ားကို အလို လိုက်အကြိုက်ဆောင်ရမှာမျိုးတွေကအစ မသိတတ်ဘူး။ အဲဒီလိုမိန်းမမျိုးကို ဆရာတစ်သက်လုံး သည်းညည်းခံပေါင်းသင်းနိုင်မှာလား''

''အင်း''

''ဆရာတွေဝေသွားပြီမဟုတ်လား။ ယောကျ်ားဆိုတာ အချိုကြိုက် အချော့ကြိုက်လေ ဆရာ၊ ကိုယ့်ကိုကြင်နာနွေးထွေးပြီး ပြုစုယုယနေရင် နွားလိုရုန်းရရင်တောင်ပျော်နေတတ်တာ၊ ဘုရားလိုကိုးကွယ်နေရမယ့်မိန်းမ မျိုးဆိုရင် ကျွန်တော်တော့ မာနထိခိုက်တယ်''

''ဟား ဟုတ်တယ် ခင်ဗျားပြောတာမှန်တယ်၊ မာန မာနထိခိုက် တယ်၊ အခုကျွန်တော့်ကိုယ်ကျွန်တော် ဘာကောင်မှန်းမသိအောင်ထိနေ တယ်''

ပြောရင်း အရက်ခွက်ကိုကောက်မော့လိုက်စဉ်မှာ ဒေါ့ခနဲ မြည်



www.burmeseclassic.com

www.burmeseclassic.com



လျက် အနိုင်ထွက်တော့မလို ဖြစ်သွားသည်။

"ဆရာ ဆရာတော်လောက်ပြီထင်တယ်၊ မရတော့ဘူး များနေပြီ"

"ရပါသေးတယ်"

"မရတော့ပါဘူး တော်ပါတော့ ဆရာရယ်"

"ယောကျ်ားပါ ဒီလောက်သောက်ရုံလေးနဲ့ မူးလဲစရာလား။ ကျွန်တော့်မှာ အမြဲသတိရှိတယ်၊ ကျွန်တော်ဘယ်နေရာမှာ ဘယ်နှစ်ခါမှား ယွင်းဖူးလို့လဲ"

"ဟုတ်ပါတယ် ဆရာက အရမ်းတော်ပါတယ်၊ ဒါပေမဲ့ အရက်မူးလာရင်တော့ ဘယ်သူမဆို မှားယွင်းတတ်ပါတယ် ဆရာ"

"စိတ်ချ ကျွန်တော်ကတော့ ဘယ်တော့မှမမှားဘူး။ ယိမ်းသံစဉ်ဆိုတဲ့မိန်းမကြောင့် ပိုပြီးမမှားအောင်ထိန်းနေရတယ်၊ နေတာထိုင်တာ စားတာသောက်တာအားလုံး။ အရင်ကကျွန်တော့်ကိုယ်ကျွန်တော် တော်လှပြီထင်တာ၊ ဒီမိန်းမက ကျွန်တော့်ထက်ပိုတော်တယ်ဗျ၊ အတူတွဲသွားဖြစ်လို့ သူ့ကိုလူတွေပိုပြီးအာရုံစိုက်ရင် ဘေးကကျွန်တော်တောင် စိတ်ကြီးဝင် ဘဝင်မြင့်သွားတယ်၊ ငါတစ်နေ့ကျရင် ဒီလိုမိန်းမကို ပိုင်ဆိုင်ရမှာပါလားဆိုပြီးတော့လေ"

"အဲဒါဆိုရင်တော့ ဆရာ ဒီအတိုင်းနေလို့မရဘူး။ သူက လက်မထပ်ချင်သေးဘူးဆိုတော့ သူ့ကိုပိုင်ဆိုင်ရအောင်လုပ်မှ ပိုင်ဆိုင်ရမှာပေါ့၊ ဘယ်လောက်ပဲမြင့်မားတဲ့မိန်းမဖြစ်ပါစေ အထိအတွေ့နဲ့ အချစ်နဲ့ဆိုရင်တော့ အညှာလွယ်သွားတတ်ကြပါတယ်ဆရာ၊ ချည်နှောင်နိုင်ရင်တော့ ဘယ်လိုမှ ရုန်းထွက်တော့မှာမဟုတ်ဘူး။ မဟုတ်ရင်တော့"

"သဘောပေါက်ပြီ သဘောပေါက်ပြီ ကိုကျော်ကြီး အိုကေ အိုကေ ရပြီ"





"ဟာ"

ပြောရင်းလက်ကျန်ဖန်ခွက်ကို ထပ်မော့လိုက်တာမို့ ကိုကျော်ကြီး ခွဲယူလေသည်။ သူ့စိတ်တွေက ဖမ်းဆုပ်လို့မရအောင် လွတ်ချင်နေပြီမို့ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းဆင်ခြင်မှုမဲ့နေပြီမှန်းလည်း သတိမထားမိတော့ပါ။

ကိုကျော်ကြီးကလည်း ပြုလုလုယိုင်နဲ့နေပြီဖြစ်သော သူ့ကိုတွဲထူမ၍

"ဆရာ့ကို ကျွန်တော်အိမ်အထိလိုက်ပို့ပေးမယ်ဆရာ၊ ကျွန်တော့်ကားကို ပြီးမှ ပြန်လာယူလိုက်မယ်"

"ရပါတယ် ကိုကျော်ကြီးရယ်၊ ကျွန်တော်မမူးသေးပါဘူး။ ဒီမှာအိမ်သော့ ဒီမှာကားသော့ ကျွန်တော့်ဘာသာ ကားမောင်းပြန်လို့ရတယ်၊ ကျွန်တော်မူးနေလို့ခင်ဗျား အိမ်ပြန်လိုက်ပို့ရတယ်ဆိုတာ အိမ်ကလူတွေသိရင် ကျွန်တော်ဖီးအောက်တာပေါ့ဗျ"

"ကဲပါ ကျွန်တော် အိမ်ထဲထိမဝင်ပါဘူး။ ဒီအချိန်ဆို အားလုံးအိပ်နေလို့ ကျွန်တော်လိုက်ပို့တာလည်း ဘယ်သူမှသိမှာမဟုတ်ပါဘူး။ ကားနဲ့ဆိုတော့ ဆရာတစ်ခုခုဖြစ်မှာ ကျွန်တော်စိတ်မချလို့ပါ နော်ဆရာ"

"ဒါဆိုလည်း သဘောပဲ၊ ကျွန်တော်မမူးသေးဘူးနော်၊ ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းနိုင်တယ်၊ ဒီနေ့ စိတ်ညစ်စရာတွေများသွားလို့သာ နည်းနည်းလွတ်သွားတာ၊ ဒါတောင် ခင်ဗျားက မိတ်ရှုဆွေရင်းလိုဖြစ်နေလို့ ရင်ဖွင့်တာ"

"ဟုတ်ပါပြီ ကျွန်တော်ကလည်း ကျွန်တော့်ကို ဒီလိုရင်းရင်းနှီးနှီး ဆက်ဆံတဲ့အတွက် ကျေးဇူးတင်နေတာပါ"

မင်းဖုန်းမြတ် ရစ်နေပြီမှန်းသိပေမယ့် စိတ်မဆိုးမိ။ ကိုယ်က သူ့ရဲ့ မန်နေဂျာဝန်ထမ်းမဟုတ်ပါလား။ မင်းဖုန်းမြတ်က လူတော်တစ်ယောက်ပါ။ ဆက်ဆံရေးမှာ အေးစက်သည်လို့ထင်ရပေမယ့် ဝန်ထမ်းတွေအပေါ်တော့



www.burmeseclassic.com

www.burmeseclassic.com



တကာယ်စေတနာကောင်းသည်ဟု ပြောရမည်။

ကျန်းမာရေး လူမှုရေးကအစ ဂရုစိုက်ပေးတာမို့ ဝန်ထမ်းတွေက လည်း သစ္စာရှိကြ၏။ ကိုယ့်ကိုလည်း ယုံကြည်စွာလွှဲအပ်ခြင်းခံထားရပေမယ့် လုံလောက်သော လစာငွေပေးထားသည်မို့ ဘာကိုမှ အလွဲသုံးစားမလုပ်မိ ပေ။ အနေတည်ကြည်စီမံခန့်ခွဲမှုကောင်းသော မင်းဖုန်းမြတ်ကို ဒီနေ့လိုပုံစံ မျိုး တစ်ခါမှမမြင်တွေ့ဘူးပေ။

ချမ်းသာပြည့်စုံနေသူတွေမှာလည်း လိုအပ်ချက်ဆိုတာ ရှိနေတာ ပါပဲလား။ ဟူး အိမ်ရောက်အောင်တော့ ပို့ပေးမှပါ။

မိုးသည်းသည်း ညမှောင်မှောင် စိတ်မချခြင်းတွေဖြစ်နေတာ ကြောင့်။

■ ■ ■



## အခန်း (၁၆)

"ကို့ ဂျူနီး"

"ဟင်"

ညဆယ့်နှစ်နာရီကျော်။ ဒီအချိန်ကြီးမှာ ဘယ်လိုလုပ် အိမ်ရှေ့ ကနေ ကားသံကြားရတာပါလိမ့်။

မိုးသံတွေကလည်း တကျိန်းကျိန်း။ ဘယ်အချိန်ကစရွာပြီး အခုချိန် ထိ မတိတ်သေးတာလဲမသိပေ။

သင်တန်းအပ်ပြီး ပြန်လာကတည်းက အန်တီညို့တို့ အနားယူခိုင်း လိုက်တာနှင့် သူမ အိပ်ပျော်သွားလိုက်တာ အခုဇိုက်ဆလာမှသာ သူမ နိုးတော့သည်။ အားလုံးလည်းအိပ်မောကျနေကြပြီမို့ ဘယ်သူ့ကိုမှ နိုးမနေ တော့ဘဲ သူမဘာသာ မီးဖိုခန်းထဲမှာ ထမင်းဟင်းစားပြီး ပြန်ထွက်လာတာပါ။

ဘယ့်နှယ် ဘယ်သူက ဒီအချိန်မှ ဘယ်ကနေပြန်လာတာလဲ။

ညစ်ခံပွဲတွေဘာတွေရှိလို့ အန်တီညို့တို့ သွားကြတာများလား။

အိမ်ရှေ့မီးက လင်းနေသော်လည်း ကားပေါ်ကနေ တော်တော်နှင့် ဆင်းမလာသေးတာကြောင့် ဘယ်သူမှန်းမသိရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဂျောက်"

သူမ ညှော်ခန်းမီးဖွင့် သံဘာဂျာတံခါးကိုဖွင့်၍ အိမ်ရှေ့ထွက်လိုက်သည်။

"ဟင် မင်းဖုန်းမြတ်"

ကားပေါ်က ဒယီးဒယိုင်ဖြင့် ဆင်းလာတာ မင်းဖုန်းမြတ်ဖြစ်နေတာကြောင့် သူမ အံ့သြတကြီးဖြစ်သွားရသည်။

မင်းဖုန်းမြတ်က အဲဒီလို ယိုင်လဲအောင် အရက်သောက်တတ်သည့် သူမျိုးလား။ သူ့ကြည့်တော့ ဒီလိုလူမျိုးလို့မထင်ရ။

တည်ငြိမ်ရင့်ကျက်သယောင် လူကြီးလူကောင်းယောင်ယောင်နှင့်။

"ဟဲ့ ပလုပ်တုတ်"

ယိုင်ထိုးကာ မိုးရေထဲဖင်ထိုင်ကျသွားတာမို့ သူမ လန့်ဖျပ်ကာ ယောင်၍အော်လိုက်မိသည်။ ကားကိုတောင် ပေါ်တီကိုအောက်ထိ မောင်းဝင်မလာနိုင်ပုံထောက်တော့ တော်တော်အခြေအနေဆိုးနေပုံရ၏။

"ဘုရား ဘယ်လိုလုပ်ရပါ့မလဲ"

ကားကိုကိုင်ကာ ကုန်းထလိုက် ပြန်လဲမလိုဖြစ်လိုက်ဖြစ်နေသော မင်းဖုန်းမြတ်ကို သူမ သွားဆွဲထူရမလား ဒီအတိုင်း ပစ်ထားလိုက်ရမလား ဝေခွဲမရဖြစ်နေရသည်။

ဒီအတိုင်း မိုးရေထဲ ကြာကြာနေလျှင်တော့ ဟိုတစ်ခါလို အအေးမိပြီး ဖျားမှာသေချာသည်။ ဘယ်ညှော်ခံပွဲကများ ဒီလိုမူးရူးအောင် သောက်လာခဲ့တာလဲ။

အန်တီညိုတို့ကတော့ သူတို့သား ဒီလိုအမူးသမားပါလို့ တစ်ခါမှတော့ မပြောဘူးပါ။

"ဒီမှာ"

မင်းဖုန်းမြတ် မော့ကြည့်သော်လည်း သူမကို ဘယ်သူမှန်းသိပုံ





မရပေ။ ဝေဝါးနေသော မျက်လုံးများကို မှတ်သဝ်ကာ ကုန်းထပြန်၏။

"အမယ်လေး ပလုပ်တုတ်"

သူမ မနေနိုင်စွာ တွဲထူလိုက်မှ မင်းဖုန်းမြတ် မတ်မတ်ရပ်နိုင်၏။ ဒါတောင် ဒယီးဒယိုင်နှင့်မို့ သူ့လက်ကိုတင်းတင်းဆုပ်ကိုင်ပေးထားရသည်။ မင်းဖုန်းမြတ်ပုံစံက စကားသံထွက်ဖို့ပင် လေးလံကာ အသိစိတ်တွေလွတ်နေသလိုပါ။

"လာ လာ မိုးရေထဲမှာကြာရင် အအေးပတ်လိမ့်မယ် အိမ်ထဲဝင်"

လက်ကိုချည်းဆွဲခေါ်လို့လည်း လေးလံနေသော မင်းဖုန်းမြတ် ခြေလှမ်းတို့ကမရွေ့။

ဒီအတိုင်းသာဆိုလျှင်တော့ မိုးရေထဲမှာ သူမလည်း အအေးပတ်သွားနိုင်သည်။ အန်တီညိုတို့ကို သွားနိုးလိုက်ရမလား။

အိပ်မောကျနေသော လူကြီးတွေ အထိတ်တလန့်ဖြစ်သွားကြလျှင်တော့ မကောင်းဘူးထင်သည်။ သူ့ကိုအခန်းထဲပို့ပေးလိုက်တာပဲ ကောင်းမှာပါ။

"ဂျိမ်း"

"အမလေး"

အရေးထဲလျှပ်စီးလက်ကာ မိုးခြိမ်းသံကြီးကြားလိုက်၊ သူမ လန့်ဖျပ်တုန်တက်သွားလျက် မင်းဖုန်းမြတ်ကိုယ်ကြီးကို အမှတ်တမဲ့ဖက်လိုက်မိသည်။ မင်းဖုန်းမြတ်လက်ကြီးတွေကလည်း သူမပခုံးပေါ်ရောက်ထားမို့ အိမ်ထဲကို တွဲခေါ်လာခဲ့ရသည်။

"အမယ်လေး လေးလိုက်တဲ့ကိုယ်ခန္ဓာ၊ ကိုယ့်ကိုယ်ကိုယ်လည်း နည်းနည်းပါးပါးထိန်းစမ်းပါဦး ဒုက္ခပါပဲ"

သူမ ညည်းညူပြောဆိုနေတာလည်း မင်းဖုန်းမြတ် ကြားပုံမရပေ။ ဒီခန္ဓာကိုယ်ကြီးကို အပေါ်ထပ်က သူ့အခန်းထဲထိ တွဲခေါ်ရလျှင်တော့ အမော



www.burmeseclassic.com

www.burmeseclassic.com



ဆို့အသက်ရှူရပ်ပြီး သေသွားလိမ့်မည်ထင်သည်။ ညည်းခန်းထဲထားရအောင်လည်း ဆိုဖာခုံတွေမှာ မိုးရေတွေစိုသွားလို့မဖြစ်။

သူမအခန်းက အောက်ထပ်မှာ။

သူမအခန်းထဲထည့်ထားပြီး သူမကညည်းခန်းမှာထွက်အိပ်လိုက်ရမလား။ အန်တီလေးအခန်းကလည်း အောက်ထပ်မှာမို့ အန်တီလေးအခန်းထဲပဲ ပို့လိုက်ရမလား။

လေးလံသော ကိုယ်ခန္ဓာကြီးကို မနိုင်မနင်းတွဲခေါ်လာရင်း မရေမရာ ဝေခွဲမရတွေးနေမိသည်။

မထူးတော့ အနီးစပ်ဆုံး သူမအခန်းထဲထည့်ပြီးမှသာ ကျန်တာဘာလုပ်သင့်လဲ ထပ်စဉ်းစားရမည်။

"ကျွီ"

တံခါးကိုတွန်းဖွင့်ပြီး အခန်းထဲက ဆက်တီခုံမှာ မင်းဖုန်းမြတ်ကိုယ်ကြီးကို ထိုင်နိုင်းရသည်။

"အမေ့"

"ယိမ်း"

သူမလက်ကိုဆွဲထားပြီး မင်းဖုန်းမြတ်ကခေါ်လိုက်တာက သူမနာမည်မဟုတ်။

"မင်းဖုန်းမြတ် ဟိတ်လူကြီး"

သူမလက်ကို အားပြုဆွဲကာ ထရပ်ပြီး သူမကိုယ်လေးကို ဖွတ်အတင်းဆွဲဖက်ထားတာမို့ သူမ အလန့်တကြားလေးဖြစ်လျက် ရုန်းထွက်နေမိသည်။ ဒါပေမဲ့ အထိန်းအသိမ်းမရှိ လေးလံနေသော မင်းဖုန်းမြတ်ကိုယ်ကြီးက ရစ်ပတ်ထားသလိုရှိတာကြောင့် သူမ အသက်ရှူပင်ကျပ်လာမိသည်။

"ယိမ်း မင်းသိပ်ရက်စက်တယ်၊ ငါက မင်းရဲ့ချစ်သူလေ၊ နမ်းခွင့်ဖက်ခွင့်မပေးတာ မင်းအတွက် ငါက တန်ဖိုးမရှိတဲ့ကောင်မို့လို့လား"





"မင်း မင်းဖုန်းမြတ် အာ ကျွတ်"

"ငါက မင်းအတွက်ဘာကောင်လဲ မင်းရဲ့ချစ်သူမဟုတ်ဘူးလား ပြောစမ်း ယိမ်း ပြောစမ်း"

"ကျွတ် ဖယ်စမ်းပါ စိတ်ညစ်လိုက်တာ"

ရုန်းနေရာမှ ပိုတိုးလို့ အဖက်ခံရသလိုဖြစ်နေသည်။ သူမအခန်းထဲဖြစ်နေ၍ ကျယ်ကျယ်လောင်လောင်လည်း မအော်ရဲပါ။ တော်ကြာလူကြီးတွေတစ်မျိုးထင်သွားလျှင် မခက်ပေဘူးလား။

အသိစိတ်လွတ်နေသော မင်းဖုန်းမြတ်ကတော့ သူမကို ယိမ်းသံစဉ်ဆိုသာ ထင်နေပုံရသည်။

"ဟာ ဟိတ်လူ"

နှစ်ယောက်သား ခုတင်ပေါ်ပစ်ကျသွားတာမို့ သူမအထိတ်တလန့်ဖြစ်သွားမိသည်။ မူးနေသောလူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့များ အားတွေရှိနေရတာလဲ။ ယောကျ်ားတွေများ ကြောက်စရာကောင်းလိုက်တာ။

"ယိမ်း ယိမ်းရယ်၊ ကိုယ့်အချစ်တွေကို လက်ခံပေးပါ၊ နားလည်ပေးပါနော် ယိမ်း"

"ဟင့်အင်း ဟင့်အင်း မင်းဖုန်းမြတ် ကျွန်တော်ခင်ဗျားချစ်သူယိမ်းသံစဉ်မဟုတ်ပါဘူး။ ဖယ်ပါ လွှတ်ပါ လွှတ်ပါ မင်းဖုန်းမြတ်"

"ယိမ်း မင်းကိုချည်နှောင်ထားမှ မင်းကိုယ့်ကိုနားလည်တော့မှာ၊ ကိုယ့်ကိုခွင့်လွှတ်ပါ ယိမ်း။ ချစ်တယ် ယိမ်းရယ်"

"မင်းဖုန်းမြတ် ဟိတ်လူကြီး၊ မင်းဖုန်းမြတ်၊ ယိမ်းမဟုတ်ပါဘူး။ သွဲ့ချီ ကျွန်တော် ရှင်းလဲ့ချီပါ"

သူမပြောနေတာတွေ မင်းဖုန်းမြတ် ကြားပုံမပေါ်ပါ။ သူ့အတွေးစိတ်ကူးထဲမှာ ယိမ်းသံစဉ်ပဲရှိပုံရသည်။ သူ့ကမ္ဘာငယ်လေးထဲမှာ ရှင်းလဲ့ချီဆိုတာ မရှိပါဘဲ ဘာကြောင့် သူ့ရင်ခွင်ထဲကို သူမရောက်နေရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ငိုယိုပြီး ရှန်းကန်ပြေးထွက်သွားလျှင်ရပါလျက် သူ့ရဲ့ ချည်နှောင်မှုတွေကို သူမ နှစ်မြောပျော်ဝင်သွားမိလေခြင်းလား။

"ရှန်ကုန်မှာ သမီးငယ်ငယ်လေးတုန်းက အရုပ်းကိုချစ်တဲ့ မင်းဖုန်းမြတ်ဆိုတာရှိတယ်၊ သမီးထက် အသက်သုံးနှစ်လောက်ကြီးတယ် သမီးရဲ့ သမီးကိုချိုပိုးချော့မြူခဲ့တာပေါ့၊ အရုပ်းကို သိတတ်လိမ္မာတယ်၊ အခုတွေ့ရင် လည်း သမီးကိုချစ်မှာပါ၊ တွေ့ရင်တော့ ကိုကိုလို့ခေါ်နော်၊ ကောင်းကောင်း မွန်မွန်ဆက်ဆံ"

မေမေ့အမှာစကားတွေအတွက် ဟိုမှာကတည်းက သူမရင်တွေ ခုန်နေခဲ့တာပါ။ သူမကို ချိုပိုးထိန်းကျောင်းခဲ့သည့်လူတစ်ယောက်က ဘယ်လို ရုပ်ရည်မျိုး ဘယ်လိုပုံစံမျိုးရှိနေမလဲလို့ စဉ်းစားရင်းနှင့် သူမအိပ်လို့တောင် မပျော်ခဲ့ပေ။ ယောက်ျားပျိုတစ်ယောက်ရှိသောအိမ်ကို ကြည်ဖြူစွာလှတ်လိုက် ကတည်းက မေမေ့မှာဘယ်လိုရည်ရွယ်ချက်တွေရှိနေလိမ့်မလဲလို့ စိတ်ကူး ယဉ်ကြည့်မိတာလည်း အမောပါ။

ဒါပေမဲ့ အရာရာသည် သူမစိတ်ကူးယဉ်ထားမိသလိုတွေ ဘာမှ ဖြစ်မလာခဲ့။ ထို့ကြောင့် အကြောင်းကြောင်းတွေသည် စိတ်ကူးနှင့်လက်တွေ့ လွဲချော်မှုပေါင်းများစွာနှင့်။

မိုးသည်းသည်းမည်းမည်း ရွာသွန်းလို့ကောင်းနေဆဲ။

■ ■ ■



## အခန်း (၁၅)

"ဟယ်တော် ရှင်းလှဲ့လေးက ဇစာစောစီးစီး မီးဖိုခန်းထဲ ဝင်လို့ပါ လား၊ ဘာဖြစ်လို့လဲကွယ် အိပ်လို့မပျော်လို့လား"

"မ မဟုတ်ပါဘူး အိပ်လို့ပျော်ပါတယ်၊ ရှင်းလှဲ့ မုန့်ဟင်းခါးချက် ကျွေးချင်လို့ပါ၊ မုန့်ဖတ်တောင် သွားဝယ်ပြီးသွားပြီ"

"အိုကွယ် ဒီလောက်အစောကြီးတောင် အိပ်ရာကထလုပ်ရသလား အခုမှ ခြောက်နာရီတောင်မထိုးသေးဘူး၊ အားလုံးပြီးစီးနေပြီဆိုတော့ ဘယ် အချိန်ကတောင် ထချက်နေရတာလဲ၊ အားနာစရာကောင်းလိုက်တာကွယ်၊ နေမြင့်အောင်အိပ်လည်း အန်တီညိုတို့ ကူလုပ်မှာပေါ့"

"ရပါတယ် ရှင်းလှဲ့ စောစောနိုးနေတာနဲ့ ထလုပ်လိုက်တာပါ"

လိမ်ညာနေမိသလိုဖြစ်တာကြောင့် မလုံမလဲ စိတ်များဖြင့် အသံ တွေပင်တုန်ခါနေရသည်။ သူမမျက်နှာတစ်ခုလုံးလည်း ရှက်ရွံ့သလို နီရွှေးနေ ပါလိမ့်မည်။

"ဟဲ့ မုန့်ဟင်းခါးနံ့လေးက မွှေးနေတာပဲ၊ မမညို ချက်နေတာ လား"



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးက ဝင်လာပြီးမေးလိုက်တော့ အန်တီညိုက သူမကို မေးငေါ့ပြသည်။

"ဒီမှာလေ ရှင်းလဲ့ အစောကြီးတည်းက ထချက်နေတာတဲ့ တို့တော့ ဒီလိုသမီးမျိုးတစ်သက်လုံးတောင် ခေါ်မွေးထားလိုက်ချင်ပါရဲ့ကွယ်"

"အလကားတော့ ရပ့်မလား မမညိုရယ်၊ မမခင်ဆီတောင်းမှပေါ့ ဒါတောင် သမီးအနေနဲ့တော့ရမှာမဟုတ်ဘူး။ သူတို့သမီးလေး ချွေးမအနေနဲ့ တောင်းမှပဲရလိမ့်မယ်"

"အမယ်လေး သားမှာသာ ယိမ်းသီစဉ်ဆိုတဲ့ချစ်သူမရှိရင် ခင့်ဆီကို တောင်းပြီးသားပါတော်၊ ဘယ်နေလိမ့်မလဲ သားကိုကြီးကျယ်ကြောင့် အခက် တွေ့နေတာ"

"လှိုင်ကတော့လေ အဲဒီ ယိမ်းသံစဉ်နဲ့တူလေးကို လုံးဝကိုသဘော မတူတာ၊ အခုတောင် တူလေးအပေါ် ပိုင်စိုးပိုင်နင်း ကြီးကြီးကျယ်ကျယ်တွေ လုပ်နေတာ၊ ရများရရင်တော့ ဘယ်လိုတွေများအပိုင်ချုပ်ထားမလဲမသိဘူး သွားဆိုသွား လာဆိုလာ ဒီလိုနေ ဒီလိုထိုင်နဲ့ ဘယ်လောက်များအမိန့်တွေ ပေးနေလိုက်မလဲလို့"

"အေးလေ ဒါပေမဲ့ သားကကျေနပ်နေတော့ ဘယ်တတ်နိုင်တော့ မှာလဲ၊ ကဲပါ ဒါတွေပြောမနေပါနဲ့၊ ညက မိုးအေးအေးနဲ့ အိပ်လို့ကောင်း လိုက်တာ၊ မိုးခါတ်လေးနဲ့ အိပ်ချင်လို့ အဲကွန်းတောင် မဖွင့်ဘူး"

"ဟုတ်တယ် မမညို၊ လှိုင့်လည်း အိပ်ကောင်းကောင်းနဲ့အိပ် လိုက်တာ တစ်ရေးမှတောင်မနိုးဘူး။ ဒါနဲ့ ရှင်းလဲ့လေးရော တစ်ညလုံးအိပ် ပျော်နေတာလား။ ညနေလောက်ကတည်းက အိပ်လိုက်တာ ဗိုက်တွေဘာ တွေ မဆာဘူးလား။ ထမစားဘူးလားဟင်၊ ရှင်းလဲ့ဗိုက်ဆာရင်အဆင်သင့် စားလို့ရအောင်ဆိုပြီး ထမင်းဟင်းတွေ သေချာနွေးပြီး အုပ်ဆောင်းထဲထည့် အုပ်ထားတာ"





"ဟုတ် ဟုတ်ကဲ့"

"ဟုတ်ကဲ့ဆိုတာက ထစားဖြစ်လား၊ မစားဖြစ်ဘူးပြောတာလား"

"ရှင် ဟို စား စားဖြစ်ပါတယ်"

သူမ ခဏတုန်ကယင် မလုံမလဲဖြစ်နေတာမို့ အန်တီညိုနှင့်အန်တီ လေးတို့ ထူးဆန်းသလိုကြည့်နေကြသည်။ အန်တီညိုက သူမနဖူးလေးကို စမ်းလျက်

"နေမကောင်းဘူးလား ရှင်းလဲ့လေး၊ သမီးကြည့်ရတာ မျက်နှာ လည်းမလန်း၊ ခါတိုင်းလို သွက်သွက်လက်လက်လည်းမရှိ၊ ဘာဖြစ်လို့ ကွယ်"

"ရှင် ဘာ ဘာမှမဖြစ်ပါဘူး။ ဟင်း ဟင်းရည်အစောကြီးထချက် လို့ မူးဝေဝေဖြစ်နေတာပါ"

"ဩော် အဲဒါကြောင့်ကွယ် နောက်ဆိုဘာမှအစောကြီးထမလုပ်နဲ့ လား။ အိပ်ရေးဝဝအိပ်ပြီး နိုးမှစားချင်တာရှိလည်း ဝိုင်းလုပ်လိုက်ရ ခဏလေး

"ဟုတ် ဟုတ်ကဲ့ အန်တီညိုတို့ စားကြတော့မလားဟင်၊ ရှင်းလဲ့ ပွဲပြင်ပေးမယ်"

"အင်း ရှင်းလဲ့အနီကယ်လည်း လာတော့မှာဆိုတော့ ပြင်လိုက် တော့လေ"

"ဟုတ်ကဲ့"

ရှင်းလဲ့ မုန့်ပွဲတွေပြင်ပေးနေမိသော်လည်း စိတ်တို့ကဖြင့် ဂနာမငြိမ် သူမအခန်းထဲမှာ အိပ်ပျော်နေဆဲရှိသော မင်းမြတ်ဖုန်း နိုးလာလျှင် တွေဖြစ်လာနိုင်သလဲ။ ညကအဖြစ်အပျက်တွေပြန်မှ မှတ်မိပါ့မလား။ ကြောင့် သူမအခန်းထဲရောက်လာရသည်ဆိုတာရော သိပါဦးမလား။ တယ်ဆို ဒီလိုဒီအကြောင်း ဒီကိစ္စ ဒီအဖြစ်အပျက်တွေကို လူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသင့်သလားမသိပေမယ့် သူမ ပြောမပြရဲပေ။

မင်းမှန်းမြတ်က အသိစိတ်လွှတ်လောက်အောင် မူးနေသူ။ သူမက သတိရှိနေပါလျက် အမှားအယွင်းတစ်ခုထိ အဖြစ်ခံခဲ့တာ သူမအပြစ်ပဲမဟုတ်ပါလား။

"ရှင်း ရှင်းလဲ့ ဟင်းရည်တွေက ပန်းကန်ထဲမှာ လျှံနေပြီလေ၊ အောက်တွေတောင်ကျနေပြီ ဖော်ပြီလေ သမီး"

"ဟုတ် ဟုတ်ကဲ့ ဆောရီးပါ"

သူမစိတ်နဲ့ကိုယ်မကပ် ဖြစ်နေတာမို့ အလွဲလွဲအချော်ချော်မှားယွင်းနေရသည်။ သူမ ဒီလိုအပြစ်ရှိသလိုပုံစံမျိုးကြီးနှင့် မနေချင်ပါ။ ရယ်မောနောက်ပြီး ပျော်ပျော်ပဲနေချင်တာ။

"နေ နေ ရှင်းလဲ့၊ စားပွဲပေါ်ပေသွားတာတွေ အန်တီလေး လုပ်လိုက်မယ်၊ ရှင်းလဲ့က မုန့်ပွဲပဲပြင်ပါ"

"ဟုတ် ဟုတ်ကဲ့"

"မုန့်ဟင်းခါးချက်တာလားဟေ့ မွှေးနေတာပဲ"

"ဟုတ်တယ် အစ်ကိုကြီးရေ၊ ရှင်းလဲ့လေးချက်နေတာ"

သုံးယောက်သား ထိုင်ခုံတွေမှာဝင်ထိုင်ပြီး သူမပြင်ပေးသည့် မုန့်ပွဲတွေကိုစားကြသည်။

"ရှင်းလဲ့ လာလေကွယ်၊ တစ်ခါတည်း စားလိုက်လေ"

"ဟို ရှင်းလဲ့ ဟင်းရည်တွေမြည်းနေတာနဲ့ ဗိုက်ကပြည့်နေတယ် ခဏနေမှပဲ စားလိုက်ပါတော့မယ် အန်တီညိုတို့ စားကြပါနော်"

"အေး အေး အဲဒါဆိုလည်း ပြီးမှစားလေ၊ အန်တီညိုတို့လည်း အဲဒီလိုပဲ ကိုယ်ချက်တဲ့ဟင်းဆို မြည်းတာနဲ့ ဟင်းနံ့နံတာနဲ့ စားချင်စိတ်ကို ပျောက်သွားရော၊ အခုတလောကတော့ ရှင်းလဲ့ ဘာပဲလုပ်ကျွေးကျွေး စား လို့ကောင်းသောက်လို့ကောင်းကိုဖြစ်နေတာ ကျေးဇူးပဲ ရှင်းလဲ့ရေ"





"သာခု သာခုပါ ရှင်းလဲ့ရယ်၊ အသက်ကြီးလာလေ အစားကောင်း အသောက်ကောင်း မက်လေပဲကွ၊ အဲဒီလိုပါဆိုနေမှ ညည်းအဒေါ်တွေက လည်း အသက်ကြီးလေ လက်ရာပျက်လေလားမသိပါဘူး၊ ပေါ့တဲ့အခါပေါ့၊ ငန်တဲ့အခါငန်နဲ့ အချိုအရသာဆိုလည်း ရှာမတွေ့၊ စားရတာ အရသာတွေ တောင်ပျက်တယ်"

"ဩော် အစ်ကိုကြီးရယ်၊ အသက်ကြီးရင် အချိုလျှော့စားရတယ်လေ၊ ဟင်းချက်တွေထဲလည်း အချိုမှုန့်သိပ်သုံးလို့မဖြစ်ဘူး၊ အရိုးပွရောဂါ ဆီးချိုသွေးချို သွေးတိုး၊ ဂေါက်ရောဂါတွေဖြစ်တတ်တယ်၊ အစားအသောက် အနေအထိုင် ဆင်ခြင်မှတော်ကာကျမယ်"

"အောင်မယ်လေးဟာ အချိုမှုန့်တစ်မျိုးတည်း ရှောင်ရုံနဲ့ အဲဒီရောဂါတွေမဖြစ်ဘူးဆိုရင် တစ်သက်လုံးရှောင်လိုက်ပါမယ်၊ အခုဟာက ဟင်းသီးဟင်းရွက်တွေကအစ မြန်မြန်ကြီး မြန်မြန်သီးအောင် ဆေးတွေဝါးတွေနဲ့ လုပ်ထားတာ၊ ဘာအသီး ဘာအရွက်စားရင် ဘာရောဂါပျောက်တယ်သာ ပြောနေတာ အဲဒီဆေးဝါးအဆိပ်တွေ နေ့တိုင်းစားနေရလို့ ဘယ်သူတွေ အနာရောဂါကင်းလဲပြော၊ ငယ်ငယ်ရွယ်ရွယ်လေးတွေနဲ့တောင် ဟိုရောဂါဖြစ်လို့ ဒီရောဂါဖြစ်လို့နဲ့ ပေါလိုက်တဲ့ရောဂါအဆန်းတွေ၊ ဒါကိုဟိုဟာရှောင် ဒီဟာရှောင်ဆိုရင်တော့ မသေခင် အစာအာဟာရပြတ်ရုံပဲရှိမယ်"

"ကဲပါ မောင်နှမနှစ်ယောက် စားရင်းသောက်ရင်း ရန်ဖြစ်မနေနဲ့၊ ဒီမှာ စားနေတဲ့မုန့်ဟင်းခါးအရသာ ပျက်သွားဦးမယ်"

"အေး ဟုတ်တယ်ကွ၊ စားရခဲလွန်းလို့ အဝကြိတ်မှ"

"ပြီးရင်တော့ ဆေးသောက်ဦးနော်"

"အေးပါကွာ ဒီခေတ်ကတော့ အစာနဲ့ဆေးတွဲသောက်နေရတာပဲ၊ သောက်လို့ကတော့ ဆေးရုံဆေးခန်းပြေးပေတော့ပဲ၊ တို့ငယ်ငယ်ကတော့ ဘာစားစား ဘာသောက်သောက် ဘာရောဂါမှမဖြစ်ဘူး၊ ဆေးရုံဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘယ်မှာမှန်းတောင် သိခဲ့ကြတာမဟုတ်ဘူး၊ အင်းအဆိပ်တွေ အဆိပ်တွေ နေ့စဉ်စားသောက်နေရတာတွေက အဆိပ်တွေပဲ''

''ရှင်းလှဲ့ချို''

''ဟ ဘာလဲကွ ဖအော်လိုက်တာ''

''သား''

''ဟဲ့ တူလေး''

အားလုံး စားသောက်စကားပြောနေကြဆဲ မင်းဖုန်းမြတ်ရဲ့ စူးရှသောအော်လိုက်သံကြောင့် လန့်ဖျပ်သွားကြသည်။ သူမလည်း တုန်ခနဲဖြစ်သွားလျက် မင်းဖုန်းမြတ်မျက်နှာကို မကြည့်ရဲ မကြည့်ဝံ့ဖြစ်နေ၏။ မင်းဖုန်းမြတ်က မီးဖိုခန်းထဲ ဆောင့်ကြီးအောင့်ကြီး ဝင်လာလျက် သူမကိုမျက်မှန်းကျိုးမှာ ကြည့်ပြီး

''ငါက မင်းအခန်းထဲ ဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ ပြောစမ်း ရှင်းလှဲ့ချို''

''ဟင် ရှင်းလှဲ့''

''ရှင်းလှဲ့လေး''

အားလုံးရဲ့မျက်လုံးများက ရှင်းလှဲ့ချိုဆီရောက်လျက် အံ့အားသင့်နေကြသည်။ ဒီစကားကို ဒီလိုနေရာမှာ မင်းဖုန်းမြတ် ဘာကြောင့်အော်ကြီးဟစ်ကျယ် လာပြောရတာလဲ။

တကယ်ဆို သူမှူးနေတာမို့ သူမက စေတနာနှင့်

''ရှင်းလှဲ့ချို ပြောလေ၊ ဘာလို့ ငါက မင်းအခန်းထဲရောက်နေရတာလဲလို့''

''ခင် ခင်ဗျား ညက အရမ်းမူးနေတာလေ အဲ အဲဒါ''

''မူးနေတာနဲ့ပဲ မင်းအခန်းထဲခေါ်သွင်းရသလား။ ငါ့မှာ ငါ့အိပ်ခန်းရှိတယ်၊ မင်းကွာ မိန်းကလေးတန်မဲ့''





''ခင်ဗျား အဲဒီလိုမပြောပါနဲ့ မင်းဖုန်းမြတ်၊ လူမှန်းသူမှန်းမသိအောင် မူးနေတဲ့ခင်ဗျားကိုယ်ကြီးကို ဘယ်လိုလုပ်အပေါ်ထပ်ထိ တွဲတင်နိုင်မှာလဲ''

''အဲဒါဆိုလည်း ဧည့်ခန်းထဲမှာပစ်ချထားလိုက်လေ၊ ဘာလို့ မင်းအခန်းထဲခေါ်သွင်းရတာလဲ၊ မင်းမှာဘာတွေအကြံအစည်ရှိနေလို့လဲ''

''သား စကားပြောတာ ဘယ်လိုတွေပြောနေတာလဲ ဆင်ခြင်စမ်း''

ကျေးဇူးတင်ရကောင်းမှန်းမသိ စော်ကားနေသောစကားတွေ အတွက် ရှင်းလှဲ့ချိုကိုအားနာပြီး ဦးအံ့မင်း မာန်မဲလိုက်သော်လည်း မင်းဖုန်းမြတ်က ဒေါသတကြီးဖြစ်နေသေးကာ

''သားပြောနေတာ ဘာမှားလို့လဲ ဖေဖေ၊ မိန်းကလေးဖြစ်ပြီး မူးရူးနေတဲ့ယောကျ်ားတစ်ယောက်ကို ဘာလို့အခန်းထဲခေါ်သွင်းရတာလဲ''

''နေပါဦး မင်းကရော သိက္ခာတွေ သမာဓိတွေနဲ့ အတည်အတံ့ကြီးနေနေတဲ့ကောင်က ဘာကြောင့် လူမှန်းသူမှန်းမသိအောင် မူးရူးသောက်စားလာတာလဲ''

''ဒါကတော့ ယောကျ်ားပဲ ဖေဖေ၊ တစ်ခါတလေ ဒီလောက်တော့ လုပ်ဖြစ်ချင်လုပ်ဖြစ်မှာပေါ့''

''အေး မင်းရဲ့တစ်ခါတလေကို ငါကတော့ အံ့သြတယ်၊ ပုံမှန် ပန်းပျက်နဲ့တောင် တစ်ခါမှ မဖြစ်ဘူးတဲ့ကောင်က အဲဒီလောက်တောင်ဖြစ်လာသတဲ့လား။ မင်းလိုကောင်မျိုးတွေပဲ မိန်းမတွေအမိဖမ်းဖို့လွယ်တာ၊ လည်လွန်းတဲ့ဘီး ချေးသင့်တတ်တယ်ဆိုတာ''

''အဲဒါ သားသိချင်တာပဲ၊ သူ ဘာလို့သားကို''

''မင်းဖုန်းမြတ် တော်တော့၊ ခင်ဗျားစကားတွေက ကျွန်တော့်ကို အရမ်းစော်ကားလွန်းနေပြီ၊ ကျွန်တော်က မိုးရေထဲမှာ ခင်ဗျားမထနိုင်ဖြစ်နေလို့ အရင်တစ်ခါလို ပြန်ဖျားမှာစိုးရိမ်စိတ်နဲ့ အိမ်ထဲကိုတွဲခေါ်ပေးတာ၊ ဧည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာထားရင် ဆိုဖာခုံတွေမိုးရေစိုမှာစိုးလို့ လူကြီးတွေနိုးရင် လန့်ဖျပ်သွားကြမှာစိုးလို့ သိလား၊ ခင်ဗျား စေတနာနဲ့တကယ်မတန်တဲ့လူ''

''စေတနာနဲ့မတန်ရအောင် မင်းကိုဘယ်သူက စေတနာတွေထားခိုင်းနေလို့လဲ၊ မင်းနဲ့ငါ ဘယ်တုန်းကမှသင့်မြတ်ကြတာမဟုတ်ဘူး၊ အခုမှအပိုတွေလုပ်ပြမနေနဲ့ မင်းလိုမိန်းမမျိုး ဘာကျေးဇူးမှလည်းတင်စရာအကြောင်းမရှိဘူး''

''သားစကားတွေက လူကြီးတွေရှေ့မှာ ရိုင်းလိုက်တာကွယ်၊ ရှင်းလဲ့ချိုက ဘာတွေမှားနေလို့လဲ၊ အခန်းထဲခေါ်သိပ်လိုက်ရတဲ့အကြောင်းအရင်းသူရှင်းပြနေတာပဲ၊ သားက ဘာလို့ ဒေါသကြီးနေရတာလဲသား''

''အဲဒါကြောင့် မိန်းမတွေကို ယိမ်းလောက်တန်ဖိုးထားလို့မရတာ၊ ယိမ်းက သားနဲ့ချစ်သူတွေဖြစ်နေတာတောင် လက်ကိုင်တာ ပါးနမ်းတာမျိုးအလုပ်ခံတဲ့မိန်းမမျိုးမဟုတ်ဘူး၊ မိန်းမတစ်ယောက်တန်ဖိုးကို အရမ်းထိန်းသိမ်းတတ်တယ်၊ လက်မထပ်ရသေးဘဲ ကိုယ်ကျင့်သိက္ခာကိုနည်းနည်းလေးမှအပျက်မခံဘူး''

''အဲဒီမိန်းမနဲ့ ကျွန်တော့်ကိုဘာလို့လာပြီး တန်းညှိနေတာလဲ မင်းဖုန်းမြတ်၊ ခင်ဗျားရဲ့အဲဒီမိန်းမဘယ်လောက်တန်ဖိုးရှိရှိ မြင့်မြတ်မြတ် ကျွန်တော်နဲ့ဘာဆိုင်လို့လဲ''

''အေး မင်းလိုပေါ့ပျက်ပျက်ပဲနေတတ်တဲ့မိန်းမကတော့ မဆိုင်ဘူးပဲတွေးမှာပေါ့၊ ယိမ်းလိုမှ တန်ဖိုးရှိအောင်မနေတတ်တာ၊ ငါပြောထားလိုက်မယ်နော်၊ နောက်တစ်ခါ ငါဘာဖြစ်နေနေ လာမပတ်သက်နဲ့ ကြားလား''

''ကြည့်စမ်းပါဦး''

ပြောပြီးလှမ်းထွက်သွားသော မင်းဖုန်းမြတ်ကို အားလုံးဒေါသတကြီး ဖြစ်သွားကြလျက် ရှင်းလဲ့ချိုကိုလည်း အားနာသလိုဖြစ်နေကြသည်။ ဦးအံ့မင်းက စားလက်စကိုပင် ဆက်မစားတော့ဘဲ ထရပ်လိုက်ကာ





''မင်းသားလုပ်ပုံတွေကတော့ ခင့်ကိုရော ရှင်းလဲ့ချိုကိုရော တော်တော်လေးမျက်နှာပူဖို့ကောင်းတယ်၊ ယောကျ်ားတန်မဲ့ နှုတ်သီးကောင်းလျှာပါးနဲ့ ရန်ထောင်နေလိုက်တာများ''

''ကျွန်မလည်း ပြောဆိုနေတာပါပဲရှင်''

''ဒီလိုအထိန်းအသိမ်း အတည်အတံ့နေနေတဲ့ကောင်က ဒီလောက်လူမှန်းသူမှန်းမသိအောင် မူးလာသတဲ့၊ ဟုတ်ကော ဟုတ်ရဲ့လားမသိဘူး၊ အံ့သြဖို့ကောင်းလိုက်တာ''

''သူ့မှာလည်း တခြားအကြောင်းရှိလို့နေမှာပေါ့၊ အပေါင်းအသင်းနဲ့ပဲတွေ့လို့လား၊ ပါတနာတွေနဲ့ဆုံလို့လား''

''မင့်သားမှာ ရင်းနှီးကျွမ်းဝင်စွာပေါင်းသင်းတဲ့ အပေါင်းအသင်းဘယ်နှယောက်တောင်ရှိလို့လဲ၊ ကျောင်းတက်တုန်းကတောင် တခြားမိဘတွေလို သားအပေါင်းအသင်းသူငယ်ချင်းတွေ မုန့်လုပ်ကျွေးရအောင် ထမင်းကျွေးရအောင် အိမ်လည်ခေါ်ခဲ့ပါလားဆိုတော့ သားမှာ အဲဒီလောက် ရင်းနှီးတဲ့သူငယ်ချင်းမရှိပါဘူးလို့ ပြောခဲ့တာလေ''

''အင်းလေ ဘာကြောင့်ဖြစ်ဖြစ် ယောကျ်ားလေးဆိုတော့ တစ်ခါတလေ ဒီလိုတော့ ဖြစ်တတ်ပါတယ်၊ ကိုတောင် လူပျိုဘဝမှာရော အိမ်ထောင်သည်ဘဝမှာရော အမြဲတမ်းမဟုတ်ပေမယ့် တစ်ခါတစ်ရံ အဲဒီလိုမူးရူးပြန်လာတတ်တာပဲမဟုတ်လား''

''ကိုယ်က အပေါင်းအသင်းရှိလို့လေ၊ ဘယ်သူနဲ့တွေ့လို့ ဘယ်သူက ညှော်ခံလိုက်လို့နဲ့ အကြောင်းပြချက်ရှိတယ်''

''ကဲပါ အစ်ကိုကြီးနဲ့မညိုကလည်း ရှေးဟောင်းနှောင်းဖြစ်နဲ့ စကားပြန်များနေကြတယ်၊ ရှင်းလဲ့လေးလည်း သေချာမေးကြပါဦး၊ ညကတူလေးဘယ်လောက်တောင်မူးလာလဲဆိုတာ''

''ခုနက ပြောထားတဲ့အတိုင်းပါပဲ အန်တီလေး''



www.burmeseclassic.com

www.burmeseclassic.com



သူမ ဒီထက်ပိုပြီး ဘာမှမပြောချင်တော့တာကြောင့် အခန်းထဲက ထွက်လာခဲ့သည်။ မေးသင့်သောမေးခွန်းတွေ မေးကြမှာဆိုပေမယ့် သူမ ကျဥ်းထဲကျပ်ထဲ မလုံမလဲမဖြစ်တော့လို့ပါ။ အခုတောင် သူမဘာယ်လောက်ထိ မလုံမလဲ မဝံ့မရဲ ဣန္ဒြေပျက်ယွင်းနေပြီလဲမသိ။

မင်းဖုန်းမြတ်သာ ဒီလိုမျိုး သူမကို အပြစ်ဖို့လာမသောင်းကျန်းလျှင် အန်တီညိုတို့ သိစရာအကြောင်းမရှိပေ။ အခုတော့ တခြားဘာကိုမှမမှတ်မိဘူးပဲထားပါဦး၊ စေတနာကိုစော်ကားရက်တာတော့ အံ့သြစရာ။

သူမကို ဒီလောက်တောင်ပဲ မုန်းနေရလား။ ငယ်ငယ်က သံယောဇဉ်ကိုတောင် မမှတ်မိတော့တာ ဝမ်းနည်းစရာကောင်းသည်။

သူမကတော့ ရန်ကုန်ကိုရောက်လာခဲ့တာ မျှော်လင့်ချက်တွေနဲ့ပါ။ အခုတော့ အားလုံးဟာ သူမအတွက် အရှုံးကြီးပေါ့။

ထားလိုက်ပါတော့ မင်းဖုန်းမြတ်ရယ်၊ သံသရာအထိ ဆုံစရာကိစ္စမှမရှိတော့တာ။

တော်သလိုနေလိုက်ရုံကလွဲလို့။

■ ■ ■



## အခန်း (၁၈)

နွမ်းခွေသောစိတ်တစ်ခုဖြင့် ကော်ဖီဆိုင်မှာ ထိုင်နေမိသည်။ ယိမ်းက သူရောက်လာမည်ဟု ချိန်းဆိုထားခြင်းဖြစ်သော်လည်း နာရီဝက်နီးပါး ရှိသည်အထိ ရောက်မလာသေးပါ။

လမ်းမှာကားကျပ်တာထက် အိမ်ကထွက်မလာသေးတာပဲဖြစ်နိုင်သည်။ လုပ်ငန်းကိစ္စမှန်သမျှ သူမက ဦးဆောင်နေသည်ဆိုသော်လည်း အိမ်ကမိသားစုကိုလည်း လျစ်လျူရှုမထားတတ်သူ ဖြစ်နိုင်သည်။ ဖုန်းဆက်လိုက်တိုင်း အလုပ်ထဲမှာ၊ ဒါမှမဟုတ် အရေးပေါ်အစည်းအဝေး၊ ညှိနှိုင်းပွဲများ မရှိလျှင် အိမ်မှာပဲရှိနေတတ်သည်။ တကယ်ကို မိုင်းကောင်းကျောက်ဖိ အမျိုးသမီးကောင်းဟု ပြောလို့ရ၏။

ဒီလိုမိန်းကလေးမျိုးကို သူ ပိုင်ဆိုင်ချင်တာ တာများမှားလို့လဲ။

“ညီလေး ကော်ဖီနောက်တစ်ခွက်လောက် ချပါဦး၊ ခုနကလို ဆေးကော်ဖီပဲနော်၊ ကိုယ်ခေါင်းတွေနောက်နေလို့”

“ဟုတ်ကဲ့”

ခေါင်းထဲက တကယ်ကို ကြည်လင်လန်းဆန်းမလာသေးပါ။ ညက အရက်တွေ သူဘာလို့များ ဒီလောက်တောင် သောက်မိလိုက်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူ သောက်သည့်အရက်က ဒီလောက်မများ။

သောက်နေကျယောက်ျားတစ်ယောက်ဆိုလျှင် လစ်မစ်တောင် ပြည့်သေးမှာမဟုတ်။ သူကတော့ ဒီလောက်များများစားစားသောက်နေကျ မဟုတ်တာကြောင့် နည်းနည်းနှင့်အမူးလွန်သွားတာပဲဖြစ်နိုင်သည်။ သူဘယ် လောက်တောင် ရှပ်ပျက်ဆင်းပျက်နိုင်ပြီး အသိလွတ်သွားလို့ ရှင်းလဲ့ချိုအခန်း ထဲတောင် ရောက်သွားရတာလဲ။

တကယ်ဆို သူဘယ်လောက်ပဲအမူးလွန်ပြီး အသိလွတ်လွတ်၊ ရှင်းလဲ့ချို သူမအခန်းထဲကို တွဲခေါ်သွားစရာအကြောင်းမရှိပေ။ အသိစိတ် လွတ် မူးရူးနေသောယောက်ျားတစ်ယောက်ကို ဒီလိုမျိုး ပွေ့ဖက်တွဲခေါ်ပြီး အခန်းထဲထိသွင်းတာ လုံးဝကိုသိက္ခာမရှိ။

ဖေဖေပြောသလို အမိဖမ်းချင်လို့ ဒီလိုမျိုးလုပ်လိုက်တာများလား။

"ကိုမင်း"

"ဪ ယိမ်း"

ယိမ်း ရောက်လာချိန်မှာ ဝိတ်တာလေးရှိမနေသေးတာကြောင့် ပျာပျာသလဲထ၍ ထိုင်ခုံထုတ်ပေးလိုက်မိသည်။ ယိမ်းက လွယ်လာသော တန်ဖိုးကြီးအိတ်ကို စားပွဲပေါ် ဟန်ပါပါတင်၍ မျက်မှန်ကို နဖူးပေါ်မတင်လိုက် ၏။

ယိမ်း ဘာတွေလုပ်နေနေ စမတ်ကျကာ ကြည့်ကောင်းနေတာ တော့အမှန်ပဲဖြစ်သည်။ ဒါပေမဲ့ သူ့စိတ်တွေက နိုးလို့ခုလုဖြစ်နေတာမို့ အရင် လိုကျေနပ်စွာ မပြုံးဖြစ်ပါ။

"ယိမ်း ဒီနေ့ ကိုယ့်ကိုချော့ဖို့ ချိန်းလိုက်တာမဟုတ်လား"

"ဘာစိတ်ကောက်စရာလုပ်ထားလို့ ယိမ်းကချော့ရမှာလဲ၊ စိတ် ကောက်တာတို့ ချော့တာတို့ဆိုတာ ကလေးကလားအလုပ်တွေ၊ ဒါနဲ့နေပါဦး မနေ့က ယိမ်းလာမတွေ့နိုင်တဲ့အတွက် စားသောက်ဆိုင်တွေ ကလပ်တွေ





မှာ ကိုမင်းသောက်စားမူးယစ်အပျော်သွားရှာတယ်မဟုတ်လား"

"ဟင် မ မသွားပါဘူး"

အတိအကျ စွပ်စွဲလာသော ယိမ်းကို သူ ဝန်မခံရဲပေ။ ယိမ်းက ဘာကြောင့်ဒီလိုလုပ်လိမ့်မည်ဖြစ်ဟု သိနေတာလဲ။ တစ်ယောက်ယောက်ကို များ သူ့အကြောင်းစုံစမ်းခိုင်းထားတာလား။

ဒါမှမဟုတ် သူမကိုယ်တိုင် လိုက်ချောင်းကြည့်နေခဲ့တာလား။ ဟင့်အင်း ယိမ်းက ဒီလိုလုပ်မည့်မိန်းကလေးမျိုးမဟုတ်ပါ။

"ကိုမင်း ဘာလို့ ယိမ်းမျက်နှာကြည့်ပြီး မဖြေတာလဲ၊ ကိုမင်း မဟုတ်တာလုပ်ထားလို့လား"

"ဘာကိုလုပ်ထားရမှာလဲ ယိမ်းရယ်၊ ကိုယ်ဘာမှမလုပ်ပါဘူး၊ ယိမ်းပြောတဲ့စကားတွေကြောင့်သာ ကိုယ်စိတ်မကောင်းဖြစ်ပြီး တစ်ညလုံး အိပ်မပျော်လို့ ခေါင်းတွေကိုက်ခဲနေတာ"

"ယိမ်း ပြောလိုက်တဲ့စကား"

"ဟုတ်တယ်လေ လက်ထပ်ဖို့နောက်ဆုတ်မယ်ဆိုတဲ့စကားဟာ ကိုယ့်ကိုယုံကြည်မှုနည်းတာပဲမဟုတ်လား"

"အမှန်ပဲလေ ကိုမင်းကိုရွေးချယ်မိတာ မှားသွားပြီလားလို့တောင် တွေးနေမိတယ်"

"ဘာ"

"ပုဆိုးဝတ်ဝတ် ဘောင်းဘီဝတ်ဝတ် စတိုင်ကျတယ်၊ ယောက်ျား ပီသတယ်၊ လူကြီးလူကောင်းဆန်မယ် တည်ငြိမ်ရင့်ကျက်မှုရှိတယ်၊ စကား ပြောတာလေးနက်မှုရှိတယ်၊ ဗရုတ်ဗရက် ရှုပ်ရှုပ်ယှက်ယှက်ပုံစံမျိုးမဟုတ်ဘူး။ ဆက်ဆံကြည့်တဲ့အခါတိုင်းလည်း အဲဒီအတိုင်းပဲမို့ ကိုမင်းအချစ်ကို လက်ခံ ခဲ့တာ"

"နေဦး အခု ကိုယ်က ဘာတွေဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း ကလေးဆန်လာတာ၊ ကိုယ့်ကိုယ်ကိုယ် မသိဘူးလား။ ဟိုနေရာတွေ့ချင် ဒီနေရာတွေ့ချင်ရတာနဲ့ အခွင့်အရေးရရင် လက်ကိုင်ချင်၊ ပခုံးကိုင်ချင်ရတာနဲ့ မဏ္ဍာပ်တိုင်တက်ချင်တဲ့စိတ်ကရှိသေး၊ စကားပြောတာလည်း သိပ်လေးနက်မှုမရှိတော့ဘူး၊ တောင်းဆိုမှုတွေဆိုတာလည်း"

"ယိမ်း ဒါတွေက ချစ်သူတွေဖြစ်သွားသူတိုင်းရဲ့ဆန္ဒတွေ တောင့်တမှုတွေ၊ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝတရားတွေပဲ၊ ကိုယ်က ဘာတွေလွန်ကျူးနေလို့လဲ ကျူးလွန်နေလို့လဲ၊ လိုအပ်တာထက် ဘာအခွင့်အရေးတွေယူနေလို့လဲ"

သူ့ရဲ့ခပ်ဆတ်ဆတ်အပြောတွေကြောင့် ယိမ်းက ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ကာ မျက်နှာတည်တင်းအေးခဲသွားသည်။

"ကျစ် အဲဒီလို ရန်တွေ့တတ်လာတာလည်း မရင့်ကျက်တာပဲ ကိုမင်း၊ ပတ်ဝန်းကျင်နဲ့အချိန်အခါမှ နားမလည်"

"ယိမ်းရယ် ကိုယ်ကဒါမျိုးရှင်းပြတာလည်း မရင့်ကျက်ဘူးဖြစ်သွားပြန်ပြီလား၊ မင်းကအေးခဲနေတဲ့ ရေခဲတုံးကိုလိုချင်တာလား ယိမ်း"

"ရေခဲတုံးဆိုရင်ရော ဘာလုပ်ရမှာလဲ၊ စီးပွားရေးဆိုလည်း မိန်းမတွေထက် ထက်မြက်ကျွမ်းကျင်နေရမယ်၊ စကားပြောလိမ္မာပါးနပ်ရမယ်၊ လူတွေကိုအဆင့်ရွေးပြီး ပေါင်းတတ်ရမယ်၊ ဘယ်နေရာမှာ ဘာတွေပဲလုပ်လုပ် စတိုင်ကျပြီးတည်တံ့နေရမယ်"

"ကိုယ်က အဲဒီလိုလူမျိုးမဟုတ်ဘူးလို့ မင်းပြောချင်တာလား"

"ဒီထက်ယုံကြည်ဖို့ဆိုရင် အချိန်ထပ်စောင့်ရတော့မယ်ထင်တယ်လို့ ပြောတာ၊ ကိုမင်းကို ယိမ်းချစ်ပါတယ်၊ ဘဝလက်တွဲဖော်လည်းဖြစ်ချင်တယ် ဒါပေမဲ့"

"တော်ပြီ ယိမ်း၊ မင်းစိတ်ကြိုက်ဖြစ်အောင် ကိုယ်ဒီထက်ပိုပြီး ကြိုးစားပါ့မယ်"





အောင့်သီးအောင့်သက် မခံချိမခံသာဖြင့် ကတိပေးလိုက်ခြင်းတော့မဟုတ်ပေ၊ တန်ဖိုးရှိသောမိန်းမတစ်ယောက်အတွက် ထိုရွေးချယ်မှုက မှန်ကန်သည်ပဲမဟုတ်လား။

ကိုယ့်လိုလူမျိုးတစ်ယောက်ကိုတောင် မပြည့်စုံသေးဘူးလို့ထင်နေတာကြောင့် တော်ရုံယောကျ်ားမျိုး ယိမ်းခေါင်းထဲတောင် ထည့်မှာမဟုတ်ပေ။ ယိမ်းက သူ့မျက်နှာကို သေချာစေ့စေ့ကြည့်လျက်

"ကိုမင်း တကယ်ကတိပေးနေတာလား"

"ကိုယ် ပေါ့ပျက်ပျက်ပြောလိုက်တဲ့စကားမဟုတ်ပါဘူး ယိမ်း၊ ယိမ်းရဲ့ရွေးချယ်မှုက တန်ဖိုးရှိလို့ ကိုယ်အရမ်းကိုလေးစားပါတယ်၊ မိန်းကလေးဆိုတာ ဒါမျိုးပဲဖြစ်သင့်တယ်လေ၊ ဘယ်လောက်ပဲချစ်ချစ် ဘဝကိုတော့အချစ်နဲ့မရွေးချယ်သင့်ဘူး၊ ဦးနှောက်နဲ့ပဲစဉ်းစားဆုံးဖြတ်သင့်တယ်၊ ဘဝတစ်သက်လုံးပေါင်းသင်းသွားရမယ့်ယောကျ်ားတစ်ယောက်ဟာ အဲဒီမိန်းမထက်တော်နေထက်မြက်နေ တည်ငြိမ်ရင့်ကျက်နေရမယ်၊ ဒါမှလည်း အိမ်ထောင်ဦးစီးကောင်း လင်ယောကျ်ားကောင်းတစ်ယောက် ဖြစ်မှာမဟုတ်လား၊ အခုခေတ်မိန်းကလေးတွေက အချစ်နဲ့ရွေးချယ်ပြီး နှလုံးသားနဲ့ပဲဆုံးဖြတ်နေကြလို့ ဘဝမှာအမှားတွေတွေ့ ကိုယ်ကျင့်သိက္ခာတွေပျက်စီးနေကြတာ"

"အင်း အင်း ဟုတ်တယ်"

ယိမ်းမျက်နှာလေး ညှို့မှောင်မှောင်ဖြစ်သွားတာကြောင့် သူ့စကားထဲမှာ ဘာအမှားပါသွားလဲဆိုပြီး စိုးထိတ်သွားမိသည်၊ ဒါပေမဲ့ ယိမ်းနှုတ်ခမ်းလေးက ချက်ချင်းပင် ပြုံးယောင်သမ်းသွားကာ ဝိတ်တာလေးလာချပေးသော ကော်ဖီကို တစ်ငုံငုံသောက်ပြီးမှ

"ကိုမင်းပြောတာတွေက မှန်ပါတယ်၊ မိန်းကလေးတစ်ယောက်အတွက်က ရွေးချယ်မှုမှားရင် ဘဝပျက်ရတာပဲလေ၊ ငယ်ရွယ်စဉ်အချိန်က နှလုံးသားနဲ့ဆုံးဖြတ်လို့ မှားယွင်းကြမယ်ဆိုရင်တောင် ယိမ်းတို့အရွယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်မှုမှန်သင့်နေပြီမဟုတ်လား။ သူစိမ်းနှစ်ယောက် တစ်သက်လုံးပေါင်းသင်းသွားဖို့ဆိုတာ အချစ်တစ်ခုတည်းနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ အပြင်ပန်းအပေါ်ယံအကာကိုကြည့်ပြီး မိုက်မဲလိုက်လို့လည်းမရဘူး။ သူ့ရဲ့နောက်ခံမိသားစုကအစ အတွင်းစိတ်ထဲထဲထဲဝင်ဝင် လေ့လာပြီး အားလုံးလက်ခံနိုင်ပြီဆိုမှပဲ လက်ထပ်သင့်တယ်''

''အဲဒါဆိုရင် ယိမ်းမိသားစုနဲ့ ကိုယ့်ကို မိတ်ဆက်ပေးဖို့ စိတ်ကူးမရှိသေးဘူးလား။ ကိုယ်ကတော့ ယိမ်းလို မိသားစုကိုလေ့လာချင်တဲ့သဘောတော့မဟုတ်ပါဘူး။ ယိမ်းရဲ့မိသားစုနဲ့ရင်းနှီးထားချင်တာ၊ သူတို့ ဘယ်လိုလူမျိုးတွေလဲလို့ သိရရင် ကိုယ့်အနေနဲ့ပြုပြင်သင့်တာ ပြုပြင်ပြီး အလိုက်အထိုက်ပေါင်းသင်းဆက်ဆံလို့ရတယ်မဟုတ်လား''

''နေပါဦး ကိုမင်းရယ်၊ ကိုမင်းမိသားစုနဲ့တောင် ယိမ်းမရင်းနှီးသေးဘဲနဲ့ ယိမ်းမိသားစုနဲ့ ကိုမင်းမတွေ့ပါနဲ့ဦး''

''ကိုယ့်ကိုယုံကြည်မှုနည်းနေသေးသလို၊ ကိုယ့်မိသားစုကိုလည်း ယိမ်းလက်ခံလို့ မရသေးတဲ့သဘောလား ယိမ်း''

ယိမ်း ငြိမ်သက်သွားခြင်းဟာ သူပြောတာအမှန်ပဲလို့ ထောက်ခံလိုက်တာမျိုး ဖြစ်လိမ့်မည်။ ယိမ်း ဒီလောက်ထိလက်မခံနိုင်သေးဘူးဆိုတာတော့ စိတ်ထဲမှာ ကသိကအောက်လေး ဖြစ်သွားမိ၏။

မိန်းကလေးတစ်ယောက်အတွက် ဦးနှောက်နှင့်စဉ်းစားတွေးခေါ်ရွေးချယ်တတ်တာ တန်ဖိုးရှိသည့် မှန်ကန်သည့် လေးစားထိုက်သည့်ဆိုသော်လည်း အသိုက်အဝန်းလည်းမည့်၊ အဆင့်အတန်းဂုဏ်ဒြပ်လည်းရှိ လိုအပ်ချက်နည်းပါးပါလျက် ဒီလောက်ထိလက်ခံဖို့ ခက်ခဲနေသေးသည်က နားမလည်တတ်တော့ပေ။ ဒီထက်ပြောရလျှင်လည်း ယိမ်းက မရင့်ကျက်ဘူး၊ ကလေးကလားဆန်သည်ဟု စွပ်စွဲပုတ်ခတ်ဦးမည်။

သူခေါင်းတွေကိုက်နေရင်းက အသက်ရှူပါကျပ်လာခဲ့၏။ တန်ဖိုး





မြင့်မြတ်ကြီးကျယ်လွန်းသော မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ရဖို့မလွယ်ကူလွန်းလှပါလား။

ရင်းလဲ့ချိုသာဆိုလျှင်တော့ ဘယ်လိုအသိုက်အဝန်းက ဘယ်လိုယောကျ်ားမျိုးဖြစ်ဖြစ် ဖမ်းဆွဲယူလိုက်မှာသေချာသည်။

''ကိုမင်း ယိမ်းပြန်တော့မယ်''

''ဟင် ကော်ဖီတောင် မကုန်သေးဘူး။ ဘယ်လိုဖြစ်တာလဲ ယိမ်း''

''နိုင်ငံခြားက ဒီဇိုင်းပညာရှင်တွေနဲ့ချိန်းထားလို့ပါ၊ နောက်ထပ်နိုင်ငံလောက်တင်ပို့နိုင်ဖို့ ကြိုးစားနေတာ၊ အဲဒါ သူတို့ဆီက ပညာရှင်တွေဆီက ပညာယူရဦးမယ်လေ၊ သူတို့နိုင်ငံကအကြိုက်ကို သူတို့နိုင်ငံကလူက သိမှာမဟုတ်လား။ ကိုယ်လေ့လာထားသလောက်ထက် ပိုပြီးအဆင်ပြေနိုင်ဖို့လေ''

''ယိမ်းရယ် ယိမ်းက အရမ်းကြိုးစားနေတော့ကိုယ့်တက်က လိုအပ်ချက်ကို ပိုမြင်မှာပေါ့နော်၊ ကိုယ်ကတော့ ပြည်တွင်းမှာအောင်မြင်နေတာနဲ့ ခင်းတင်းတိမ်တိမ်နေသလို ဖြစ်နေပြီ''

''ယိမ်း ကူညီမယ်ဆိုတာတောင် ကိုမင်းတို့က ဒီအတိုင်းရပ်တန့်ခင်းတိမ်နေတာကို။ လူဆိုတာ မသေခင် မနာခင်ဘဲ ကြိုးစားဖို့အခွင့်အရေးရှိတာ၊ ကံကြမ္မာဆိုးတစ်ခုဖြစ်လို့ ရှိတာလေးပျက်စီးသွားမယ် ပြန်ထူမတ်ဖို့ခွယ်သလား''

''ယိမ်းပြောတာတွေ မှန်ပါတယ်၊ တရားနည်းလမ်းကျတယ်၊ ကိုယ်လည်း လုပ်ချင်ပါတယ်၊ ဒါပေမဲ့ ဖေဖေတို့က ဒီလုပ်ငန်းတစ်ခုကို ကိုယ့်ကိုကောင်းအောင်လုပ်စေချင်တယ်၊ ငါးရာလောက်ရှိတဲ့ဝန်ထမ်းတွေအလုပ်မပြတ်ဘဲ သူတို့စားဝတ်နေရေး ကျန်းမာရေးဂရုစိုက်ပေးဖို့ အလေးထားနိုင်းတယ်၊ သူတို့ကြောင့် ကိုယ်တွေဒီလိုနေနိုင်စားနိုင်တယ်ဆိုပြီး''

''အဲဒါကြောင့် အတွေးအခေါ်တွေက ယိမ်းနဲ့လွဲကုန်တာ၊ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



သာ ယိမ်းတို့အလုပ်ပေးထားလို့ စားနိုင်သောက်နိုင် အဆင်ပြေသွားကြတာ မဟုတ်ဘူးလား၊ ကျေးဇူးတင်ရင် သူတို့ကသာ ကျေးဇူးတင်ရမှာ''

ဒါကျတော့ မင်းဖုန်းမြတ် ခေါင်းရမ်းမိသွားကာ

''အလုပ်သမားနဲ့အလုပ်ရှင်ဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန်ကျေးဇူးရှိတာပေါ့ ယိမ်းရယ်၊ သူတို့သာ သစ္စာမရှိ ရိုးရိုးသားသား မလုပ်ခဲ့ရင် ကိုယ်တို့မြင့်မြင့်မားမားနေနိုင်ပါ့မလား''

''ဟင်း ထားပါလေ ကိုမင်းနဲ့အခြေအတင်ပြောဖို့အချိန်မရှိတော့ဘူး။ ဒီနေ့စက်ရုံဆင်းရင်လည်း ကိုမင်းနဲ့တွေ့နိုင်မှာမဟုတ်ဘူး၊ အိမ်မှာအရေးကြီးကိစ္စလေးတွေရှိနေလို့ အမြန်ပြန်ရမယ်''

''ကောင်းပါပြီ ဒီလိုဆိုတော့လည်း ကိုယ်လည်း အိမ်ကိုစောစောပြန်ရမှာပေါ့''

အိမ်မပြန်ချင်လို့ တခြားနေရာမသွားဖြစ်ဘူးဆိုတာ မပြောဖြစ်။ လှည့်ထွက်သွားသော ယိမ်းကျောပြင်လေးကိုကြည့်ကာ ညကအိပ်မက်ထဲမှာ ယိမ်းနှင့်ဒီထက်ပိုပြီး ရင်းနှီးကျွမ်းဝင်ကြသည်ဟု ထင်နေမိသည်။ အိပ်မက်လား တကယ်လားဆိုတာတော့ ဝေဝေဝါးဝါးပါ။

အိပ်မက်ထဲမှာတော့ ယိမ်းက သူ့အပေါ်ကြင်ကြင်နာနာ ဆက်ဆံသည်ဟု ခံစားရသည်။ အခုလက်တွေ့မှာတော့ သူခေါင်းတွေကိုက်နေသည်ဆိုတာတောင် သက်သာရဲ့လား နေသာရဲ့လား ဆေးခန်းသွားမလား ယိမ်းလိုက်ပို့မည်ဟု ကြင်နာစကားတစ်ခွန်းမှပြောမသွားခဲ့ပေ။

ဒါပေမဲ့လည်း ယိမ်းကိုချစ်ပါသည်။ တန်ဖိုးမြင့်မားလွန်းသော မိန်းကလေးပဲမဟုတ်ပါလား။ ဒါတွေနှင့်ပဲ သူ့ကိုဆွဲဆောင်နေတာမို့။

■ ■ ■



## အခန်း (၁၉)

''သင်တန်းတက်ရတာ အဆင်ရောပြေရဲ့လားရှင်းလဲ့ရယ်၊ တက္ကစီနဲ့အသွားအပြန်လုပ်နေရတာ ကားခတွေမနည်းကုန်မှာပေါ့၊ အိမ်ကကားနဲ့ပဲသွားပါလား။ ရှင်းလဲ့မောင်းတတ်နေတာပဲ''

''လမ်းကြောင်းသိအောင်လို့ တက္ကစီနဲ့သွားနေတာပါ၊ ကိုယ့်ဘာသာမောင်းသွားဖို့ဆိုတာ လမ်းကြောသိဖို့ခက်တယ်လေ၊ တက္ကစီသမားတွေက လမ်းကြောပိတ်တဲ့နေရာတွေရှောင်မောင်း၊ မီးပွိုင့်နည်းတဲ့ဘက်က ပတ်မောင်းဆိုတော့ အဲဒါလေးတွေသိထားရင် နောက်ကိုယ့်ဘာသာမောင်းတော့ အဆင်ပြေတာပေါ့''

''အေးကွယ် သားက ဒီတာဝန်လေးယူပေးရင် အဆင်ပြေမှာ၊ အခုတော့ ရှင်းလဲ့ကိုအန်တီညိုတို့ အရမ်းကိုအားနာပါတယ်''

''ရပါတယ် အန်တီညိုရယ်၊ သူက အလုပ်များတဲ့သူပဲ၊ ပြီးတော့ သူက ရှင်းလဲ့အပေါ် စေတနာနည်းတော့ သူနဲ့မပတ်သက်တာပဲကောင်းပါတယ်''

ရှင်းလဲ့ချိုစကားကြောင့် အားလုံးစိတ်မကောင်းဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလှဲအပေါ် တာဝန်မကျေသလိုလည်းဖြစ်နေတာကြောင့် မျက်နှာပူ အားနာမှုတွေလည်း ဖြစ်နေကြ၏။

"အေးပါကွယ် သားကလည်း အငြိုးအမျက်ကလေး ဖြစ်စရာ ထားတော့ ရှင်းလှဲကို အကောင်းမမြင်ဖြစ်နေတာပါ။ သားကစိတ်ရင်းဆိုးတဲ့ ကလေးတော့မဟုတ်ပါဘူး။ လူတိုင်းအပေါ် သဘောကောင်းနေတာမျိုးလည်း မဟုတ်ပေမယ့် စိတ်ယုတ်စိတ်ပုပ်တော့ မမွေးတတ်ပါဘူး။ ရှင်းလှဲအပေါ်လည်း ကြာရင် သူနားလည်သွားမှာပါ"

"မြင့်မြတ်ကြီးကျယ်လွန်းတဲ့မိန်းမကို ချစ်သူတော်ထားရတော့ တခြားမိန်းကလေးတွေကို အထင်မကြီးနိုင်ဖြစ်နေတာကို ရှင်းလှဲသိပါတယ် ဒါပေမဲ့ ရှင်းလှဲလည်းတန်ဖိုးမဲ့တဲ့မိန်းကလေးတော့ မဟုတ်ပါဘူး"

"အန်တီညိုတို့သိတာပေါ့ကွယ်၊ ပွင့်ပွင့်လင်းလင်း ပေါ့ပေါ့ပါးပါး နေတတ်တဲ့ ရှင်းလှဲစိတ်ကလေးကိုလည်း ကြိုက်တယ်၊ အန်တီညိုတို့က လည်း အဲဒီလိုပဲနေချင်ကြတာလေ၊ သိက္ခာသမာဓိကြီးတွေနဲ့ အသက်ကြီးကြီး လူကြီးပုံစံဖမ်းနေရတာမျိုး မနေချင်ပါဘူး"

"ဟုတ်တယ် ဟုတ်တယ်၊ အဲဒီလိုနေရတာ ကိုယ့်ကိုယ်ကိုယ် ပိုပြီးအိုစာသွားသလိုထင်ရတယ်၊ မမညို ဒီတစ်ခါ ရှင်းလှဲ သင်တန်းပိတ်ရက် ကျရင်လေ"

"အင်း"

"ကစားကွင်းတို့ ပန်းခြံတို့သွားပြီး ပျော်ပွဲစားထွက်ကြမလား"

"အေးကောင်းသားပဲ၊ တို့ခရီးမထွက်ရတာလည်းကြာပြီ၊ အဲဒီ မလုပ်ဖြစ်တာဆို မေ့တောင်မေ့ရော၊ ဘုန်းကြီးကျောင်းသွား တရားဘာဝနာ လုပ်တဲ့အချိန်လည်းလုပ်တာပေါ့၊ ရှင်းလှဲလေးကို လိုက်ပို့ရာလည်းကျအောင် သွားကြမယ်လေ"

"အစ်ကိုကြီးသဘောကရော"





"ငါလည်းလိုက်မှာပေါ့ဟ၊ အိမ်မှာဘာလုပ်နေခဲ့ရမှာလဲ"

"မသိဘူးလေ အစ်ကိုကြီးက တစ်ခါတလေ စက်ရုံသွားတာနဲ့ ကုမ္ပဏီသွားတာနဲ့ဟာကို"

"ဒါက ဝန်ထမ်းတွေကို သားဂရုစိုက်ရဲ့လား၊ ဘယ်လိုစီမံအုပ်ချုပ် နေလဲ၊ လိုအပ်တာတွေထောက်ပြပြီး အနည်းအကျဉ်း ကြပ်မတ်ပေးတဲ့သဘောပါ၊ သားကလူငယ်ဆိုတော့ တစ်ခါတစ်ရံမှားတတ်တယ်လေ"

"အမလေး အစ်ကိုကြီးသားက အသက်ကသာ လူငယ်တို့ထက်ငယ် တာပါ၊ အသိဉာဏ်ကတော့ လူငယ်တို့ထက်ကြီးပါ၊ သူ့ကိုဆရာလုပ်လို့တောင် မရဘူး၊ သူကိုယ်တိုင်ဦးဆောင်လုပ်ကတည်းကလည်း ဘာအမှားအယွင်းမှ မရှိသေးပါဘူး"

ဦးအံမင်းက လေးပင်စွာသက်ပြင်းချလျက်

"ပညာရှိသတိဖြစ်ခဲတဲ့၊ ပညာမာန်တက်တဲ့သူက ပိုပြီးအမှားတွေ့ တတ်တယ်၊ ငါဘယ်တော့မှ မမှားဖူးပါဘူးကွာဆိုတဲ့လူမျိုးပေါ့၊ ပြီးတော့ ကိုယ်ကမှန်တယ် သူများတွေကမှားနေတယ်လို့ထင်နေတဲ့သူမျိုးတွေပေါ့၊ မာန်ဆိုတာ သိပ်ကြောက်ဖို့ကောင်းတယ်၊ သားကို ငါအဲဒီလိုဖြစ်သွားမှာ အရမ်းစိုးရိမ်တယ်"

"သားက အဲဒီလိုဖြစ်သွားမှာတော့ မဟုတ်ပါဘူး၊ ပညာရေးနဲ့ ဖြစ်ဖြစ် လုပ်ငန်းခွင်မှာဖြစ်ဖြစ် လူမှုရေးမှာဖြစ်ဖြစ် သားဘယ်တုန်းကမှားဖူးလို့လဲ"

"သူ့ဘာသာ တစ်ယောက်တည်းတုန်းက ဟုတ်တယ်၊ သားအခုနေ မှန်တယ်၊ တည်ငြိမ်တယ်၊ အမှားမရှိခဲ့ဘူး၊ သားကိုကြည့်ပြီး ကိုယ်တွေချီးကျူး နေကြတာ၊ အခု သူ့ထက်တော်တဲ့ထက်မြက်တဲ့ မိန်းကလေးနဲ့တွေ့ပြီး သား အစွန်းရောက်သွားသလိုခံစားရတယ်၊ ရှင်းလှဲ့ချိုကို ယိမ်းသံစဉ်နဲ့နှိုင်း ယှဉ်စော်ကားပုတ်ခတ်တာပဲကြည့်လေ၊ ဒါမလုပ်သင့်တဲ့လုပ်ရပ် မပြောသင့် တဲ့စကားကိုပြောတာမဟုတ်ဘူးလား ညို"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကလျာညို အသံတိတ်သွားသည်။ ဦးအံမင်းပြောတာ မှားမှ မမှားဘဲ။ ရှင်းလဲ့ချိုနှင့်ပတ်သက်ပြီး မိဘတွေဖျောင်းဖျနားချတာတောင် နားမှ မဝင်တာ။

ကိုယ်တွေမှာသာ ရှင်းလဲ့ချိုလေးကို မျက်နှာပူရ အားနာရ။ ဒါပေမဲ့ ရှင်းလဲ့ချိုလေးက နားလည်မှုရှိသည်ဟုပြောရမည်။ သားက ရိုင်းလည်းမရိုင်း အပြစ်ဆိုလည်း ရှင်းပြတာကလွဲ၍ စိတ်မဆိုး။

ရောက်ခါစအချိန်တွေထက်တောင် ငြိမ်သွားသလိုရှိတာကြောင့် မိမိတို့မှာပိုပြီးတောင် အားနာနေရတာ။

အေးလေ ဒီအကြောင်းတွေကို ပြန်မပြောတာလည်း ကျေးဇူးတင် ရသေးသည်။ ခင်သာသိလျှင် သူ့သမီးကို ဒီမှာဘယ်လိုထားပါတော့မလဲ။ ခင်က သူ့သမီးလေးကို ပြောဆိုဆုံးမသွန်သင်သော်လည်း ငုံထားမတတ်ချစ် ရှာတာ။

တစ်ဦးတည်းသောသမီးလေးမဟုတ်ပါလား။ မိမိတို့လည်း တစ်ဦး တည်းသောသားလေးမို့ သားကိုငုံထားမတတ်ချစ်တာပါပဲ။ ဒါပေမဲ့ သားက အသက်အရွယ်နှင့်မလိုက်အောင် အနေအေးဆေးတည်ငြိမ်ရင့်ကျက်လွန်းလို့ ကိုယ်တွေကတောင် ရှိန်နေရတာ။ ပျော်ပွဲစားထွက်မည်ဆိုလျှင် ဘာများ ပြောမည်မသိ။

■ ■ ■



## အခန်း (၂၀)

"အဲဒါကြီး ငါမစီးရဲဘူး၊ ခေါင်းမူးတယ် ကြည့်နေရတာတောင် ခေါင်းမူးတယ်"

"လာပါ အန်တီလေးရဲ့၊ ဘာမှမဖြစ်ပါဘူး၊ စီးလိုက်ရင်ပျော်စရာ ကောင်းသွားမှာပါ"

"အဲဒါတော့ မဆွယ်ပါနဲ့ ရှင်းလဲ့ရယ်၊ အဲဒီအပေါ်ကဆင်းလာတဲ့ သူတွေ အပေါ်မှာတော့ရယ်ကြအော်ကြနဲ့ အောက်ရောက်တော့ အော့အန် နေကြတာ မတွေ့ဘူးလား"

"အတွေ့အကြုံပေါ့ အန်တီလေးရယ်၊ မသေခင် ဒါမျိုးစီးဖူးသွား တယ်ဆိုတာ နည်းလား"

"အမယ်လေး မသေခင်မပြောနဲ့ အဲဒါစီးရင်နဲ့ ရင်တွေပန်းတွေ တုန်ပြီး သေသွားမလားမသိဘူး၊ တော်ပါတော်ပါ ညည်းဘာသာစီးချင်စီး"

"ဒါဆို အားလုံးသရဲရထားသွားစီးကြမယ်၊ သရဲအိမ်လည်းဝင်ကြ မယ်၊ လူကြီးတွေက တရားဘာဝနာနဲ့နေကြတာဆိုတော့ သရဲတော့မ ကြောက်ကြဘူးမဟုတ်လား၊ တကယ်လည်း မဟုတ်ဘူးလေ အရုပ်တွေပ



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ''

သုံးယောက်သား ဘာပြောရမှန်းမသိ ဖြစ်နေကြသည်။ တရားနာ တရားထိုင် ဝိပဿနာအလုပ်တွေလုပ် သရဲတစ္ဆေတော့ တကယ်ရှိရှိ မရှိရှိ မကြောက်ဘဲနေပါ့မလား။

ပြီးတော့ တကယ့်အစစ်ဆိုရင်တောင် အမျှအတန်းပေးဝေ မေတ္တာပို့လိုက်လျှင် ပျောက်ချင်ပျောက်သွားဦးမည်။ ဒီအရုပ်ကြီးတွေကတော့ လွတ်အောင်ရှောင်လျှင်ရှောင်၊ မရှောင်နိုင်လျှင်တော့ ဟိုဆွဲဒီဆွဲပါ။

အထဲရောက်နေသူတွေကို အပြင်တီဗွီထဲကကြည့်ရတာတောင် အသည်းတထိတ်ထိတ် ရင်တဖိုဖို။

''အန်တီညို အန်တီလေး သွားမယ်လေ လက်မှတ်ဝယ်ပြီးသွားပြီ''

''အမယ်လေး ဘုရား''

''ဗုဒ္ဓေါ ဗုဒ္ဓေါ''

လူကြီးတွေ ခေါင်းပွတ်နဖူးပွတ် ဖြစ်နေကြတာမို့ ရှင်းလဲ့ချို ရယ်ချင်သွားမိသည်။ လူကြီးတွေကို အပြောင်အပျက် စနောက်ချင်လို့ ဒီနေရာကို ခေါ်လာခြင်းတော့ မဟုတ်ပေ။

သူတို့လည်း ပျော်ရွှင်ပြီး ရယ်ရအောင်လို့ပါ။

''ကဲ ဘာတွေဘုရားတနေကြတာလဲ ဝင်မယ်လေ၊ တစ်ယောက်ခါး ကို တစ်ယောက်ဖက်ထားပြီး ဝယ်မယ်၊ ခါးလေးတွေညွတ် ခေါင်းလေးတွေ ငုံ့ထား ဘာနဲ့မှမထိဘူး ဘေးကဆွဲရင် အပေါ်ကဆွဲရင် ကိုယ့်ဘာသာရှောင် ကြ''

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ''

''နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''

လူကြီးတွေ တစ်ယောက်တစ်ပေါက် ဘုရားစာဆိုရင် သူမနောက်





ကနေ မီးရထားတွဲကြီးလို တန်းစီကာလိုက်လာကြသည်။ အထဲရောက်တော့ လန့်ဖျပ်ကာ အော်ကြတာလည်း အသံစုံ။

မှောင်မည်းမည်းထဲမှာ သရဲတွေရဲ့ ဟီးဟီးဟားဟား အော်သံ၊ လူတွေရဲ့ကြောက်လန့်ပြီး အော်သံများ ဆူညံနေကာ ရယ်စရာလည်းကောင်း၊ ပျော်စရာလည်းကောင်းလှသည်။ ဒီအချိန်မှာတော့ လူကြီးတွေရဲ့ ဣန္ဒြေ သိက္ခာတွေလည်း မရှိတော့ပါ။

လူငယ်တွေလိုပင် လွတ်လပ်စွာကြောက်လန့် လွတ်လပ်စွာ ရယ်မောပျော်ရွှင်ပြီး စိတ်ချမ်းသာမှုတွေ့ရနေကြသည်။ အပြင်ရောက်လာတော့ ချွေးတွေပင်ထွက်နေကြ၏။ တစ်ယောက်နှင့်တစ်ယောက်ကြည့်ပြီး အူနှိပ်ကာ ထရယ်ကြသည်။

''အမယ်လေး ကြောက်လည်းကြောက် ရယ်လည်းရယ်ချင်နဲ့ တကယ်သေးတောင်ထွက်တော့မယ်''

''သေးတော့ ဒီနေရာမှာထွက်မကျလိုက်ပါနဲ့၊ အပေါ့အပါးသွားပြီးရင် ကားထဲက စားစရာတွေသွားယူကြမယ်၊ စားသောက်ဆိုင်တွေလည်း သွားမစားချင်ဘူး၊ အိမ်ကပါလာတာတွေကို လွတ်လွတ်လပ်လပ်ပိုက် ဖျာတွေ ခင်းပြီးထိုင်စားကြမယ်''

''ကောင်းတယ် အဲဒီလိုလုပ်မယ်''

''လုပ်ကြဟေ့ ဒီနေ့တော့ ငါတို့ဘဝ ကလေးပြန်ဖြစ်သွားတာပေါ့''

ဦးအံ့မင်းလည်း ပျော်နေသည်။ အသက်ငါးဆယ်ကျော်ရှိပြီဆို ပေမယ့် လန်းဆန်းဖျတ်လတ်နေတုန်းပါ။ အားလုံးအစီအစဉ်တိုင်းပင် အပေါ့ အပါးသွားပြီးမှ ကားထဲက စားစရာချိုင့်တွေခွက်တွေပိုက်ဖျာတွေယူ မြက်ခင်း ပြင်နှင့်အရိပ်ရနေရာကောင်းလေးရှာကာ နေရာယူလိုက်ကြသည်။ ပြီးမှ ချိုင့် တွေဖြုတ်ကာ စားစရာရှိတာ အလုအယက်ပျော်ပျော်ပါးပါး စားကြ၏။

''လန့်ဖျပ်ပြီး ရယ်လိုက်ရလို့လားမသိဘူး၊ ဗိုက်တွေဆော်ပြီး စား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာဟယ်''

''အိမ်မှာတခမ်းတနားစားနေရတာ ရှိလို့ ဒီလိုနေရာမှာ ဒီလိုစားရတာ စားကောင်းနေတာပါ၊ ဒါကြောင့် မိသားစုတွေစုပြီး ခရီးသွားတာတို့ ပစ်ကနစ်ထွက်တာတို့ လုပ်ပေးရတယ်လို့ပြောတာပေါ့၊ မိသားစုနွေးထွေးမှု ရှိတယ်၊ ကျန်းမာရေးကောင်းတယ်၊ ပျော်စရာကောင်းတယ်''

''ဟုတ်မယ် သားငယ်ငယ်တုန်းကတော့ ဒီလိုကစားကွင်းတွေ လိုက်ပို့ဖို့ အချိန်မပေးနိုင်ခဲ့ဘူး၊ သားရှစ်တန်းလောက်ထိ သုံးယောက်လုံး အရမ်းကိုကြိုးစားရုန်းကန်နေရတဲ့အချိန်လေ၊ လုပ်ငန်းတစ်ခုဆိုတာ ချက်ချင်း ထိုးတက်အောင်မြင်တာမျိုးမှမဟုတ်တာ၊ သားလည်းမိသားစုနဲ့အတူနေချိန် နည်းခဲ့တယ်၊ ဒါကြောင့်လည်း သားက တစ်ယောက်တည်းနေကျင့်ရပြီး မိသားစုတွေအပေါ် စိမ်းနေသလားမပြောတတ်ပါဘူး''

''ဩော် နောက်ပိုင်း အဆင်ပြေလာတော့ သူ့ကိုဒီလိုတွေသွားဖို့ လာဖို့ပြောခဲ့တာပဲလေ၊ ဟိုလိုက်ပို့မယ် ဒီလိုက်ပို့မယ် သားဘယ်သွားချင်လဲ ဆိုတော့ မသွားချင်ဘူး ရတယ်၊ သူ့ပညာရေးပဲကြိုးစားချင်တယ်လို့ပြောခဲ့ တာပဲ၊ ကိုယ်တို့က တမင်သူ့ကိုဒီလိုမျိုးမထားခဲ့တာမှမဟုတ်တာ၊ ခြူးတစ်ပြား မှ ပိုင်ဆိုင်မှုမရှိတဲ့ဘဝကနေ ခင်တို့ရဲ့ပံ့ပိုးမှုနဲ့ အစပျိုးပြီး လူရောစိတ်ရော အပင်ပန်းခံကြိုးစားနေရတာ၊ ဒါကြောင့် ဒီအခြေအနေမျိုးရောက်လာတာ ပေါ့ကွာ၊ အခုဆို တို့ရဲ့တစ်ဦးတည်းသားလေးဘဝ ဘယ်လောက်တောင် တင့်တယ်နေပြီလဲ''

''ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ်၊ ရှင်ကညိုတို့ထက်ပိုပြီးတောင် ပင်ပန်းခဲ့ပါတယ်၊ ညိုတို့က အထောက်အပံ့လောက်ပဲဥစ္စာ၊ ယောကျ်ားသား မားမားမတ်မတ်နဲ့ အားကိုးခဲ့ရလို့ ဒီအခြေအနေထိရောက်ခဲ့တာပေါ့၊ အဲဒါ ကြောင့်လေ ပင်ပန်းခဲ့ရတဲ့အချိန်တွေများလို့ အခုတော့ ပျော်ပျော်ရွှင်ရွှင်ပဲ နေချင်တော့တယ် ရှင်းလဲ့ရေ''





''ဟုတ်ကဲ့ အားပေးပါတယ် ကော်င်းပါတယ်''

''ရှင်းလဲ့ချိုကတော့ လက်မလေးထောင်ကာ ပြောလိုက်ရာတော့ အားလုံးရယ်ကြသည်။ ထိုအချိန်မှာပဲ စားရင်းသောက်ရင်း ရှင်းလဲ့ချိုမျက်လုံး များတစ်နေရာရောက်သွားတော့

''အန်တီလေး ဟိုမှာ ဟိုမိန်းမဟုတ်လား ယိမ်းသံစဉ်လေ''

''ဘယ်မှာလဲ ဘယ်မှာလဲ တူလေးပါလား၊ တူလေးကအိမ်မှာပဲ စက်ရုံပိတ်တဲ့နေ့မို့ အိမ်မှာကျန်ခဲ့တာပဲ''

''သူတော့မပါဘူး၊ ဟိုမှာလေ ကလေးလေးတစ်ယောက် လက်ဆွဲ လို့တွေ့လား၊ ပန်းရောင်ဝမ်းဆက်နဲ့''

ရှင်းလဲ့ချို လက်ညှိုးထိုးပြလိုက်တော့ အားလုံးလှည့်ကြည့်ကာ

''ဟုတ်ပါရဲ့ ကလေးလေးက ခုနစ်နှစ် ရှစ်နှစ်အရွယ်လောက်ရှိ မယ်နော်၊ သူနဲ့ဘာတော်လဲ မသိဘူး''

''တူတွေမောင်တွေ ဖြစ်ချင်ဖြစ်မှာပေါ့''

''တူတွေမောင်တွေဆို သူတို့နှစ်ယောက်တည်း လာတာလား၊ ကလေးရဲ့မိသားစုတွေပါရမှာပေါ့''

''ပါချင်ပါမှာပေါ့ မမညိုရဲ့၊ တခြားနေရာမှာရှိချင်ရှိမှာပေါ့''

''ဟဲ့ ဒါဆိုလည်း ဒီလိုနေရာမျိုး ချစ်သူဖြစ်တဲ့သားကိုလည်း ခေါ် သင့်တာပေါ့၊ သားနဲ့ချစ်သူဖြစ်တာ သူ့ဘက်အသိုက်အဝန်းကို မသိသေးတာ လား အသိမပေးသေးတာများလား''

''အဲဒါ မမညိုသားကိုစွပါ မမညိုရယ်၊ စိတ်ဝင်စားမနေပါနဲ့၊ အဲဒီ ကြေးကျယ်ကို မြင်လိုက်တာ အစားအသောက်တောင်ပျက်တယ်''

''အစားအသောက်တော့ ပျက်စရာလားအေ၊ ဒီအခွင့်အရေး ဒီ အပျော်မျိုးက ဒီတစ်ခါပဲရဖူးတာ''

''ကဲ နောက်တစ်ခါ မင်းသွားချင်ရင် ကိုယ်လိုက်ပို့ပါမယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဪ ညီမတို့နှစ်ယောက်တည်းသွားရင် သူငယ်ပြန်တယ်ထင်ကြမှာပေါ့၊ အခုသာ ရှင်းလဲ့လေးပါလို့ သွားရလာရတာင့်တယ်သေးတာ ကလေးပါတော့လေ"

"ရှင်းလဲ့မပြန်ခင် ခဏခဏ လာကြတာပေါ့ အန်တီညီ့ရယ်နော်"

"အေး အေး ဟုတ်ပြီ"

အားလုံးပျော်ပျော်ရွှင်ရွှင် ပြန်ဖြစ်သွားကြသော်လည်း ကလေးလေး လက်ကိုဆွဲသွားသော ယိမ်းသံစဉ်ကိုတော့ စိတ်ဝင်တစားမျက်စိတဆုံး လိုက်ကြည့်ဖြစ်ကြသည်။

စတိုင်ကျ ကြီးကျယ်မြင့်မြတ်လှန်းသော မိန်းမက ဒီလိုမျိုးကလေး တစ်ယောက်လက်ဆွဲကာ ကစားကွင်းထဲလျှောက်သွားတတ်ပါလား။

မထင်ရဲစရာ အံ့သြခြင်းများစွာနှင့်။

■ ■ ■



## အခန်း (၂၁)

"ယိမ်းသံစဉ်ကို ကစားကွင်းထဲမှာ မေမေတို့တွေ့ခဲ့တယ် သား"

"ဟင် ကစားကွင်းထဲမှာ သူက အဲဒီကိုသွားစရာအကြောင်းမရှိပါဘူး။ အဲဒီလိုနေရာတွေသွားလေ့သွားထလည်း မရှိဘူး၊ သားခေါ်တာတောင် ကလေးကလား ဘာလို့သွားမှာလဲလို့ ပြောခဲ့တာ"

"အဲဒါတော့မသိဘူးကွယ်၊ မေမေတို့ကတွေ့လို့ တွေ့တယ်ပြောတာ။ သားများပါမလားလို့ သေချာတောင်ကြည့်မိသေးတယ်၊ သားက မေမေတို့ခေါ်တာ သူနဲ့များချိန်းထားလို့လားလို့"

"တကယ်သာသွားမယ်ဆိုရင် သားကိုခေါ်မှာပေါ့၊ မေမေတို့လူမှားတာဖြစ်ပါလိမ့်မယ်"

"မှားရအောင် သူနဲ့တူတဲ့လူ ဒီနိုင်ငံမှာဘယ်နှယောက်ရှိလို့လဲ၊ မေမေတို့ သူကလေးတစ်ယောက်ကို လက်ဆွဲထားလို့ သေချာကိုလိုက်ကြည့်ကြတာ၊ မျက်လုံးက တစ်စုံတည်းမဟုတ်ဘူး။ လေးစုံလုံးကြည့်တာနော်၊ မှားစရာအကြောင်းကိုမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို မေမေ ပြောလိုက်တာ ဘာရယ် ကလေးတစ်ယောက်လက် ဆွဲထားတယ် ဟုတ်လား"

မင်းဖုန်းမြတ် ယုံကြည်ရမှာထက် စိတ်ဝင်တစားလည်း ဖြစ်သွားမိသည်။ ပျာပျာသလဲမေးနေတော့ ဒေါ်ကလျာညို မျက်စောင်းဝင့်ကာ

"ဟုတ်တယ် ကလေးတစ်ယောက်လက်ဆွဲလို့ ခုနစ်နှစ် ရှစ်နှစ် အရွယ်လောက်ရှိမယ်၊ ဘယ်သူ့ကလေးလဲဆိုတာတော့ မသိဘူး၊ တခြားမိသားစုတွေပါလား မပါလားလည်းမသိဘူး၊ မေမေတို့တွေ့တာတော့ သူတို့နှစ်ယောက်တည်းပဲ သိပြီလား၊ မယုံရင်တော့ သူ့ကိုသာမေးကြည့်ပေတော့ မဟုတ်ဘူးပြောရင်တော့ သူလိမ်တာ"

"မေမေကလည်း မဟုတ်ဘူးပြောရင်တော့ မေမေတို့လူမှားတွေ့တာပေါ့"

မင်းဖုန်းမြတ် အခုထိ ယုံကြည်လို့မရသေးပေ။ ယိမ်းမှာ ဒီအရွယ်တူတွေမောင်တွေရှိသည်လို့ သူ့ကိုတစ်ခါမှ ပြောမပြဘူးပါ။ သူမမှာအဖေတွေ အမေတွေရှိသည်ဆိုသော်လည်း သူမအဖေက လေဖြတ်ဝေဒနာရထားတာမို့ လုပ်ငန်းတွေကို သူမကဦးဆောင်ရင်း, အောင်မြင်လာခဲ့သည်ဆိုတာတော့ သိထားခဲ့သည်။

မျိုးရိုးစဉ်ဆက်ချမ်းသာလာတာထက် သူမလက်ထက်မှ လုပ်ငန်းတွေအများကြီး ပိုင်ဆိုင်လာခဲ့ခြင်းဖြစ်သည်။

သူမက ထူးချွန်ထက်မြက်လွန်းပြီး လုပ်ငန်းလုပ်ရင်းက ဘွဲ့တွေဒီဂရီတွေလည်း ထပ်ယူထားတာမို့ ကြီးကျယ်ခမ်းနားနေခဲ့ခြင်းပါ။

"သားဘာတွေစဉ်းစားနေတာလဲ၊ မေမေတို့ပြောတာ မယုံလို့လား။ မေမေတို့ကတော့ လိမ်ပြောစရာမရှိဘူးလေ"

"မဟုတ်ပါဘူး ယိမ်းမှာတူတွေမောင်တွေ ရှိတယ် ပြောသံမကြားဘူးလို့ ကလေးတစ်ယောက်လက်ဆွဲလာတယ်ဆိုတာ ထူးဆန်းနေလို့ပါ"





"ဩော် ဒါများ သူ့မေးလိုက်ရင် ရှင်းသွားမှာပဲကို၊ သူ့ကလေးတော့ ဖြစ်နိုင်ပါဘူးနော်"

"အာ မေမေကလည်း ယိမ်းက အပျိုစင်ဥစ္စာကို ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ သားလိုလူမျိုးကိုတောင် စီးပွားရေးလုပ်တာနေတာထိုင်တာ အပြုအမူအပြောအဆို ကာရိုက်တာအားလုံး စိတ်တိုင်းမကျနိုင်ဖြစ်နေသေးတဲ့သူက တခြားယောကျ်ားတွေကို စိတ်ဝင်စားပါ့မလား၊ သူက တော်ရုံယောကျ်ားကိုအထင်ကြီးပြီး လက်တွဲမယ့်သူမျိုး မဟုတ်ဘူး မေမေ၊ အရမ်းကိုထူးချွန်ထက်မြက်ပြီး ဂုဏ်သိက္ခာရှိတဲ့ ကိုယ်ကျင့်တရားကောင်းတဲ့မိန်းကလေးပါ မေမေ"

ဒီလောက်တောင် ယိမ်းသံစဉ်ဘက်က ကာကွယ်ချီးမွမ်းနေသော သားကို ဒေါ်ကလျာညို အံ့ဩမိသည်။ သားက တော်ရုံမိန်းကလေးအထင်မကြီး တန်ဖိုးမထားတတ်သူမဟုတ်ပါလား။

ဒီလိုလူမျိုးက ယိမ်းသံစဉ်လိုမိန်းကလေးကို အထင်ကြီးလေးစားနေတာကြောင့် ယိမ်းသံစဉ်ဆိုတာ တော်ရုံမိန်းမမျိုးတော့ မဖြစ်နိုင်။ သားမှ ခွဲလန်းမှုတွေနှင့် တမ်းတမ်းစွဲ ဒီမိန်းကလေးကိုလက်ထပ်တော့မည်ဆိုလည်း ဘယ်တတ်နိုင်ပါတော့မလဲ။

"အင်း သားတို့က ဘယ်တော့လက်ထပ်ကြမှာလဲ၊ အသက်အရွယ်အရလည်း လက်ထပ်သင့်တဲ့အရွယ်ရောက်နေကြပြီ၊ သွားတို့ချင်းလည်း ချစ်နေကြတယ်ဆိုရင် မေမေတို့ကတော့ ကန့်ကွက်စရာတော့မရှိပါဘူး"

"အဲဒါက ဟို ယိမ်းက အချိန်နည်းနည်းတောင်းထားလို့ မေမေ"

"ဘာဖြစ်လို့လဲ"

"သားမှာ ပြည့်စုံဖို့လိုသေးတယ်၊ သားအပေါ် သူစိတ်တိုင်းမကျစရာလေးတွေ ရှိနေသေးလို့ပါ"

"အမလေး သားရယ်၊ သားမှာဘာတွေများ မပြည့်စုံတာရှိလို့



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီလောက်ကြီးကျယ်နေရတာလဲ၊ ဥစ္စာပစ္စည်း လုပ်ငန်းပညာ၊ ရုပ်ရည်အဆင့်အတန်း မိန်းမတိုင်းမိန်းကလေးရှင်တိုင်း သဘောကျနှစ်မြို့က်ပြီး လက်ခံချင်တဲ့သူချည်းပဲ၊ ဒီလိုမိန်းကလေးများအောက်ကျခံမနေပါနဲ့ သား၊ သူ့ထက်သာတာတွေ ခေါင်းခေါက်ရွေးယူလိုက်စမ်းပါ''

''ဒါဆိုရင်တော့ ယောကျ်ားဆိုပြီး တန်ဖိုးမဲ့သိက္ခာမရှိတဲ့ မိန်းကလေးမျိုးပဲရမှာပေါ့ မေမေ၊ ယိမ်းကို မေမေ့သမီးနေရာက စဉ်းစားကြည့်ပါ၊ ယောကျ်ားတစ်ယောက်ကို နှလုံးသားနဲ့အချစ်နဲ့မဟုတ်ဘဲ ဦးနှောက်နဲ့စဉ်းစားဆုံးဖြတ်ရွေးချယ်တာမျိုးပဲ မေမေသဘောကျမှာ ကြိုက်မှာမဟုတ်ဘူးလား''

''ဒါကတော့ သားမှာအပြစ်အနာအဆာကြီးကြီးမားမား ဘာမှမရှိတာ သားရယ်၊ ချို့ယွင်းချက်ရှိရင်တော့ တစ်မျိုးပေါ့''

''အဲဒါသေချာဖို့အတွက် ယိမ်းက သားကိုလေ့လာနေတာပါ''

''သားကရော သူ့ဘက်ကို ဘယ်လောက်လေ့လာထားပြီးပြီလဲ၊ အပြင်ပန်းအပေါ်ယံမြင်တွေ့နေရတဲ့အရာတွေတင်မဟုတ်ဘူး၊ သူ့မိသားစုအိမ်တွင်းအခြေအနေအားလုံးကိုပြောတာ၊ လေ့လာပြီးအကဲခတ်ပြီး စုံစမ်းပြီးသွားပြီလား''

''ဗျာ အဲဒါက ဟို''

''သားကိုတော့ အဲဒီလိုအလုပ်ခံနေရပြီး သူ့ဘက်ကိုတော့ မလုပ်ရသေးဘူးဖြစ်နေတာလား၊ ယိမ်းသံစဉ်က လေ့လာခွင့်မပေးသေးတာလားသား''

မင်းဖုန်းမြတ် ပြန်ဖြေဖို့အားမရှိသလို ဖြစ်သွားသည်။ မေမေ သတိပေးမှမဟုတ်ပေမယ့် သူလည်း ဒီအတွက်နှင့်တော့ စိတ်ကသိကအောက်ဖြစ်နေမိတာပါ။

ဘာပဲဖြစ်ဖြစ် သူ့ဘက်ကိုတောင် လေ့လာရင်းက စိတ်တိုင်းမကျဖြစ်နေသေးတာ၊ သူမဘက်ကိုလည်း ထိတွေ့ဆက်ဆံခွင့်ပေးပြီး၊ လေ့လာခိုင်း





သင့်တာပေါ့။ အခုတော့ သူမအိမ်ခေါ်ပြီး မိဘတွေနှင့်မိတ်ဆက်ပေးတာမျိုးပင်လုပ်မပေးပါ။

မေမေ့ဘက်က သက်ပြင်းချသံကြားလိုက်ရကာ

''မေမေတစ်ခုတော့ ပြောချင်တယ်၊ ဒီနားမှာ ဘယ်သူမှလည်းမရှိလို့ မေမေ ဒီစကားမျိုး သားကိုပြောချင်တာ၊ မိန်းမတစ်ယောက်ဟာ အရာရာအဘက်ဘက်ကတော်နေ ထက်မြက်နေပြီဆိုရင် သူနဲ့ပတ်သက်တဲ့ယောကျ်ားအပေါ် မိသားစုအပေါ်လွှမ်းမိုးမှာ ချုပ်ကိုင်မှာပဲသား၊ သူ့မှာအပြစ်တွေရှိခဲ့ရင် လုပ်ထားရင်တောင် ဘယ်သူမှ သူ့ကိုမတွန်းလှန်နိုင်အောင်လို့ပေါ့၊ အကယ်တော့ မေမေတို့မိသားစုက ရိုးစင်းတာကိုပဲကြိုက်တယ်၊ ဘယ်သူက ဘယ်သူ့အပေါ်ကို လွှမ်းမိုးတာ ချုပ်ကိုင်တာမျိုးမကြိုက်ဘူး၊ အတွက်ကင်းပြီး မေတ္တာတွေ နွေးထွေးမှုတွေနဲ့ပဲ နေချင်ကြတာ၊ ယိမ်းသံစဉ်ကို သားက သဘောကျလို့လက်ထပ်ခဲ့ရင်တောင် သူ့စရိုက်နဲ့မေမေတို့စရိုက်ကတော့ လုံးဝဆန့်ကျင်ဘက်ဖြစ်နေလိမ့်မယ်လို့ မေမေထင်တယ်''

''ဒါပေမဲ့ သားက''

''သားသဘောကျရင်လက်ထပ်ပါ၊ မေမေကတော့ မနှစ်မြို့ပေမယ့် ကန့်ကွက်ပါဘူး၊ ဒါပေမဲ့ သားအဖေနဲ့အန်တီလေးကတော့ သားအတွက် ရှိုတွေနာနေကြတာပေါ့၊ ဒါကလည်း အားလုံးက သားကိုတန်ဖိုးထားကြလို့ပါ''

သားနားလည်ပါသည်ဆိုသောစကားကို ပြောမထွက်၊ ထိုသို့ပြောလိုက်လျှင် ယိမ်းကိုမလိုလားနေကြတာမို့ ပိုပြီး ယိမ်းအပေါ်အပြစ်မြင်သွားမှာစိုးလို့ပါ။ မေမေနှင့်စကားတွေပြောနေရသော်လည်း စိတ်က ယိမ်းဆီကိုသာရောက်နေခဲ့သည်။

ဘာကြောင့် ပန်းခြံလို ကစားကွင်းလိုနေရာကို အပျော်အနေနှင့်သွားတာတောင် သူ့ကိုအသိမပေးရတာ မခေါ်ရတာလဲ။ တခြားမိသားစုနှင်



www.burmeseclassic.com

တွေ့မပါဘဲ ခုနစ်နှစ် ရှစ်နှစ်အရွယ်ကလေးလေးနှင့် သွားခဲ့တာကရော ဘယ်လိုကြောင့်လဲ။

မေမေတို့ထင်မြင်တွေ့လာခဲ့သလို ယိမ်း ဟုတ်ချင်မှဟုတ်မှာပါ။ ယိမ်းက အဲဒီလိုနေရာမျိုးတွေ သွားလေ့သွားထ သွားတတ်သည့်သူမျိုး မဟုတ်တာ။ ယိမ်း လုံးဝမဟုတ်နိုင်လောက်ပေ။

■ ■ ■



## အခန်း (၂၂)

"ဟုတ်တယ် ယိမ်းသွားခဲ့တယ်"

"ဟင်"

"ကိုမင်းမိဘတွေက ယိမ်းကိုတွေ့ခဲ့တယ်လို့ ပြောတာလား"

"ကြော် အင်းဟုတ်တယ်၊ မေမေတို့က ကိုယ်နဲ့ချိန်းထားတယ်လို့တောင် ထင်နေတာ"

"ပြောလိုက်လေ အဲဒီလိုနေရာကို ချစ်သူနဲ့ချိန်းတွေ့ရအောင် ဘာလေးကလား ကလေကချေအရွယ်တွေမဟုတ်ဘူးလို့"

"ဟို ယိမ်း ယိမ်းကတော့ ဘယ်ကကလေးနဲ့ အဲဒီထဲရောက်နေတာလဲ"

"နယ်ကရောက်လာတဲ့ တူဝမ်းကွဲလေးပါ၊ သွားချင်တယ်ဆိုလို့ လိုက်ပို့တာ"

"သူ့မိဘတွေတော့ မပါဘူးနော်"

"ကိုမင်းမိဘတွေက ကိုမင်းကိုအသေးစိတ်အစီရင်ခံထားတာပဲ၊ အဲဒီကလေးကိုတောင် ယိမ်းနဲ့ပတ်သက်နေမလားလို့ သံသယဝင်တဲ့စကားတွေသွေးထိုးသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲဒီလိုတော့ မပြောပါဘူး ယိမ်းရဲ့"

ကိုယ့်ဘက်ကို အပြစ်ကလှည့်လာ၍ မင်းဖုန်းမြတ် ကမျာကယာ ဖြေရှင်းရသည်။ ယိမ်းသံစဉ်မျက်နှာက တည်တင်းအေးခဲနေကာ သူ့အပေ အလိုမကျသည့်မျက်စောင်းများဖြင့်

"ကိုမင်းက သူများသွေးထိုးရင် ယုံတတ်ပြီး ပြဿနာရှာတတ်တဲ့ သူမျိုးဖြစ်နေပါလား"

"ယိမ်း ကိုယ်ကဘာပြောရသေးလို့လဲ၊ မေမေတို့ကတွေ့ခဲ့တယ် ပြောလို့ ယိမ်းသွားသလားလို့ မေးကြည့်တာပဲရှိတာလေ၊ မေမေတို့တလည်း တွေ့လို့တွေ့တယ်ပြောတာ၊ ကိုယ်ကလည်း ယိမ်းသွားသလားလို့မေးသင့် လို့ မေးကြည့်ရုံပါပဲ"

"ကိုမင်းနဲ့အဲဒီလိုဖြေရှင်းနေရတာ ပြောနေရတာတွေ အရမ်းမုန် တာပဲ"

"ယိမ်းရယ် ကိုယ်တို့က ချစ်သူတွေဖြစ်ပြီး အချစ်အကြောင်းတွေ လည်း ကလေးကလားဆန်လို့ဆိုပြီး မပြောရ၊ ဒီလိုတွေလည်း မပြောရဆိုရင် ဘယ်လိုအကြောင်းတွေပြောကြမှာလဲ ချစ်သူတွေဆိုတာ"

"တော်ပါတော့ ကိုမင်းရယ်"

ယိမ်းသံစဉ် စိတ်ကုန်သလို မျက်နှာပျက်ယွင်းလျက် လက်ကာ၍ တားသည်။ မင်းဖုန်းမြတ်လည်း စိတ်ဓာတ်ကျသလို ဘာပြောရမှန်းပင်မသိ တော့ပါ။

တဖြည်းဖြည်းနှင့် ယိမ်းက ဘာကိုမှန်းမသိဘဲ တစ်ဖက်စွန်းရောက် နေသည်ဟု ခံစားလာရသလိုပင်။ ယိမ်းကို မျက်နှာထားတင်းတင်းနှင့်ပင်

"နေပါဦး ကိုမင်းမိဘတွေကရော ကစားကွင်းလိုနေရာမျိုးကို လူကြီးတွေတန်မဲ့နဲ့ ဘာလို့ရောက်နေရတာလဲ"

"ဟင် အဲဒါက ဟိုကောင်မလေးကို လိုက်ပို့ကြတာလေ၊ ရန်ကုန်





က ကစားကွင်းတွေ ပန်းခြံတွေမရောက်ဘူးလို့ အိမ်ရှင်ဆိုတော့ ညည်သည်ကို ဧည့်သည်ကို လွှတ်ရားကျေအောင်"

"ဧည့်သည်က တော်တော်အိမ်ရှင်တွေကကဲကဲဖြစ်မှာပါ၊ အရှက် မရှိသိက္ခာမဲ့တာတော့ အကုန်လုံးနိုင်းလောက်ရှိတယ်"

"ဘာ"

"ကလေးကလား ဆော့နေကြတာလေ၊ ပုံပျက်ပန်းပျက် ဖရိုဖရဲနဲ့ သရဲအိမ်ထဲမှာ"

"ဟင် ယိမ်းမြင်ခဲ့တာလား"

"ဟိုကလေးက သရဲအိမ်ထဲသွားချင်ဆိုလို့ ရောက်သွားတာ၊ ကိုယ့် အလှည့်မရောက်သေးလို့ အပြင်ကနေ တီဗွီထဲက ကြည့်တာ ကိုမင်းမိသားစု တွေဖြစ်နေတယ်၊ တကယ်ကိုလက်လန်တယ်၊ မြင်ရတာကို ရှက်လွန်းလို့ တခြားနေရာကိုသွားလိုက်ရတယ်၊ ကိုမင်းမိသားစုတွေက ဘယ်လိုမိသားစု တွေလဲ၊ ဒီလိုအသက်အရွယ်တွေရောက်နေတာတောင် အရှက်တို့ အဆင့် အတန်းတို့ ဂုဏ်သိက္ခာတို့ဆိုတာကို မသိတာလား"

ယိမ်းပြောတာတွေ နားထောင်ရတာ အောင့်သီးအောင့်သက်ပါ။ ဒါပေမဲ့ မေမေတို့ကရော လူကြီးတွေဖြစ်ပြီး ဘာလို့ အဲဒီလိုတွေသွားလုပ်ရ တာလဲ။ ဒါဟာ ရှင်းလဲ့ချို ဟိုကောင်မလေးမြှောက်ပင့်ပေးလို့သာ ဖြစ်မည်။

"ဟို ဒီလိုပါ ဟိုဧည့်သည်ကောင်မလေးက ကလေးဆိုတော့ သူ့အကြိုက်လိုက်နေပေးလိုက်ရတာ ရှိပါလိမ့်မယ်၊ ဒီကောင်မလေးက အလိုက်မသိအချိုးမပြေတာ ယိမ်းလည်းတွေ့ဖူးနေတာပဲ"

"ကိုမင်းမိဘတွေလည်း ဒီလိုစရိုက်နဲ့အချိုးမပြေတဲ့သူတွေမို့ ဟို ကောင်မလေးနဲ့စရိုက်တူ အဆင်ပြေနေကြတာဖြစ်မှာပေါ့၊ တော်တော်လေးကို လက်လန်ဖို့ကောင်းတယ်၊ ဒီအဖေဒီအမေကမွေးတဲ့ ကိုမင်းက စရိုက်ကွဲထွက် တယ်ဆိုတာတော့ မဖြစ်နိုင်ဘူး၊ မျိုးရိုးဗီဇဆိုတာ ဖျောက်ဖျက်လို့မှမရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ယိမ်းရယ် ကိုယ့်မိဘတွေက အမြဲတမ်း အဲဒီလိုနေတတ်တဲ့သူတွေတော့ မဟုတ်ပါဘူး။ ဘုရားတရားလည်းလုပ်ပါတယ်၊ ပတ်ဝန်းကျင်နဲ့ အရှုပ်အရှင်းဆိုတာမျိုးတွေလည်း မရှိပါဘူး"

"ပေါ့ပျက်ပျက်စရိုက်ကျကျနေတတ်တာတော့ ယိမ်းကိုယ်တိုင်လက်တွေ့မြင်လိုက်ရတာပဲ ကိုမင်း။ အဲဒါကြောင့် လူတစ်ယောက်ကို အပေါ်ယံအမြင်လောက်နဲ့ အကဲခတ်လို့မရဘူးလို့ ပြောကြတာ"

"လက်ထပ်ဖို့အတွက် နောက်ထပ်နောက်ဆုတ်ဖို့အကြောင်းပြချက်တစ်ခုရသွားပြန်ပြီလား ယိမ်း။ အခု ကိုယ်က ယိမ်းရဲ့အစမ်းသပ်ခံအဆင့်ပဲရှိသေးတာလား"

ယိမ်းသံစဉ် ဘာမှမပြော။ တိတ်ဆိတ်ခြင်းဟာ စကားလုံးပေါင်းမြောက်များစွာထက် အဓိပ္ပာယ်တွေပိုကျယ်ပြန့်သည် နားလည်သဘောပေါက်နေသည်မို့ ရင်ထဲမှာတဆစ်ဆစ်ဖြင့် ခံရခက်စေသည်။

ဒါပေမဲ့ အဲဒီလိုတွေဖြစ်လေ ယိမ်းကိုပိုပြီး တန်ဖိုးထားမိလေပါ။ မိန်းကလေးတစ်ယောက်အတွက် ရွေးချယ်မှုမှန်မှသာ ဘဝအတွက် တစ်သက်စာအေးချမ်းရမှာမဟုတ်ပါလား။ တွေးခေါ်စဉ်းစားမှုမြင့်မားသော ယိမ်းအတွက် ဆုံးဖြတ်ချက်ချဖို့ ခက်ခဲနေမှာကတော့ သေချာသည်။

"ယိမ်းမပြောချင်လည်း ကိုယ်သဘောပေါက်နေပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် ယိမ်း၊ ယိမ်းလည်း ကိုယ်တို့မိသားစုကို အပေါ်ယံအမြင်နဲ့ပဲ အကဲမခတ်ပါနဲ့၊ မေမေတို့ဒီလိုနေလို့လည်း ကိုယ်ကျင့်သိက္ခာမရှိဘူးလို့ မထင်ပါနဲ့၊ ဒီကိစ္စနဲ့ပတ်သက်ပြီး မေမေတို့ကိုလည်း ကိုယ်သတိပေးမှာပါ၊ လူကြီးဆိုတာ အနေအထိုင် အပြောအဆို အမြဲသတိရှိရတယ်လို့"

"ပြောပါ သတိပေးပါ၊ ယိမ်းမိဘတွေဆို ဘယ်တုန်းကမှ အဲဒီလိုမျိုးတွေမလုပ်ခဲ့ဘူး၊ အမြဲတမ်း သိက္ခာသမာဓိနဲ့ နေခဲ့ကြတာ၊ စကားအပြောအဆိုလည်း ထိန်းသိမ်းတယ်၊ လူတိုင်းနဲ့မပေါင်းသင်းဘူး။ ရှင်းလဲ့ချိုလိုမိန်း





ကလေးမျိုးနဲ့သာတွေ့ရင် ကိုယ်ပါပျက်စီးသွားမှာလေ"

ဒါတော့ အမှန်ပဲမို့ ယိမ်းပြောတာကို ခေါင်းညိတ်ထောက်ခံလိုက်ရသည်။ ယိမ်းက သူ့မျက်နှာကို တစ်ချက်ပြုံးကြည့်လျက်

"ကိုမင်းလည်း အဲဒီကောင်မလေးနဲ့ပတ်သက်မိရင်တော့ ကိုယ်ကျင့်တရားပျက်စီးပြီး အဆင့်အတန်းပါရှိတော့မှာမဟုတ်ဘူး"

"အဲဒါကတော့ နိုးပါ၊ အဲဒီကောင်မလေးကို ကိုယ်လုံးဝကို အမြင်ကတ်တာ၊ ကြည့်လို့ကိုမရဘူး"

"အဲဒီလို မိန်းကလေးကိုများ ကိုမင်းမိဘတွေက ဘာလို့များရက်ရှည်လများ လက်ခံထားရတာလဲ"

"သူ့မိဘတွေက ကျေးဇူးရှိခဲ့လို့တဲ့လေ၊ ကိုယ်ငယ်ငယ်မန္တလေးမှာနေခဲ့ရတုန်းက ကိုယ့်မိဘတွေ စီးပွားရေးအဆင်မပြေတော့ အထောက်အပံ့တွေ အများကြီးပေးခဲ့ဖူးတယ်လို့ပြောတယ်၊ ရန်ကုန်ပြောင်းလာပြီး လုပ်ငန်းထူထောင်ဖို့အတွက်လည်း တော်တော်လေး အထောက်အကူလုပ်ပေးခဲ့တာတဲ့၊ ဒါကြောင့် မေမေတို့က သူ့မိဘတွေက ကျေးဇူးရှိခဲ့တယ်ဆိုပြီး"

"ကျေးဇူးတွေကြီးမားလို့ လူပါတိုးဆပ်ခံနေရဦးမယ် ကိုမင်း သတိထား"

"အဲဒါမျိုးကတော့ လုံးဝဖြစ်စရာအကြောင်းမရှိပါဘူး ယိမ်းရယ်၊ ကိုယ့်မှာအရမ်းကို တန်ဖိုးရှိတဲ့ ယိမ်းသံစဉ်ဆိုတဲ့ ချစ်သူတစ်ယောက်လုံးရှိနေတာပဲ၊ မိဘတွေကလည်း ယိမ်းနဲ့ချစ်သူတွေဆိုတာ သိထားပြီးသားလေ၊ အဲဒီကောင်မလေးကို ကိုယ်ဘယ်လောက်အမြင်ကတ်ပြီးမုန်းတယ်ဆိုတာလည်း ကိုယ့်မိဘတွေသိကြတယ်၊ အဲဒီအတွက် လုံးဝမစိုးရိမ်ပါနဲ့ ယိမ်း"

"အဟင်း ဟင်း အဲဒါတော့ ယိမ်းလုံးဝ မစိုးရိမ်တတ်ပါဘူး။ လူဆိုတာ စိတ်အတိုင်း အကျိုးပေးတတ်တာပဲ၊ ကိုမင်းနဲ့တန်တဲ့သူ ကိုမင်းရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြီးပြောလိုက်တာလဲ ယိမ်းရယ်၊ ယိမ်းလိုတန်ဖိုးရှိတဲ့ မိန်းကလေးနဲ့ပဲ တစ်သက်လုံးလက်တွဲသွားဖို့ လက်ထပ်ချင်တာပါ၊ အဲဒါကြောင့်လည်း ဘာအကြောင်းပဲဖြစ်ဖြစ် အစစအရာရာ သည်းခံနေတာပေါ့ ယိမ်းရယ်"

ယိမ်းသံစဉ် နှုတ်ခမ်းလေးက မဲ့ကျသွားကာ

"သည်းခံနေရတယ်ဆိုတော့ ယိမ်းက တော်တော်ဆိုးနေလို့လား"

"အဲဒီလိုလည်းမဟုတ်ပါဘူး၊ ကိုယ့်ကို ယိမ်းအပေါ် ယိမ်းပြောသမျှ ယိမ်းစောင့်ကြည့်လေ့လာနေသမျှ သည်းခံလိုက်လျောနားလည်ပေးမယ့်သူမျိုး ရှာကြည့်ပါဦး ရှိမလားလို့"

"ရှိတောင် ယိမ်းက စိတ်ဝင်တစားရှာနေမှာမဟုတ်ဘူး၊ ယိမ်းထက် တန်ဖိုးမရှိတဲ့ယောက်ျားမျိုးဆို ယိမ်းဘဝလက်တွဲဖော်အဖြစ် ဘယ်တော့မှ စိတ်မကူးဘူး ကိုမင်း၊ ကိုမင်းတို့လို ယောက်ျားတွေလည်း ယိမ်းလိုမိန်းကလေးမျိုးတွေ့မလားလို့ တစ်နိုင်ငံလုံးလည်ပြီး ရှာကြည့်စမ်းပါ"

"ဟုတ်ပါတယ် မတွေ့နိုင်ပါဘူး၊ အရာရာပြည့်စုံပြီး ထက်မြက်တဲ့ မိန်းမမျိုး ကိုယ်ကျင့်သိက္ခာမြင့်မြတ်တဲ့မိန်းကလေးမျိုးက တော်တော်လေးကို ရှားသွားပါပြီ"

"အဲဒါသိရင် ယိမ်း လိုလိုချင်ချင်လက်ခံလာအောင် ကြိုးစားပေါ့ ကိုမင်းရယ်၊ နှစ်ဖက်ပေါင်းသင်းဆက်ဆံဖို့ဆိုရင် မိဘတွေကလည်း အဓိက ကျတာပဲ"

ယိမ်းပြောတာ ဘာကိုဆိုလိုသည်ဆိုတာ သူသဘောပေါက်လိုက်သည်။ မေမေတို့လည်း အရင်တုန်းက ဒီလိုမျိုး ဗရုတ်သုတ်ခ ပေါ့တီးပေါ့ပျက်တွေမနေဘူးပါ။ လုပ်ငန်းကြီးတစ်ခုလုံး သူတာဝန်ယူလိုက်ပြီးတည်းက အန်တီလေးက မေမေ့အိမ်အလုပ်တွေ ဝိုင်းကူလုပ်. မေမေအဖော်ရဖို့အတွက် အိမ်မှာ အတူနေ၊ ဖေဖေကတော့ သူ့ကိုလုပ်ငန်းတာဝန်တွေလွှဲဖို့ စိတ်ချရပြီဆိုမှ





အနားယူခဲ့တာပါ။

ဒါတောင် ကြီးကြပ်စောင့်ရှောက်သည့်သဘောဖြင့် စက်ရုံကိုရော ကုမ္ပဏီရုံးခန်းကိုရော ခဏခဏရောက်လာတတ်၏။ ဘာပဲဖြစ်ဖြစ် ဘာအရှုပ်အရှင်းမှမရှိဘဲ အေးချမ်းနေခဲ့တာပါ။ ရှင်းလဲ့ချိုရောက်လာမှသာ လူကြီးတွေလည်း ကသောင်းကနင်းဖြစ်လျက် ဝေဖန်ခံရတာတွေရှိလာခဲ့သည်။

သူကတော့ ရှင်းလဲ့ချိုကိုသာ အပြစ်တင်ချင်၏။

ရှင်းလဲ့ချိုရောက်လာခဲ့လို့သာ ဒီလိုမျိုးတွေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"မဟုတ်တာ သားရယ်၊ ဒါက ရှင်းလဲ့လေးနဲ့ဘာဆိုင်လို့လဲ၊ သူ ခေါ်သွားလို့လိုက်ရတဲ့ကိစ္စမဟုတ်ဘူး။ မေမေတို့ကိုယ်တိုင်က ညွှဲ့ဝတ်ကျေချင်လို့လိုက်ပို့သင့်လို့ ပို့တဲ့ကိစ္စပါ"

"အဲဒါတော့ သားလည်းမသိဘူး။ ဒါပေမဲ့ မေမေတို့အရင်တုန်းက အဲဒီလိုနေကြလို့လား"

"မေမေတို့က ဘယ်လိုနေကြလို့လဲ၊ ဘာဖြစ်လို့လဲ သား"

"သရဲအိမ်ထဲမှာ သရုပ်ပျက်နေကြတာလေ၊ အပြင်ရောက်တော့လည်း ဟေးလားဝါးလားနဲ့"

"ဟော့တော် ဗုဒ္ဓေါ သားကဒါကို ဘယ်လိုလုပ်သိသွားတာလဲ"

ဒေါ်ကလျာညို အံ့ဩနေချိန်မှာ ဒေါ်နွယ်နီလှိုင်က နားထင်ကိုလက်ထောက်ကာစဉ်းစားလျက်

"ကေန္တ ယိမ်းသံစဉ် ပြောတာပဲဖြစ်ရမယ်၊ လှိုင်တို့အထဲမှာရောက်နေတုန်း သူအပြင်မှာရှိနေခဲ့လို့ဖြစ်မှာပေါ့၊ ဒီလိုတွေ့ရဲ့နဲ့တောင် ကိုယ့်ချစ်သူရဲ့





ခွေမျိုးမိဘတွေကို နှုတ်ဆက်ရမှန်းမသိ ဘာမှန်းမသိ အတင်းပြောလွှတ်လိုက်တယ်ပေါ့လေ ဟုတ်လား တူလေး"

"အတင်းပြောတယ် ဟုတ်မလား အန်တီလေးရား အဖြစ်အပျက်ကိုပြောပြတာ၊ အန်တီလေးတို့က လူကြီးသူမတွေဖြစ်ပြီး အဲဒီလိုနေရာကိုသွားပြီး အဲဒီလိုတွေလုပ်စရာလား"

"ဟဲ့ ကစားကွင်းသွားတာ အပျော်သွားတာလေ၊ တရားပွဲသွားရင် တရားထိုင်နာနေမှာပေါ့၊ ဘယ့်နှယ် ကျုပ်တို့ကအပြစ်လုပ်ထားတာကျနေတာပဲ"

"အန်တီလေးတို့အပြစ်လုပ်လား မလုပ်လားတော့မသိဘူး၊ ကျွန်တော်ကတော့ ယိမ်းနဲ့လက်ထပ်ဖို့နောက်ထပ် အရွှေ့ခံလိုက်ရပြန်ပြီ"

"ဘာ"

"ဘာဟဲ့"

"အန်တီလေးတို့မကြီးမငယ်တွေနဲ့ ကပျက်ကချော် ကလေးကလားတွေဖြစ်နေကြတာကို၊ ယိမ်းတို့မိသားစုတွေက အဲဒီလိုတွေမဟုတ်ကြဘူး၊ အရမ်းကိုလူကြီးဆန်ပြီး သိက္ခာသမာဓိရှိကြတာ၊ ယိမ်းဘက်က သူနဲ့ပတ်သက်ရမယ့်အသိုက်အဝန်းကိုကြည့်တာ မမှားဘူးလေ"

"သား"

ဒေါ်ကလျာညို ခပ်ဆတ်ဆတ်ခေါ်လိုက်ပြီး မျက်နှာထားတင်းသွားသည်။ ရှေ့ကကျွန်းစားပွဲကိုလည်း ဖြန်းခနဲရိုက်ကာ

"သား မင်းစကားတွေက ယိမ်းသံစဉ်ကြောင့် စော်ကားတဲ့စကားလုံးတွေဖြစ်နေပြီ၊ မေမေတို့နေလာတဲ့တစ်သက်လုံး ကိုယ့်ထမင်းကိုယ်စားပြီး တစ်ခါမှအစော်ကားမခံခဲ့ရဖူးဘူး။ အခုတော့ မင်းရဲ့ကြီးကျယ်မြင့်မြတ်လွန်းတဲ့ချစ်သူက မေမေတို့ကိုချိုးနှိမ်အပြစ်ဖို့လိုက်တာ နှစ်ပြားတောင်မတန်တော့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ တူလေး မင်းကိုပါစော်ကားနေတာလို့ မခံစားရဘူးလား။ မင်းအဲဒီလောက်တောင် မှုန်နေသလားကွယ် ပြောပါဦး"

"အန်တီလေးရာ သူ့ဘက်ကအခြေအနေကို ပြောပြပြီး ကျွန်တော်တို့ဘက်ကအခြေအနေနဲ့ နှိုင်းယှဉ်တာ ဘာမှားလို့လဲ၊ ဒီလိုတော့ဖြစ်သင့်တယ် ဒီလိုတော့မဖြစ်သင့်ဘူးဆိုတာ လက်မထပ်ခင်ညှိနှိုင်းဆွေးနွေးမှုဖြစ်မှာပေါ့၊ လက်ထပ်ပြီးမှ ညားပြီးမှ သူ့အသိုက်အဝန်းက ဘာဖြစ်လို့ ကိုယ့်အသိုက်အဝန်းက ဘာဖြစ်လို့ စရိုက်တွေမတူဘဲ ပြိုကွဲပျက်စီးသွားရင် မိန်းကလေးဘက်က ပိုထိခိုက်မှာမဟုတ်ဘူးလား။ ဒါကြောင့် သူက"

"တော်စမ်း သား။ မေမေတို့ကိုပြောဆို ဆုံးမနေရအောင် မေမေတို့က မင်းကိုမွေးထားတာပါ၊ မေမေတို့ဆုံးမသွန်သင်မှုမှားလို့ မင်းဘဝ ဘယ်အချိန်တုန်းက ဘယ်နှခါတောင် ပျက်စီးခဲ့လို့လဲ၊ ဘာတွေဖြစ်ခဲ့လို့လဲ"

"ဟုတ်တယ် မဖြစ်ဘူး။ သားကလည်း အဲဒါကိုပြောတာ၊ ဣန္ဒြေသိက္ခာမရှိတဲ့ ရှင်းလဲ့ချိုရောက်လာလို့ မေမေတို့လည်း ဒီလိုတွေဖြစ်ကုန်တာ၊ သူနဲ့ပတ်သက်လာရင် သားလည်းစိတ်ညစ်ရတယ်၊ သူ့ကိုမန္တလေးသာပြန်နှိုင်းလိုက်တော့ မေမေ"

"မင်းဖုန်းမြတ် မင်း တော်တော်လေးကို ယိမ်းသံစဉ်စိတ်မှုန်နေတာပဲ၊ အောက်ခြေလွတ်ပြီး မိုက်ရိုင်းနေလိုက်တာ၊ ငါတို့သားမဟုတ်တော့သလိုပဲ မင်းက အဲဒီစိတ်နဲ့ ဘဝင်ရူးရူးသွားပေမယ့် ငါတို့ကတော့ နဂိုအတိုင်း လူသားလိုပဲနေထိုင်ကျင့်ကြံနိုင်မယ်၊ ပျော်စရာရှိပျော်မယ်၊ ရယ်စရာရှိရယ်မယ်၊ ကြည်နူးစရာရှိလည်း လူသားဆန်ဆန်ကြည်နူးလိုက်မယ်၊ မင်းရဲ့ယိမ်းသံစဉ်လို ဣန္ဒြေသိက္ခာမရှိလို့ အဆင့်အတန်းနဲ့မနေတတ်လို့ ငါတို့ကို မိသားစုမတော်ချင်လည်း မတော်နဲ့တော့"

"မေမေ"

"ငါတို့ မင်းတို့နှစ်ယောက်လုံးရဲ့အစော်ကား မခံနိုင်ဘူး မင်းဖုန်း





မြတ်၊ ကိုယ်မွေးတဲ့သား ကိုယ်တွေကို အဲဒီလိုတွေပြောနေတာ မခံစားနိုင်တော့ဘူး၊ မင်းကိုကျွေးမွေးစောင့်ရှောက်လာတာ ငါတို့ပါ၊ ပညာတွေသင်ပေးခဲ့တာ ငါတို့ပါ၊ လူမှုရေးလမ်းကြောင်းပေါ် စီးပွားရေးလမ်းကြောင်းပေါ် အဆင်သင့်လျှောက်လှမ်းနိုင်အောင် အနုစ်နာခံ အပင်ပန်းခံတွန်းတင်ပေးခဲ့တာ ဒီအဖေ ဒီအမေနဲ့ ဒီအဒေါ်ပါ၊ မင်းစော်ကားတာခံရဖို့ ငါတို့ အဲဒီလိုတွေလုပ်လာခဲ့တာမဟုတ်ဘူး မင်းဖုန်းမြတ်၊ မင်းနှစ်ပေါင်းများစွာ အပင်ပန်းခံ ရှန်းကန်ရှာဖွေကျွေးမွေးနေတာကို ငါတို့က လက်လျှိုထိုင်စားနေတဲ့သူတွေလို့ ထင်ပြီး များ စော်ကားရဲနေတာလား"

"အဲဒီလိုမဟုတ်ပါဘူး မေမေ၊ သားပြောတာက"

"တော်ပြီ မပြောနဲ့တော့ မကြားချင်ဘူး မပြောနဲ့"

ဒေါ်ကလျာညို စိတ်ဆိုးဆိုးဖြင့် ဧည့်ခန်းထဲကထွက်သွားသည်။ ဒေါ်ကလျာညို တကယ်စိတ်ဆိုးသွားတော့လည်း မင်းဖုန်းမြတ် မျက်နှာလေးငယ်ကာ စိတ်မကောင်းဖြစ်သွားလေသည်။ ကျန်ခဲ့သော ဒေါ်နွယ်နီလှိုင်က မျက်စောင်းထိုးကာ

"မင်းက မင်းပဲ၊ မမညိုစိတ်ဆိုးမယ်ဆိုလည်း ဆိုးချင်စရာ၊ မင်းအဖေလည်း ဘုန်းကြီးကျောင်းသွားလို့သာပေါ့၊ ရှိများရှိရင် မင်းပြောတာတွေနားထောင်ပြီး ထထောင်းဦးမှာ"

"ကျွန်တော်က ဘာတွေပြောနေလို့လဲ အန်တီရွှေ၊ အရင်တုန်းက မလုပ်ခဲ့ဘူးတာတွေ ရှင်းလဲ့ချိုရောက်လာမှ ကလေးကလားတွေ လျှောက်လုပ်နေလို့ မကောင်းတဲ့အကြောင်း မသင့်တော်တဲ့အကြောင်းပြောတာ သတိပေးတာလေ၊ အဲဒီကောင်မလေးမှာ ဘာကောင်းတဲ့အကျင့်ရှိလို့လဲ"

"အေး မင်းကသာ တစ်ခါနှစ်ခါခံရလို့ မျက်မုန်းကျိုးနေတာ၊ ငါတို့ကတော့ သူဘာလုပ်လုပ် ချစ်စရာကောင်းတယ်၊ ရိုးသားတယ်၊ ပွင့်လင်းတယ်လို့ပဲ မြင်တယ်၊ မင်းဟာမလို ပကာသနတွေ အလွှာတွေမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေးတို့ အဲဒါခက်တာ၊ မိန်းကလေးတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ဣန္ဒြေသိက္ခာမရှိတဲ့မိန်းကလေးကို အထင်ကြီးရမှန်းမသိကြီး နေကြတာကိုး၊ ယိမ်းနဲ့ဆို ဘယ်လိုမှကိုနိုင်းလို့မရတာ"

"အမလေး မနိုင်းပါနဲ့တော်၊ မင်းဟာမလို ငါတို့ရှင်းလဲ့လေးနဲ့ ဘယ်နေရာမှ မနိုင်းယှဉ်လိုက်ပါနဲ့၊ တော်ကြာ မင်းလိုမျိုး ရှင်းလဲ့လေးပါ ဘဝင်မြင့် အောက်ခြေလွတ်ပြီး မိဘတွေ အဒေါ်တွေကိုစော်ကားရဲနေပါဦးမယ်"

"ပြောပြန်ပြီ အန်တီလေးကလည်း၊ ကျွန်တော်ပြောချင်တာကို သဘောမှမပေါက်တာ"

"ပေါက်ပါတယ်တော် ပေါက်ပါတယ်၊ တော့်ဟာမ ကြည်ဖြူအောင်ကျုပ်တို့ကို အနေအထိုင်ဆင်ခြင်စေချင်၊ ဣန္ဒြေသိက္ခာကြီးတွေနဲ့နေစေချင်တာမဟုတ်လား၊ မမညီပြောသွားတာရော မင်းကြားတယ်မဟုတ်လား၊ ကျုပ်တို့အားလုံး လူသားစစ်စစ်တွေလိုပဲ နေထိုင်သွားမယ်ဆိုတာ"

"ခက်တယ်ဗျာ အန်တီလေးတို့အကုန်လုံး အဲဒီသောက်ရူးမလေးရောက်လာမှ ဇာတ်တွေပျက်နေကြတာ"

"အေး မင်းလည်းမာန်တက်နေတဲ့ ခင်ကြီးကျယ်နဲ့ချစ်သူတွေဖြစ်သွားမှ ပိုပြီးဘဝင်မြင့်ပြီး အောက်ခြေလွတ်သွားတာ၊ မိဘမိဘမှန်းမသိ၊ အဒေါ်ကိုအဒေါ်မှန်းမသိ ရိုင်းစိုင်းတဲ့စကားလုံးတွေ ထွက်ရဲတာလေ၊ အဲ့ညြပါရဲ့ ကိုယ့်ကိုယ်ကိုယ်မှန်ထဲပြန်ကြည့် ငါရော ဘာကောင်ဖြစ်သွားပြီလဲလို့ ဟွန်း မပြောလိုက်ချင်ဘူး"

အန်တီလေးလည်း ထထွက်သွားသည်။ သူ့မှာသာ ရင်မောစွာနှင့် နဖူးကို ကိုယ့်လက်နှင့်ကိုယ်ရိုက်၍ ကျန်ခဲ့ရသည်။ သူမွေးလာသည့်သက်တမ်းကနေ အခုချိန်ထိ မိဘတွေနှင့်ရော အန်တီလေးနှင့်ရော တစ်ခါမှစကားမများဘူး ရန်မဖြစ်ဘူးကြပါ။





အခု ဟိုဂြိုလ်ကောင်မလေး ဝင်လာမှသာ ဒီလိုတွေဖြစ်နေကြရတာ။ အခု သူမအကြောင်းတွေပြောပြီး အခြေအတင်ဖြစ်နေကြချိန်မှာ သူမဘယ်ရောက်နေသည်မသိပေ။

သိပြီးကြားသွားလျှင် မကောင်းဘူးလား။ ဒါမှ သူမကို သူမျက်မုန်းကျိုးနေတာ မလိုလားတာ သူမ သေချာသိမှာပေါ့။

သိပြီးထွက်သွားမှ သူ စိတ်ချမ်းသာရမှာ၊ ကဲ မင်းဒိုးတော့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဟေ့ အေ့"

ထမင်းစားနေရင်းက ဟင်းနံ့တွေမခံချင်လောက်အောင် ဖျို့တက်လာတာမို့ ရေချိုးခန်းဆီ ရှင်းလွဲချို ပြေးထွက်သွားသည်။ ဒေါ်ကလျာညိုနှင့် ဒေါ်နွယ်နီလှိုင် စိုးရိမ်စိတ်များဖြင့် ထမင်းဝိုင်းကထကာ နောက်ကပြေးလိုက်လာကြ၏။

"ရှင်းလွဲ ရှင်းလွဲ ဘာဖြစ်တာလဲ"

"မသိဘူး အရမ်းအန်ချင်နေတာပဲ"

"သင်တန်းကအပြန် ဘာတွေများအစားမှားလာလဲကွယ်၊ ဝက်သားတုတ်ထိုးတွေ ကြာဇံကြော်တွေအများကြီး စားလာလား"

"မစားပါဘူး အခုတလော ဘာမှစားချင်စိတ်မရှိလို့ကိုသိပ်မစားဘူး"

"ဒါဆို အိမ်ကရော ဘာတွေအစားမှားသေးလဲ၊ အခုတလော ရင်ပြည့်ရင်ကယ်စာတွေလည်း မချက်မိပါဘူးနော် လှိုင်"

"အင်း ချက်တော့မချက်မိပါဘူး၊ ဒါပေမဲ့ ရေချိုးမှားအအေးပတ်





ပြီး ရင်ပြည့်ရင်ကယ်ဖြစ်လို့ အန်ချင်တာလား၊ ဆရာဝန်ခေါ်ပြမှဖြစ်မယ်၊ တစ်ခုခုဆို မမခင်က သူ့သမီးအတွက်စိုးရိမ်နေမှာ"

"အေး ဟုတ်တယ် ဆရာဝန်ဆီဖုန်းဆက်လိုက် လှိုင်"

သူမကျောလေးကို နောက်ကနေပုတ်ကာ အန်တီညိုတို့သမီးယောက်မနှစ်ယောက် စိုးရိမ်နေကြသည်။ သူမလည်း ဆရာဝန်မခေါ်ပါနှင့်လို့ အားနာပြီးပင် မပြောနိုင်ပါ။ ရင်ထဲမှာ တကယ်ကိုနေလို့မကောင်း၊ ဖျို့ချင်အန်ချင် ခဏခဏဖြစ်ပြီး အန်လိုက်တော့လည်း အစာမပါဘဲ လေတွေသာ ဖြစ်နေသည်။ ဒါပေမဲ့ ခံရတာတော့ မသက်သာပါ။ ခေါင်းတွေကမူးနောက်နောက်။

နားထင်တွေကထိုးသလို ဖက်ကြောတွေကထိုးသလိုလိုဖြင့် ခြေတွေလက်တွေလည်း အားမရှိသလို ပုံပြီးကျချင်သည်။ ဒီလိုဝေဒနာမျိုး သူမ တစ်ခါမှမဖြစ်ဘူးပါ။

"ရှင်းလွဲလေး အခန်းထဲသွားနားရအောင်၊ ခဏနေ့ ဆရာဝန်လာသိမ့်မယ်"

"ဟုတ်ကဲ့ အန်တီညို"

အန်တီညိုက သူမကိုတွဲထူကာ အခန်းထဲထိလိုက်ပို့သည်။ သူမ ဘန်ပင်မဆောင်နိုင်။ အိပ်ရာပေါ်လှဲချလိုက်သည်။ အန်တီညိုက သူမနဖူးပေါ်ကချွေးစလေးတွေသုတ်ပေးပြီး

"ကြည့်ပါဦးကွယ် ချွေးတွေတောင် ထွက်နေပြီ၊ ဝေဒနာဘယ်လောက်တောင်ခံနေရလဲ၊ အန်တီညိုတို့ကို အစတည်းက ဘာလို့မပြောတာလဲ ဖြစ်တာ ဘယ်နှရက်တောင်ရှိနေပြီလဲ ရှင်းလွဲ"

"အခုတလော ဘယ်လိုဖြစ်နေမှန်းတော့မသိပါဘူး၊ မအီမသာနဲ့ ညည်းနေညည်းပါးပါး ဖြစ်နေတော့လည်း အန်တီညိုတို့ကို အားနာလို့မပြောတာ"

"အားမနာပါနဲ့ကွယ် ကျန်းမာရေးကိစ္စပဲဥစ္စာ၊ ခင့်မျက်နှာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာထက် အန်တီညိုတို့က ရှင်းလဲ့လေးကိုလည်း သမီးလေးတစ်ယောက်လိုချစ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မိသားစုတွေပဲ၊ နောက်ဆို အဲဒီလိုမနေနဲ့နော်၊ ခင့်ကိုအားနာစရာကိစ္စဖြစ်အောင်မလုပ်ပါနဲ့"

"ဟုတ်ကဲ့ပါ"

စကားပြောဆိုနေရင်း သိပ်မကြာခင်မှာပင် မိသားစုဆရာဝန်ကြီးရောက်လာသည်။ ရောက်လာခြင်းမှာပင် ရှင်းလဲ့ချိုကို စမ်းသပ်စစ်ဆေးမှုတွေလုပ်၏။

"သမီး ဒီလိုမျိုးတွေဖြစ်နေတာ ဘယ်လောက်ရှိပြီလဲ"

"နေမကောင်းသလိုလို မအီမသာကြီးဖြစ်နေတာတော့ တစ်ပတ်ကျော် နှစ်ပတ်နီးပါးလောက်ရှိပြီထင်တယ်"

"ဖြစ်နိုင်ပါတယ် ကိုယ်ဝန်က လေးပတ်ကျော်သွားပြီလေ"

"ရှင်"

"ဆ ဆရာဘာပြောလိုက်တာလဲ"

"ဩော် ကိုယ်ဝန်ကလေးပတ်ကျော်သွားပြီလို့၊ ကျန်းမာရေးကိုဂရုစိုက်မှဖြစ်မယ်"

"ကိုယ် ကိုယ်ဝန်"

"ကိုယ်ဝန်လို့ပြောလိုက်တာလား။ ရှင်းလဲ့ ဗိုက်ထဲမှာ ကလေးရှိနေတယ်လို့ပြောလိုက်တာလား ဆရာ"

သုံးယောက်လုံး အံ့အားတွေသင့်ပြီး မယုံနိုင်အောင် ဖြစ်နေကြသည်။ ရှင်းလဲ့ချိုကတော့ လန့်ဖျပ်တုန်လှုပ်ကာ ငုတ်တုတ်တောင် ထထိုင်မိသည်။

ခေါင်းတွေထဲမှာ ရီဝေဝေမူးနောက်နောက်နှင့်ပါ။

ဆရာဝန်ကြီးက ရှင်းလဲ့ချိုလက်ကလေးကို ဆုပ်ကိုင်ပြီး

"သမီး အဲဒီလို ဆိုးခနဲဆတ်ခနဲ ထလို့ထိုင်လို့မဖြစ်ဘူးနော်၊ အခု





ချိန်က သန္ဓေသားကို အရမ်းကိုဂရုစိုက်ရတဲ့အချိန်ပဲ၊ တစ်ခုခုဖြစ်ရင် လူကြီးရောကလေးရော အန္တရာယ်ရှိတယ်"

"တ တကယ် ဒီဗိုက်ထဲမှာ ရင်သွေးရှိနေတာလား ဆရာ"

"အေးလေ သမီးရဲ့၊ ဆရာ သေချာစမ်းသပ်ထားတာ မမှားယွင်းဘူး သေချာတယ်၊ သူက မန္တလေးက မညိုတို့မိတ်ဆွေရဲ့သမီးမဟုတ်လား။ မောင်မင်းဖုန်းမြတ်နဲ့ စေ့စပ်ထားတာလား။ မင်္ဂလာမဆောင်ခင် ဒီလိုအမှားအယွင်းတော့ ရှိတတ်ကြပါတယ်၊ လူတွေဆိုတော့လေ"

"မ မဟုတ်ဘူး"

ရှင်းလဲ့ချို အထိတ်တလန့်နဲ့ ဖြေရှင်းဖို့လုပ်ချိန်မှာ ဒေါ်ကလျာညိုက ရှင်းလဲ့ချိုလက်ကလေးကို အမြန်ဆုပ်ညှစ်ထားလိုက်ပြီး

"ဟုတ်ပါတယ် ဆရာ ဟုတ်ပါတယ်၊ အခုလို ကြိုသိရတော့ ကလေးတွေကိစ္စ အမြန်စီစဉ်ရမှာပေါ့၊ ကျွန်မတို့ကလည်းက ကလေးလိုချင်နေတာနဲ့ အတော်ပါပဲ"

"မင်္ဂလာဆောင်ရင်တော့ ဖိတ်ဖို့မမေ့မနေနဲ့ဦးနော်"

"ဗွီအိုင်ပီတွေပဲ အမှတ်တရ အလေးအနက်ထားပြီးကို ဖိတ်ရမှာပေါ့ ဆရာရယ်၊ မလာဘဲသာမနေနဲ့နော်၊ ကလေးတွေကို ဆရာကြီးကိုယ်တိုင် ချီးမြှင့်မြှောက်စားပေးရမှာ"

"လုပ်ပေးရမှာပေါ့ဗျာ၊ ကဲ သမီးအကြောဆေး အားဆေးတွေသွင်းရမယ်၊ ဘာမှကြောက်စရာမလိုဘူး၊ သဘာဝအတိုင်း ဖြစ်လာမှာ၊ စိုးရိမ်စိတ်များနဲ့၊ စိတ်ဖိစီးမှုမများနဲ့၊ လူကြီးကျန်းမာမှ ဗိုက်ထဲက ကလေးလည်း ကျန်းမာမှာ ဟုတ်ပြီလား"

ရှင်းလဲ့ချို ဘာမှပြန်မပြောနိုင်။ ဆရာဝန်ကြီးရှေ့မှာ ထိန်းချုပ်ထားရသော မျက်ရည်တွေကိုသာ သွန်ချပစ်လိုက်ချင်သည်။

တစ်ကြိမ်တစ်ခါ မှားယွင်းမှုက ဒီလိုဖြစ်သွားနိုင်လို့လား။ ဒီလို



www.burmeseclassic.com

မှားယွင်းခဲ့သည်ဆိုတာ မင်းဖုန်းမြတ်ကတော့ သိတောင်သိမှာမဟုတ်ပေ။ ထိုအချိန်မှာ သူ တမ်းတနေခဲ့တာက ယိမ်းသံစဥ်မဟုတ်ပါလား။ သူမကိုတော့ တစ်ချိန်လုံးအမုန်းတရားတွေနှင့် အပြုံးတွေသာရှိတာ။

"ကဲ ဆရာပြန်မယ်၊ ဆရာပေးခဲ့တဲ့ဆေးတွေသောက်ရင် အဆင်ပြေသွားမှာပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မတို့ ဂရုစိုက်လိုက်ပါမယ်"

ရှင်းလှဲ့ချိုက ဘာမှမပြောတာကြောင့် ဒေါ်နွယ်နီလှိုင်က ဝင်ပြောပြီး ဆေးအိတ်လေးကိုင်ကာ ဆရာဝန်ကြီးကို လိုက်ပို့သည်။ ထိုအချိန်ကျမှ ရှင်းလှဲ့ချို ချုံးပွဲချကာ ငိုပစ်လိုက်၏။

"ရှင်း ရှင်းလှဲ့ သမီးလေး ဒီ ဒီကိစ္စက ဘယ်လိုဖြစ်တာလဲ ဘယ်သူနဲ့လဲ သမီး။ ဆရာဝန်ကြီးရှေ့မှာ သမီးရဲ့ဂုဏ်သိက္ခာကြောင့် အန်တီညို က ဆရာဝန်ကြီးကို ကောင်းအောင်ကြည့်ပြောလိုက်ပေမယ့် သားနဲ့တော့ ဖြစ်စရာအကြောင်းမရှိဘူးမဟုတ်လား ရှင်းလှဲ့"

"အန်တီညို"

"အေး ပြောပါ ရှင်းလှဲ့၊ ပွင့်ပွင့်လင်းလင်းသာပြော အားနာစရာလည်းမလိုဘူး။ ရှက်စရာလည်းမလိုဘူး"

"ရှင်းလှဲ့လေး"

ရှင်းလှဲ့ချို ဘယ်လိုမှကိုပြောမထွက်ပါ။ ဒီမှားယွင်းမှုဟာ ကိုယ့်ဆန္ဒတစ်ခုတည်းမဟုတ်ပေမယ့် အမုန်းတရားကြီးမားနေသော မင်းဖုန်းမြတ်ကို တရားခံအဖြစ် ဆွဲထည့်လို့ဖြစ်ပါ့မလား။

"ရှင်းလှဲ့ ရှင်းလှဲ့"

ဆရာဝန်ကြီးကို လိုက်ပို့ပြီး ဒေါ်နွယ်နီလှိုင် ပျာပျာသလဲ အခန်းထဲပြန်ဝင်လာကာ ရှင်းလှဲ့ချိုလက်ကလေးကို ဆုပ်ကိုင်ရင်း ရင့်ထဲနင့်နေသလိုခေါ်သည်။





"ရှင်းလှဲ့လေးရယ် မန္တလေးမှာချစ်သူရည်းစားတွေ ဘာတွေရှိလို့မှားယွင်းခဲ့တာလား၊ ဘယ်လိုဖြစ်ခဲ့တာလဲ တလေး"

"ဒီရောက်တာပဲ နှစ်လကျော်နေပြီ၊ ကိုယ်ဝန်က လေးပတ်ကျော်တဲ့၊ ရှင်းလှဲ့ အန်တီညိုတို့ကို သေချာပြောပြစမ်း သမီး"

"အန်တီညို အန်တီလေး"

"အေး အေး ပြောသမီး"

"မင်းဖုန်းမြတ်"

"ဟင် သားနဲ့ သားနဲ့လား"

"တူလေးနဲ့ ဘယ်လို"

"သူ မူးတဲ့ညက"

"ဟင် အဲဒီနေ့က မှားခဲ့ကြတာလား ဟုတ်လား ရှင်းလှဲ့ ရှင်းရှင်းပြောပြစမ်းပါကွယ်"

"ရှင်း ရှင်းလှဲ့"

"တူလေးနဲ့ဆို အန်တီလေးတို့မှာ အရမ်းကိုတာဝန်ရှိသွားပြီ၊ ဒါပေမဲ့ဘယ်လိုတွေဖြစ်ပြီး"

"သားက အဲဒီနေ့မနက်မှာတောင် ရှင်းလှဲ့အခန်းထဲရောက်နေလို့ ရှင်းလှဲ့ကို ရန်တွေတွေ့နေသေးတာမဟုတ်လား၊ အဲဒီလိုကနေ ဘယ်လိုမျိုးမှားယွင်း"

ရှင်းလှဲ့ချို ပြောမထွက်နိုင်တာကြောင့် ဒေါ်ကလျာညိုနှင့်ဒေါ်နွယ်နီလှိုင် အမျိုးမျိုးဝေဖန်ကြည့်နေကြသည်။ မင်းဖုန်းမြတ် အမြင်ကတ် မုန်းနေသည်ဆိုတာ အကြောင်းသိတွေမို့ ဘယ်လိုများရှင်းပြရမည်လဲ။ သူမရဲ့မြူဆွယ်ဖြားယောင်းမှုကြောင့်ဟု ထင်သွားလျှင် သူမရဲ့ဂုဏ်သိက္ခာကိုယ်ကျင့်တရားတွေ အရာအားလုံးသွားပြီပေါ့။

"ဒီလိုပါ အန်တီညို၊ အဲဒီနေ့ညဘက်ကြီး ရှင်းလှဲ့ဗိုက်ဆာလို့



www.burmeseclassic.com

www.burmeseclassic.com



ထမင်းထစားပြီးတဲ့အချိန်မှာ မင်းဖုန်းမြတ်မူးလာပြီး ရောက်လာတယ်၊ သူ့ကို တစ်ယောက်ယောက်ကတော့ ခြံဝထိလိုက်ပို့ခဲ့တာထင်တယ်''

''အင်း အင်း အေး ပြောပါဦး''

''ညဆယ့်နှစ်နာရီ အဲဒီအချိန်ကြီး အန်တီညီုတို့ကိုနှိုးရမှာ အားနာတာနဲ့ ရှင်းလှဲ့ တံခါးသွားဖွင့်ပေးတာပါ၊ ဒါပေမဲ့ မင်းဖုန်းမြတ်က ကားပေါ်က ဆင်းပြီး လမ်းတောင်မလျှောက်နိုင်ဘဲ ကားနားမှာလဲကျနေတယ်၊ သူဘယ်လိုမှ မထူမတ်နိုင်ဖြစ်နေတော့ ရှင်းလှဲ့သွားထူပေးပြီး အိမ်ထဲခေါ်လာခဲ့တာ ဒါပေမဲ့ သူ့ကိုယ်ကြီးက လေးလွန်းတော့ အပေါ်ထပ်က သူ့အခန်းထဲ လိုက်မပို့နိုင်တော့ဘူး''

''အေးပေါ့ ဘယ်ပို့နိုင်ပါ့မလဲ''

''အဲဒါ ဧည့်ခန်းထဲမှာထားဖို့ကျတော့လည်း သူ့ကိုယ်မှာ ရေတွေ စိုရွှဲနေတော့ ဆိုဖာခုံတွေပျက်စီးသွားမှာစိုးတာနဲ့ ရှင်းလှဲ့အခန်းထဲခေါ်သွား လိုက်တာပါ၊ ရှင်းလှဲ့ကတော့ ဧည့်ခန်းက ဆိုဖာခုံမှာ အိပ်လိုက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ပေါ့၊ ဒါ ဒါပေမဲ့ သူကလေ ရှင်းလှဲ့ကို သူ့ချစ်သူယိမ်းသံစဥ်လို့ ထင်ပြီး''

''ရှင်းလှဲ့''

ရှက်စိတ်များကြောင့် ရှင်းလှဲ့ချို ငိုချလိုက်၍ ဒေါ်နွယ်နီလှိုင်တို့ စိတ်မကောင်းဖြစ်သွားကြသည်။ ရှင်းလှဲ့လက်ကလေးကို ဆုပ်ကိုင်ကာ နှစ် သိမ့်ကြ၏။ ဒေါ်နွယ်နီလှိုင်က ဒေါသဖြစ်စွာဖြင့်

''သူက အဲဒီလိုလုပ်ပြီးတာကောင် မနက်ကျ ဘာလို့ရှင်းလှဲ့ကို အခန်းထဲထည့်ထားရသလဲဆိုပြီး ရန်တွေ့နေရတာလဲ''

''သူမမှတ်မိတော့လို့ပေါ့၊ အဲဒီအချိန်မှာတောင် ယိမ်းလို့ပဲ တစ်ချိန် လုံးခေါ်နေခဲ့တာ''

''ဒါနဲ့များ ရှင်းလှဲ့ရယ်၊ ဒီလောက်လူမှန်းမသိ မူးနေတဲ့သူကို တွန်း





ထိုးရိုက်ပုတ်ပစ်လိုက်ပါလား၊ ဒါမှ လူစိတ်ပြန်ဝင်လာမှာ''

''မူးနေပေမယ့် ယောကျ်ားတွေက အဲဒီလိုနေရာမှာ အားရှိတယ်၊ ရှင်းလှဲ့လေး ဘယ်လိုလုပ်ရုန်းနိုင်မှာလဲ လှိုင်ရယ်''

''ရှင်းလှဲ့လည်း မှားခဲ့ပါတယ်''

''ဟင်''

''ဘယ်လို ရှင်းလှဲ့''

မျက်နှာလေးညှိုးငယ်စွာပြောလိုက်တာကြောင့် ဒေါ်ကလျာညီုတို့ အံ့အားသင့်သွားကြသည်။ သူမကို နားလည်ကာ အားပေးနေကြသူတွေမို့ သူမလိမ်ညာပြီးလည်း မပြောချင် သိဝှက်ပြီးလည်းမနေချင်တော့ပါ။

''အန်တီလေး ပြောသလို ရှင်းလှဲ့လုပ်ပစ်ချင်ရင် လုပ်ပစ်လို့ရမှာပါ၊ ဒါပေမဲ့ ရှင်းလှဲ့ မလုပ်ရက်ဘူး၊ ယိမ်းလို့ခေါ်ပြီး သူ့ရဲ့အပြုအမူတွေအတွက် ရှင်းလှဲ့ သူ့ကိုမုန်းလည်းမုန်းတယ်၊ ဒါပေမဲ့ ငယ်ငယ်က သူထိန်းကျောင်း ထွေးပွေ့ဖူးတယ်ဆိုတဲ့ သံယောဇဥ်တစ်ခုကြောင့်''

''ရှင်းလှဲ့ ဟို''

''မေမေက ပြောပြဖူးတာပါ၊ အဲဒါကြောင့် ရန်ကုန်ကိုရောက်အောင် လာခဲ့တာ၊ သူ့ကိုတွေ့ကြည့်ဖူးချင်တယ်၊ ငယ်ကသံယောဇဥ်တွေနဲ့ သူ့ရဲ့ ဂရုစိုက်မှုတွေ ကြင်နာမှုတွေလည်း ရမှာပဲလို့ စိတ်ကူးယဥ်ထားခဲ့တယ်၊ ဒါပေမဲ့ ဒီရောက်တဲ့အချိန်မှာ ဒီလိုတွေမဟုတ်ဘူး၊ အဲဒါကြောင့် မခံချင်စိတ် တွေနဲ့ သူ့ကိုပြဿနာတွေရှာခဲ့မိတာပါ''

''ရှင်းလှဲ့ရယ်''

''တူမလေးရယ်''

ဒေါ်ကလျာညီုတို့ စိတ်မကောင်းဖြစ်သွားကြလေသည်။ ရှင်းလှဲ့က အပြစ်ရှိသလိုပြောနေပေမယ့် ရှင်းလှဲ့တစ်ယောက်တည်းရဲ့အမှားမဟုတ်ပါ လား။ တခြားမိန်းကလေးနာမည်ခေါ်ပြီး ပြုမူခံရသည့်အတွက် ရှင်းလှဲ့ငယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် ရင်တွေနာနေရှာလိုက်မလဲ။

"ရှင်းလဲ့ရယ် စိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ ရှင်းလဲ့ကိုယ်ဝန်ကို သားကိုအန်တီညီုတို့ တာဝန်ယူခိုင်းမှာပါ"

"ဟုတ်ပါတယ် ရှင်းလဲ့၊ သူကျူးလွန်ထားတာ သူတာဝန်ယူရမှာပေါ့"

"ဟင့်အင်း ရှင်းလဲ့ မန္တလေးပြန်မှာပါ"

"ဟင်"

"ဘာ ဘာလို့ပြန်မှာလဲ"

"သူ ရှင်းလဲ့ကို ဘယ်လောက်မုန်းတယ် အမြင်ကတ်တယ်ဆိုတာ အန်တီညီုတို့သိနေတာပဲ၊ သူ့ကိုစေတနာနဲ့ အခန်းထဲတွဲပို့သိပ်မိတာတောင် သူ့ကိုအမိဖမ်းချင်တဲ့ပုံစံမျိုးနဲ့ ခါးခါးသီးသီး ပေါက်ကွဲခဲ့သေးတာ၊ ဒီလိုဖြစ်သွားတယ်သာပြောလိုက်ရင် မိန်းမပျက်နီးပါးတောင် ရှင်းလဲ့ကို ရှုတ်ချပါလိမ့်မယ်"

"အို အဲဒီလိုလုပ်လို့ရမလားကွယ်၊ သူကျူးလွန်တာ သူတာဝန်ယူရမှာပဲ၊ တာဝန်မဲ့ရင် သူ လူမဆန်တာပဲပေါ့"

"သူ တာဝန်မယူရအောင် ရှင်းလဲ့ ဒီကလေးကို ဖျက်ချလိုက်လို့ ရတာပဲ"

"ဟယ် ဘယ်လိုတွေးလိုက်တာလဲ ရှင်းလဲ့လေးရယ်၊ ဘယ့်နှယ် ဖျက်ချရမှာလဲ၊ လူ့ဘဝဆိုတာ ရခဲဘိခြင်း၊ ဒီလိုမျိုးလုပ်လိုက်ရင် ရှင်းလဲ့ ဘယ်လောက်တောင် ငရဲကြီးသွားမလဲ၊ လူသတ်မှုမြောက်တယ်၊ ဒီဘဝ ရော နောက်ဘဝရောမကောင်းပါဘူးကွယ်၊ မလုပ်ရဘူးနော် ရှင်းလဲ့လေး။ လုံးဝမလုပ်ရဘူး"

"အန်တီညီုတို့သွေးသားကို အန်တီညီုတို့ အဲဒီလိုလုံးဝ အလုပ် မခံနိုင်ပါဘူးကွယ်၊ သားကိုတာဝန်ယူခိုင်းမှာပါ၊ ရှင်းလဲ့ဘာမှစိတ်မပူပါနဲ့"





"သူ့မှာချစ်သူရှိတယ်လေ၊ သူ့ချစ်သူကို ဘယ်လောက်တန်ဖိုးထားပြီး မြတ်နိုးတယ် ချစ်တယ်ဆိုတာ အန်တီညီုတို့သိပါတယ်၊ ရှင်းလဲ့ကို ဘယ်လောက်အထင်သေးပြီး အမြင်ကတ်တယ် မုန်းတယ်ဆိုတာလည်း အန်တီညီုတို့သိပါတယ်၊ ရှင်းလဲ့နဲ့သူနဲ့ လုံးဝကိုမဖြစ်နိုင်ပါဘူး။ သူ ရှင်းလဲ့ကို တာဝန်ယူမှာမဟုတ်ဘူး။ သေချာတယ်၊ မဖြစ်မနေ တာဝန်ယူခဲ့ရရင်လည်း အချစ်မပါတဲ့ရှင်းလဲ့တို့အိမ်ထောင်ရေးက ခဏလေးနဲ့ပြိုကွဲပျက်စီးသွားမှာပါ"

"ရှင်းလဲ့ရယ် ဒီလိုဖြစ်မယ်မှန်းသိရဲ့နဲ့ ဘာလို့အမှားယွင်းခံခဲ့တာ လဲကွယ်"

ဒေါ်ကလျာညို ရင်ထုမနာ ပြောလိုက်မိသည်။ ကိုယ့်သမီးလေးသာဆိုရင် ဘယ်လောက်တောင် ရင်ထုမနာဖြစ်လိုက်ရမလဲ။ ခင်သာ ဒီအဖြစ်ကိုသိလျှင် မိမိတို့ကိုရှုံ့ရှာမုန်းတီးသွားမှာပါ။ လူမဆန်တဲ့ ကျေးဇူးကန်းသူတွေလို့ ပြောဆိုစွပ်စွဲမှာလည်း မလွဲပေ။

ဒီကိစ္စမှာ သားက အဓိက၊ သားမှာတာဝန်အရှိဆုံး။

သားသာ ဒီကိစ္စကို မကျူးလွန်ခဲ့ဘူးဆိုလျှင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး မေမေ၊ သားနဲ့သူနဲ့ ဒီလိုတွေဖြစ်စရာအကြောင်းကိုမရှိတာ"

"ဘာလို့မရှိရမှာလဲ၊ ရှိခဲ့လို့ပဲ ရှင်းလဲ့ပိုက်ထဲမှာ မင့်ရဲ့ရင်သွေးလေး လွယ်ထားရတာပေါ့"

"အာ မဖြစ်နိုင်တာ မေမေရာ၊ သူ့ဘာ့သာ တခြားဘယ်ယောကျ်ားနဲ့ဖြစ်လာမှန်းမသိတာကို သားကိုလာပြီး လှည်းကျိုးမထမ်းနိုင်းနဲ့"

"ဟဲ့ သား၊ မင်းစကားပြော မမိုက်ရိုင်းနဲ့၊ ရှင်းလဲ့က တခြားဘယ်သူနဲ့ဖြစ်စရာရှိလို့လဲ၊ သူဒီအိမ်နဲ့သင်တန်းကလွဲပြီး မေမေတို့မပါဘဲ အပြင်ကို သွားလာဖူးတာမဟုတ်ဘူး"

"သူ့ဘာ့သာ မန္တလေးမှာဖြစ်ပျက်လာလို့ ဒီအိမ်ကိုအကြံအစည်နဲ့ ရောက်လာတာဖြစ်မှာပေါ့ မေမေ"

"မန္တလေးမှာ ဖြစ်ပျက်လာရင် ကိုယ်ဝန်က အနည်းဆုံး သုံးလေးလလောက်ရှိမှာပေါ့၊ အခုက လေးပတ်ကျော်ပဲရှိသေးတယ်၊ မင်းမွေးရှုးလာတဲ့နေ့ကနဲ့တွက်ကြည့်ပါဦး၊ မင်းသံသယရှိနေရင် ဒီအန်အေစစ်ကြည့်လို့လည်း





ရနေတာပဲ၊ လွန်ကျူးထားပြီးမှ တာဝန်မဲ့ဖို့ ဆင်ခြေတွေများမနေနဲ့ မင်းဖုန်းမြတ်"

"အာ မသိဘူးဗျာ၊ မဟုတ်ဘူး သားမဟုတ်ဘူး၊ သားတာဝန်မယူနိုင်ဘူး"

"ဘာကွ ဟိတ်ကောင်"

"ခွပ် ခွပ်"

"ဟယ် သား"

"အစ်ကိုကြီး"

အခုမှ ဝင်လာသော ဦးအံ့မင်းက စိတ်တိုဒေါသဖြစ်ကာ မင်းဖုန်းမြတ်မျက်နှာကို လက်သီးဖြင့်ထိုးပစ်လိုက်သည်။ မင်းဖုန်းမြတ် ဆိုဖာခုံမှာ ပင် ယိုင်လဲသွား၍ ဒေါ်ကလျာညိုက ထူမတ်ပေးရသည်။

ဒေါ်နွယ်နီလှိုင်လည်း အထိတ်တလန့်ပင် ဦးအံ့မင်းကို ဆွဲထားရ၏။ ဦးအံ့မင်း မျက်နှာကြီးနီမြန်းနေလျက်

"သူများသားသမီးကို စော်ကားပြီး တာဝန်မယူနိုင်ဘူးဆိုတော့ မင်းက လူလား ခွေးလားကွ ပြောစမ်းပါဦး"

"ကျွန်တော်အသိစိတ်နဲ့ကျူးလွန်မိတာမဟုတ်ဘူး ဖေဖေ၊ သူ့မှာသာ အကြံအစည်တွေရှိနေလို့ သူ့အခန်းထဲကို သားကိုခေါ်သွင်းခဲ့တာ၊ အမိဖမ်းဖို့ဆုံးဖြတ်ထားလို့ သူဒီလိုလုပ်ခဲ့တာပေါ့"

"မင်းခွေးစကားမပြောနဲ့ နှမသားချင်းစာနာပြီးမှပြော၊ ရှင်းလဲ့ချိုက ဒီလိုလုပ်မယ့်အတန်းအစားထဲက မဟုတ်ဘူးကွ"

"မဟုတ်ဘူးဆိုရင် ဒီလိုကိစ္စဖြစ်လာစရာအကြောင်းမရှိဘူး ဖေဖေ၊ သားအဲဒီအချိန်မှာ အမူးလွန်ပြီးစိတ်လွတ်နေတာပဲ၊ သူ ရှောင်လို့တိမ်းလို့ မရဘူးလား၊ ဖေဖေတို့ကို အော်ဟစ်တိုင်တန်းလို့မရဘူးလား"

"မင်းက ကိုယ့်အပြစ်လွတ်အောင်တော့ ပြောတတ်သားပဲ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြတ်''

''သားအပြစ်လွတ်အောင် ပြောနေတာမဟုတ်ဘူး ဖေဖေ၊ သားမှာ ယိမ်းသံစဉ်ဆိုတဲ့ ချစ်သူရှိတာ သူသိတယ်၊ သူ့ကိုမျက်မုန်းကျိုး အမြင်ကတ်နေတာလည်း သူသိတယ်၊ သူ့ကိုမလိုလားတဲ့လူတစ်ယောက်နဲ့ သူဒီလိုမျိုး အဖြစ်ခံစရာလား။ မိန်းမကောင်းတစ်ယောက်ဆိုရင် သူဒီလိုမလုပ်ဘူး ဖေဖေ''

''အာကွာ ဒီကောင်''

ဦးအံမင်း ထထိုးဖို့ပြင်နေတာမို့ ဒေါ်နွယ်နီလှိုင် အလျင်အမြန် ဖမ်းဆွဲထားရသည်။ ဒေါ်ကလျာညိုက သက်ပြင်းတွေချပြီး

''အခု သွေးပူနေလို့ ထိုးလားကြိတ်လား ပြောလားဆိုလားလုပ်နေကြတာ မကောင်းပါဘူး။ အဖေကြီးလည်း စိတ်ကိုထိန်းပါ၊ သားလည်းစိတ်ကိုလျှော့ပါ၊ သွေးအေးအေးနဲ့တော့ စဉ်းစားပါသား၊ ဘယ်သူမှားတယ် မှန်တယ်၊ ဒီလိုမလုပ်သင့်ဘူး ဒီလိုဖြစ်သင့်တယ်လို့ ဝေဖန်ပုတ်ခတ်စွပ်စွဲပြောဆိုနေရမယ့်အချိန်မဟုတ်တော့ပါဘူး။ တာဝန်မဲ့လို့မဖြစ်တဲ့ကိစ္စပါ၊ မျက်နှာလွှဲလို့မဖြစ်တဲ့ကိစ္စပါ၊ မေမေတို့မျက်နှာကိုထောက်ပါ၊ ရှင်းလဲ့မိဘတွေရဲ့ကျေးဇူးကိုသိပါ''

''သား ယိမ်းကိုလက်ထပ်မှာပါ မေမေ''

''ဒါဆို ရှင်းလဲ့ဗိုက်ထဲက သားရင်သွေးလေးကို ဘယ်လိုလုပ်မှာလဲ''

''အဲဒါသူ့ကိစ္စပါ၊ သားနဲ့မဆိုင်ဘူး၊ သူ့မှာအကြံအစည်မရှိရင်ရှောင်တိမ်းလို့ရတယ်၊ မိန်းမကောင်းတစ်ယောက်ဟာ ဒါမျိုးဘယ်တော့မှ အဖြစ်မခံဘူး၊ အဲဒီတော့ သားတာဝန်မယူနိုင်ဘူး''

''ဟုတ်တယ် ခင်ဗျားတာဝန်ယူစရာမလိုဘူး''

''ဟင် ရှင်းလဲ့''

''ရှင်းလဲ့လေး''

ရှင်းလဲ့ချို ညှို့ခန်းထဲ နီမြန်းတင်းထန်နေသောမျက်နှာလေးနှင့်





ပြောလိုက်သောစကားများက မာနသံများလွှမ်းနေခဲ့သည်။ လူကြီးတွေက အံ့အားသင့်အားနာစွာကြည့်နေကြ၏။ ရှင်းလဲ့ချိုက မင်းဖုန်းမြတ်မျက်နှာကို စူးစိမ်းစွာစိုက်ကြည့်လျက်

''ခင်ဗျားမမှားဘူး။ ကျွန်တော်မှားတယ်ပဲထားလိုက်ပါ မင်းဖုန်းမြတ်၊ ဒီအပြစ်အတွက် ကျွန်တော်တစ်ယောက်တည်းပဲ ခံမယ်၊ ခင်ဗျားဘာတာဝန်မှ ယူစရာမလိုဘူး''

''မဟုတ်ဘူးလေ ရှင်းလဲ့ ဒီကလေးအတွက်က''

''အဖေခေါ်စရာမရှိလည်း ဘာဖြစ်လဲ၊ ကျွန်တော်လိုတန်ဖိုးမရှိတဲ့ မိန်းကလေးက လင်ကောင်မပေါ်ဘဲ ကလေးမွေးရမှာ မထူးဆန်းပါဘူး''

''မဟုတ်တာ ရှင်းလဲ့ရယ်၊ အန်တီညိုတို့က အဲဒီလိုသဘောမထားပါဘူး။ အန်တီညိုတို့အတွက်တော့ ရှင်းလဲ့လေးက အရမ်းကိုတန်ဖိုးရှိပါတယ်''

''အန်တီညိုတို့ ရှင်းလဲ့ကိုအားမနာပါနဲ့၊ မျက်နှာလည်းမပူပါနဲ့၊ ဒီကိစ္စက အန်တီညိုတို့နဲ့မဆိုင်ပါဘူး၊ အန်တီညိုတို့မှာ ဘာတာဝန်မှလည်း မရှိပါဘူး ရှင်းလဲ့ဘာသာ''

''ရှင်း ရှင်းလဲ့ ဒီကလေးကိုတော့ ဖျက်ချလို့မရဘူးနော်၊ အဲဒီလို လုပ်လို့မဖြစ်ဘူး''

''မဖျက်ပါဘူး အန်တီညိုတို့လူကြီးတွေစကားကို ရှင်းလဲ့နားထောင်မှာပါ၊ ရှင်းလဲ့ဆန္ဒအရဆိုရင်တော့ တာဝန်မဲ့တဲ့လူရဲ့သွေးသားကိုလွယ်ကို မထားချင်တာ''

မင်းဖုန်းမြတ်မျက်နှာမထီမဲ့မြင်နှင့် မဲ့ကျသွားကာ

''ဒါကတော့ မင်းဖန်တီးတာလေ၊ ငါသာဆိုရင်တော့ ကိုယ့်ကို မလိုလားတဲ့သူရှိတဲ့အိမ်မှာလည်း မနေဘူး၊ အဲဒီလူနဲ့မပတ်သက်အောင်လည်း ရှောင်မှာပဲ၊ ဒီလိုမျိုး အဖြစ်ခံဖို့ကတော့ ဝေးရော''

''မှန်တယ် အဲဒီလိုမနေတတ်ခဲ့လို့ မှားသွားတယ်၊ မှားသွားတဲ့



www.burmeseclassic.com

အတွက် သင်ခန်းစာလည်းရလိုက်ပါတယ်၊ ဒါပေမဲ့ ဒီအမှားကို ခင်ဗျားကို တာဝန်မယူခိုင်းတဲ့အတွက် ခင်ဗျားနောက်ထပ်ကျွန်တော့်ကို စော်ကားအထင်သေးတဲ့စကားတွေပြောဖို့တော့ မစဉ်းစားနဲ့၊ ခင်ဗျားပြောတဲ့စကားတွေ ကျွန်တော်နားနဲ့ကြားခဲ့ရင် ခင်ဗျားကို အသေသတ်ပစ်မယ်''

''ဘာ''

''မပြောမရှိနဲ့၊ ခင်ဗျားကို ကျွန်တော်အသေလုပ်မှာ၊ ကျွန်တော့်မှာလည်း မာနရှိပါတယ်၊ မာနမရှိလို့တန်ဖိုးမရှိလို့ ကိုယ့်ကိုမျက်မုန်းကျိုးအမြင်ကတ်နေတဲ့သူရှိတဲ့ ဒီအိမ်မှာခိုကပ်နေတယ်လို့ ခင်ဗျားမထင်လိုက်နဲ့၊ လူတွေမှာ သူ့အကြောင်းတွေနဲ့သူရှိတယ်''

''မင်းမှာ ဘာအကြောင်းတွေများ ရှိနေလို့လဲ''

''ခင်ဗျားသိစရာမလိုပါဘူး၊ ခင်ဗျားတစ်ယောက်တည်းသာ ကျွန်တော့်အပေါ်မျက်မုန်းကျိုးနေပေမယ့် ဒီအိမ်မိသားစုတွေက ကျွန်တော့်အပေါ်မေတ္တာရှိနေတဲ့အတွက် ကျွန်တော်နေနေတာ၊ ခင်ဗျားကိုအမိဖမ်းဖို့အကြံအစည်တွေရှိနေလို့ နေနေတယ်မအောက်မေ့လိုက်နဲ့၊ ခုနက သတိပေးလိုက်ပြီနော်၊ မသေချင်ရင် ဆင်ခြင်လိုက်''

ပြောပြီး ခပ်ဆောင့်ဆောင့်ပြန်ထွက်သွားသော ရှင်းလှဲ့ချိုကိုလိုက်ကြည့်၍ မင်းဖုန်းမြတ် ကြိတ်မနိုင်ခဲမရ ကျန်ခဲ့ရသည်။ အကြောကတော့ နည်းနည်းနောနောအကြောမဟုတ်။ တက်ခေါက်လိုက်ချင်ပေမယ့် သူ့ကိုအားလုံးကမျက်စောင်းထိုး မျက်မှောင်ကြုတ်ကြည့်နေတာမို့ စိတ်ကိုလျှော့ကာ နေရာကထွက်လာခဲ့ရသည်။ ဘယ်သွားရမည်ဆိုတာတော့ မသိ။

■ ■ ■



## အခန်း (၂၆)

''တော်ပြီ တော်ပြီ ကိုကျော်ကြီး၊ ကျွန်တော် အဲဒီလောက် မသောက်နိုင်ဘူး''

''ဟာ ဘယ်လိုဖြစ်တာလဲ ဆရာ၊ စရုံပဲရှိသေးတယ်၊ လျှော့တာက အရင်ပါလား၊ ဟိုတစ်ခါတုန်းကတောင်မှ''

''အဆင်မပြေဖြစ်တာ ခင်ဗျားသိတယ်မဟုတ်လား၊ ခင်ဗျားတောင်အိမ်အထိကားမောင်းလိုက်ပို့ရတာ မမှတ်မိတော့ဘူးလား''

''ဟား မှတ်မိတာပေါ့ ဆရာရယ်၊ အိမ်ထဲထိလိုက်ပို့ရင် အိမ်ကလူတွေသိပြီး သိက္ခာကျမှာစိုးလို့ဆိုတာနဲ့ ခြံအဝင်တင်ပို့ပြီး တံခါးပိတ်ပြန်လာခဲ့ရတာ၊ ဆရာ့ကိုစိတ်တောင်မချဘူး၊ အဲဒီနေ့က ခြံဝကနေ အိမ်ထဲထိ ကားမောင်းဝင်သွားတာ အဆင်ရောပြေရဲ့လား ဆရာ''

''ဟင် အင်း''

''အလုပ်ထဲမှာတွေ့ရပေမယ့် မေ့မေ့လျော့လျော့နဲ့ မမေးဖြစ်ဘူး၊ အခုတော့ ဆရာကဖုန်းဆက်ခေါ်လိုက်လို့ ဒီလိုနေရာတွေ့ရမှပဲ မှတ်မှတ်ရရမေးရတော့တယ်''

''အင်း''



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဘာဖြစ်နေတာလဲ၊ သောက်နေတာတောင် စကားမပြော ဘူး။ စိတ်ကလည်း ဒီမှာမရှိသလိုပဲ၊ ဘယ်လိုအကြောင်းတွေရှိနေလို့လဲ ဒါလေးသောက်ရင် အရမ်းဖွင့်လို့ကောင်းတာ ပြောပါဆရာရဲ့"

သူ့ရင်ဘတ်ထဲ စကားလုံးတွေပြည့်နေပေမယ့် ပါးစပ်များကထွ ကျလာဖို့ ခဲယဉ်းနေတာ သူတမင်တကာ ထိန်းချုပ်နေမိလို့ပါ။ သူ့အဖြစ် သူများကိုရင်ဖွင့်လို့တောင် မသင့်တော်သလိုဖြစ်နေသည်။

အပြင်မှာ ထွက်ပေါက်ရှာလို့ရအောင် ယိမ်းနင့်တွေ့ဖို့ ဖုန်းဆ တော့လည်း

"ဒီနေ့ကုမ္ပဏီကအပြန် အိမ်ကိုတန်းပြန်မှဖြစ်မှာ၊ အိမ်မှာအ ကြီးကိစ္စလေးတွေရှိလို့ နောက်နေ့မှ ကော်ဖီဆိုင်မှာတွေ့ကြမယ် ကိုခင်

အမြဲတမ်း အိမ်ကိစ္စကပဲအရေးကြီးနေသလို ထိုအဖြေမျိုးပဲရနေ ကြောင့် စိတ်ကမရှည်ချင်တော့။ အလုပ်နှင့်သူမအိမ်မိသားစုကိစ္စကလွဲ ကျန်တာ သူမအတွက် ဘာမှအရေးသိပ်မကြီးသလိုပင်။

သူက သူမအတွက် အရေးမပါတဲ့သူအဖြစ်လောက်ပဲ ရှိတာလား

"ဆရာ"

"ဟင် ကိုကျော်ကြီး"

"ဆရာ အရမ်းကိုလွင့်နေတာပဲ၊ ဆရာ ကျွန်တော့်ကိုခေ ဒီလိုသောက်နေကတည်းက နည်းနည်းရင်ဖွင့်စရာရှိနေလို့မဟုတ်လား ဆ

"ဟို မဟုတ်ပါဘူး။ ကျွန်တော်ကတစ်ယောက်တည်း သောက် သောက်ထမရှိဘူး။ တခြားအဖော်ကလည်းမရှိတော့ ဒီနေ့နည်းနည်းသော ချင်စိတ်ပေါက်တာနဲ့ ခင်ဗျားကိုခေါ်လိုက်တာပါ"

"အဲဒီလိုသောက်ချင်စိတ်ပေါက်လာတာကိုက အကြောင်းရှိလို့ ကျွန်တော်ဆိုနေ့တိုင်းသောက်ချင်တော့ နေ့တိုင်းအကြောင်းရှာတယ်၊ အ ပင်ပန်းလို့၊ သူငယ်ချင်းတွေနဲ့ဆုံလို့၊ ကလေးတွေက ရှုပ်လို့၊ မိန်း





နားပူလို့ နားအေးပါးအေးဖိမ်ခံချင်လို့ အကြောင်းပြချက်တွေကစုံနေတာပဲ"

"ကိုကျော်ကြီး အရက်သောက်တာ အမူးလွန်ပြီး အမှားတွေဘာ တွေကြုံဖူးလား"

"ဘယ်လိုအမှားမျိုးလဲ"

"ကိုယ့်ချစ်သူ အဲ ကိုယ့်ချစ်သူမဟုတ်ဘဲ ပြောရရင် ကိုယ်မနှစ် သက်တဲ့မိန်းကလေးနဲ့ အမှားအယွင်းဖြစ်တာမျိုးပေါ့"

ကိုကျော်ကြီးက သူ့ကိုမယုံသင်္ကာဖြစ်သလို မော့ကြည့်လာတော့ မလုံမလဲစိတ်နှင့် သူမျက်နှာလွှဲလိုက်ပြီး ကယောင်ကတမ်းနှင့် အရက်ခွက်ကို မော့သောက်မိ၏။

"ကြုံတော့မကြုံဖူးဘူး။ ကြားတော့ကြားဖူးတယ်၊ တချို့ဆို မရီး တွေ ခယ်မတွေနဲ့ မှားယွင်းသွားတာမျိုးပေါ့၊ တစ်ဖက်က စိတ်ပါလို့လားမပါ လို့လားဆိုတာတောင် ဘယ်လောက်ပဲမူးမူး ယောကျ်ားဆိုတာမျိုးက အဲဒီလို ကိစ္စဆိုရင် အင်အားကကြီးပြီးသားလေ၊ မလူးသာမလွန့်သာဖြစ်သွားတဲ့ အခြေအနေမျိုးမှာ မိန်းကလေးက စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ အရှုံးပေးလိုက်ရတာမျိုးပေါ့"

"အဲဒီလိုတွေ ရှိလား"

"ရှိတာပေါ့ ဆရာရဲ့၊ အရက်ကကောင်းကျိုးပေးတယ်လို့ ဆရာ ကြားဖူးလို့လား။ အလွန်အကျွံဖြစ်လာရင် အမှားအမှန်ခွဲခြားတတ်တော့မှ မဟုတ်တာ၊ အဲဒါကြောင့် အသိစိတ်မလွတ်အောင် လစ်မှစ်ဆိုတာရှိရတယ် လို့ပြောတာပေါ့"

"ခင်ဗျားပြောတာ ဖြစ်နိုင်သလားပဲ"

"ဆရာ"

"ဟင်"

"ဆရာ အဲဒီလို ကြုံခဲ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မ မကြုံပါဘူး။ မေးကြည့်တာ၊ ကျွန်တော့်မှာကြုံစရာလူလည်းမရှိပါဘူး"

ပျာပျာသလဲ ဖြေရှင်းမှုအပေါ် ကိုကျော်ကြီး ယုံကြည်ပုံတော့မရပေ။ သူ့မျက်လုံးတွေထဲ ကြည့်နေရင်းဖြင့်

"ကျွန်တော်ကတော့ မလိမ်ချင်ဘူး ဆရာ၊ ကျွန်တော့်မှာအိမ်ထောင်ရှိပေမယ့်လည်း အပျော်ထားတယ်၊ စိတ်တစ်ခုထွက်ပေါက်ပေါ့၊ မိန်းမနဲ့အဆင်မပြေတဲ့အခါ စိတ်ညစ်စရာတွေရှိတဲ့အခါ ကြီးကြီးမားမားအမှားမျိုးမကြုံရအောင်လို့လေ"

"အဲဒါ အိမ်ထောင်ရေးဖောက်ပြန်မှုတစ်ခုပဲ ကောင်းလို့လားဗျာ"

"ဆရာမကြုံသေးလို့ပါ၊ ယောကျ်ားတွေက ပိုပြီးအသည်းနုတယ် စိတ်နုတယ်ဆရာရဲ့"

"ဗျာ"

"ဟုတ်တယ် အိမ်ထောင်ရေးမှာ မိန်းမတွေက ကြုံကြုံခံနိုင်တယ် လင်ယောကျ်ားကိစ္စ သားသမီးတွေဝေယျာဝစ္စ၊ အိမ်မှုကိစ္စတွေကို သူတစ်ယောက်တည်း အကုန်တာဝန်ယူရတယ်ဆိုတာ လွယ်သလားဆရာ ယောကျ်ားတွေကတော့ မိုးလင်းလာအပြင်ထွက်၊ အလုပ်လုပ်ငွေရှာတယ် လစာငွေအပ်တာပဲ၊ ရှာသမျှငွေပေးနေတာပဲဆိုတဲ့ မာန်တွေနဲ့ ကိုယ့်အပေါ် လစ်ဟင်းမှုရှိလာရင် ဂရုစိုက်မှုနည်းလာရင် စိတ်ကျဉ်းကျပ်မှုဖြစ်လာရင် အရက်သောက်မယ်၊ ဖဲရိုက်မယ်၊ အပျော်ရှာမယ်၊ ကိုယ်တစ်ယောက်တည်း စိတ်ချမ်းသာဖို့ ထွက်ပေါက်အမျိုးမျိုးရှာတယ်၊ မိန်းမတွေမှာတော့ စိတ်ညစ်ရင် ဆိုပြီး အရက်ဆိုင်သွားထိုင်သောက်နေလို့ရလို့လား။ ကလေးတွေကိစ္စ၊ ယောကျ်ားကိစ္စတွေထားပြီး အပျော်ရှာလို့ရလား။ အိမ်ထောင်ဆိုတဲ့ ထောင်ထဲမှာ နှစ်မြို့မြို့၊ မနှစ်မြို့မြို့၊ စိတ်ပါပါ မပါပါ တစ်သက်တစ်ကျွန်း အကျဉ်းကျနေရတာပဲမဟုတ်လား ဆရာ"





"ခင်ဗျား ဒါတွေသိရဲ့နဲ့ ဘာလို့ ဒါမျိုးတွေလုပ်ပြီး အပျော်ရှာနေရတာလဲ ကိုကျော်ကြီး"

ကိုကျော်ကြီး ခွက်ထဲ လက်ကျန်အရက်ကိုကောက်မော့ပြီး ပြုံး၏။

"အဲဒါကြောင့် ယောကျ်ားတွေက တစ်ကိုယ်ကောင်းဆန်တယ်၊ စိတ်ပျော့တယ် စိတ်နုတယ်လို့ပြောတာပေါ့ ဆရာရဲ့၊ အပျော်ရှာတယ်ဆိုမှတော့ စိတ်ညစ်တဲ့ဒဏ်မခံချင်လို့ပေါ့၊ အခု ဆရာလည်းစိတ်ညစ်စရာရှိလို့ ဒီကိုရောက်လာတာမဟုတ်လား။ ယောကျ်ားအချင်းချင်း ဘာလို့သိုဝှက်နေမှာလဲ၊ ရင်ထဲမှာတစ်ခုခုရှိနေရင် ပေါက်ထွက်လိုက်တော့ သက်သာတာပေါ့ ဆရာ"

"ကျွန်တော် ယိမ်းကိုလက်ထပ်ချင်တယ်"

"လက်ထပ်ချင်တာ လက်ထပ်ပေါ့ဆရာရဲ့၊ ဆရာတို့က နေနဲ့လရွှေနဲ့မြ လိုက်ဖက်နေတာပဲ၊ စီးပွားရေးလုပ်ငန်းတွေကလည်း ဆက်စပ်နေတာ၊ အသိုက်အဝန်းလည်းနှစ်ဖက်လုံးတောင့်တင်းကြတယ်၊ ဘာတွေများလိုအပ်သေးလို့လဲ၊ ဟိုတစ်ခါပြောသလို ဆရာ့မှာလိုအပ်တာလေးတွေရှိနေသေးလို့ လက်မထပ်ချင်သေးတာတဲ့လား"

"အင်း ဘယ်လိုပြောရမလဲ၊ အဲဒီအတိုင်းပဲဆိုပါတော့"

"အဲဒီတုန်းက ကျွန်တော်ပြောလိုက်တယ်လေ ဆရာ၊ ပိုင်ဆိုင်ချင်တယ်ဆိုရင် ရုန်းမထွက်နိုင်အောင်ချည်နှောင်ထားပါလို့၊ ဆရာပဲသဘောပေါက်တယ်ပြောသွားပြီး ဘာမှမလုပ်ရသေးဘူးလား"

"ဟင်"

အခုမှ သဘောပေါက်သလိုရှိသွားခဲ့သည်။ အဲဒီစိတ်ကို ရင်ဘတ်ထဲ သည်ပြီး အိမ်ပြန်သွားခဲ့တာ။ ဒါပေမဲ့ အမူးလွန်နေတာကြောင့် ရှင်းလဲ့ချိုကို အိမ်အဖြစ်နှင့်မြင်ပြီး သူ မရမက ဖွတ်အတင်းချည်နှောင်မိခဲ့တာများလား။

ဟင့်အင်း အဲဒီလိုဆိုခဲ့ရင်တောင် ရှင်းလဲ့ချိုသာ တန့်ဖိုးရှိသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဖြစ်ခဲ့လျှင် သူ့ဘက်က စိတ်ဆန္ဒပြင်းထန်နေသည့်အချိန်မို့ ရှင်းလဲ့ချို ရှုန်းမထွက်သာခဲ့တာလား။

"ဟား"

"ဘာဖြစ်တာလဲ ဆရာ၊ ဆရာ့ရင်ဘတ်ထဲအရမ်းကို မွန်းကျပ်တင်းကျပ်နေတဲ့အရာတော့ ရှိကိုရှိနေတယ်ထင်တယ်၊ ယိမ်းသံစဉ်က လက်မထပ်ချင်သေးတဲ့ကိစ္စတစ်ခုတည်းကြောင့်တော့ မဟုတ်လောက်ဘူး"

"အင်း ခင်ဗျားခန့်မှန်းတာ မှန်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားကို ဝန်ခံဖို့ ဖွင့်ပြောဖို့တော့ ကျွန်တော်"

"ပြောလို့မဖြစ်တဲ့အကြောင်းအရာဆိုလည်း မပြောပါနဲ့ဆရာ၊ ဂုဏ်ဒြပ်ကြီးမားတဲ့သူ ဂုဏ်သိက္ခာအဆင့်အတန်းနဲ့နေတဲ့သူတွေက အမှားတစ်ခုလုပ်မိရင်တောင် ဝန်ခံဖို့ခက်ခဲကြတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ဟို ကျွန်တော် ဆရာ့ကိုစော်ကားလိုစိတ်နဲ့ မဟုတ်ပါဘူးနော်"

"ကျွန်တော်နားလည်ပါတယ် ကိုကျော်ကြီး၊ ခင်ဗျားပြောသလိုပါပဲ ဂုဏ်သိက္ခာကြီးမားတဲ့သူ ကိုယ်ကျင့်တရားကိုထိန်းသိမ်းထားတယ်၊ အဆင့်အတန်း ဂုဏ်ဒြပ်မြင့်မားပါတယ်ဆိုတဲ့လူတွေမှာ အဲဒီလို သိုဝှက်မှုတွေပိုများကြတယ်၊ ပတ်ဝန်းကျင်သိမှာစိုးလို့ ပိုပြီးလျှို့ဝှက်တတ်ကြတယ်ဆိုတာ၊ ပြောရရင် ဟန်ဆောင်နေတာပေါ့၊ ကြားဖူးခဲ့ပါတယ်၊ အခုတော့ ကျွန်တော်ကိုယ်တိုင်တောင် အဲဒီလိုဖြစ်နေပြီလား မပြောတတ်တော့ပါဘူး"

အရှိန်လေးရလာတော့ ရင်ဖွင့်ချင်လာတာကို ကိုကျော်ကြီးက ပြုံးပြီး နောက်တစ်ခွက်ထပ်ထည့်ပေး၏။ မင်းဖုန်းမြတ် ကောက်မော့လိုက်စဉ်မှာ ခပ်ပြင်းပြင်းလေးဖြစ်သွားသည်မို့ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားခဲ့သည်။ နီစပ်စပ်ဖြစ်လာသော မျက်နှာပြင်က ရှုပ်ထွေးသော ခံစားမှုများကြောင့် ကြည့်ရဆိုးနေမလားမပြောတတ်ပေ။

"ကိုကျော်ကြီး"





"ဗျာ ဆရာ"

"ကိုယ်မချစ်မနှစ်သက် နောက်ဆုံးကုန်ကုန်ပြောရရင် မျက်မုန်းကျိုးမြင်ကတ်နေတဲ့မိန်းမတစ်ယောက်ကို အမှားတစ်ခု၊ အဲဒီအမှားကလည်း ...ယ်မကျူးလွန်ချင်ဘဲ ကျူးလွန်မိလိုက်တဲ့အမှားတစ်ခုပေါ့၊ အဲဒီအပေါ်မှာ ...ဝန်ယူချင်စိတ်မရှိဘဲ တာဝန်ယူရမယ်ဆိုရင် ခင်ဗျားဘယ်လိုနေမလဲ"

"ကျွန်တော့်ခံစားချက်ကို မေးတာလား"

"အေးလေဗျာ အဲဒီလူတစ်ယောက်နေရာမှာ ခင်ဗျားကိုယ်စားဝင်...ခုံးဖြတ်ကြည့်စမ်းပါ"

"ကျွန်တော့်အနေနဲ့ပြောရရင် ကျွန်တော်တာဝန်မယူချင်တဲ့အရာကို ...ဝန်မယူဘဲ ရှောင်လွှဲနေလိုက်မယ်၊ ကျွန်တော့်မှာက ထောက်ထားစရာ ...အသိုက်အဝန်း ပြီးတော့ ဂုဏ်သိက္ခာကိုယ်ကျင့်တရား ဘာကိုမှပြန်လှည့်...ကြည့်စရာမှမရှိတာ"

"ဟင်"

"လူတွေက ကိုယ်ကျင့်တရား ဂုဏ်သိက္ခာ အသိုက်အဝန်းဂုဏ်ဒြပ် ...ဒါတွေကြောင့် ထိန်းသိမ်းလျှို့ဝှက်ဟန်ဆောင်နေကြတာ၊ အဲဒါတွေ ဂရု...တတ်တဲ့သူတွေက လုပ်ချင်တာလုပ်လို့ရကြတယ်၊ နေချင်သလိုနေ...တာဖြစ်"

"နေဦး ကိုကျော်ကြီး လူ့လောကမှာ အရှက်တရားနဲ့အကြောက် ... ကိုယ်ကျင့်သိက္ခာဂုဏ်ဒြပ် ဘာမှမရှိဘူး စောင့်ထိန်းမှုမရှိဘူးဆိုရင် ...သူကို လူရယ်လို့ခေါ်ထိုက်လို့လား"

"ကျွန်တော်တို့လိုလူမျိုးအတွက်တော့ အဲဒါတွေကိုဂရုစိုက်မနေ... ဆရာ"

"ဘာ"

ကိုကျော်ကြီးစကားတွေကို သူ နားမလည်နိုင်။ စကားလုံးတွေ...



www.burmeseclassic.com

www.burmeseclassic.com



ရင့်သီးပြီး ရိုင်းသလိုဖြစ်နေသော်လည်း ကိုကျော်ကြီးကတော့ ပြုံးပြီးပြောနေ
တာဖြစ်သည်။ သူ့ရဲ့အံ့အားသင့်မှုအတွက် ဘာမှမဖြစ်သလိုပင်

"ဟုတ်တယ်လေ ဆရာရဲ့၊ ဟန်ဆောင်တတ်တဲ့လူတွေက ပိုပြီး
တာဝန်မဲ့တတ်ကြတယ်၊ ကိုယ့်ကြောင့် နစ်နာသွားလည်း ကိုယ့်သိက္ခာ
ခိုက်သွားမှာစိုးရိမ်တာနဲ့ မျက်နှာလွှဲဖို့ မခဲယဉ်းကြဘူး၊ ကျွန်တော်တို့
လူမျိုးကျတော့ သိပ်ပြီးဘာမှထိန်းစရာမလိုတော့ အမှားနည်းတယ်ပြော
မလား၊ အနည်းဆုံးတော့ သူများအပေါ် မယုတ်မာမိမှာ သေချာတယ်"

"ဪ"

ဘာပြန်ပြောရမှန်းမသိလောက်အောင် ရင်ဘတ်ထဲကိုဆစ်ခနဲ ထိ
သွားသည်။ သူ့ကိုတည့်တည့်ကြီး တမင်ရည်ရွယ်ပြောနေသလားပင်မသိ
ဒါပေမဲ့ သူက ဘာမှဝန်မခံရသေးတာကြောင့် ကိုကျော်ကြီးသိလို့ တိုက်ခိုက်
နေတာတော့မဟုတ်ပေ။

သိခဲ့ရင်တော့ သူ့ကိုလေးစားရမည်ဆိုသည့်အသိကြောင့် ဒီလို
စကားမျိုးတွေ ပြောမည်မဟုတ်။ အလုပ်ရှင်သူဌေး မကြိုက်လျှင် အချိန်မရွေး
အလုပ်ပြုတ်သွားမည်ဆိုတာ သိနေမှာပါ။

"ဟာ ဆရာဘယ်လဲ စရုံပဲရှိသေးတယ်၊ ပြန်တော့မလို့လား"

"ကျွန်တော် ခဏ အပေါ့သွားလိုက်ဦးမယ်"

"ဪ ဟုတ်ကဲ့ဆရာ"

ကိုကျော်ကြီးပြောသည့်စကားတွေရဲ့အဓိပ္ပာယ်က သူ့ကိုတိုက်ရိုက်
ပတ်သက်ထိခိုက်နေသလိုရှိတာကြောင့် သူ့စိတ်တွေ ကသိကအောက်ဖြစ်
လာ၍ ခဏထထွက်လာမိခြင်းပင်။ အပြစ်လုပ်ထား၍ မလုံမလဲခံစားမှုမျိုး

ဘာကြောင့် သူဒီလိုဖြစ်နေရတာလဲ။ ရှင်းလဲ့ချို့အပေါ် အမှားလုပ်
ထားပြီး သူဒီအတိုင်း ဥပေက္ခာပြုနေလို့ရော ဖြစ်ရဲ့လား။

ဒါပေမဲ့ သူမှားချင်လို့မှားခဲ့တာမှ မဟုတ်တာ။ သူမကသာ ရှောင်





တိမ်းလို့ရရဲ့နဲ့ မရှောင်တိမ်းခဲ့တာ။ သူမအပြစ်နှင့်သူမပဲပေါ့။

"ဟာ ကိုကျော်ကြီး ကျွန်တော့်ဖုန်းကို ဘာလို့ကိုင်နေတာလဲ၊
သူများပစ္စည်းကို အဲဒီလိုမျိုး အမေးအမြန်းမရှိ ကိုင်တာမျိုး ကျွန်တော်မကြိုက်
ဘူး၊ ခင်တာက ခင်တာပဲ ခင်ဗျားဗျာ"

စိတ်ကစုနေရျိုန်နဲ့ စားပွဲပေါ်တင်ထားမိခဲ့သော ဖုန်းကို ကိုကျော်ကြီး
ကိုင်တာမြင်လိုက်ရချိန်မှာ သူစိတ်လွတ်ပြီး ပြောချင်သလောက်ပြောပစ်လိုက်
သည်။ ကိုကျော်ကြီးကမျက်နှာပျက်မသွားဘဲ သူ့ကိုဖုန်းလှမ်းပေး၍

"ဖုန်းမြည်နေလို့ ကိုင်လိုက်တာ၊ ယိမ်းသံစဉ်ဖုန်းဖြစ်နေတယ်"

"ဘာ"

"အခုချက်ချင်း ပြန်ဆက်ပါတဲ့"

"ခင် ခင်ဗျား ဘာပြောလိုက်သေးလဲ"

"သူမေးသွားတာ အများဆုံးပါ၊ ကိုကျော်ကြီးက ကိုမင်းဖုန်းကို
ဘာလို့ကိုင်တာလဲ၊ ဘာလို့အတူတူရှိနေတာလဲ၊ ဘယ်နေရာမှာ ဘာလုပ်နေ
ကြတာလဲတဲ့"

"ခင်ဗျား ဘာပြန်ပြောလိုက်လဲ ကိုကျော်ကြီး"

"ကျွန်တော်တို့ စားသောက်ဆိုင်မှာ ထိုင်နေကြတာပါလို့"

"ဟာ ကိုကျော်ကြီးရာ သွားပြီဗျာ"

ကိုယ့်နဖူးကိုယ်ဖြောင်းခနဲနေအောင်ပင် ရိုက်ချလိုက်မိသည်။ ဒီကိစ္စ
အမြန်မဖြေရှင်းနိုင်လျှင် ယိမ်းနှင့်ပြဿနာအကြီးအကျယ်တက်မှာသေချာ၏။
သူ ယိမ်းဆီဖုန်းအမြန်ခေါ်လိုက်သည်။

ယိမ်းက ဖုန်းကိုတော်တော်နှင့်မကိုင်။ အသံဆုံးခါနီးမှပဲ

"ယိမ်း"

"အဲဒါ ဘယ်နေရာလဲ၊ ဘယ်လိုနေရာမှာ ဘယ်လိုလူမျိုးနဲ့အတူ
ထိုင်နေတာလဲ၊ ကိုမင်းအဆင့်က အဲဒီလောက်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မ မဟုတ်ပါဘူး ယိမ်း၊ ကိုယ်တို့အလုပ်ကိစ္စအရေးကြီးတာလေး ရှိလို့ တိုင်ပင်နေကြတာပါ"

"အဆင့်မရှိတဲ့နေရာမှာ အဆင့်မရှိတဲ့လူနဲ့တိုင်ပင်တဲ့အလုပ်က တော်တော်တန်ဖိုးရှိတော့မှာပဲ၊ ဒီလိုနေရာမှာ ဒီလိုလူမျိုးတွေနဲ့ အတူရှိနေတတ်ပြီဆိုကတည်းက ယိမ်းကတော့ ကိုမင်းအဆင့်ကို ပိုသိသွားပြီကိုမင်း"

"ဟာ ယိမ်းရယ် အဲဒီလိုကြီး ဘာလို့ပြောရတာလဲကွာ၊ ကိုယ်တ အဆင့်မရှိတဲ့အလုပ်လုပ်နေတာ မဟုတ်ပါဘူး၊ ကိုယ်လည်းကိုယ့်ကိစ္စလေးနဲ့ကိုယ်"

"တော်တော့ ကိုမင်း အခြေအမြစ်မရှိတဲ့စကားတွေနဲ့ ဆင်ခြေပေးမနေနဲ့၊ ကိုမင်းအချစ်ကို ယုံကြည်လက်ခံမိတာ ယိမ်းတဖြည်းဖြည်းနဲ့ နောင်တရလာမိတယ်သိလား၊ ကိုမင်းကို အဆင့်အတန်းရှိတဲ့သူ ကိုယ်ကျင့်တရားကောင်းပြီး ဂုဏ်သိက္ခာနဲ့နေတဲ့သူ၊ ရင့်ကျက်တည်ငြိမ်တယ်၊ ထူးချွန်တယ်၊ ထက်မြက်တယ်၊ ယောကျ်ားကောင်းလည်းပီသလိမ့်မယ်လို့ အခုတော့ ယိမ်းအမြင်မှား အထင်မှားသွားပြီပဲ"

"ကျွတ် ယိမ်းရာ ဒီလိုမျိုး ဒီလိုနေရာကိုတစ်ခါတစ်ရံ ရောက်လာရုံနဲ့ ကိုယ်က အဲဒီလိုအပေအတေ အဆင့်အတန်းမရှိတဲ့ကောင် ဖြစ်သွားရောလား ယိမ်း"

"အရင်ကမဟုတ်ခဲ့တောင် အခုက စနေပြီဆိုတော့ နောက်အဲ့ဒီလိုဖြစ်တော့မှာပဲလေ ဟုတ်တယ်မဟုတ်လား၊ တော်ပြီ ကိုမင်း၊ စကားလည်း မပြောချင်တော့ဘူး၊ ယိမ်းက ကိုမင်းဓဏာခဏ ခေါ်နေတာကို ခဏခဏ မလာနိုင်တဲ့အကြောင်းတွေပဲဖြစ်နေလို့ အားနာပြီး ဖုန်းပြန်ဆက်လိုက်တာ၊ တစ်ချက်တည်းကိုထိသွားတာပဲ ဒီလိုမသိသေးရင် ကိုမင်းဆက်လိမ်နေတာကို ခံနေရဦးမှာ၊ လိမ်တဲ့ညာတဲ့သူဆို ယိမ်းက အရမ်းမုန်းတာ ဒါပဲ"

"ယိမ်း ယိမ်း ဟာကွာ"





ပြောချင်ရာတွေပြောပြီး ဖုန်းချသွားတာကြောင့် မခံမရပ်နိုင်တွေ ဖြစ်လျက် လက်ထဲကဖုန်းကိုသာ ပစ်ပေါက်ခွဲပစ်လိုက်ချင်သည်။ ကိုကျော်ကြီးက သူ့လက်ကိုဆွဲထိုင်ခိုင်း၍

"ထိုင်စမ်းပါ ဆရာရယ်၊ ဖုန်းလည်းချထားစမ်းပါ၊ ရော့ တစ်ခွက်သောက်"

ကိုကျော်ကြီး ကမ်းပေးသော အရက်ခွက်ကို မငြင်းဘဲ ယူသောက်ပစ်လိုက်သည်။ ရင်ထဲမှာ ပူရှိန်းသွားမှ ဒေါသတို့ဖြင့် တက်ခေါက်မိ၏။ ကိုကျော်ကြီးက ခပ်ပြုံးပြုံးဖြင့်

"စိတ်ကိုလျှော့လိုက်ပါ ဆရာရယ်၊ ပြောလို့သာပြောရတာပါလေ၊ သားကနေဆရာ ခုံကာကွယ်နေတဲ့စကားတွေကြားပြီး ကျွန်တော်ပါ တော်တော်ပေါက်မိတယ်၊ ကျွန်တော့်ကိုပါ ထိခိုက်နေတာကိုသိနေလို့လေ၊ တော်တော်ဆိုးတဲ့မိန်းမဗျာ၊ အခုကတည်းက ဆရာ့ကိုချုပ်နေတာ၊ ဘာလို့များ ဒီလိုမိန်းမမျိုးကို ဆရာလက်ထပ်ချင်ရတာလဲ"

"ရွေးချယ်မှုက တန်ဖိုးပဲမဟုတ်လား၊ ခင်ဗျားအရမ်းချီးမွမ်းနေတဲ့ ကျွန်တော့်လိုလူကို သူစိတ်တိုင်းမကျသေးဘူးဆိုတာ သူ့ဘက်ကဘယ်လောက်ထိမြင့်မားနေလို့လဲဆိုတာ စဉ်းစားကြည့်ပေါ့"

"ဟား ဆရာရယ်၊ ဆရာကိုအပေအတေ ကျွတ်စပွတ်လိုဆက်ဆံပြီး အထင်သေးနေတဲ့ မိန်းမတစ်ယောက်ကိုများ ချီးမွမ်းနေသေးတယ်၊ ကျွန်တော်ကတော့ အဲဒါကို တန်ဖိုးလို့မထင်ဘူး၊ သူ့ကိုယ်သူမြင့်တင်လွန်းနေတာဟာ လူတွေသတိမထားမိအောင် လျှို့ဝှက်ဖုံးကွယ်ထားတာ ရှိနေလို့ပဲ"

"ဟင် ကိုကျော်ကြီးခင်ဗျားဆိုလိုတာ"

"ကျွန်တော် ခုနကပြောတယ်၊ ဂုဏ်သိက္ခာ ကိုယ်ကျင့်တရား အဆင့်အတန်းလို့ အစွန်းရောက်အောင်အော်လာပြီဆိုတဲ့လူမှာ အပြစ်တင်စရ



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ရမယ်၊ အများတစ်ခုခုလုပ်ကို လုပ်ဖူးရမယ်"

"ဟ ခင်ဗျားပြောပုံက"

"သေချာသလားဆိုတော့ သေချာတော့မသိပါဘူး၊ ဒါပေမဲ့ လူတွေနဲ့ပေါင်းသင်းနေရင်းက လူ့စိတ်တချို့ကိုတော့ ခန့်မှန်းလို့ရနေတာပေါ့ ဆရာ၊ ဒီလောက်မှမသိရင်လည်း မန်နေဂျာဆိုတဲ့အဆင့်ကို ကျွန်တော်ဘယ်ရောက်လာပါ့မလဲ မဟုတ်ဘူးလားဆရာ"

"အင်း ဟုတ်ပါတယ်၊ ခင်ဗျားလုပ်သက်နဲ့ အရည်အချင်းရှိလို့ ဖေဖေကလည်းချီးမွမ်းတာနဲ့ ခင်ဗျားကိုရာထူးတိုးပေးခဲ့တာပဲ၊ ဒါပေမဲ့ ခင်ဗျားမှန်းတာလွဲခဲ့ရင်ရော၊ ဒါကအလုပ်ကိစ္စမဟုတ်ဘူးလေ၊ လူ့စိတ်ကိုလေ့လာရတဲ့သဘောမျိုးဖြစ်နေတယ်"

"ခန့်မှန်းတာပါဆိုမှ မှန်ချင်မှမှန်မှာပေါ့ ဆရာ၊ ဒါပေမဲ့ များသောအားဖြင့်တော့ ကိုယ့်အပြစ်ကိုဖုံးကွယ်ချင်တဲ့သူတွေဟာ ဟန်ဆောင်မှုတော့ကောင်းကြတယ်၊ သူများအပြစ်ကိုပိုမြင်တတ်ကြတယ်၊ ကိုယ့်အပြစ်ကို သူများတွေသတိမထားမိအောင် သူတော်ကောင်းယောင်ဆောင်တတ်ကြတယ်"

ယိမ်းသံစဉ်ကို ပြောနေတာလား ကိုယ့်ကိုပြောနေတာလားမသိ။ စိတ်ထဲမှာ နိုးလို့ခုလုနှင့်ပါ။ ဒါပေမဲ့ ဒီတစ်ခါ နိုးလို့ခုလုဖြစ်မိခြင်းက ယိမ်းအတွက်ပါပါသည်။

ယိမ်းရော သူ့လိုအပြစ်တစ်ခုလုပ်နေလို့များ ကိုကျော်ကြီးပြောသလို အစွန်းရောက်နေတာများလား။

ဒါဆို သူဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။

■ ■ ■



## အခန်း (၂၇)

"ဘာလုပ်သင့်လဲဆိုတာက မမညိုသားအပေါ်မှာ မူတည်နေပြီ၊ အခုက မသိသာသေးပေမယ့် ခဏနေ ရှင်းလဲ့ဗိုက်က ပူလာတော့မှာ၊ ဒါဆို ဘယ်လိုဖြေရှင်းမလဲ၊ ရှင်းလဲ့ပြောသလို လင်ကောင်မပေါ်ဘဲ မွေးမိုင်းလိုက်ရတော့မှာလား"

"မသိတော့ပါဘူး လှိုင်ရယ်၊ သားကလည်း အခုထိ နားချလို့မရဘူး၊ သားဘက်က အဆင်ပြေပြေလက်ခံပေးရင် ခင့်ကိုချွေးမကောင်းမို့ နားဖောက်လို့ရသေးတယ်၊ အခုက ခင့်ကိုဘယ်လိုပြောရမှန်းမသိ၊ ရှင်းလဲ့လေးက မခံစားနိုင်လို့ သူ့အမေဆီပေါက်ကွဲလိုက်ရင် ငါတို့အားလုံးမကောင်းဖြစ်တော့မှာ"

"အခု ရှင်းလဲ့လေးနားလည်ပေးနေလို့ တော်သေးတာပေါ့ မမညိုရယ်၊ လှိုင်တို့က တောင်းပန်ထားလို့ သူ့အမေကိုလည်း မပြောရှာဘူး၊ မပြန်ပါနဲ့လို့တားထားတော့လည်း နေနေတယ်၊ သူ့ကိုယ်သူလည်း ယူကျုံးမရဖြစ်နေရှာမှာပဲ"

"သားပြောတဲ့စကားတွေအတွက်လည်း နာကျင်ခံစားနေရရှာမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ငါကတော့ ရှင်းလဲ့လေးကို သနားလွန်းလို့ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး လှိုင်ရယ်၊ သူ့အဖေကလည်း သားကိုထိုးပစ်မယ် သတ်ပစ်မယ်တဲ့ ကဲ့နဲ့ သားအဖချင်းပြဿနာကိုထိန်းရတာတစ်မျိုး။ ရှင်းလဲ့လေးအတွက် ဘာလုပ်မပေးနိုင်သေးတာကတစ်မျိုးနဲ့ ငါလည်း တော်တော်လေးကို စိတ်ညစ်နေပြီ''

ဒေါ်ကလျာညို တကယ်ကိုစိတ်ပျက်လက်ပျက် ဖြစ်နေခြင်းပင်။ အခုတလောဆို သားက အိမ်ကလူတွေနှင့်မျက်နှာချင်းမဆိုင်တော့ပါ။ မနက်ဆိုအိမ်ကလူတွေမသိခင် ထွက်သွား၊ ညဆိုအိမ်ကလူတွေအိပ်မှ ပြန်လာတတ်သည်။

ဒီလိုရှောင်နေသည့်သူကို ဘယ်နေရာလိုက်ပြီး ဘာစကားတွေပြောရမလဲ။ ဒီနေ့တော့ သူ့အဖေနှင့်ရှင်းလဲ့လေး အိပ်ရာဝင်မှ သားပြန်အလာကို သမီးယောင်းမနှစ်ယောက် ထိုင်စောင့်ဖြစ်နေကြတာပါ။

ဒီအတိုင်းနေနေလို့မှ မဖြစ်တော့တာ။

''မမညိုရေ ကားသံတော့ ကြားတယ်၊ ပြန်လာပြီထင်တယ်''

''မီးမဖွင့်နဲ့ဦး လှိုင်၊ လူရှိတယ်ထင်ပြီး အိမ်ထဲဝင်မလာသေးဘဲ နေဦးမယ်''

''ဟုတ်ကဲ့ မမညို''

ဝဋ်ဒုက္ခတွေက ကြီးလှသည်။ သားသမီးနှင့်စကားပြောရဖို့ ဒီလိုစောင့်နေရသည့်အဖြစ်။

''ချောက်''

''သား''

''ဟင် မေမေ''

သား ဧည့်ခန်းထဲဝင်အလာမှာ မီးကိုဖွင့်၍ အချိန်မီခေါ်ရသည်။ နွယ်နီလှိုင်က သားလက်ကိုဆွဲ၍ ဆိုဖာခုံမှာ ထိုင်ခိုင်း၏။





''အရက်စော်နံလိုက်တာ တူလေးရယ်၊ မင်းဘယ်လိုဖြစ်နေတာလဲ၊ ပြဿနာတစ်ခုကိုဖြေရှင်းရမှာစိုးလို့ အရက်သမားကြီးလုပ်တော့မလို့လား''

''ကျွန်တော်အရက်သောက်တာ အန်တီလေးတို့ကပါ အပြစ်မြင်နေတာလား။ ယောက်ျားပဲ ဒါမျိုးတစ်ခါတစ်ရံတော့''

''အပြစ်မြင်လို့ ပြောနေတဲ့စကားမဟုတ်ဘူး။ ယောက်ျားမိန်းမဖြစ်ဖြစ် သောက်တာစားတာလည်းရှိတယ်၊ အမှားလည်းလုပ်ဖူးကြမှာပဲ၊ အန်တီလေးတို့နားလည်တယ် သိတယ်၊ ဒါပေမဲ့ လူဆိုတာ ဘယ်လိုအမှားပဲလုပ်လုပ် အဲဒီအမှားကိုတာဝန်ယူရဲရတယ်၊ တာဝန်ခံရဲရတယ်၊ ဒါမှလူပီသတာ''

''အဲဒီစကားတွေ နားမထောင်ချင်လို့ အန်တီလေးတို့နဲ့ မတွေ့ချင်တာ အန်တီလေး''

''အမြဲတမ်း ရှောင်နေလို့ရမလား တူလေး။ မိသားစုဆိုတာ တိုင်ပင်သင့်တာတိုင်ပင်၊ ညှိနှိုင်းသင့်တာညှိနှိုင်း။ ဖြစ်သင့်တာလည်းဖြစ်အောင်လုပ်''

''ဘာကိုဖြစ်အောင်လုပ်ရမှာလဲ အန်တီလေး။ မြင့်မြတ်တဲ့ထက်မြက်တဲ့အမျိုးမြတ်ပြီး ကိုယ်ကျင့်သိက္ခာရှိတဲ့ချစ်သူကိုစွန့်လွှတ်ပြီး ကိုယ့်ကိုယ်ကိုယ် မိန်းမကောင်းတစ်ယောက်လို မထိန်းသိမ်းနိုင်တဲ့မိန်းမကို လက်ထပ်ရမှာလား ပြောပါဦး''

''သား ဒါသားမှားထားလို့ တာဝန်ယူရမှာလေ၊ အပြစ်လုပ်ထားရင်''

''စိတ်ပါလက်ပါ ကျူးလွန်မိတဲ့အမှားမဟုတ်ဘူး မေမေ၊ သားယောက်ျားပါ၊ ကိုယ်တကယ်စိတ်နဲ့သာ ကျူးလွန်မိခဲ့ရင် သားဒီအမှားအပေါ်မှာ ကျေကျေနပ်နပ်ကြီးကို တာဝန်ယူလိုက်မှာပါ၊ အခုဟာက''

''ဒါ သားရဲ့နောက်ဆုံးစကားလား''



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြလိုက်ဖို့ ကြိုးစားမိခဲ့ ခဏတာအတွင်းမှာ တွေဝေသွားခဲ့မိသည်။ သူတကယ် ရောင်လွှဲလို့ဖြစ်ရဲ့လား။

ဒီလိုသာ ရှောင်ထွက်လိုက်လျှင် သူ့ကိုလူတစ်ယောက်လို့ ခေါ်ထိုက်ပါဦးမလား။ ဒါပေမဲ့ ဒီထောင်ချောက်ကိုအမိခံလိုက်လျှင် သူမျှော်လင့်ချက်တွေပျက်ပြီး တန်ဖိုးရှိသော ယိမ်းနှင့်ကင်းဝေးကာ တစ်သက်လုံးဘဝဆုံးရတော့မှာ။

"သား"

"ဟုတ်ကဲ့ သား ယိမ်းနဲ့ပဲ လက်ထပ်မှာပါ"

"သူနဲ့လက်ထပ်လိုက်ရင် မင်းဘဝ ပြည့်စုံပြီ ပျော်ရွှင်ပြီပေါ့"

"တန်ဖိုးမဖြတ်နိုင်တဲ့မိန်းမမျိုးနဲ့ လက်ထပ်ချင်တာ သားရဲ့မျှော်လင့်ချက်ပါ မေမေ"

"ကောင်းပြီလေ အဲဒီလိုမိန်းမမျိုးကိုပဲ လက်ထပ်မယ်ဆိုလည်း လက်ထပ်ပါ၊ သားကိုမေမေတို့ မှားယွင်းပြီးမွေးမိတယ်လို့ပဲ အောက်မေ့လိုက်တော့မယ်၊ သွေးသားတော်စပ်ခဲ့ပြီဆိုတော့လည်း သားပြုသမျှ ကောင်းကျိုးဆိုးကျိုး မေမေတို့ခံရတော့မှာပေါ့၊ တခြားမိဘတွေလို ငါတို့စကားနားမထောင်လို့ စွန့်ပစ်တယ်၊ အမွေဖြတ်တယ်ဆိုတာမျိုးတော့ မလုပ်ပါဘူး၊ အဲဒါဘာကြောင့်လဲဆိုရင် သားသမီးဆိုးပေမယ့် မိဘဆိုးတွေမဖြစ်ချင်လို့ပဲ၊ တန်ဖိုးရှိတဲ့မိန်းမကိုယူမှ မင်းဘဝတန်ဖိုးရှိမယ် မြင့်မြတ်မယ်လို့ထင်ရင် ကြိုက်သလိုလုပ်ပါ"

မေမေက ဥပေက္ခာပြုသလိုပြောလိုက်တာကြောင့် ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။ အန်တီလေးက သူ့ကိုတစ်ချက်မျှ စိမ်းနေအောင်ကြည့်ပြီး မျက်နှာလွှဲထားလျက်နှင့်

"ဒီကိစ္စအကြောင်းထရားတွေက ကံကြမ္မာအပြောင်းအလဲကြောင့်ဖြစ်လာတယ်လို့ပဲ အောက်မေ့လိုက်ပါ၊ ငါတို့ ရှင်းလဲ့မိဘတွေကို ရှိခိုးဦးချ





တောင်းပန်မယ်၊ ရှင်းလဲ့ဘဝလေးကို ငါတို့ဘာသာ ပျော်ရွှင်အောင်ထားပြီး တာဝန်ယူသွားမယ်၊ မင်းကတော့ တွေ့မြင်နေလည်း မမြင်ချင်ယောင်ဆောင်နေပေါ့"

"သူ့ကို မန္တလေးပြန်ခိုင်းလိုက်ရင် ပြီးနေတာပဲ"

"ဒီပုံစံနဲ့ ပြန်လွှတ်လိုက်ရင် ငါတို့က ကျေးဇူးမသိတတ်တဲ့တိရစ္ဆာန်တွေဖြစ်သွားမှာပဲ၊ ငါတို့ဒီလိုနေနိုင်စားနိုင်တာဟာ သူ့မိဘတွေ အုတ်မြစ်ချပေးလိုက်လို့ပါ၊ ကျေးဇူးပြန်မဆပ်နိုင်ရင်တောင် ကျေးစွပ်လို့ကျေးဇူးကန်းလို့ မကောင်းဘူးမဟုတ်လား။ ဒါတွေက မင်းနဲ့မဆိုင်ပါဘူး။ မဆိုင်သလိုပဲနေလိုက်ပါ၊ မင်းက အရမ်းကိုတန်ဖိုးကြီးတဲ့မြင့်မြတ်တဲ့မိန်းမနဲ့ လက်ထပ်ပြီးသာ ပျော်အောင်နေ၊ မင်းတစ်ယောက်တည်းပျော်ရွှင်ဖို့သာစဉ်းစား၊ ငါတို့ကို မိသားစုလို့သဘောမထားရင် မင်းပိုပြီးတောင် စိတ်ချမ်းသာရလိမ့်မယ်"

အေးစက်စွာပြောသွားကြပြီး သူ့ရှေ့ကနေ ထထွက်သွားကြသည်။ သူ့ရင်ထဲမှာ ဟာပြီးကျန်ခဲ့တာလား နာပြီးကျန်ခဲ့တာလားမသိ။ ကြဖန်ရန်ဖြစ်နေရတာထက် မကြည့်ချင်တော့သလို ဥပေက္ခာပြုခံရတာက အဝေးကိုတန်ထုတ်ခံရတာထက် အဆပေါင်းများစွာခံစားရ၏။

ဘယ်သူမပြု မိမိမှုတော့မဖြစ်နိုင်။ တရားခံက သပ်သပ်ရှိနေတာပဲ။ အဲဒီတရားခံသာ အားလုံးရဲ့အဝေးကို ရောက်သွားခဲ့လျှင် သူ့အတွက် ဘာအမှတ်တရမှ ကျန်မှာမဟုတ်တော့။

မင်း ငါတို့အားလုံးရဲ့ရှေ့မှာ ရှိမနေပါနဲ့တော့ ရှင်းလဲ့ချို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကျွီ ကျွီ"

"ကျွီ"

သင်တန်းကပြန်လာသောရှင်းလဲ့ချိုကားရှေ့က သံရှည်ခွဲ ဘရိတ်အုပ် ရပ်လိုက်၍ ရှင်းလဲ့ချိုကားလေးလည်း လန့်လန့်ဖျပ်ဖျပ် ဘရိတ်အုပ်ကာ ရပ်လိုက်သည်။ အိမ်ကကားနှင့်ကိုယ်တိုင်မောင်းကာ ကျောင်းတက်နေသော ရှင်းလဲ့ချိုက ကားမှန်ကိုချ၍ သူ့ကိုမျက်စောင်းထိုးသည်။

"ဘာကိစ္စလဲ မင်းဖုန်းမြတ်"

"မင်းကိုပြောစရာရှိလို့ပါ။ ကားပေါ်ကခဏဆင်းလိုက်ပါဦး ရှင်းလဲ့ချို"

ရှင်းလဲ့ချို ကားစက်ရပ်၍ ဆောင့်အောင့်၍ ကားပေါ်ကဆင်းလာသည်။ သူ့ကို ကျွန်တော် ခင်ဗျားဟု သုံးနှုန်းသော်လည်း နာမည်ကိုတော့ ရိုင်းစိုင်းစွာ မင်းဖုန်းမြတ်ဟုခေါ်လေသည်။ သက်တူရွယ်တူဖြစ်သော ယမ်းသံစဉ်ကတော့ လေးစားသမှု ယဉ်ကျေးမှုကိုနားလည်ကာ ကိုမင်းဟုသုံးနှုန်းတတ်သည်။ ရှင်းလဲ့ချိုကတော့ သူမထက်သုံးနှစ်မျှကြီးသောသူ့ကို။

"ဘာလဲ ဘာကိစ္စရှိလို့ ကျွန်တော့်နောက်လိုက်လာရတာလဲ"





"ချစ်မြတ်နိုးလွန်းလို့ နောက်ကဒုက္ခခံလိုက်လာတာမဟုတ်ဘူး ဆိုတာတော့ မင်းသိမှာပါ"

ကားပေါ်ကဆင်းပြီး အမြင်ကတ်စွာ သူပြောလိုက်တော့ သူမ မျက်နှာမဲ့ရွဲ့သွားလျက်

"ဘယ်သူကရော မျှော်လင့်နေလို့လဲ ဝေးသေးတယ်"

"အဲဒီဆန္ဒသာ အမှန်တကယ်ရှိရင် မင်းမန္တလေးကို ပြန်လိုက်ဖို့ ကောင်းတယ်"

"ခင်ဗျားအကြံပေးတာကို လက်ခံဖို့ဆန္ဒမရှိဘူး မင်းဖုန်းမြတ်၊ ခင်ဗျားနဲ့မဆိုင်တဲ့ ကျွန်တော့်ကိစ္စတွေကို ခင်ဗျားဝင်မပါပါနဲ့"

"မင်း ငါတို့နဲ့ဝေးရာမှာ ဘာလို့မနေတာလဲ၊ မင်းရောက်လာမှ ငါတို့မိသားစုမှာ အရမ်းရှုပ်ထွေးသွားပြီ၊ မိသားစုချင်းသွေးကွဲရမယ့်ကိစ္စမျိုးတွေ ဖြစ်နေပြီ၊ မင်းက ငါ့အတွက် ဂြိုလ်ဆိုးတစ်ကောင်ပဲ"

"ခင်ဗျားလည်း ကျွန်တော့်အတွက် လူကောင်းတစ်ယောက် မဟုတ်ခဲ့ပါဘူး"

"မင်း ငါနဲ့ဘာလို့ ဒါမျိုးအဖြစ်ခံလိုက်တာလဲ ရှင်းလဲ့ချို"

ရှင်းလဲ့ချိုမျက်နှာမှာ ဝေခွဲရခက်ခဲသော အရောင်များစွာ ဖြတ်ပြေးသွား၏။ နီရွေးစွာကျန်ခဲ့သောမျက်လုံးများက ရူးစိမ်းစွာအေးခဲသွားလျက်

"အဲဒီအမေးအတွက် ကျွန်တော့်မှာ ဆင်ခြေပေးစရာမရှိဘူး။ ဒါပေမဲ့ နောင်တရမိတယ်၊ ကျွန်တော့်ဘဝမှာ အဲဒီနေ့က ဒီလိုမျိုးအဆိပ်သင့်မယ်လို့ ကြိုသိခဲ့ရင် ရန်ကုန်ကိုကျွန်တော်ရောက်လာခဲ့မှာမဟုတ်ဘူး။ ဒါပေမဲ့ ပြန်ပြင်လို့မှမရတော့တာ၊ ထားပါတော့ ခင်ဗျားကိုတာဝန်မယူနိုင်ဘူးလို့ပြောပြီးပြီ မဟုတ်လား။ ကျွန်တော့်ကို စကားလုံးတွေနဲ့မတိုက်ခိုက်ပါနဲ့တော့"

"သင်ခန်းစာတစ်ခုရရုံလောက်ပဲ သဘောမထားနဲ့ အဲဒီဗိုက်ထဲက ကလေးကိုသာ ဖျက်ချလိုက်ရင် မင်းဘဝအသစ်ပြန်စလို့ရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမိဘတွေကမှ ဆန္ဒမရှိတာ၊ ပြီးတော့ ကျွန်တော့်ဝမ်းထဲမှာ နေချင်လို့ အမြစ်တွယ်လာတဲ့ရင်သွေးလေးကို ကျွန်တော်လည်း ဖျက်ချချင်စိတ်မရှိတော့ဘူး။ သူ့မှာ ဘာအပြစ်ရှိလို့လဲ၊ မိခင်ဆိုတဲ့စိတ်ဟာ အရမ်းကို ထူးဆန်းတာပဲ၊ သူ့ဘဝသူ့အရှက်သိက္ခာတွေထက် ရင်သွေးလေးကိုပိုပြီး တန်ဖိုးထားမိလာတယ်"

"ဟင်"

သူ့ကိုယ်ခန္ဓာတစ်ခုလုံး ထူပူရှိန်းဖိန်းသွားသလို ခံစားရသည်။ သူ့ရင်သွေးကို လွယ်ထားသောသူမနှုတ်ဖျားက မိခင်ဆိုသည့်စကားလုံးကို သုံးနှုန်းလိုက်တာ သူ့ရင်ထဲဘယ်လိုခံစားမှုတွေဝင်လာမှန်းကို မသိလိုက်တာပါ။ သူ့မျက်လုံးအကြည့်များ သူမဝမ်းဗိုက်လေးပေါ်ရောက်သွားပြီးမှ ချက်ချင်းလိုလို မျက်နှာလွှဲလိုက်ရသည်။

သူမက အာရုံမထားမိသလို ကားတံခါးကိုဆွဲဖွင့်၍

"ခင်ဗျားပြောစရာမရှိရင် သွားတော့မယ်"

"ဟို"

"ညက အန်တီညိုနဲ့အန်တီလေးကို ခင်ဗျားပြောနေတဲ့စကားတွေကြားတယ်၊ ခင်ဗျားမိသားစုနဲ့ခင်ဗျား အဲဒီလိုတွေ ဖြစ်သွားကြတာတော့ စိတ်မကောင်းပါဘူး။ ခင်ဗျားလည်း တန်ဖိုးရှိမြင့်မြတ်တဲ့ဂုဏ်သိက္ခာရှိတဲ့ ယိမ်းသံစဉ်နဲ့လက်ထပ်မှာကို ထပ်ပါ၊ ကျွန်တော်ဘယ်တော့မှ အနှောင့်အယှက်ပေးမှာမဟုတ်ဘူး။ ကျွန်တော်မွေးလာမယ့် ကလေးရဲ့အဖေနေရာမှာလည်း အမည်ခံခိုင်းမှာမဟုတ်ဘူး။ ခင်ဗျားနဲ့ကျွန်တော် ငြိစွန်းဖူးတယ်၊ သေသည်အထိတောင်တွေးမသွားလိုက်ပါနဲ့ အဲဒါဆို ခင်ဗျားစိတ်ချမ်းသာပြီမဟုတ်လား"

သူ ခေါင်းမညိတ်လိုက်မိပါ။ သူမကားလေးထွက်သွားရာကိုလိုက်ကြည့်ပြီး ရင်ထဲမှာ နင်တင်တင်ကြီးဖြစ်ကာ ကျန်ခဲ့သည်။ သူမ ဘာလို့ သူ့ကိုရန်မတွေ့တော့တာလဲ။ ကြမ်းတမ်းရိုင်းစိုင်းစွာ မတုံ့ပြန်တော့တာလဲ





"အာ ရှုပ်လိုက်တာကွာ"

သူမကားလေး အမြင်အာရုံထဲက ပျောက်ကွယ်သွားသည်အထိ လိုက်လံကြည့်မိနေဆဲမို့ အတွေးတွေပါ ဖျောက်ဖျက်ပစ်ရမည်။ အခု သူ လုပ်ရမှာက တစ်ခုတည်း။ ယိမ်းက သူ့ဖုန်းကိုလုံးဝမကိုင်တာမို့ သူမကုမ္ပဏီအထိလိုက်သွားကြည့်ခဲ့သော်လည်း ရုံးဆင်းကာ အိမ်ပြန်သွားပြီဖြစ်ကြောင်း စက္ကူထရီမလေးကတစ်ဆင့် သိခဲ့ရသည်။

ယိမ်း အခုတလော အိမ်မှာနေသည့်အချိန်တွေပဲများနေတာ ဘာကြောင့်ပါလဲ၊ သူ့မှာလိုအပ်ချက်တွေရှိနေသေးသည် အကြောင်းပြချက်တွေနှင့် ထက်ထပ်ဖို့လည်းငြင်းကာ အချိန်ဆွဲထားသည်။

သူမမှာဘာလျှို့ဝှက်ချက်တွေရှိနေလို့များလဲ။ တကယ်ပဲ ဘဝထက်တွဲဖော်ကို အမြင့်မားဆုံးထိမှန်းထားလို့လား။ သူ့ကိုစိတ်တိုင်းကျဖို့လို အပ်သေးသည်ဆိုလျှင် ညှိနှိုင်းမှုတော့ရှိဦးမှပေါ့။

သူမမိဘတွေနှင့်လည်း သူ့ကိုတွေ့ပေးသင့်သည့်အချိန်ရောက်နေပြီဟုထင်သည်။

"ဟုတ်တယ် သွားကြည့်လိုက်တာ ကောင်းတယ်"

အတွေးရှိနေတာကြောင့် နှုတ်ကပါပြောမိသွားပြီး ကားပေါ်တက်ကာ မောင်းထွက်ခဲ့လိုက်သည်။ ဖုန်းဆက်နေလည်း သူမကိုင်မှာမဟုတ်။ အိမ်အထိရောက်အောင်သွားပြီးမှ အခြေအနေကြည့်ကာ အိမ်ထဲထိရောက်အောင်ဝင်ရမည်။ ဒါမှ သူမလည်း မငြင်းနိုင်ဘဲ သူမမိဘတွေနှင့် တွေ့ခွင့်ပေးတော့မှာ။

သူမရဲ့လုပ်ဖော်ကိုင်ဖက် ပါတနာအဖြစ်နဲ့ပဲဖြစ်ဖြစ် သူမလက်ထပ်မည့်ချစ်သူတစ်ယောက်အဖြစ်နှင့်ပဲဖြစ်ဖြစ် ဘယ်လိုပဲ မိတ်ဆက်ပေးပေးပေးသာ သူလည်းစိတ်ကျေနပ်မှုရတော့မှာ။

သူစိတ်စောစွာဖြင့် ကားကိုအမြန်မောင်းလာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကားကိုခပ်လှမ်းလှမ်းမှာရပ်ပြီး အခြေအနေကြည့်ဖို့အတွက် ဝင်းတံခါးနားထိ လျှောက်လာခဲ့စဉ်မှာ ခြံဝင်းတံခါးနားအနီး မြက်ခင်းပြင်မှာ ကလေးတစ်ယောက်နှင့်ဆော့ကစားနေသော ယိမ်းကိုမြင်တွေ့လိုက်ရသည်။

"သားရေ မာမီ့ဆီကို ဘောလုံးပစ်လိုက်လေ သား၊ မာမီဆီကို ရောက်အောင်ပစ်နော်၊ ဘိုးဘိုးကြီးကိုထိသွားဦးမယ်"

"ဟာ ဒါဘာလဲ"

သံမဏိဆွဲတံခါးကြီးရဲ့လူတစ်ရပ်နီးပါးမှာ အထဲကိုမြင်နိုင်သည့် အပေါက်တွေရှိတာကြောင့် ထိုအပေါက်ကနေ ချောင်းကြည့်လိုက်တော့ ယိမ်းနှင့်ကလေးတစ်ယောက်အပြင် ဝီးချဲပေါ်မှာထိုင်နေသော အသက်ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင်ရှိလူကြီးတစ်ယောက်ကိုပါ တွေ့ရသည်။ ဒါဟာ လေဖြတ်နေသည်ဆိုသော သူမအဖေလား။

ထိုလူကြီးကို ကလေးရဲ့အဘိုးလို့သုံးနှုန်းလိုက်ပြီး သူမကိုယ်သူမ မာမီဟုသုံးနှုန်းခြင်းဟာ ဘယ်လိုအဓိပ္ပာယ်လဲ။ သူမက ဒီကလေးရဲ့ဘာလဲ။

မာမီတို့ကစားကွင်းမှာတွေ့ခဲ့တုန်းက မေးကြည့်စဉ်မှာ နယ်က ရောက်လာသည့်တူလေးဟု သူမပြောခဲ့သည်။ တူတစ်ယောက်အတွက် သူမတန်ဖိုးထားလှသော အလုပ်ကပြန်လာပြီးတောင် အတူကစားပေးဖို့ အချိန်ပေးတာ အဓိပ္ပာယ်ရှိရဲ့လား။

"သမီး မြေးလေးအတွက် အခုလို အချိန်ပေးနေရတာ ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး ဖေဖေ၊ သမီးပျော်ပါတယ်၊ အလုပ်က ပင်ပန်းသမျှတွေကသားနဲ့တွေ့ရတဲ့အချိန်မှာ အမောပြေသွားသလိုပါပဲ"

"အေးကွယ် အခုတော့ မြေးလေးကို နိုင်ငံခြားမှာကျောင်းမထားပါနဲ့တော့၊ ဒီမှာလည်း နိုင်ငံခြားကျောင်းတွေရှိနေတာပဲ၊ အရင်ကလုပ်[illegible]





အောင်မြင်ကြီးစားချင်စိတ်၊ ကလေးရှိတာ လူသိမခံချင်စိတ်နဲ့ မြေးလေးကို အဝေးပို့ထားတာ ဖေဖေ မပြောလိုပါဘူး၊ အခုတော့ သမီးလည်းလုပ်ငန်းတွေအောင်မြင်ပြီး နေသားကျနေပြီမဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ၊ သားလေးကိုသမီးအနားမှာပဲထားမှာပါ၊ အရင်ကတော့ မွေးသာမွေးလိုက်ရတယ်၊ ကလေကချေအဆင့်အတန်းမရှိ အောက်တန်းကျလွန်းတဲ့သူ့အဖေကို ရွံမုန်းလို့ ကလေးကိုပါ အကျင့်တွေကူးစက်မှာစိုးပြီး အဝေးပို့ထားမိတာပါ၊ မက်မောလောက်တဲ့လျော်ကြေးပေးပြီး ကွာရှင်းတာတောင် ကလေးအကြောင်းပြပြီး ယုတ်မာချင်သေးတာမဟုတ်လား။ အခုတော့ သူလည်းအိမ်ထောင်ကျသွားပြီကြားတော့ စိတ်ချရပါပြီ"

"အေးပါ သမီး ဒီလိုလူမျိုးတွေဟာ သိပ်ကြောက်စရာကောင်းတယ်ဆိုတာ သမီးသိပြီမဟုတ်လား။ ဒါကြောင့် ဖေဖေတို့တားခဲ့တာ၊ ဒါပေမဲ့ ဆယ်ကျော်သက်အရွယ်စဉ်းစားဆင်ခြင်ဉာဏ်နည်းသေးတော့ မှားတတ်ပါတယ်"

"သမီးကတော့တစ်သက်စာ နောင်တရသွားပါတယ် ဖေဖေ၊ သမီးအတွက် စိတ်ထိခိုက်ပြီး ဖေဖေဒီလိုမျိုးဖြစ်သွားခဲ့တဲ့အတွက်လည်း သမီးတစ်သက်လုံးအလုပ်အကျွေးပြု ပြုစုစောင့်ရှောက်သွားမှာပါ"

"ဖေဖေကတော့ သမီး အခုလို ပြုပြင်ပြောင်းလဲလာတာပဲ ကျေနပ်နေပါပြီ၊ လူဆိုတာ မမှားဘူးတာတော့ ဘယ်ရှိမလဲ၊ အဲဒီအမှားကို သင်ခန်းစာယူပြီး ပြုပြင်ပြောင်းလဲနိုင်မှ တန်ဖိုးရှိတဲ့လူဖြစ်မှာ၊ သမီးနောက်ထပ် အိမ်ထောင်ပြုမယ်ဆိုလည်း မြေးလေးရဲ့အဖေလို လုံးဝမဖြစ်စေနဲ့တော့"

"အဲဒါတော့ စိတ်ချပါ ဖေဖေ၊ အခု သမီးအိမ်ထောင်ဖက်ရွေးမယ်ဆိုရင် သမီးထက်သာတဲ့သူပဲ ဖြစ်ရမယ်၊ ထူးချွန်ထက်မြက်ရမယ်၊ အသိုက်အဝန်းကအစ အဆင့်အတန်းရှိ အထက်တန်းကျရမယ်၊ အဲဒီလိုလူမှမဟုတ်ဘူးရင် သမီးချစ်တဲ့သူဖြစ်နေရင်တောင် နှလုံးသားနဲ့မရွေးချယ်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်နဲ့ပဲဆုံးဖြတ်မယ်၊ စိတ်တိုင်းမကျရင် ဒီအတိုင်းထားခဲ့ပြီး သားလေးနဲ့ပဲ တစ်သက်လုံးနေတော့မယ်''

''အဲဒီရွေးချယ်ခံရတဲ့သူက သမီးမှာအတိတ်အကြောင်းတွေနဲ့ သားလေးရှိတာကိုရော နားလည်ပေးနိုင်ပါ့မလား''

''ညီယူရင်းက အဲဒါအထိနားလည်ပေးနိုင်တဲ့သူမှပဲ လက်ထပ်မှာပေါ့ ဖေဖေ၊ အခုထိကတော့ သမီးပတ်ဝန်းကျင်အသိုက်အဝန်းမှာ သမီးအတိတ်အကြောင်းကိုသိတဲ့သူမရှိသေးပါဘူး၊ တကယ် သမီးလက်ထပ်ဖို့ လက်ခံနိုင်တဲ့သူကိုမှ ဒီအကြောင်းတွေဖွင့်ပြောမှာပါ၊ တခြားအရာတွေပြည့်စုံပြီး ဒါကိုနားလည်လက်ခံမပေးဘူးဆိုရင်လည်း သမီးလက်မထပ်ပါဘူး''

''သမီးစဉ်းစားထားတာ ကောင်းပါတယ်၊ ဖေဖေကတော့ သမီးရဲ့ အခုအခြေအနေကို အရမ်းကိုကျေနပ်တယ်''

ကြားနေရသည့်စကားတွေက ရုပ်ရှင်ဇာတ်ဝင်ခန်းအတွက် ရီဟာဇယ်လေ့ကျင့်နေတာ သရုပ်ဆောင်နေတာမဟုတ်မှန်း သိပါလျက်နှင့် အံ့ဩမင့်တက်စွာ ဒီအတိုင်းကြီးရပ်ကြည့် နားထောင်နေမိသည်။ ခြံတံခါးအပြင်ဘက်နှင့်အတွင်း မနီးမဝေးအပိုင်းအခြားပဲမို့ မသဲကွဲသလိုဖြစ်ပေမယ့် သေချာအောင်ကြားနေရသောစကားတွေအတွက် သူပေါက်ကွဲဖို့ပါ မေ့လျော့နေရသည်။

ယိမ်းသံစဉ် သူ့မအတိတ်ဖြစ်စဉ်တွေကို ဖုံးကွယ်ထားတာက ကြောက်စရာကြီးပါလား။ ယောက်ျားရယူပြီး ကလေးတစ်ယောက်ပါရှိနေသည်။ ဒါကြီးကို ဘယ်သူမှမသိအောင်ဖုံးကွယ်ထားပြီး သူမကိုယ်သူမ ကြီးကျယ်ခမ်းနားစွာနေနေ၏။ ဘာအပြစ် ဘာအမှားမှမလုပ်ဘူးသူလို သူ့ရဲ့အပြစ်တွေကိုတော့ အခွင့်အစလေးကအစ ခွင့်မလွှတ်နားလည်မှုမပေးခဲ့ပေ။

ဒါကို သူက မသိဘဲ တန်ဖိုးထားပြီး ကိုးကွယ်နေမိခဲ့တာ။ သူ ဒီလိုသာ အရဲစွန့်ပြီးရောက်မလာခဲ့လျှင် ဒါတွေကိုသိရမှာမဟုတ်။ ဒါဆိုလျှင်





သူ ဆက်ပြီးမိုက်မဲစွာ ကိုးကွယ်တန်ဖိုးထားနေမိဦးမှာ။

အခုနေ ဝင်သွားလျှင် သူမကြင်ပယ်ဖုံးကွယ်ချိန်ရလိုက်မှာမဟုတ်။ သူ့ရဲ့စိတ်နှင့်ဘဝကို ဆုပ်ကိုင်ချုပ်ကိုင်လို့ရမှ ဖွင့်ပြောဖို့ မိဘတွေနှင့်တွေ့ပေးဖို့ စဉ်းစားထားခဲ့တာနေမှာပေါ့။

သူက အရူးလား။ ဘာမှအသုံးမကျတဲ့ကောင်လား။ သူမချုပ်ကိုင်လွှမ်းမိုးတာကို သည်းခံနားလည်ပေးနေရမည့် ခပ်ပေါပေါကောင်လား။ ဟား သူတန်ဖိုးထားခဲ့သည့် လေးစားကိုးကွယ်ခဲ့သည့်မိန်းမက ဒီလိုမိန်းမမျိုးတဲ့လား။

သူ ရှက်တာလား၊ နာကြည်းတာလား၊ သူမကိုရွံမုန်းသွားခဲ့တာလား။ ဝေခွဲမရတွေဝေသော ခြေလှမ်းများက အပြန်လမ်းကို ဦးတည်ခဲ့သည်။ သူမမှာ ဒီလိုနောက်ကြောင်းတွေရှိခဲ့သည်ဆိုတာ အစကကြိုသိခဲ့ရင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"တောက်"

"ငွိ"

"ဟာ ဘာဖြစ်တာလဲ ဆရာ"

တက်ခေါက်ပြီး စားပွဲပေါ်ဖန်ခွက်ကို ဆောင့်ချလိုက်၍ ကိုကျော်ကြီး အထိတ်တလန့်ဖြစ်သွားပုံရ၏။ ကိုကျော်ကြီးက သူ့ခေါ်လိုက်တိုင်းတော့ ရောက်အောင်လာတတ်သည်။

အခု သူထိုင်နေတာကြာပြီဖြစ်သော်လည်း တစ်ခွက်မျှမသောက်ဖြစ်သေးပါ။ သူ ဒေါသဖြစ်နေတာတွေ အရက်သောက်ပြီး ဖြေဖျောက်ပစ်လိုက်ချင်စိတ်မရှိ။ ဒေါသကိုဒေါသအတိုင်းပဲ ထားလိုက်ချင်သည်။

"ကိုကျော်ကြီး"

"ဗျာ"

"မိန်းမတွေမကောင်းဘူးဗျာ"

"ဟာ ဆရာက မိန်းမတွေမကောင်းဘူးဆိုတော့ ဘယ်နှယောက်နဲ့များ ပတ်သက်ခဲ့ဖူးလို့လဲ"

"ကျွန်တော်နဲ့ပတ်သက်သမျှ အဲ မဟုတ်သေးဘူး။ ကျွန်တော်





မပတ်သက်ချင်တဲ့မိန်းမရော ပတ်သက်ခဲ့တဲ့မိန်းမရော တစ်ယောက်မှမကောင်းဘူး တစ်ယောက်မှတန်ဖိုးမရှိဘူး"

"တခြားတစ်ယောက်တော့ ဆရာပြောမပြလို့ ကျွန်တော်မသိဘူး။ ကျန်တဲ့တစ်ယောက်က ယိမ်းသံစဉ်ကိုပြောတာလား ဆရာ"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်ရတာလဲ ဆရာရယ်၊ ဆရာပဲတန်ဖိုးထားမြတ်နိုးလှချည်ရဲ့၊ ကြီးကျယ်မြင့်မြတ်ပြီး အဆင့်အတန်းရှိ အထက်တန်းကျ ဂုဏ်သိက္ခာကိုယ်ကျင့်တရားတွေကောင်းလွန်းလို့ ဒီလိုမိန်းကလေးမျိုးကို လက်ထပ်ချင်လှပါချည်ရဲ့ဆို၊ ဆရာ့ကိုတောင် စိတ်တိုင်းမကျ အသိအမှတ်မပြုနိုင်သေးလို့ လက်မထပ်နိုင်သေးပါဘူး ပြောထားတာကို ရင်နာနေတာမဟုတ်လား။ ဘယ့်နှယ် ဆရာကတစ်ပြန်ကြီး မကောင်းကြောင်းတွေ ထပြောနေတာလဲ"

"သူ ယောကျ်ားရှုဖူးတယ်"

"ဗျာ"

"ကလေးလည်းရှိတယ်"

"ဗျာ"

ကိုကျော်ကြီး ဆင့်ကာဆင့်ကာ အံ့ဩသွား၏။ ပါးစပ်ထဲထည့်တော့မည့် အရက်ခွက်ကိုတောင် စားပွဲပေါ်ပြန်ချထားကာ သူ့ကိုစူးစမ်းသလို မျက်လုံးပွတ်သပ်ကြည့်၏။

"ဆရာသောက်တောင်မသောက်ရသေးဘူးမဟုတ်လား၊ ဇဝေဇဝါတွေလျှောက်ပြောနေတာမဟုတ်ပါဘူးနော်"

"ကျွန်တော် အဲဒီအိမ်ကိုသာရောက်မသွားရင် ကျွန်တော့်ကို ဘယ်လောက်ထိဖုံးကွယ်ပြီးချုပ်ကိုင်ထားဦးမလဲ မသိဘူး"

"ဟာ ဆရာ အဲဒီအိမ်ကိုရောက်သွားတာလား။ ယိမ်းသံစဉ်က သူ့မိဘတွေနဲ့မိတ်ဆက်ပေးဖို့ ငြင်းထားတာမဟုတ်လား၊ ဆရာအမှတ်မပြည့်



www.burmeseclassic.com

www.burmeseclassic.com



သေးလို့လေ''

''ဟုတ်တယ် ဟိုနေ့က ခင်ဗျားနဲ့စားသောက်ဆိုင်ထိုင်တာသိပြီး ကျွန်တော့်ကိုအဆက်အသွယ် ဖြတ်ထားတာနဲ့ ကျွန်တော်လိုက်သွားတာ၊ ဒါပေမဲ့ ကြိုတင်ချိန်းထားတာမဟုတ်တော့ အိမ်ထဲကိုဖွတ်ဝင်သွားလို့မဖြစ်တာနဲ့ ခြံဝကနေ အခြေအနေကြည့်နေတာ၊ အဲဒီမှာ တစ်ခါတည်းမိတော့တာပဲ၊ တော်တော်အံ့ဩဖို့ကောင်းတဲ့မိန်းမ''

''ဆရာကလည်း အပြောင်းအလဲမြန်သလို မပြောပါနဲ့၊ တကယ် ရော်သေချာလို့လား၊ ကျွန်တော်တို့ဖြင့် ဘာသတင်းမှကို မကြားခဲ့တာနော်''

''မကြားအောင် စနစ်တကျ သေချာစီစဉ်ထားခဲ့လို့ပေါ့ဗျာ၊ ဆယ် ကျော်သက်အရွယ်မှာ ရှုးရှုးမှုးမှုးချစ်ကြိုက်ပြီး ရခဲ့တဲ့ယောက်ျားက အပေ အတေ ဂျလေဘီဂွျတ်စပွတ်ထင်ပါတယ်၊ အဲဒါကို နောက်မှသိရလို့ လျော် ကြေးပေးပြီး ကွာရှင်းခဲ့တာဖြစ်လိမ့်မယ်၊ ကလေးကိုနိုင်ငံခြားမှာသွားမွေးပြီး နိုင်ငံခြားမှာထားခဲ့တာဖြစ်လိမ့်မယ်၊ အခု ကလေးက ပြန်ရောက်လာပြီ''

''အဲဒီကိစ္စတွေ သေချာဟုတ် မဟုတ် ယိမ်းသံစဉ်ကိုသေချာမေး ကြည့်ပါဦး၊ ကျွန်တော်ကတော့ ဘယ်လိုမှကို သံသယမဝင်သေးဘူး၊ သူ့ စတိုင်က မထင်ရက်စရာလေ''

''သူ့ကိုမေးကြည့်ရင် ဝန်ခံမှာက သေချာတယ်၊ ဒီမိန်းမက ကြောက်တတ်တဲ့ ရှိန်နေတတ်တဲ့သူမျိုးမှမဟုတ်တာ၊ မသေချာစရာလည်း မရှိဘူး၊ သူတို့သားအဖချင်းတွေပြောနေတာကို ကျွန်တော့်နားနဲ့ဆတ်ဆတ် ကြားခဲ့တာ''

''အဲဒီလိုကြားတော့ မခံမရပ်နိုင်ဖြစ်ပြီး မဝုန်းခဲ့ဘူးလား''

''ရွံသွားပြီး မျက်နှာကိုကြည့်ချင်စိတ်မရှိတော့တာနဲ့ တစ်ခါတည်း ပြန်လှည့်ထွက်လာခဲ့တာ''

''ဩော်''





ကိုကျော်ကြီး အရမ်းကိုအံ့ဩနေခဲ့သည်။ မင်းဖုန်းမြတ်အတွက် အရက်ထပ်ဖြည့်ပေးရင်း သူကိုယ်တိုင်လည်း ထပ်ထည့်ပြီးကောက်မော့လိုက် ၏။ အမြည်းစားဖို့ သတိမရစွာ ဟားခနဲ လေတွေကို မှုတ်ထုတ်၍

''အခုလိုအချိန်မှာ အရမ်းကိုစမတ်ကျနေတဲ့မိန်းမတစ်ယောက်က ဒီလိုအတိတ်မျိုးရှိခဲ့တယ်ဆိုတာ တော်တော်လေးအံ့ဩဖို့ကောင်းပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော်ပြောဖူးတယ်မဟုတ်လား၊ ဘယ်လိုအကြောင်းအရာ မျိုးမှာ 'အစွန်းရောက်တဲ့သူဖြစ်ဖြစ် အတိတ်တစ်ခုခုမှာ အမှားဖြစ်ဖြစ် အပြစ် ဖြစ်ဖြစ် လုပ်ခဲ့ဖူးရမယ်လို့ သူ့ရဲ့အပြစ်ကိုဖုံးကွယ်ထားဖို့အတွက် အနည်းဆုံး သူတော်ကောင်းယောင်ဆောင်မှာပဲ''

''ခင်ဗျားပြောတဲ့ အဲဒီစကားက ကျွန်တော့်ကို သတိပေးလိုက် သလိုဖြစ်ပြီး သူမလိုလားမှန်းသိပေမယ့် ကျွန်တော်ရောက်အောင်သွားခဲ့တာ၊ ကျွန်တော့်ကို သူ့မိဘတွေနဲ့ပေးတွေ့ဖို့အတွက် ကျွန်တော့်မှာ လိုအပ်ချက် တွေရှိနေသေးတဲ့ ဆင်ခြေတွေနဲ့ ငြင်းဆန်နေခဲ့တာမဟုတ်လား၊ ကျေးဇူးတင် တယ် ကိုကျော်ကြီး၊ ကျွန်တော့်ကို အဲဒီလိုစကားမျိုးနဲ့ သတိပေးခဲ့လို့၊ မဟုတ်ရင် ကျွန်တော်ဘယ်အချိန်ထိ အရူးလုပ်ခံ၊ ကိုယ့်ကိုယ်ကိုယ် ဘာ ကောင်မှန်းမသိ အထင်သေးခံပြီး နေသွားမိဦးမလဲမသိဘူး''

''အခု ဆရာဆုံးဖြတ်ချက်က''

''ကျွန်တော်လိုချင်တဲ့စံချိန်စံညွှန်းမရှိတဲ့မိန်းမနဲ့ ကျွန်တော် ဆက်ပြီး ပတ်သက်စရာလားဗျာ''

''ဟာ ဆရာ ယိမ်းသံစဉ်ကို ချစ်မြတ်နိုးခဲ့တယ်၊ တန်ဖိုးထားခဲ့ တယ်မဟုတ်လား၊ အခုကိစ္စလေးနဲ့ လွယ်လွယ်ဖြတ်တောက်လိုက်သလို ဖြစ်မသွားဘူးလား''

''ခင်ဗျား လွယ်လွယ်နဲ့လို့ ပြောလိုက်တာလား ကိုကျော်ကြီး၊ ခင်ဗျားအဲဒီလိုပြောလိုက်မှ ယိမ်းအပေါ် ကျွန်တော်နှလုံးသားနဲ့အချစ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတန်ဖိုးထားခဲ့မိတာမျိုး မဟုတ်ပါလားလို့ သတိထားလိုက်မိသလိုပဲ၊ ကျွန်တော်က အရမ်းထက်မြက်လွန်းတဲ့ သူ့စတိုင်တွေကိုကြိုက်ခဲ့တာ၊ ယောကျ်ားတွေကို လွယ်လွယ်စိတ်မဝင်စားဘဲ မာန်တွေဝင့်ထည်နေတဲ့၊ သွားတာလာတာ နေတာထိုင်တာ စားတာသောက်တာ အားလုံးစမတ်ကျကြည့်ကောင်းနေတတ်တဲ့သူ့ကို လေးစားတန်ဖိုးထားခဲ့တာ၊ ဒါတွေဟာ အစစ်အမှန်တွေလို့ထင်လို့၊ အခုတော့ဗျာ ကျွန်တော့်ရဲ့ယုံကြည်မှုတွေ ရိုက်ချိုးခံခဲ့ရတာ၊ အဲဒီလိုမိန်းမတစ်ယောက်ကို ပိုင်ဆိုင်ရရင် ဘာမှမလိုအပ်တော့ဘူးလို့ စိတ်ကူးယဉ်ခဲ့မိတာတွေအတွက် အရှက်ရသလို ခံစားရတယ်၊ မာနတွေကျိုးသွားတယ်''

ဒီတစ်ခါတော့ ပြောရင်းနှင့် ရင်ထဲမှာ တဆစ်ဆစ်ကိုက်ခဲနာကျင်လာ၍ အရက်ခွက်ကို ကောက်မော့လိုက်သည်။ မျက်ယွင်းနေသော သူ့မျက်နှာက ပူရှိန်းနေသောအရက်တွေဝင်သွားသော်လည်း ထူးပြီးရှုံ့မဲ့မသွား။

''အေးလေ ဆရာလည်းတော်တော်တော့ ခံခဲ့ရတာပဲ၊ မတူမတန်သလို အဖက်မလုပ်ချင်သလို အမှတ်ပြည့်မရဘဲ အထင်သေးခံပြီးတောင် ကိုးကွယ်လာခဲ့တာဆိုတော့''

''ကျွန်တော့်မိဘတွေကိုတောင် အဲဒီလိုဆက်ဆံခဲ့တာပါ၊ သူ့အတွက်နဲ့ ကျွန်တော်ကတော့ မိဘတွေကိုအတိုက်အခံလုပ်ခဲ့တယ်၊ သူ့ကိုနိုးမွမ်းဂုဏ်ယူပြီး သူ့ဘက်ကကာကွယ်ပေးခဲ့တယ်၊ ကိုယ့်လိုအဆင့်အတန်းမရှိတဲ့ကောင်လို့ ဆက်ဆံခံရတာတောင် အဖိုးတန်မိန်းမတစ်ယောက်အဖြစ်နဲ့ လက်ထပ်ဖို့ပိုင်ဆိုင်ဖို့ကို ရူးသွပ်ခဲ့တယ်''

''နောင်တရနေတာလား ဆရာ''

''နောင်တရတယ်ဆိုတာထက် ကိုယ် အဲဒီလိုဖြစ်ခဲ့မိတာကို ရှက်တာ၊ ယုံကြည်ကိုးကွယ်မှုတွေ ရိုက်ချိုးခံလိုက်ရတဲ့အတွက် မာနထိနိုက်တာ၊ နာကြည်းရှုံ့ရှာရမှာတောင် မလုံလောက်သလိုပဲ၊ အဟား သူတို့သား၊အဖချင်း





ပြောတဲ့စကားတွေကို ကြားရတာ''

''ဘာတွေပြောလို့လဲ ဆရာ''

''သူ့ပုံသွင်းကြိုးကိုင်လို့ရပြီဆိုမှ သူလက်ထပ်မယ့်သူကို သူ့အတိတ်အကြောင်းပြောပြမယ်၊ ဒါကိုနားလည်လက်ခံမပေးဘူးဆိုရင် သူ့သားလေးနဲ့ပဲ တစ်သက်လုံးနေမယ်တဲ့၊ သူ့ရဲ့အရင်ကောင်လိုဖြစ်မှာစိုးလို့ စီးပွားရေးမှာ သူ့ထက်သာစေချင်တာ၊ စိတ်ဓာတ်တွေအောက်တန်းကျမှာ သေးသိမ်မှာစိုးလို့ ကျွန်တော့်ကိုခဏခဏ စမ်းသပ်နေခဲ့တာ၊ အခုမှသဘောပေါက်တော့တယ်၊ တော်တော်ကြောက်စရာကောင်းတဲ့မိန်းမဗျာ''

ကိုကျော်ကြီး ခေါင်းတညိတ်ညိတ် ဖြစ်သွားလျက်

''တစ်ခါမှားဖူးထားတော့ နောက်ထပ်အမှားမခံနိုင်လို့ သူလည်းအတော်ကြိုးစားပြီးမှ ဆရာ့ကိုရွေးချယ်ထားတဲ့ပုံပါပဲ၊ ဆရာကလည်း သူ့ရဲ့စတိုင်တိုင်းကို သဘောကျနေတော့ သူချုပ်ကိုင်လွှမ်းမိုးရတာလည်း လွယ်သွားတယ်လေ၊ သူ့ရဲ့အတိတ်ကိုသာ ခွင့်လွှတ်နားလည်ပေးလိုက်မယ်ဆိုရင်တော့ သူဆရာကို လက်ထပ်လောက်ပါတယ်''

''တော်စမ်းပါတော့ ကိုကျော်ကြီးရာ၊ လူတစ်ယောက်ကိုအပေါ်ယံအလှအပတွေပဲကြည့်မိသွားတာ ကျွန်တော်အရမ်းမှားပါတယ်၊ တကယ်တော့ လူ့ရဲ့အတွင်းစိတ်ကသာ အရေးကြီးတာနော်၊ မေမေတို့ပြောတာလည်း ကျွန်တော်အခုမှ သဘောပေါက်တော့တယ်''

''ဒါနဲ့နေပါဦးဆရာ၊ ဟို နောက်တစ်ယောက်မိန်းကလေးတစ်ယောက်လည်း မကောင်းဘူးလို့ ဆရာပြောသေးတယ်မဟုတ်လား၊ အဲဒါက ဘယ်သူလဲဆရာ၊ သူကရော ဘယ်လိုမကောင်းတာလဲ''

''သူက''

ဖွင့်ပြောလိုက်လျှင် ကိုကျော်ကြီး သူ့ကိုအထင်သေးသွားမလား။ ဝန်မခံဘဲနေရတာလည်း၊ သူ့ရင်ထဲမှာ တင်းတင်းကျပ်ကျပ်နှင့်၊ ယိမ်း



www.burmeseclassic.com

www.burmeseclassic.com



သံစဥ်လိုအမှားတစ်ခုကို ဖုံးကွယ်ထားပြီး သူတော်ကောင်းကြီးအဖြစ်နဲ့လည်း ဟန်ဆောင်မနေချင်တော့။ ကိုကျော်ကြီးက ပြုံးပြီး

"ဆရာပြောပြဖို့ ခက်နေပြန်ပြီလား ဒါဆိုလည်း"

"မဟုတ်ပါဘူး၊ ဒီလောက်ရင်းနှီးလာပြီဖြစ်တဲ့ ခင်ဗျားကို ဒီအကြောင်းပြောမပြရရင်လည်း ကျွန်တော် ကျေမလုံသလိုဖြစ်နေတယ်၊ တချို့ယောက်ျားတွေ မှားတတ်တဲ့အမှားမျိုးဆိုပေမယ့် ကိုယ်ကျင့်တရားနဲ့ဂုဏ်သိက္ခာတန်ဖိုးထားတတ်တဲ့ကျွန်တော့်အတွက်တော့ ကြီးမားတဲ့အပြစ်တစ်ခုလို့ပြောလို့ရတယ်၊ ယောက်ျားချင်းနားမလည်ဘဲ ခင်ဗျားကျွန်တော့်ကို အထင်သေးမယ်ဆိုလည်း သေးနိုင်ပါတယ်"

"ဟာ ဆရာရယ်၊ ကျွန်တော် ဆရာ့ကိုအဲဒီလိုတော့"

"ခင်ဗျားနဲ့ကျွန်တော် ပထမဆုံးအရက်သောက်ဖြစ်တဲ့နေ့က အရက်တွေအရမ်းမူးတဲ့နေ့က ကျွန်တော် မိန်းကလေးတစ်ယောက်နဲ့ ပြစ်မှားယွင်းခဲ့တယ်"

"ဗျာ ကျွန်တော် အဲဒီနေ့က ဆရာ့ကိုအိမ်အထိလိုက်ပို့"

"အဲဒီအိမ်မှာ ကျွန်တော်တို့အိမ်မှာ မန္တလေးကနေ အလည်လာတဲ့ ရှင်းလဲ့ချိုဆိုတဲ့မိန်းကလေးနဲ့ပေါ့ဗျာ"

"ဪ ရှင်းလဲ့ချို၊ ဆရာ အဲဒီနေ့က အဲဒီနာမည်ကိုမှားခေါ်လိုက်သေးသလိုပဲ၊ အကြောင်းတော့ရှိလိမ့်မယ်ထင်တယ်"

"အဲဒီနေ့က ယိမ်းကိုအပိုင်ချုပ်ဖို့အမိဖမ်းထားဖို့ ခင်ဗျားသတိပေးလိုက်တယ်လေ၊ အဲဒါ အမူးလွန်နေတော့ ရှင်းလဲ့ချိုကို ယိမ်းအထင်နဲ့"

"အဲဒီလိုဖြစ်တတ်ပါတယ်၊ အဲဒါက ပြဿနာဖြစ်နေတာလား။ တာဝန်ယူရမယ့်ကိစ္စမျိုး"

"သူ့မှာ ကိုယ်ဝန်ရှိနေတယ်"

"ဗျာ"





ကိုကျော်ကြီး အံ့သြသွားကာ ဘာဆက်မေးရမှန်းပင်မသိတော့။ ခင်းမှုန်းမြတ်က သက်ပြင်းတွေချပြီး

"အဲဒီအရင်က ကျွန်တော့်ကို သူ ပြဿနာတွေရှာခဲ့ဖူးတယ်၊ ထိုးနှက်တိုက်ခိုက်ဖူးတယ်၊ ပြောရရင် မိန်းမဆန်တဲ့ တန်ဖိုးမရှိတဲ့မိန်းကလေးပေါ့၊ အဲဒါတွေကြောင့် ကျွန်တော်အမြင်ကတ်ပြီး မျက်မုန်းကျိုးနေခဲ့တာ၊ အဲဒီလိုမိန်းကလေးနဲ့မှ ဒီလိုကိစ္စဖြစ်သွားရတယ်ဆိုပြီး မေမေတို့ကို ကျွန်တော် တာဝန်မယူနိုင်ဘူး၊ ယိမ်းနဲ့ပဲလက်ထပ်မှာလို့ ကြွေးကြော်ထားတာ"

"ဆရာ့အဖြစ်ကလည်းဗျာ ငါးရံ့နှစ်ကောင်လုံး လွတ်မယ့်ကိန်းပဲ"

ပြောပြီး ကိုကျော်ကြီးရယ်တော့ သူ ကသိကအောက်ဖြစ်သွားရသည်။ သူ့ကိုယ်သူ အရှုံးသမားတစ်ယောက်လို့တော့ မမြင်မိသေးပါ။

"ကျွန်တော့်စိတ်တွေ အရမ်းလွင့်နေတယ်ဗျာ၊ ဒါကြောင့် အခုတလော ခင်ဗျားသောက်ဖြစ်ပြီး အိမ်ကိုနောက်ကျမှပြန်နေတာ၊ ဒီနေ့ညတော့ အိမ်လည်းမပြန်ချင်တော့ဘူး"

"ဒါဆို ဟိုတယ်သွားအိပ်မလား။ အဖော်ရှာလိုသေးလား၊ လိုရင်ရှာပေးရတာ လွယ်ပါတယ်၊ စိတ်ပြေလက်ပျောက်ပေါ့"

"ကျွန်တော် အဲဒါတွေ ဝါသနာမပါပါဘူးဗျာ၊ စိတ်ပြေလက်ပျောက်အပျော်ရှာတာမျိုးလည်း မလုပ်ချင်ဘူး။ အခုမှားယွင်းမှုကလည်း ယုတ်မာချင်စိတ်နဲ့မဟုတ်ပါဘူး၊ အရက်အမူးလွန်ပြီး အသိစိတ်ပျောက်သွားလို့သာဖြစ်ရတာ၊ အဲဒါကြောင့် နောက်ဆို အရက်လုံးဝမသောက်ဖို့လည်း ဆုံးဖြတ်ထားတယ်၊ အခုလည်း အရက်မူးအောင်သောက်ချင်လို့မဟုတ်ပါဘူး၊ ရင်ထဲတင်းကျပ်နေတာတွေ ခင်ဗျားရင်ဖွင့်လိုက်ရင် သက်သာမလားလို့ပါ"

"ကိုယ်ချင်းစာပါတယ်ဆရာ၊ အရမ်းမွန်းကျပ်လာတဲ့အခါ ထွက်ပေါက်ဆိုတာလည်းရှိဦးမှပေါ့၊ ဪ ဒါနဲ့ ဆရာ ယောက်ျားကောင်းပီသဖို့ဆိုရင် တာဝန်ယူသင့်တာကို ယူဖို့မမေ့ပါနဲ့၊ ဂုဏ်သိက္ခာနဲ့ကိုယ်ကျင့်တရား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တာဝန်ယူတတ်မှုလည်း ပါပါတယ်။ ပြီးတော့ မိန်းကလေးတစ်ယော
ကိုယ်ကျင့်တရားကိုအပေါ်ယံကြည့်ပြီး မဆုံးဖြတ်ပါနဲ့။ ယိမ်းသံစဥ်နဲ့ပတ်သ
ပြီး သင်ခန်းစာရတယ်ဆိုရင်ပေါ့''

ကိုကျော်ကြီးစကားက ထိရောက်ပါသည်။ သူ့အသိအမြင်တွေ
ကျယ်ပြန့်သွားစေ၏။ အရာခပ်သိမ်းဟာ ဘာကြောင့် သူဖြစ်စေချင်သလို
မလာရတာလဲ။

လွမ်းမောစရာမကောင်းပါဘဲ သူ့ရင်တွေက ဟာလာဟင်းလ
ဖြစ်လျက်။

■ ■ ■



အခန်း (၃၀)

''သင်တန်းပိတ်ရက်လေး နန်းကြီးသုပ်စို့ ရှမ်းခေါက်ဆွဲတို့လုပ်ကျွေး
တာ ကျေးဇူးတင်ပါတယ်ကွယ်၊ အန်တီညိုတို့ကလေ ရှင်းလဲ့ စိတ်ညစ်နေ
သလား၊ ဘာမှမဆိုင်းရက်ဖြစ်နေတာ၊ ပြောရရင်တော့ ရှင်းလဲ့အတွက် စိတ်
မကောင်းဖြစ်ရလွန်းလို့ အစားအသောက်တွေပါ ပျက်နေတာလေ''

''အဲဒီလိုတွေမဖြစ်ပါနဲ့ အန်တီညို၊ ရှင်းလဲ့ကံအကြောင်းတရားပေါ့၊
ညက မေမေ့ဆီဖုန်းဆက်ပြီး ငိုချလိုက်တာ စိတ်ထဲပေါ့သွားပါတယ်''

''ဟင် ခင့်ကိုအားလုံး ပြောပြလိုက်ပြီလား''

''မပြောဖြစ်ပါဘူး။ ပြောရင် မင်းဖုန်းမြတ်နဲ့အန်တီညိုတို့ကို တစ်မျိုး
မြင်ပြီး မုန်းသွားမှာစိုးလို့၊ ဒီအတိုင်းသတိရလို့ လွမ်းလို့ငိုချမိလိုက်တဲ့ပုံစံမျိုးနဲ့
ပဲ ထွက်ပေါက်ပေးလိုက်တာ၊ မေမေကတော့ ပြောတယ်၊ 'လွမ်းရင်နေ့ချင်း
ရောက်လာမယ့်နေရာ လေယာဥ်နဲ့ခဏလေးနဲ့ရောက်လာမှာကို ပြန်လာလိုက်
ပေါ့တဲ့၊ ရှင်းလဲ့က အရေးကြီးတဲ့သင်တန်းတွေတက်နေပြီး မအားလို့ပါလို့
ပြောလိုက်တယ်''

အခုမှ ဒေါ်ကလျာညို ရင်ဘတ်ကလေးဖိကာ



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ ရှင်းလှဲလေးရယ်၊ ခင့်ကိုအန်တီညီုတို့လည်း ပြောပြပြီး တောင်းပန်မလို့ပါ၊ ဒါပေမဲ့ ဘယ်ကနေဘယ်လို စပြောပြီးတောင်းပန်ရမလဲ၊ ညို့ စိတ်ဆိုးစိတ်နာသွားမယ်ဆိုတာ သိပေမယ့် အဲဒီလိုဆိုရင် ရှင်းလှဲလေးကို ချက်ချင်းပြန်ခေါ်သွားမှာ၊ ပြန်ခေါ်သွားရင် ရှင်းလှဲကို အန်တီညီုတို့တစ်သက်လုံး တွေ့ရတော့မှာမဟုတ်ဘူး"

"မတွေ့ရတော့ရင် အန်တီလေးတို့ ဘယ်လိုလုပ်ရမလဲ၊ မွေးလာမယ့်ကလေးလေး သံယောဇဉ်ကြောင့်ဆိုလည်း အဓိကတော့ ရှင်းလှဲလေး အန်တီလေးတို့ မခွဲချင်သေးတာပါ၊ ပြီးတော့ ရှင်းလှဲလေး မွေးဖွားပြီးတဲ့အခါ အန်တီလေးတို့စောင့်ရှောက်ပေးသင့်တယ်လို့ ထင်တယ်လေ"

"အန်ကယ့်သား တာဝန်မကျေတာထက် အန်ကယ်တို့ကိုတော့ တာဝန်ကျေခွင့်ပေးပါ သမီး၊ မြေးလေးနဲ့ရှင်းလှဲကိုတော့ အန်ကယ်တို့အဆုံး ရှုံးမခံနိုင်ဘူး၊ ခင့်ကိုတော့ အန်ကယ်တို့အနူးအညွတ်ကို သွားတောင်းပန်ပြ မှာပါ၊ ရှင်းလှဲကိုတာဝန်မယူတဲ့သားကိုလည်း အန်ကယ်တို့ရင်ထဲက အပြီး အပိုင်ထုတ်ပစ်မယ်ဆိုတာ ခင့်ကိုပြောပြမယ်"

သူမအတွက် ဒီလောက်အလေးအနက်ဖြစ်နေကြသည့်လူကြီးတွေ ကို စိတ်မဆင်းရဲစေချင်ပါ။ စိတ်ရင်းစေတနာကောင်းပြီး သူမအပေါ်လည်း ဖေးမ ကြင်နာကြသူတွေမို့ မေမေ့ရဲ့အမုန်းတွေလည်း မခံစေချင်။

သူတို့တွေမှားခဲ့ကြတာမှ မဟုတ်တာ၊ မှားခဲ့သည်က မင်းဖုန်းမြတ် ဒါပေမဲ့ သူမရော အပြစ်ကင်းပါရဲ့လား၊ စိတ်တူကိုယ်တူမဟုတ်ခဲ့ပါသော်လည်း မလွန်ဆန်နိုင်ခဲ့ ငြိတွယ်မှုများကြောင့် စွန်းထင်းခဲ့သည့်ဒီအပြစ်ဟာ

"ရှင်းလှဲ"

"ဟင် ရှင်"

"ပန်းကန်ကြီးကိုင်ပြီး ဘာတွေစဉ်းစားနေတာလဲ၊ စိတ်ဖိစီးမှုတွေ များရင် ဗိုက်ထဲက ကလေးအတွက်မကောင်းပါဘူးကွယ်၊ သန္ဓေတည်





ပြီးဂရုစိုက်ရတယ်၊ အန်တီညီုတို့နဲ့ ပျော်ပျော်နေပါနော် သမီး"

"ဟုတ်ကဲ့ပါ"

"အန်တီလေးတို့ ဝိုင်းပြီးစောင့်ရှောက်ပေးပါမယ် ရှင်းလှဲရယ်နော်၊ ိတွေ မုန့်တွေလုပ်စားကြမယ်၊ အညာဟင်းလေးတွေ ချက်စားကြမယ်၊ ယ်စရာပုံပြင်တွေ ရှေးဟောင်းနှောင်းဖြစ်တွေပြောပြီး စိတ်ချမ်းသာအောင် ကြမယ် သိလား"

"ဟုတ်ကဲ့ပါ အန်တီလေး"

"အခုကစပြီး အန်ကယ်တို့သမီးဖြစ်သွားတဲ့အတွက် သမီးလိုအပ် ငွေကြေး ပစ္စည်းဥစ္စာမှန်သမျှ အန်ကယ်တို့ကပေးမယ်၊ သမီးအမေဆီ မတောင်းနဲ့တော့ ဟုတ်ပြီလား"

"ဟို အဲဒါကတော့"

"ရှင်းလှဲရယ် အန်တီညီုတို့ကို မိသားစုလိုတွေးရင် သမီးအန်ကယ် သလိုပဲ လုပ်ပါကွယ်၊ အန်တီတို့မှာ သမီးတစ်ယောက်ပဲရှိပါတယ်"

"ကဲ စားစား ရှင်းလှဲလက်ရာကတော့ ဘယ်အချိန်စားစား မရိုး တစ်သက်လုံးစားချင်တယ်လို့ နိမိတ်ဖတ်လိုက်တာ ကောက်ခါငင်ခါ တွေ့ကြီးကို ဖြစ်လာတော့တာပဲ"

အန်တီလေးစကားကို သဘောကျကာ စားရင်းသောက်ရင်း ရယ် ကြသည်။ အားလုံးပြောနေကြသည့်စကားတွေ ကြားနေခဲ့ရတာ သူ စားခန်းအပေါက်ကနေ နားထောင်နေခဲ့လို့ပါ။

သူ့ကိုဥပေက္ခာပြုလိုက်ပြီဆိုသော အဓိပ္ပာယ်စကားများကြောင့် ဝမ်းနည်းမိသလိုဖြစ်မိသည်။ အခုလည်း စားသောက်ဝိုင်းနားထိ သူ လာတာတောင် ဘယ်သူမှစားပါဦးမပြော၊ မော့လည်းမကြည့်ကြပါ။

သူ ထိုင်ရမှာလား၊ ပြန်ထွက်သွားရမှာလား။ အသိအမှတ်ပြုခြင်း မရှိတာမို့ သူ ရှက်အမ်းအမ်းဖြင့် ဘယ်လိုနေရမှန်းမသိ အနေခက်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

သူ့ကိုဘာကြောင့် ဒီလိုဆက်ဆံကြတာလဲ။ ရှင်းလဲ့ချိုကို တာဝန်မယူသည့်အတွက် အားလုံးက သူ့ကိုမိသားစုဝင်အဖြစ်မသတ်မှတ်တော့ဘဲ ဥပေက္ခာပြုလိုက်ကြပြီပေါ့။

ဒီနေ့ကုမ္ပဏီပိတ်ရက်မို့ မနက်စာစားဖို့အတွက် သူလာခဲ့တာပါ။ အခုတော့ မျက်လုံးတောင်လှန်မကြည့်ကြတာမို့ ရှက်ရွံ့သလိုစိတ်နှင့်ပင် သူ ပြန်ထွက်လာခဲ့ရသည်။ အခန်းထဲရောက်တော့ တစ်ယောက်တည်းပိုပြီး အထီးကျန်သလိုခံစားရ၏။

အရင်လို ယိမ်းဆီ ဖုန်းဆက်တာ တစ်ခါတစ်ရံ ယိမ်းနှင့်အပြင်ထွက်ကော်ဖီဆိုင်ထိုင်တာမျိုးတွေလည်း လုပ်လို့မရတော့။ အဲ့ဒီအချိန်တွေက ပျော်ခဲ့သလားဆိုတော့လည်း အမြဲဆုံဆည်းတွေ့ခွင့်မရသည့်အတွက် ဆုံရသည့် ခဏ တွဲသွားတွဲလာလုပ်ခွင့်ရသည့်ခဏတာလေးမှာ အရမ်းကိုစတိုင်ကျတာကြောင့် သူမကို အားကျငေးမော ဘဝင်မြင့်ရုံလေးပါ။

နင့်သီးစွာချစ်ခဲ့လျှင်တော့ သူ ဒီအချိန်မှာ အရမ်းကြေကွဲနာကျင်ဆွေးမြည့်ခံစားနေရမှာ သေချာသည်။ အခုတော့ ဒီလိုမဟုတ်ပါ။ ယုံကြည်မှုတွေကို စော်ကားခံလိုက်ရသလိုဖြစ်တာကြောင့် ရှက်ရွံ့နာကြည်းမှုများဖြစ်မိသော်လည်း ခပ်ပါးပါးတောင် မလွမ်းမိပေ။

သူ ခုချိန်မှာ ခံစားနေရသည်ကတော့ မိသားစုရဲ့ဥပေက္ခာတရားတွေပါ။ အရင်တုန်းကလည်း တစ်ယောက်တည်းနေတတ်ခဲ့ပါလျက် အခုမှ အထီးကျန်သလို ခံစားရတာ ဘာကြောင့်ပါလဲ။

ရှင်းလဲ့ချိုရဲ့ပွင့်လင်းရိုးသားသော ရယ်မောပျော်ရွှင် အပြစ်ကင်းစင်သည့်မျက်နှာ။ ဟိုတစ်ချိန်က မမြင်တတ်ခဲ့ပါဘဲ။

■ ■ ■



## အခန်း (၃၁)

"မမြင်ချင်ယောင်ဆောင်လိုက်တာမဟုတ်ဘူး၊ မြင်ရဲ့သားနဲ့ကို ခေါ်လိုက်တာ၊ ဒါမှ ဥပေက္ခာတရားဆိုတာ ဘယ်လိုလဲလို့ သူသိမှာလေး ဒီမိသားစုကို ဂရုစိုက်ရမှန်း အလေးထားရမှန်းမသိတာ သူ့ကိုပြောသင့် သလောက်ပြောကြည့်ပြီးသွားပြီ၊ သူမှမသိတတ်တာ၊ သူနဲ့တန်တာ ဥပေက္ခာ တရားပဲရှိတော့တယ်"

"အဲဒါ မှန်တယ် ညီ၊ ချစ်သူရှိလို့ ဒီဘက်ကကိစ္စ လက်ခံမပေး တာကို နားလည်ပေးလို့ရတယ်ထားဦး၊ သူနဲ့ဖြစ်တဲ့ကိစ္စအတွက် အထင် တော့မသေးသင့်ဘူး၊ ဘယ်လိုမိန်းကလေးက ဒီလိုမျိုးဖြစ်ချင်မှာလဲ၊ ရှင်းလဲ့ နေနဲ့က ငယ်ကသံယောဇဉ်ကြောင့်သာ အမှားအယွင်းခံလိုက်တာ"

"အဲဒါ အမှန်ပဲ၊ ရှင်းလဲ့ရှက်ရှက်နဲ့ဝန်ခံလိုက်တဲ့အချိန်မှာ ရှင်းလဲ့ ကိုသနားသွားမိတယ်၊ ငယ်ရွယ်တဲ့သူမို့ စိတ်ကစားတယ်၊ ငယ်ငယ်က သွားတွေ့ချော့မြူထိန်းကျောင်းပေးခဲ့တဲ့အပေါ်မှာ အခုချိန်တွေ့ရင်လည်း ဒီလိုပဲ မှာပဲလို့ စိတ်ကူးယဉ်ပြီးရောက်လာတယ်၊ ဒါဟာ အထင်သေးစရာ ဖြစ်လား၊ မရိုးမသားနဲ့ ဘာတွေဆွဲဆောင်ဖြားယောင်းခဲ့တာရှိသလဲ၊ ဒါကိုပဲ ညီက မိန်းမသားချင်းကိုယ်ချင်းစာပြီး ရှင်းလဲ့ကို သနားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ မင်းသာ မင်းသားကို အဲဒီလိုလုပ်ထားပြီး စိတ်ပျော့မသွားနဲ့"

"ပျော့စရာလားရှင်၊ သားသမီးကို ဘယ်လောက်ချစ်ချစ် မိုက်ရိုင်းစော်ကားလာပြီဆိုရင်တော့ နောင်ကြဉ်အောင် အပြစ်ပေးသင့်ပေးရမှာပေါ့။ ရှင်းလဲ့လေးဆို ညီ့တို့အပေါ်ရော သူ့အမေအပေါ်ရော စိတ်ဆင်းရဲမှုမပေးဘူး။ ဘယ်လောက်သိတတ်ထားလဲ"

"ဟုတ်ပါတယ် အခုလည်း ညီမလေးနဲ့ မီးဖိုခန်းထဲမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ အတူချက်ပြုတ်နေလို့ စိတ်သက်သာရာရသေးတယ်၊ သူသာ စိတ်ဆိုးစိတ်ညစ်နေမယ်ဆိုရင် ကိုယ်တို့လည်း စိတ်မကောင်းဖြစ်နေရမယ်လေ၊ ဟင် ခြံရှေ့မှာ ကားရပ်လိုက်သံကြားတယ်၊ ဧည့်သည်များလား ထွက်ကြည့်ပါဦး ညီ"

ဧည့်ခန်းမှာ ထိုင်စကားပြောနေကြရင်းက ခြံပြင်ဘက်ထွက်ကြည့်လိုက်တော့ ယိမ်းသံစဉ်ကားပေါ်က ဆင်းလာတာတွေ့လိုက်ရသည်။ ဒေါ်ကလျာညို မျက်မှောင်ကြုတ်သွားလျက်

"သားချစ်သူ ယိမ်းသံစဉ်ပဲ၊ ညီကတော့ ဧည့်မခံနိုင်ဘူး။ အခန်းထဲက သားကိုခေါ်ပေးပြီးရင် ရှင်းလဲ့တို့နဲ့သွားကူချက်လိုက်တော့မယ်"

"ကိုယ်လည်း အခန်းထဲသွားနေမယ်၊ သူတို့ချင်းအေးအေးဆေးဆေးပြောကြပါစေ၊ ယိမ်းသံစဉ်နဲ့ချိန်းထားလို့မင့်သား တစ်နေကုန်အပြင်မထွက်တာနေမှာပေါ့၊ မျက်နှာပြောင်တိုက်ပြီး ထမင်းဟင်းပွဲပြင်ခိုင်းနေရင် အိမ်ကလူတွေအတွက်ပဲ ချက်ထားတာလို့ပြောပြီး အပြင်ထွက်စားခိုင်းလိုက်"

"ညီလည်း အဲဒီလိုပြောဖို့ စဉ်းစားထားပါတယ်"

လင်မယားနှစ်ယောက် အတွေးတူတာမို့ ပြုံးလိုက်မိပြီး ဦးအံ့မင်းက အခန်းထဲဝင်ကာ ဒေါ်ကလျာညိုက မင်းဖုန်းမြတ်အခန်းတံခါးကို ခေါက်လိုက်သည်။





"မင်းဖုန်းမြတ် မင်းဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ မေမေ"

"ဘယ်သူရှိရမလဲ၊ မင်းချစ်သူ ယိမ်းသံစဉ်ပေါ့"

"ဗျာ"

မင်းဖုန်းမြတ် အံ့ဩသွားသည်။ သူမ ဘာကြောင့်လာတာလဲ။ သူမ ဖုန်းဆက်တာသိပေမယ့် သူ ဖုန်းမကိုင်တာကြောင့် သူမ လိုက်လာခြင်းလား။ စက်ရုံဖုန်း ကုမ္ပဏီဖုန်းတွေဆက်သော်လည်း သူမရှိဘူးဟုသာပြောခိုင်းထားလိုက်သည်။ အခြေအတင်ဖြေရှင်းတာတွေ လုပ်မနေချင်တော့လို့ပါ။ အခုတော့ သူမအိမ်အထိလိုက်လာသည်။

သူ အခန်းထဲကထွက်လာပြီး အောက်ထပ်ဆင်းလာတော့ မေမေက ဧည့်ခန်းဘက်ကိုမသွားဘဲ မီးဖိုခန်းဘက်ဝင်သွားသည်။

ယိမ်းသံစဉ်ကို ဧည့်ထောက်ခံဖို့ စိတ်မဝင်စားသည့်ပုံပင်။

"ဘယ်လိုလဲ ကိုမင်း၊ ဆက်သွယ်လို့မရအောင်ကို ပျောက်နေပါလား၊ ဘယ်လိုအချိုးလဲ ဘယ်လိုပုံစံလဲ"

ယိမ်းသံစဉ်အသံက မာရေကျောရေ ပြင်းထန်ဆဲပါ။ သူက အပြုံးတု တစ်ခုနှင့်တောင် ဟန်ဆောင်မကြိုဆိုနိုင်ဘဲ ဆိုဖာခုံမှာဝင်ထိုင်တော့ သူမလည်း ဝင်ထိုင်သည်။

ယိမ်းသံစဉ်က လှပထက်မြက် စမတ်ကျနေဆဲပါ။ ဒါပေမဲ့ ဒီအပေါ်မှာ သူ သာယာမက်မောမှုတွေ တောင့်တမှုတွေရှိမနေတော့။

"ပိတ်ရက်မှာ မိသားစုပျော်ပျော်ရွှင်ရွှင်မနေဘဲ ဘာလို့ ကိုယ့်ဆီရောက်လာတာလဲ ယိမ်း၊ ဘာလဲ မင်းရဲ့သားလေးနဲ့ မိတ်ဆက်ပေးဖို့ကိုယ့်ကိုလာခေါ်တာလား"

"ဘာ ကိုမင်း ဘာပြောတယ်"

"မင်း ဖုံးကွယ်ထားတဲ့အမှန်တရားကို ပြောပြဖို့ အချိန်မတန်သေး



www.burmeseclassic.com

www.burmeseclassic.com



[illegible]လို့ မင်းပြောမပြသေးလည်း ကိုယ်အားလုံးသိပြီးပါပြီ''

"ဘာ ဘယ် ဘယ်လိုသိသွားတာလဲ''

"တုန်လှုပ်မသွားပါနဲ့ အဲဒီစတိုင်က မင်းနဲ့မလိုက်ဖက်ပါဘူး။ ယိမ်း[illegible]တာ အပြစ်တစ်ခုကို ရင်ဝယ်ပိုက်ထားခဲ့တာတောင် အပေါ်စီးကနေပဲ [illegible]ခဲ့တဲ့ မိန်းမမဟုတ်လား''

"အင်း ဟုတ်တယ် ပြောပြစရာမလိုဘဲ သိသွားတယ်ဆိုတော့ [illegible] ပြောစရာတော့ မလိုတော့ဘူးပေါ့''

"မင်းဘာလို့ ကိုယ့်အပေါ် ဒီလိုလုပ်ခဲ့တာလဲ၊ ရိုးသားချင်ယောင် [illegible]တင်းချင်ယောင်ဆောင်ခဲ့တာလဲ''

"ဟန်ဆောင်ခဲ့တာမဟုတ်ဘူး၊ အဲဒီအတိုင်း တစ်သက်လုံးနေဖို့ [illegible]ဖြတ်ခဲ့တာ၊ ဆယ်ကျော်သက်အရွယ်မှာ ယုတ်မာရိုင်းစိုင်းအောက်တန်းကျ[illegible] ပိုင်းလုံးယောကျ်ားနဲ့တွေ့လိုက်ရတဲ့အတွက် ယိမ်းဘဝပျက်သွားရတယ်၊ [illegible] အဲဒီစိတ်နဲ့လေဖြတ်ပြီး အခုချိန်ထိ ပိုးချဲနဲ့နေရတယ်၊ မေမေလည်း [illegible]အတွက် ယောကျ်ားအတွက် စိတ်ပင်ပန်းခဲ့ရတာပဲ၊ ဒါ ယိမ်းလူရွေးမှား[illegible] လူတစ်ယောက်ကိုအပေါ်ယံကိုပဲကြည့်ခဲ့လို့ ဖြစ်ရတာ၊ ဒါကြောင့် နောက်ထပ်လူရွေးမမှားအောင် ကိုမင်းကို''

"မင်းအရမ်းကိုတော်ခဲ့ပါတယ် ယိမ်းသံစဉ်၊ ငါကတော့ မင်းစမ်းသပ်ရွေးချယ်နေတာမှန်း၊ ချုပ်ကိုင်လွှမ်းမိုးနိုင်ဖို့ ရိုးသားပြနေတာမှန်းမသိခဲ့ဘူး၊ အပြစ်ကင်းတဲ့မိန်းမတစ်ယောက်ဆိုပြီး အထင်ကြီးလေးစားနေခဲ့တာ၊ ပိုင်ဆိုင်ချင်နေခဲ့တာ''

"အဲဒီလိုနေတာ ယိမ်းမှားလို့လား၊ ကိုယ့်မှာအပြစ်ရှိခဲ့ဖူးတယ်ဆိုတိုင်း အမြဲခေါင်းငုံ့နေရမှာလား၊ အဲဒီအမှားမျိုး နောက်ထပ်မဖြစ်ဖို့အတွက် အမြဲသတိရှိနေရမှာမဟုတ်ဘူးလား''

"ငါ့ကိုတစ်သက်လုံး လွှမ်းမိုးချုပ်ကိုင်သွားဖို့ အသုံးချဖို့ ရွေးချယ်





လိုက်တာတော့ မင်းမှားသွားပြီ ယိမ်းသံစဉ်၊ အစတည်းက ရိုးသားစွာဝန်ခံပြီး နားလည်မှုတွေရခဲ့ကြရင်တော့ ဒီလိုအခြေအနေမျိုး ဖြစ်ချင်မှဖြစ်မှာပေါ့၊ အခုတော့ မင်း ငါ့အပေါ်လုပ်ခဲ့တာတွေအတွက်ပါ အသည်းတွေနာတယ်၊ အောက်ကျို့ခံ သည်းခံပြီး လေးစားမက်မောမိတဲ့အချိန်တွေကို နှမြောတယ်''

"ကိုမင်း ဆိုလိုတာက''

"မင်းကိုလက်ထပ်ဖို့ ငါမကြိုးစားတော့ဘူး''

"ဘာ''

"အဲဒါ မင်းအပြစ်တွေကြောင့်ဆိုတဲ့တစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး၊ ငါတာဝန်ယူလက်ထပ်ရမယ့်မိန်းကလေးရှိနေလို့ပဲ၊ ငါလည်း မင်းအကြောင်းတွေ စောစောသိလိုက်ရတဲ့အတွက် ရွေးချယ်မှုမမှားတော့ဘူးပေါ့''

ယိမ်းသံစဉ် မျက်နှာမဲ့ကျသွားလျက်

"ကိုမင်းမှာ ဒီလိုအကြောင်းတွေရှိနေတာကြောင့် ကိုမင်းမိသားစုက ယိမ်းကိုထွက်ပြီး ဧည့်မခံကြတာပေါ့၊ ဒီလိုယဉ်ကျေးမှုနည်းမှန်းသိလို့ လက်ထပ်ဖို့အချိန်ဆွဲခဲ့တာ ယိမ်းလည်းမှန်သွားတာပဲ''

"ငါ့ရဲ့ဒီလိုဆုံးဖြတ်မှုတွေကို မေမေတို့အားလုံး ဘယ်သူမှမသိကြသေးပါဘူး၊ လူကြီးတွေကို ပမာမခန့် မထီလေးစားလုပ်တတ်တဲ့ မင်းအကျင့်တွေကြောင့်သာ မေမေတို့က မဆက်ဆံချင်ကြတာပါ၊ မင်းစိတ်ဆန္ဒအတိုင်း လူတိုင်းအပေါ်လွှမ်းမိုးချုပ်ကိုင်ချင်လို့တော့ ဘယ်ရမလဲ ယိမ်းသံစဉ်၊ လူတိုင်းမှာ သူ့မာနနဲ့သူ၊ သူ့အတ္တနဲ့သူရှိကြတာပဲ''

"ယိမ်းတို့နှစ်ယောက်လုံး အချိန်မီလေးဖြစ်သွားကြတာပေါ့ ကိုမင်း၊ ယိမ်းဘဝအတွက် သားလေးကအဓိကဖြစ်နေတော့ ကိုမင်းနဲ့အခုလိုဖြစ်သွားတာ ကောင်းပါတယ်၊ ဆိုးတဲ့သူတစ်ယောက်ကို တွေ့ဖူးထားလို့ မကောင်းတဲ့သူတွေနဲ့ ထပ်ဆုံမှာစိုးပြီး ယိမ်းရဲ့ရွေးချယ်မှုတွေ အတ္တလွန်ကဲသွားရ[illegible] ယိမ်းကိုခွင့်လွှတ်ပါ ကိုမင်း၊ သေချာတာကတော့ ကိုမင်းနဲ့လက်မထပ်[illegible]တာ



www.burmeseclassic.com

www.burmeseclassic.com



ယိမ်း နောင်တမရဘူးဆိုတာပါပဲ၊ ယိမ့်းက ယိမ်းဘဝနဲ့သားလေးကလွဲပြီး ဘယ်သူ့ကိုမှ ပိုမချစ်တော့ဘူးလို့ ဆုံးဖြတ်ထားလို့ပါ"

ရင်မှာအောင့်သက်သက်ဖြစ်သွားသော်လည်း ဒီအဖြေရလိုက်သည့်အတွက် ကျေနပ်သွားမိသည်။ သူလည်း ယိမ်းနှင့်လမ်းခွဲရသည့်အတွက် နောင်တမရမိဘူး မဟုတ်ပါလား။

ရင်ထဲမှာ ပေါ့ပေါ့ပါးပါး ဖြစ်သွားခဲ့ကာ ယိမ်းကို ကားနားအထိ လိုက်ပို့ဖြစ်၏။ အချစ်တွေ မနှင့်သီးခဲ့တာမို့ လက်ပြနှုတ်ဆက်ခြင်းမှာ ဝမ်းနည်းမှုတို့ ရှိမနေ။

ဒီဘဝမှာ ဒီလိုခဏလေးတွေ့ဆုံခွင့်ရလိုက်တာပဲ တော်ပါသေးရဲ့။

■ ■ ■



BURMESE CLASSIC

## အခန်း (၃၂)

"ဟား ဟား ဖိုက်စတားအဖွဲ့က တကယ်ရီရတဲ့ကောင်တွေ"

"ပြက်လုံးတွေက ကြည့်တာများလို့လားမသိဘူး၊ ထင်လာသလိုပဲနော်"

"ဒါကတော့ မြန်မာကားတွေလည်းထပ်တာပါပဲ၊ ကိုရီးယားတွေရော မထပ်ဘူးလား၊ ဘာဇာတ်ကားဖြစ်ဖြစ် ပရိသတ်မုန်းတီးရွံရှာလောက်တဲ့ ဗီလိန်ပါမယ်၊ အကြောင်းအရာတစ်ခုပြောပြတော့မယ်ဆို ကားတိုက်လို့ဖြစ်ဖြစ် ဟိုဟာဒီဟာဖြစ်လို့ဖြစ်ဖြစ် အတိတ်ကိုမေ့ရှည်လမျှးဖြစ်သွားပြီ၊ အွန်စောရွန်စောကား ကင်ဆာရောဂါဖြစ်လို့ အောင်မြင်လို့ ကင်ဆာနဲ့သေတဲ့ကားတွေ ရိုက်လိုက်တာမနည်းဘူး"

"ဒါပေမဲ့ ကိုရီးယားကားကတော့ ဘယ်လိုဇာတ်ဖရိန်ပဲဖြစ်ဖြစ် အောင်မြင်ပါတယ် အစ်ကိုကြီးရယ်၊ မင်းသား မင်းသမီးတွေရုပ်မလှလှ အသက်ကြီးကြီး ပြောတာဆိုတာလေးတွေ မျက်နှာအမူအရာ သရုပ်ဆောင်တာလေးတွေ ဆွဲဆောင်မှုရှိတော့ ကြည့်လို့ကောင်းသွားတာပါပဲ၊ သူတို့က မျက်လုံးမျက်နှာပေး အမူအရာနဲ့ သရုပ်ဆောင်တာ၊ အဲဒါတွေကွာသွားလို့



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကားတွေလို မြန်မာကားတွေ မထိုးဖောက်နိုင်တာဖြစ်လိမ့်မယ်နော်"

"အများကြီးပေါ့လေ၊ စက်မှုပိုင်းဆိုင်ရာ အတတ်ပညာပိုင်းဆိုင်ရာ နည်းပညာပိုင်းဆိုင်ရာတွေရောပေါ့၊ မြန်မာတွေ ညံ့တာမဟုတ်ဘူး၊ အစွမ်းအစရှိရှဲ့နဲ့မရဘူးလေ၊ ပံ့ပိုးမှုအားဆိုတာလည်း လိုသေးတယ်"

"ဘာပဲဖြစ်ဖြစ်ပါလေ ကိုယ့်မြန်မာတွေ ကိုယ်မှအားမပေးရင် ဘယ်သူအားပေးမှာလဲ၊ ဟာသကားတွေ လူရွှင်တော်ပြက်တာတွေ နည်းနည်းရယ်ရလည်း နည်းလား၊ ခဏတဖြုတ်တော့ စိတ်ဖိစီးမှုပျောက်ပါတယ်"

အားလုံး အငြိမ့်ခန်းပြက်လုံးတွေကိုကြည့်လျက် ရယ်မောဟားတိုက်နေကြသည်။ စားပွဲပေါ်မှာ အသီးအနှံ စားစရာတွေကို ရှင်းလှဲ့ချိုက ပြင်ဆင်ပေးထားဟန်တူပြီး သူမမျက်နှာလေးလည်း ပြုံးရွှင်နေ၏။

သူ့မှာသာတစ်ယောက်တည်း။ အခန်းထဲလည်း မနေနိုင်။ အပြင်လည်းထွက်ချင်စိတ်မရှိ။

အများနဲ့ရောနှောနေရအောင်လည်း အားလုံးက သူ့ကိုခေါ်ပြောဆက်ဆံမှုမရှိကြတာမို့ ရင်ထဲမှာ ဝမ်းနည်းစိတ်များဖြင့် ဘယ်လိုနေရမှန်းပင် မသိပေ။

သူ ဧည့်ခန်းကဖြတ်ပြီး ခြံဝင်းထဲဆင်းလမ်းလျှောက်လည်း ဘယ်သူမှလှည့်မကြည့်ကြ။ ပြန်ဝင်လာလည်း အာရုံမရသလို ပုံစံမျိုးဖြင့် ရယ်မောမပျက်ကြပါ။

"ရှင်းလှဲ့လေး သွားအိပ်တော့မလား"

"ဟုတ်ကဲ့"

"အေးအေး အိပ်တော့လေ၊ စောစောအိပ်မှ မိခင်ရော ဗိုက်ထဲက ကလေးရော အားရှိမှာ၊ မနက်လည်း အစောကြီးမထနဲ့နော်၊ လုပ်စရာရှိတာ အန်တီညို့နဲ့အန်တီလေးပဲလုပ်မယ်၊ သင်တန်းကိုလည်း ကားကိုကိုယ်တိုင် မမောင်းနဲ့တော့ တက္ကစီနဲ့ပဲသွား၊ အာရုံများလို့သွေးလန့်လို့မဖြစ်ဘူး ဒီ





သင်တန်းပြီးရင်လည်း ရပ်ထားလိုက်တော့၊ နောက်သင်တန်းတွေတက်ချင်ရင် ကလေးမွေးပြီးမှပဲတက်တော့နော် သမီးလေး"

"ဟုတ်ကဲ့ပါ အန်တီညို"

မေမေက ရှင်းလှဲ့ချိုဗိုက်ကလေးကို ပွတ်၍ ကြင်ကြင်နာနာပြောသည့်အခါမှာ လေးစားရိုကျိုးစွာ နာခံမှုများနှင့်ခေါင်းညိတ်ပြီးမှ ရှင်းလှဲ့ချိုထွက်သွားသည်။ သူ့ကိုဆက်ဆံခဲ့တုန်းကလို ရိုင်းပျမှုတွေ ကပျက်ကချော်အမူအရာတွေ လုံးဝမရှိပါ။ လူကြီးမိဘကို လူကြီးမိဘလို ရိုရိုသေသေဆက်ဆံတတ်သည်မို့ မေမေတို့အားလုံး ပိုင်းချစ်နေကြသည်လား။

ဥစ္စာခနကြွယ်ဝကာ ပညာတတ်အဆင့်အတန်းရှိသော ယိမ်းသံစဉ်ကတော့ မေမေတို့ကို လူတစ်ယောက်လိုတောင် မဆက်ဆံခဲ့ပေ။ ဒါတောင် သူကတော့ ယိမ်းသံစဉ်ကိုအထင်တွေကြီးပြီး ရှင်းလှဲ့ချိုကိုတော့ အထင်သေးခဲ့မိသည်။ သူ့ရဲ့မှားယွင်းခဲ့မှုတွေ ပြင်ဆင်ပြီးပြီဆိုတာ မေမေတို့သိအောင် သူပြောပြချင်၏။ ရှင်းလှဲ့ချို ထထွက်သွားပြီးချိန်မှာ သူ မေမေတို့အနားသွားရပ်လိုက်သည်။

"ဖေဖေ မေမေ အန်တီလေး"

သူ့ကိုခေါ်တာကို ဘယ်သူမှ မော့လည်းမကြည့် ပြန်လည်းမထူးကြပါ။ သူတို့စကားကို ကလန်ကဆန်လုပ်ပြီး နားမထောင်ခဲ့ မိုက်ရိုင်းခဲ့လို့ သားအဖြစ် တူအဖြစ်တောင် အသိအမှတ်မပြုချင်တော့ဘူးထင်သည်။

သူ့အောက်မှာ ဒူးတုပ်ထိုင်ချကာ မျက်ရည်ဝဲစွာ လက်အုပ်ချီလိုက်မိတော့။

"သား သား တောင်းပန်ပါတယ်"

"ဘာအတွက်လဲ၊ ဘာကိုတောင်းပန်မှာလဲ မင်းက"

ဦးအံ့မင်းက မာထန်စွာအော်လိုက်ချိန်မှာ မင်းဖုန်းမြတ် အသံတွေခင် တုန်သွားလျက်



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့အပေါ် မချေမငံဆက်ဆံမိတာရော၊ ရှင်းလှဲ့ချိုအပေါ် တာဝန်မကျေမိတာကိုရောပါ"

"မင်းကလုပ်ချင်တာလုပ်မယ့်ကောင်ပဲ၊ အတောင်းပုန်နဲ့ပြီး ငါတို့က မင်းအတွက် ဘာတွေလုပ်ပေးစေချင်တာလဲ၊ အေးပေါ့ကွာ ငါတို့က မိဘတွေဖြစ်နေတော့လည်း နောက်ဆုံးဝတ္တရားအရ မင်းယူမယ့်မိန်းမနဲ့ထိမ်းမြားခြင်းဆိုတာကို လုပ်ပေးရမှာပေါ့၊ ဒါပေမဲ့ လက်ထပ်ပြီးရင်တော့ သူ့အိမ်ကိုလိုက်သွားပါ၊ အရင်ကလိုတော့ ငါတို့သားလေးမခွဲနိုင်မခွာရက်ဖြစ်လို့ ယောက္ခမအိမ်မှာမျက်နှာငယ်ရမှာစိုးလို့ဆိုတဲ့မေတ္တာတွေနဲ့တော့ ချွေးမရော သားရော အိမ်ပေါ်ခေါ်တင်မထားနိုင်တော့ဘူး၊ မင်းထက်ဂရုစိုက်ပေးရမယ့် ငါတို့မြေးလေးကိုလွယ်ပိုးထားတဲ့ ရှင်းလှဲ့ချို ရှိနေတယ်"

"ယိမ်းသံစဉ်နဲ့သားက အားလုံးပြီးပြတ်သွားပါပြီ"

"ဘာ"

"ဟင်"

သူ့စကားကြောင့် အားလုံးအံ့အားသင့်သွားကြသည်၊ အန်တီလေးက လှုပ်လှုပ်ရှားရှားဖြစ်သွားလျက်

"မနက်ပဲ ယိမ်းသံစဉ်အိမ်ရောက်လာပြီး ကားနားအထိလိုက်ပို့လက်ပြနှုတ်ဆက်နေပြီး အခုမင်းပြောတာကို အန်တီလေးတို့ကိုယုံနိုင်းနေတာလား၊ အဲဒီပုံစံကိုမြင်ပြီး ရှင်းလှဲ့ မီးဖိုခန်းထဲပြန်ဝင်လာတဲ့အချိန်မှာ မျက်နှာတောင်မကောင်းဘူး"

"ဗျာ အဲဒါက နောက်ဆုံးအနေနဲ့ဆိုပြီး စိတ်ပေါ့ပေါ့ပါးပါးနဲ့ နှုတ်ဆက်လိုက်တာပါ"

"တကယ်ပြောနေတာလား သား"

ဒေါ်ကလျာညိုက မင်းဖုန်းမြတ်လက်ကိုဆွဲကာ ဆိုဖာခုံမှာထိုင်ခိုင်းလိုက်ပြီးမေးသည်။ မင်းဖုန်းမြတ်က လေးနက်စွာခေါင်းညိတ်ပြပြီး





"သား လေးစားတန်ဖိုးထားပြီး မက်မောခဲ့တဲ့ ယိမ်းသံစဉ်က ယောက်ျားရယူပြီး ကလေးတစ်ယောက်လည်း ရှိနေပါတယ်"

"ဟယ်တော်"

"ဘယ်လိုဖြစ်တာလဲ"

"သားသိတာသိပ်မကြာသေးပါဘူး။ သိလိုက်ရတဲ့အချိန်မှာလည်း သူတွေကိုအပေါ်ယံကြည့်ပြီး တန်ဖိုးဖြတ်လို့မရဘူးဆိုတာ သဘောပေါက်သွားခဲ့တယ်၊ မေမေတို့ပြောတဲ့စကားတွေ နားမထောင်မိတာလည်း နောင်တရတယ်၊ ရှင်းလှဲ့ချိုအပေါ် အထင်သေးခဲ့မိတာလည်း"

"အဲဒါက ဒီလိုရှိတယ် သား။ ရှင်းလှဲ့ချိုက အရမ်းကိုကိုယ်ကျင့်သိက္ခာကောင်းပါတယ်၊ လိမ္မာရေးခြားလည်းရှိပါတယ် သား။ သားနဲ့ဒီလိုအမှားခံလိုက်တယ်ဆိုတာလည်း မသိနားမလည် ငယ်ငယ်ကသံယောဇဉ်ကို စိတ်ကူးနဲ့ငြိတွယ်သွားလို့ပါ"

"ဗျာ သူက"

"ဟုတ်တယ် သားက ငယ်တုန်းက သူ့ကိုချိုပိုးထိန်းကျောင်းဖူးတယ်လို့ သူ့အမေပြောပြထားတော့ ကြီးလာတော့လည်း သူ့ကိုဂရုစိုက်မှာပဲ ကြင်နာမှာပဲ၊ ညီမလေးတစ်ယောက်လို နွေးထွေးဦးမှာပဲလို့ စိတ်ကူးတွေယဉ်ပြီး ရန်ကုန်ကိုရောက်လာခဲ့တာ၊ ဒီရောက်တော့ သားကမိဘတွေက စိတ်ဆက်ပေးချင်တာတောင် ဂရုမစိုက် အသိအမှတ်မပြုဆိုတော့ လူငယ်စိတ်နဲ့ သားကို ရန်လုပ်ပြသနာလုပ်မိတာပေါ့ သားရယ်"

"အန်တီလေးတို့က လူကြီးသူမတွေပါ၊ ဘယ်လိုလူရဲ့စိတ်က ရိုးသားတယ် ဖြောင့်မတ်တယ်၊ ဘယ်လိုအရာကတော့ တန်ဖိုးရှိတယ်ဆိုတာ သိကြပါတယ်၊ ရှင်းလှဲ့လေးက ရိုးသားပွင့်လင်းပါတယ်၊ ကိုယ်ကျင့်သိက္ခာရှိလည်း ဟန်ဆောင်ပြီးအရောင်တင်နေတာမဟုတ်ဘူး"

"ကျွန်တော် နားလည်သွားပါပြီ အန်တီလေး၊ ကျွန်တော့်ရှင်သွေး



www.burmeseclassic.com

www.burmeseclassic.com



လေးကို လွှယ်ပိုးထားတဲ့ ရှင်းလဲ့ကို ကျွန်တော်လုံးဝအထင်မသေးတော့ပါဘူး။ တစ်သက်လုံး တန်ဖိုးထားသွားပါ့မယ်"

"ကြားရတဲ့စကားက မင်္ဂလာရှိလိုက်တာသားရယ်၊ မေမေတော့ အရမ်းစိတ်ချမ်းသာသွားပြီ ဝမ်းသာသွားပြီ"

"အန်တီလေးရင်ထဲက အလုံးကြီးလည်း ကျသွားပြီ၊ တင်းကျပ်နေတာတွေ ပြေပျောက်သွားပြီကွယ်၊ တူလေးရယ် ဒါမှ လူဆန်ဆန်တွေးမြင်တတ်လာတာလို့ ခေါ်တယ်"

အားလုံးရဲ့မျက်နှာမှာ အပြုံးပန်းတွေဝေသွားကြသည်။ ဦးအံ့မင်းက မင်းဖုန်းမြတ် လက်ကိုလှမ်းပြီး ဆုပ်ကိုင်လျက်

"သားနောင်တရတာ အချိန်မီတယ်လို့ပြောရမယ် သားရယ်၊ ဖေဖေတို့ဂုဏ်သိက္ခာကိုဆယ်ပေးလိုက်သလိုပါပဲ၊ မဟုတ်ရင် ရှင်းလဲ့နဲ့သူ့မိဘတွေဆီမှာ အပြစ်ကြွေးတင်သွားတော့မှာလေ"

"ရှင်းလဲ့လေးက မေမေတို့အပေါ်နားလည်ပြီး သူ့မိဘတွေကို ဘာမှမပြောသေးလို့သာပေါ့ သားရယ်၊ တကယ်ကို သိတတ်နားလည်တဲ့ မိန်းကလေးပါ၊ ဒါကြောင့် မေမေ့သမီးရင်းလေးလိုချစ်ခဲ့တာ သား"

"ကဲ အခုတော့ တစ်မိသားစုလုံး စိတ်ချမ်းသာရပြီ၊ ရှင်းလဲ့လေး စိတ်ချမ်းသာသွားအောင်လည်း ပြောကြပါဦး၊ တူလေးဘက်က ဒီလိုဆန္ဒကိုသာသိရင် ရှင်းလဲ့လည်း အရှက်ပြေပြီး ပျော်သွားမှာပါ"

"ဒါက မညီ့တို့တင်ပြောလို့မဖြစ်ဘူး၊ သားက လေးလေးနက်နက်တောင်းပန်ပြီး ပြောသင့်တယ်၊ သားရဲ့အပြောအဆို အပြုအမူတွေက အရမ်းကိုရင့်သီးရိုင်းပြခဲ့တယ်မဟုတ်လား"

"သား တောင်းပန်မှာပါ မေမေ၊ ရှင်းလဲ့ကျေနပ်အောင် သား တောင်းပန်မှာပါ၊ အပြစ်တစ်ခုလို့မြင်လာတာတောင် တောင်းပန်တာမျိုးမလုပ်ရင် သားဘယ်လူပီသပါတော့မလဲ"





သားရဲ့စိတ်တွေ ပြောင်းလဲလာတာ ဘယ်လိုကြည်နူးမိမှန်းကို မသိပေ။ ဒီလိုအဖြစ်မျိုးဖြစ်လာစရာအကြောင်းမရှိတော့ဘူးဆိုပြီး စိတ်ဆင်းရဲနေခဲ့ရတာ။ အခုတော့လည်း အလင်းရောင်ဝေဝေဖြာလို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဖြစ်ခဲ့သမျှအကြောင်းအရာတွေအားလုံးအတွက် ကိုယ် အလေးအနက် အနူးအညွတ်တောင်းပန်ပါတယ်၊ မင်းကျေနပ်တဲ့အထိ ပေးသမျှအပြစ်တွေလည်းခံပါ့မယ်၊ ပြီးတော့ မင်းနဲ့ရင်သွေးလေးကိုလည်း တစ်သက်လုံးကြင်နာခွေးထွေးစွာနဲ့ ဖေးမစောင့်ရှောက်ပါ့မယ်၊ ဒီလိုပြောတာတွေ နောက်ကျသွားခဲ့တာတွေအတွက် ထပ်ပြီးတော့ တောင်းပန်ပါတယ် ရှင်းလဲ့ချို"

အလေးအနက်ကြီးပြောနေတော့ ရှင်းလဲ့ချို အားနာသလို မျက်နှာပူသလိုကြီးဖြစ်လာမိသည်။ သူ့ဘက်ကဆန္ဒတွေကို အန်တီညိုတို့အားလုံးလည်း ပြောပြပြီးသားပါ။

အဲဒီအချိန်တည်းက သူမရင်တွေခုန်နေခဲ့သည်။ ဟုတ်မှဟုတ်ပါ့မလားလို့ စိုးရိမ်စိတ်တွေလည်း ရှိနေခဲ့၏။ အခုတော့ နားနဲ့ဆတ်ဆတ်ကြားနေရသည့်အတွက် အိပ်မက်မဟုတ်တာတော့ သေချာနေခဲ့သည်။ သူ လိုက်ခုန်နေသောရင်အစုံကို လက်ကလေးဖြင့်ဖိ၍





"ကျွန်တော်လည်း ခင်ဗျားအပေါ်အများကြီး လွန်ခဲ့ပါတယ်ဗျာ၊ တကယ်ဆို ခင်ဗျားပြောသလိုပဲ အိမ်ရှင်ကို ညှော်သည်က မထီမဲ့မြင်စိတ်ဆိုးအောင် လုပ်နေခဲ့တာ"

"နားမလည်ခင်ကမှားတဲ့အမှားတွေပေါ့၊ အခုနားလည်သွားပြီလား"

"အန်တီညိုတို့က ပြောပြထားပါတယ်"

"ကိုယ်မေးချင်တဲ့နားလည်သွားပြီလားဆိုတာက ကိုယ်က မင်းကို လက်ထပ်မယ်ဆိုတာ၊ ယိမ်းနဲ့ပတ်သက်တာတွေ ခွင့်လွှတ်သလားဆိုတာ"

"အန်တီညိုတို့ပြောပြထားပါတယ်ဆို အဲဒါတွေအကုန်ပါတယ်"

"မင်းက ဘာပြန်ပြောလိုက်လဲ"

"ခင်ဗျားကိုလည်း အန်တီညိုတို့ပြောပြတယ်မဟုတ်လား"

"ငယ်ငယ်တုန်းက မင်းကိုပွေ့ဖက်ထိန်းကျောင်းခဲ့တယ်ဆိုလို့ အဲဒါကို စိတ်ကူးယဉ်ပြီး ရန်ကုန်ရောက်လာတာဆို"

"အာ အဲဒါ ခင်ဗျားပြောစရာလား။ မင်းဖုန်းမြတ်ရဲ့"

"ရှက်သွားတာလား"

ပန်းရောင်ပြေးနေသော သူမမျက်နှာလေးက သူမေးလိုက်မှပို၍ နီရွေးသွား၏။ မိန်းကလေးတစ်ယောက်ဒီလို ရှက်တတ်တာ သူ ပထမဦးဆုံး မြင်ဖူးခြင်းပင်။ ယိမ်းသံစဉ်မှာတော့ ဒီလိုရှက်စနိုးအမူအရာမျိုး တစ်ခါမှမတွေ့ရပါ။

မာန်ဝင့်နေသော မျက်လုံးများနှင့် ယုံကြည်မှုပိုနေသည့် အေးစက်စက်မျက်နှာကိုသာ သူတန်ဖိုးတွေထားပြီး မက်မောခဲ့တာ။ ဒါပေမဲ့ အခုချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ဘယ်လိုအရာက ချစ်မြတ်နိုးစရာကောင်းသလဲဆိုတာ သူဝေခွဲ တတ်သွားခဲ့ပြီဖြစ်သည်။

မရဲတရဲလေးဖြင့် ရှင်းလဲ့ချို ဗိုက်ကလေးကို သွားထိလိုက်မိ၏။ သူမ တွန့်ခနဲလေးဖြစ်သွားလျက်

"ဘာလုပ်တာလဲ ခင်ဗျား"

"ဒီထဲမှာ ကိုယ့်ရင်သွေးလေးရှိတယ်ဆိုလို့ ကိုင်ကြည့်တာပါ။ မေမေက မင်းဗိုက်ကလေးကို ပွတ်ကြည့်နေတုန်းက ကိုယ်ရင်တွေ ခုန်နေခဲ့တယ်"

"ဘယ်အချိန်တုန်းကလဲ"

"ကြာပြီလေ"

"အဲဒီကတည်းက အဲဒီလိုခံစားမှုမျိုးရှိနေတာလား မသိခဲ့ဘူး"

"မင်းကိုယ်မင်း မိခင်တစ်ယောက်လို ခံယူစိတ်နဲ့ ကိုယ်တာဝန် မယူတောင် ကလေးကို ဖျက်မချတော့ဘူးလို့ပြောတဲ့စကားကို ကြားတုန်းက အဲဒီခံစားမှုမျိုး ဖြစ်သွားသေးတယ်"

"ဟုတ်လား အဲဒါလည်း မသိခဲ့ဘူး"

"ကိုယ်က ကိုယ့်ခံစားမှုတွေ ဘယ်သူမှမသိအောင်တစ်ယောက်တည်းနေတတ်ခဲ့တာလေ၊ ဖေဖေ မေမေ အန်တီလေးတို့နဲ့တောင် နွေးနွေးထွေးထွေးနေခဲ့ဖူးတာမဟုတ်ဘူး။ အခုတော့ ကိုယ်တစ်ယောက်တည်း မနေရခဲ့တော့ဘူး။ အရမ်းကိုအထီးကျန်သလို ခံစားရလို့ ကြောက်လာတယ်၊ မိသားစုတွေနဲ့ မင်းနဲ့ပျော်ရွှင်နေတဲ့အချိန်တွေမှာ ကိုယ်ကဘေးရောက်နေလို့ မျက်ရည်





ကျချင်လာအောင် ဝမ်းနည်းမိတယ်"

"အဲဒါကြောင့် ဒီကလေးကို တာဝန်ယူတော့မယ်လို့ ဆုံးဖြတ်လိုက်တာလား"

"မေမေတို့ပြောပြတယ်ဆို ကိုယ့်ဆန္ဒကိုယ့်သဘောထားတွေကို သဘောမပေါက်သေးဘူးလား။ ကိုယ့်တာဝန်နဲ့ရင်းပြီး သစ္စာဆိုပါတယ် ရှင်းလဲ့ချို ဒီကလေးကိုတာဝန်ယူရမယ်ဆိုတဲ့စိတ်တစ်ခုတည်းကြောင့်မဟုတ်ပါဘူး။ မင်းရဲ့ နှိုးသားပွင့်လင်းမှုတွေ စိတ်ရင်းသဘောတွေ စစ်မှန်ခြင်းတွေအားလုံးကို ကိုယ် အမှန်အတိုင်း သိမြင်လာပြီး တန်ဖိုးထားတတ်လာလို့ပါ၊ အဲဒါကြောင့် အရင်က ဟိစ္စတွေအတွက် ကိုယ်တောင်းပန်ခဲ့တာပေါ့၊ အရင်က အမုန်းမျက်လုံးနဲ့ပဲ ကြည့်ခဲ့လို့ အရာရာ အမှားတွေပဲမြင်ခဲ့တယ် အခုတော့"

"ချစ်လာပြီလို့တော့ မပြောနဲ့၊ ဟိုမိန်းမနဲ့ အခုမှပြတ်တာမယုံဘူး"

နှုတ်ခမ်းရွဲ့ကာ သူမအပြောလေးကြောင့် သူ လိုက်ခနဲ ကြည့်နေသွားလျက် ပြုံးလိုက်မိသည်။

"အခုမယုံလည်း၊ မင်းယုံလာတဲ့အထိ ကိုယ်ကြိုးစားသွားပါမယ်၊ ချစ်တယ်ဆိုတဲ့စကားကို အခုပြောရမှာအားနာလို့ ပြောရင်လည်း မင်း မယုံသောက်သေးလို့ ကိုယ်မပြောသေးပါဘူး။ ဒါပေမဲ့ ကိုယ်တို့အိမ်ထောင်တစ်သက်လုံး ခိုင်မြဲဖို့တော့ အခုတည်းက သစ္စာပြုထားချင်တယ် ရှင်းလဲ့ ကိုယ် မင်းအပေါ်ဘယ်တော့မှ သစ္စာမမဲ့ပါဘူး။ ရိုးမြေကျဆိုတာထက် ပိုတဲ့ စကားရှိရင် အဲဒီစကားနဲ့ သက်သေပြသွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်တယ်နော် စကားပြောတာ၊ အဲဒါတွေကို ဟိုမိန်းမကြွေသွားတာဖြစ်မယ်"

"အဲဒါတွေ မပြောနဲ့တော့ ရှင်းလဲ့ရယ် မနေ့ကဆိုရင်တောင် ကိုယ်မမှတ်မိနိုင်တော့တဲ့အတိတ်တစ်ခုမှာပဲ ထားလိုက်ချင်ပါတယ်"

"ကျွန်တော့်ကိုတော့ ငယ်ငယ်တုန်းက ထိန်းကျောင်းပွဲ့ဖက်ချော့မြှူးတယ်ဆိုတာတောင် မေ့နေသလိုမျိုး မမေ့လိုက်နဲ့တော့နော်"

"အင်း မမေ့စေချင်ရင် ကိုကိုလို့တော့ ခေါ်မှဖြစ်မယ်၊ မင်းလေးထက် သုံးနှစ်ကြီးတယ်လေ၊ အပေးအယူပေါ့ ခေါ်ကြည့် ကိုကိုလို့"

"အာ ခင်ဗျားဗျာ"

သူမ ရယ်သွားပြန်သည်။ ဒီတစ်ခါတော့ ပန်းသွေးရောင်ပြေးသွားသော သူမပါးပြင်လေးကို သူ့ လက်ချောင်းများဖြင့် ထိပွတ်သပ်လိုက်မိ၏။ အခုတော့ အစိမ်းသက်သက်ကြီး ဖြစ်နေသေးလို့ပါ။

နောက်ဆိုရင်တော့ သူ့ရင်ခွင်ထဲမှာ မလွတ်တမ်းဖက်တွယ် ရှင်နောင်ထားဖို့ ဆုံးဖြတ်လိုက်သည်။

ပရိသတ်အတွက်
အမြဲတမ်း
ဂျူး



www.burmeseclassic.com